


စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ရန်ကုန်ဘဆွေ

## ပန်းသွင်သီကုံး ရေးနည်းထုံးကား

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# ရန်ကုန်ဘဆွေ

## ပန်းသွင်သီကုံး ရေးနည်းထုံးကား

စာရေးသူတိုင်းဟာ မိမိ သိစေလိုတာကို၊ ရေးလိုတာကို တစ်ပါးသူတွေက ရှင်းခနဲ၊ ကွင်းခနဲ သိလွယ်အောင် ယဉ်ကျေးဖွယ်ရာနဲ့ ရေးတတ်ရမယ်၊ ရေးကြရမယ်။ အဲဒီလို ရေးတတ်ရင်၊ ရေးကြရင် အပြစ်ကင်းတယ်။ အဲဒီလို မဟုတ်ရင်၊ မရေးရင်၊ မရေးနိုင်ရင် အပြစ်မကင်းဘူး...။

ဒါပေမဲ့ အဲဒါကိုလည်း လေ့နံ့ဓားထစ် မမှတ်နဲ့။ တစ်ခါတစ်ရံ စာဖတ်သူတွေ ပိုမို သဘောပေါက်လွယ်စေဖို့၊ ခံစားမှု အလေးချိန် စီးလာစေဖို့အတွက် တမင် အပြစ်ရှိအောင် ရေးကြရတယ်။ တချို့အပြစ်ရှိတဲ့ အပြောအဆို၊ အရေးအသားတွေဟာ ရေးတတ်၊ ပြောတတ်တဲ့ ထူးချွန်သူတွေအဖို့ အပြစ်မျိုးတို့က ပြေပျောက်ပြီး ဂုဏ်ရှိတဲ့ အဖြစ်မျိုးကို ရတတ်၊ ရောက်တတ်တယ်။



YGN0013

4,500.00 KS

mgyoe.com

ပန်းသွင်သီကုံးရေးနည်းထုံးကား။ ရန်ကုန်ဘဆွေ
စာမျက်နှာ ၄၁၁++ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၆ ယမုံနာစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပန်းသွင်သီကုံး ရေးနည်းထုံးကား

ရန်ကုန်ဘဆွေ

ဒုတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

စာ၊ ကဗျာတို့ကို ရေးဖွဲ့ကြရာ၌...

၁။ တွေးကြံချက်...

၂။ ရေးဖွဲ့ချက်...

ဟူ၍...အကြမ်းအားဖြင့် အချက်နှစ်ချက် ရှိသည်။

ထိုအချက်နှစ်ချက်တို့ အနက်...

"တွေးကြံချက်..."ဟူသော အချက်သည် စာရေးမည့်သူ ရှာဖွေထားသော... သို့မဟုတ် ရရှိထားသော စာရေးရမည့် (အကြောင်းအချက်= Content) နှင့် သက်ဆိုင်၍...

"ရေးဖွဲ့ချက်..."ဟူသောအချက်သည် စာရေးမည့်သူ ရှာဖွေပြီးသော၊ သို့မဟုတ် ရရှိပြီးသော စာ ရေးတော့မည့် (အကြောင်းအချက်= Content) ကို စာဖတ်သူတို့အား မိမိနှင့် ထပ်တူထပ်မျှ ဖတ်သိခံစားရစေရန် မည်သို့ ပေါ်လွင်အောင် ရေးဖွဲ့တည်ဆောက်ပြမည်ဟူသော ရေးဖွဲ့နည်း အတတ်ပညာဖြစ်သဖြင့် (သရုပ်သဏ္ဌာန်=Form)နှင့် သက်ဆိုင်သည်။

စာရေးပညာ တတ်ကျွမ်းကြသူ အများစုတို့သည် ရေးဖွဲ့ရန် "အကြောင်းအရာ" ရှာဖွေတတ်ရန်သာ အရေးကြီးသည်။ ထို "အကြောင်းအရာ"ကို ပေါ်လွင်အောင် ပုံဖော်တည်ဆောက်ပြရန်အတွက် အရေးမကြီးလှဟု ယူဆ ယုံကြည်ကြသည်။

ပို၍ ရှင်းအောင် ထပ်ရေးပြရလျှင်...

mgyoe.com

mgyoe.com



စာရေးပညာ တတ်ကျွမ်းကြသူ အများစုတို့သည် "လူသားအားလုံးကို အကျိုးပြုစွမ်းနိုင်သော ဇာတ်လမ်းကောင်း" ရဖို့သာလျှင် အရေးကြီးသည်။ ထို ရှာဖွေတွေးကြံရပြီးသော ဇာတ်လမ်းကောင်းကို စက္ကူပေါ်တွင် ရေးဖွဲ့ပုံဖော်ပြရန် သိပ်အရေးမကြီးလှ ယူဆ ယုံကြည်ကြသည်။

ယခု ဤစာအုပ်ကို ရေးသူသည် ထိုအများစုတို့အထဲ၌ မပါနိုင်ခဲ့။

ဤစာအုပ်ကို ရေးသူက...

စာရေးသူတိုင်း အကြောင်းအရာကောင်း၊ ဇာတ်ကောင်း ရှာဖွေ တွေးကြံတတ်ဖို့ အရေးကြီးသလို...

ထို အကြောင်းအရာကောင်း၊ ဇာတ်လမ်းကောင်းကို မိမိ သိတွေ့ထားသည့်အတိုင်း စာဖတ်သူတို့ကိုယ်၌က သိတွေ့လာနိုင်စေအောင် ပုံဖော် ရေးဖွဲ့ပြတတ်ဖို့လည်း ထပ်တူထပ်မျှ အရေးကြီးပါသည်ဟု ယုံကြည်သည်။

ထို့ထက် တွေးကြံတတ်ခြင်းနှင့် ရေးဖွဲ့တတ်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုချက်များ ရှိနေခြင်းကြောင့် ရေးဖွဲ့ခြင်းအတတ်ကို တတ်ကျွမ်းသူတို့သည် ရေးဖွဲ့ခြင်းအတတ်ကို မတတ်ကျွမ်းသူတို့ထက် ရေးဖွဲ့ရန် အကြောင်းအချက်များကို ပို၍ သိတတ်၊ မြင်တတ်၊ တွေ့တတ်ကြသည်ဟု ဤစာရေးသူက ယုံကြည်သည်။

ဤသို့ ယုံကြည်သည့်အတိုင်း ဤ စာရေးသူသည် စာရေး ဝါသနာပါသူတို့အတွက် စာရေးဖွဲ့နည်းအတတ်ဖြစ်သော ဤ "ပန်းသွင်သီကုံး ရေးနည်းထုံးကား..." အမည်ရှိသည့် စာကို ရေးသားပြုစုလိုက်ခြင်း ဖြစ်သည်။

ဤစာသည် စာရေးသူက ရေးသားပြုစုပါသည်ဟုဆိုသော်လည်း စင်စစ် စာရေးသူ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ရေးသားပြုစုထားခြင်း မဟုတ်...

သာသနာသက္ကရာဇ် ၁၆၉၆ ခုနှစ်လောက်က သီဟိုဠ်ကျွန်း၌ မင်းပြုသော "ပရက္ကမဗာဟု" မင်းလက်ထက်တွင် အရှင်သံဃရက္ခိတမထေရ် ရေးစီရင်အပ်သော သုဗောဓာလင်္ကာရ အမည်ရှိသည့် အလင်္ကာကျမ်းထဲမှ အစိတ်အပိုင်း အချို့ကို ဤ စာရေးသူ၏ ယူဆချက်တို့ဖြင့် တစ်ဆင့် ရေးသားတင်ပြခြင်း ဖြစ်သည်။

အရှင်သံဃရက္ခိတမထေရ်၏ မူလ ကျမ်းရင်းကြီးဖြစ်သော သုဗောဓာလင်္ကာရ ကျမ်းကြီးတစ်လုံးသည်လည်း စာကဗျာ ရေးဖွဲ့သီကုံးနည်းကျမ်းပင်ဖြစ်လျက် အပိုင်းကြီးငါးပိုင်းခွဲ၍ ဖော်ပြထားသည်။ ထိုအပိုင်းကြီးငါးပိုင်းမှာ...

၁။ စာကဗျာ ရေးသားကြရာ၌ ပုဒ်တွင် ဖြစ်တတ်သော အပြစ်၊ ဝါကျတွင် ဖြစ်တတ်

mgyoe.com

mgyoe.com

သော အပြစ်၊ ဝါကျ၏ အနက်တွင် ဖြစ်တတ်သော အပြစ်တို့ကို ဖော်ပြသည့် “ဒေါသာဝဗောဓ” အပိုင်း။

၂။ ရေးဖွဲ့တတ်သဖြင့် အပြစ်ကိုပင်လျှင် ဂုဏ်မြောက်စေနိုင်သော အရေးအဖွဲ့ကို ဖော်ပြသည့် “ဒေါသ ပရိဟာရာဝ ဗောဓ” အပိုင်း။

၃။ ဂုဏ်မြောက်အောင် ရေးဖွဲ့နည်းတို့ကို ဖော်ပြသော “ဂုဏာဝ ဗောဓ” အပိုင်း။

၄။ ရေးဖွဲ့ဟန်တို့ကို တန်ဆာဆင်၍ တိုက်ရိုက်ရေးဖွဲ့ခြင်းနှင့် သွယ်ဝိုက်၍ ရေးဖွဲ့ခြင်းတို့ကို ပြသော တန်ဆာဆင်၍ ရေးဖွဲ့နည်း “အတ္ထာ လင်္ကာရာဝ ဗောဓ” အပိုင်း။

၅။ စာကဗျာ ရေးဖွဲ့ကြရာ၌ ခံစားဖွယ်အရသာတို့ ပေါ်ပေါက်လာအောင် ရေးဖွဲ့နည်းတို့ကို ဖော်ပြသော “ရသ ဘာဝါဝ ဗောဓ” အပိုင်း။

ဤ ငါးပိုင်းတို့ ဖြစ်ကြသည်။ ဤဖော်ပြပါ ငါးပိုင်းတို့အနက် တစ်၊ နှစ်၊ သုံးနှင့် ငါးတို့ကို စာကဗျာ ရေးဖွဲ့သီကုံးလိုကြသော ပညာရှာမှီးသူတို့အတွက် နားလည် သဘောပေါက်လွယ်အောင် ဆရာကြီး အဆူဆူတို့က အကျဉ်းချုံ့၍ ရေးသားပြုစုခဲ့ကြသည့် ကျမ်းပေါင်း အမြောက်အမြား ပေါ်ထွက်ခဲ့ကြဖူးသည်။ ထိုကျမ်းတို့ အနက် အချို့သော ကျမ်းတို့သည် ကျောင်းသုံးအဖြစ် သတ်မှတ်ခြင်းခံကြရ၍ ရှေးအခါက ငါးတန်းမှ ဆယ်တန်းအထိ သင်ကြားကြရသည့် စာကဗျာ ရေးဖွဲ့နည်းကျမ်းများ ဖြစ်ခဲ့ကြရသည်။

သို့သော် နာမည်ကျော်ကြား စာကဗျာသမားတို့ အကြိုက်များသော ကျမ်းအချို့မှာ... ပုဂံဝန်ထောက်မင်း ဦးတင်ရေးသော ကဗျာဗန္ဓသာရကျမ်း၊ မစ္စတာမောင်မှိုင်းရေးသော ကဗျာသာရတ္ထသင်္ဂဟကျမ်းနှင့် ပုပ္ပားဦးကျော်ရင် (လယ်တီဦးကောဝိဒ) ရေးသော ကဝိဘာရတီကျမ်းတို့သာ ဖြစ်တတ်ကြသည်။

ယခုခေတ်၌လည်း ဆရာကြီး ဦးသော်ဇင်သည် မူရင်း အလင်္ကာကျမ်းကြီးတို့၌ ပါသော တစ်၊ နှစ်၊ သုံးနှင့် ငါးအပိုင်းတို့ ပါဝင်သည့် “ကဗျာ့လမ်းညွှန်” အမည်ရှိ ကျမ်းတစ်ကျမ်းကို ပြုစုပြီး ဖြစ်သည်။

ယခုခေတ် ဆရာကြီး ဦးသော်ဇင်နှင့်တကွ ရှေးရှေး ဆရာ့ဆရာ အဆူဆူတို့ ပြုစုခဲ့ကြသော ကျမ်းအားလုံးတို့သည် ကဗျာရေးဖွဲ့လိုသူတို့အတွက် ရည်ညွှန်းပြုစုကြသော ကျမ်းတို့ချည်း ဖြစ်ကြသည်။ ယခု ဤစာစုကို ပြုစုသူ၏ ရည်ညွှန်းချက်မှာ ကဗျာရေးဖွဲ့လိုသူတို့အတွက် ရည်ညွှန်း၍ ပြုစုခြင်းသက်သက် မဟုတ်။

“စာရေးလိုသူတို့အတွက် တစ်နည်းဆိုသော် ဝတ္ထု ရေးဖွဲ့လိုသူတို့အတွက်...” အထူးပြုရည်ညွှန်း၍ ရေးသားပြုစုခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မူရင်း စာ

mgyoe.com

mgyoe.com

ကဗျာရေးနည်း ကျမ်းကြီးတစ်ဆူဖြစ်သော သုဗောဓ လင်္ကာရကျမ်းမှ ထုတ်ယူဖော်ပြရာ၌ ဆရာ့ဆရာအဆူဆူတို့ ထုတ်ယူဖော်ပြကြသော အပိုင်း တစ်၊ နှစ်နှင့် သုံးတို့ကို ချန်လှပ်ခဲ့၍ အပိုင်းလေးနှင့် အပိုင်းငါးကိုသာ ထုတ်ယူခဲ့သည်။

ဤတွင် မူရင်း ကျမ်းကြီး၏ အပိုင်းလေးသည် "ရေးဖွဲ့ဟန်ကို တန်ဆာဆင်၍ တိုက်ရိုက်ရေးဖွဲ့နည်း လေးမျိုးနှင့် သွယ်ဝိုက်ရေးဖွဲ့နည်း ၃၅ မျိုးတို့ကို ဖော်ပြသော အပိုင်းဖြစ်၍...

အပိုင်းငါးသည် ရေးဖွဲ့ကြရာ၌ ခံစားဖွယ် အရသာ ကိုးမျိုးအနက် တစ်မျိုးစီ တစ်မျိုးစီတို့၏ ရေးဖွဲ့နည်းတို့ဖြစ်ကြသည်ဟု အထက်၌ ရှင်းပြခဲ့ပြီးဖြစ်သည်။

ဤစာရေးသူသည် ထို မူရင်းကျမ်းကြီးမှ အပိုင်း လေးနှင့် အပိုင်း ငါးတို့ကို ထုတ်နုတ် ဖော်ပြရာ၌...

၁။ မူရင်းကျမ်းကြီး အပိုင်းလေးမှ တိုက်ရိုက်ရေးဖွဲ့ တန်ဆာဆင်နည်း လေးမျိုးကို ရှင်းပြမည်။

၂။ မူရင်းကျမ်းကြီး အပိုင်း ငါးမှ အရသာ ကိုးမျိုးတို့အနက် တစ်မျိုးစီ၊ တစ်မျိုးစီတို့၏ သဘောကို ရှင်းပြမည်။

၃။ တိုက်ရိုက် ရေးဖွဲ့နည်းဖြင့် အရသာ ကိုးမျိုးမှ တစ်မျိုးစီ၊ တစ်မျိုးစီတို့ ပေါ်အောင် မည်သို့ ရေးရသည်၊ ရေးကြသည်တို့ကို ရှင်းပြမည်။

၄။ သွယ်ဝိုက်ရေးဖွဲ့ တန်ဆာဆင်နည်း ၃၅ မျိုးကို တစ်မျိုးစီ ရှင်းပြမည်။

၅။ သွယ်ဝိုက်ရေးဖွဲ့နည်း ၃၅ မျိုးထဲမှ သင့်လျော်ရာရာ အမျိုးတို့ဖြင့် အရသာ ကိုးမျိုးအနက် တစ်မျိုးစီ ပေါ်ပေါက်အောင် မည်သို့ ရေးဖွဲ့ရသည်၊ မည်သို့ ရေးဖွဲ့ကြသည်ကို ရှင်းပြမည်။

၆။ စာရေးခြင်းအတတ်နှင့် သက်ဆိုင်သော နျာသကျမ်းလာ နည်းပေါင်း ၅၅ နည်းနှင့် သွယ်ဝိုက်တန်ဆာဆင် ရေးဖွဲ့ခြင်းတို့၏ သဘောကို ရှင်းပြမည်။

ဟူ၍... လေ့လာသူတို့အတွက် လွယ်ကူစေရန် သင့်သလို ပေါင်းစပ်ပြီးလျှင် အခန်းခြောက်ခန်း ပိုင်းခြားလျက် ရေးမည်ဟု ရည်ရွယ်ခဲ့၏။ သို့ရာတွင် လေးနက် ကြီးခိုင်သော စကားလုံး၊ လေးနက် ခံ့ထည်သော အရေးအသားတို့ဖြင့် ရေးလျှင် နဂိုကပင် လေးနက်သော ကျမ်းစာပေတို့ ဖြစ်နေရကား ငယ်ရွယ်သူတို့ ဖတ်ရန် ရွံ့ကြောက် ပျင်းရိ နေမည်ကိုလည်း စိုးရိမ်နေ၏။

နောက်ဆုံးတွင် ဖော်ပြခဲ့သော အပိုင်းကြီး ခြောက်ပိုင်းကို ခေါင်းထဲ၌သာ

mgyoe.com

mgyoe.com

သတ်မှတ်ထားပြီး ဤစာတို့ကို ရေးပြရာ၌ အပေါ်ဆုံး၊ အလွယ်ဆုံး စကားတို့ဖြင့် ပုံပြောသကဲ့သို့ တစ်ဆက်တည်း ရေးမည်ဟု ဆုံးဖြတ်လိုက်၏။

ထိုဆုံးဖြတ်ချက်အတိုင်း ဤ စာအုပ်ကို ရေးခဲ့သည်။ ရေးပြီးခါမှ မိမိ၏ အမှားတို့ကို တွေ့ရသည်။ တွေ့သိသည့်အချိန်၌ စာအုပ်က ရိုက်နေပြီဖြစ်၍ ပြင်မရနိုင်တော့...။

ထိုအမှားတို့မှာ...

၁။ ဖတ်ရန် လွယ်ကူလွန်းသောကြောင့် ပေါ့ပျက်ပျက် ဖြစ်နေလျက် ဖတ်သူတို့အား ခေါင်းထဲ၌ စွဲထင်စရာ ဘာတစ်ခုမျှ မရှိသလို ဖြစ်နေခြင်း။

၂။ ယင်းသို့ ခေါင်းထဲ၌မစွဲနိုင်သောကြောင့် အချို့ မှတ်သားထားရမည့် အချက်အလက်တို့ကို ဖတ်ပြီး၊ သိပြီးဖြစ်ပါလျက် စာဖတ်သူတို့အား မဖတ် မသိရသကဲ့သို့ ဖြစ်နေစေခြင်း။

၃။ အပိုင်းကြီး၊ အပိုင်းငယ်တို့ မခွဲတော့ဘဲ တစ်ဆက်တည်း ရေးထားသည့်အပြင် ရှေ့မှ ရှင်းပြပြီးအကြောင်းအရာနှင့် နောက်ထပ် ရှင်းပြသောအကြောင်းအရာ အသစ်တို့၏ အကူးအဆက်၌လည်း အခြားမရှိ၊ တစ်ဆက်တည်း ကူးပြောင်းသွားသည်ချည်း ဖြစ်သောကြောင့် အမှတ်မထင် လေ့လာဖတ်ရှုသူတို့အဖို့ ရှေ့ဖော်ပြပြီး အကြောင်းအရာတို့ ရောနှော ရှုပ်ထွေးနေစေခြင်း။

၄။ အကြောင်းအရာတစ်ခုကို ရှင်းပြရာ၌ ထိုအကြောင်းအရာ၏ လိုရင်း အချက်တစ်ခုကိုသာ ရှင်းပြခြင်းမပြုဘဲ ထိုအကြောင်းအရာ၏ လိုရင်းအချက်နှင့်တကွ ထိုအကြောင်းအရာနှင့် ပတ်သက်သမျှ ရောနှော ဖြစ်တတ်ပျက်တတ်သော အခြင်းအရာ အားလုံးတို့ကို အကုန်သိမ်းကျုံး၍ အလွန် ရှည်လျားစွာ တစ်ဆက်တည်း ရေးခဲ့ပြီးမှ နောက်ဆုံးတွင် ဆိုလိုရင်းကို ပြန်ကောက်သောအခါ ဖတ်ရှု လေ့လာသူတို့အတွက် ဖော်ပြခဲ့ပြီးသော မူရင်းအကြောင်းအရာ၏ ဆိုလိုချက်ကို မေ့ခဲ့ပြီဖြစ်သောကြောင့် သဘောမပေါက်နိုင် ဖြစ်စေခြင်း...။

စသော အမှားကြီးများနှင့်တကွ အခြားအလားတူချို့ယွင်းချက်တို့ကို သတိ ထားမိလာ၏။ သို့သော် နောက်ကျခဲ့ပါပြီ။

ဤတွင် နောက်ကျခဲ့ပါပြီ ဆိုရုံမျှနှင့် ကိစ္စမပြီးနိုင်။ စာရေးသူ၌ တာဝန် ရှိနေသေး၏။ ထိုတာဝန်ကို ကျေပွန်ရန်အတွက် မိမိ၏ချို့ယွင်းမှုကို ထုတ်ပြဝန်ခံနေရုံမျှနှင့် မလုံလောက်။ ။ စာဖတ်သူတို့အား စာရေးသူ၏စာကို ဖတ်ရကျိုးနပ်သည်အထိ ဆောင်ရွက်ပေးရန် စာရေးသူ၌ တာဝန်ရှိ၏။ ယင်းတာဝန်အတိုင်း ချစ်ဖွယ်သော စာဖတ်သူတို့

mgyoe.com

mgyoe.com

သည် ဤစာကို ရေးမိသူအား အကြံဉာဏ်ပေးခွင့် ပြုကြပါကုန်။

* * *

ချစ်ဖွယ်သော စာဖတ်သူ...

ဤ "ပန်းသွင်သီကုံး ရေးနည်းထုံးကား..." ဟူသော စာအုပ်ကို ဖတ်၊ မှတ် လေ့လာကြရာ၌ အောက်ပါအညွှန်းအတိုင်း ဖတ်၊ မှတ် လေ့လာပါက စာရေးသူ၏ ညံ့ဖျင်းမှုကြောင့် ရောထွေးနေသည့်အချက်အလက်များ၊ ရှင်းတန်သင့်သလောက် ရှင်းလင်း ပါလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤစာအုပ်တွင်ပါသော...

* စာမျက်နှာ ၄၊ ကြောင်းရေ ၂၈ မှ...စာမျက်နှာ ၂၈၊ ကြောင်းရေ ၈ အထိသည်...

စာရေးသူတိုင်း ရေးသင့်ရေးထိုက်သည့် အကြောင်း ဆိုက် လာပါက မိန်းမ၊ ယောကျ်ားတို့ ချစ်ကြိုက်မှုမျိုးပင် ဖြစ်စေဦး၊ စာဖတ်သူ တို့ ထင်မြင် ခံစားလာရအောင် ရဲရဲတင်းတင်း ရေးဖွဲ့နိုင်ခွင့် ရှိသည်။ အပြစ်မသင့်...ဟု ပုံစံတို့နှင့်တကွ ဖော်ပြထားသည်။ ။ထိုစာမျက်နှာ များ အတွင်းရှိ...

* စာမျက်နှာ ၁၂၊ ကြောင်းရေ ၁၃ မှ...စာမျက်နှာ ၁၈၊ ကြောင်းရေ ၁ အထိသည်...

ဇာတ်လမ်း (ဝတ္ထု)တစ်ခုကို ဖွဲ့စည်းတည်ဆောက်ရာ၌ မိမိ ဖော်ပြလိုသော အကြောင်းအချက်ကို အလေးပေး၍ ဖော်ပြခြင်း၊ အပိုင်း အခန်းတို့၏ အထားအသိုကို မြှုပ်ခြင်း၊ ဖော်ခြင်း၊ ရှေ့နောက် ရွှေ့ပြောင်းခြင်းမျိုးမျှ ပြုလုပ်ရုံဖြင့် ဇာတ်လမ်း မပြောင်းပါဘဲနှင့် ရည်ညွှန်းချက် ပြောင်းလဲသွားတတ်ကြောင်းကို "နည်း"နှင့် တကွ ဖော်ပြထားသည်။

* စာမျက်နှာ ၂၈၊ ကြောင်းရေ ၄ မှ...စာမျက်နှာ ၃၃၊ ကြောင်းရေ ၁၂ အထိသည်...

အလင်္ကာ...ဟူသော စကားကို အဓိပ္ပာယ်နှင့် စာကဗျာ ရေးဖွဲ့ မှု၌ တိုက်ရိုက်ရေးခြင်း၊ သွယ်ဝိုက်ရေးခြင်း နှစ်မျိုးရှိရာ ထိုနှစ်မျိုးအနက် တိုက်ရိုက်ရေးနည်းတို့၏ အမည်များနှင့် သဘောကို ရှင်းပြထားသည်။

* စာမျက်နှာ ၃၃၊ ကြောင်းရေ ၁၄ မှ...စာမျက်နှာ ၄၀၊ ကြောင်းရေ ၃ အထိသည်...

ဇာတိ သဘာဝဝုတ္တိအလင်္ကာအကြောင်းကို ရှင်းပြထားချက်

mgyoe.com

mgyoe.com

ဖြစ်သည်။

* စာမျက်နှာ ၄၀၊ ကြောင်းရေ ၄ မှ...စာမျက်နှာ ၄၇၊ ကြောင်းရေ ၁၁ အထိ...
ကြိယာ သဘာဝဝုတ္တိအလင်္ကာကို ရှင်းပြချက် ဖြစ်သည်။

* ထိုစာမျက်နှာအတွင်း စာမျက်နှာ ၄၃၊ ကြောင်းရေ ၉ မှ...စာမျက်နှာ ၄၆၊ ကြောင်းရေ ၂၀ အထိ...

အက ပညာရပ်တို့တွင် ကြိယာ သဘာဝ ဝုတ္တိနှင့် ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာကို အသုံးချ၍ ရရပုံ ရှင်းပြထားသည်။

* စာမျက်နှာ ၄၇၊ ကြောင်းရေ ၁၂ မှ...စာမျက်နှာ ၅၃၊ ကြောင်းရေ ၁၂ အထိ...
ဂုဏ သဘာဝဝုတ္တိအလင်္ကာအကြောင်းကို ရှင်းပြထားသည်။

* စာမျက်နှာ ၅၃၊ ကြောင်းရေ ၁၃ မှ...စာမျက်နှာ ၆၄၊ ကြောင်းရေ ၂၄ အထိ...
ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာအကြောင်းကို ရှင်းပြထား သည်။

* ထို စာမျက်နှာများအတွင်းရှိ စာမျက်နှာ ၅၉၊ ကြောင်းရေ ၁၉ မှ...စာမျက်နှာ ၆၄၊ ကြောင်းရေ ၂၄ အထိသည်...

ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာနှင့် ကြိယာ သဘာဝဝုတ္တိ အလင်္ကာသည် ကပြသူတို့နှင့်လည်း သက်ဆိုင်ကြောင်း ရှင်းပြထား သည်။

* စာမျက်နှာ ၆၅၊ ကြောင်းရေ ၃ မှ...စာမျက်နှာ ၇၄၊ ကြောင်းရေ ၅ အထိ...

ဌာယီဘာဝ...ဟုခေါ်သော စာရေးသူတို့ ရေးဖွဲ့အပ်သည့် ဖြစ်မြဲအကြောင်း ကိုးခု...၊ ထိုအကြောင်းတို့ကို အမှီပြု၍ ပေါ်လာ တတ်သော စိတ်နှလုံးတို့၌ ခံစားဖွယ်...အရသာ ကိုးခု၊ ထို အရသာ တို့ ဖြစ်လာသောကြောင့် ဇာတ်ကောင်၌ လည်းကောင်း၊ ဖတ်ရှုခံစားရ သူတို့၌ လည်းကောင်း အတူတကွ ထိခိုက်ဖြစ်ပျက်တတ်သော တုန် လှုပ်မှု (သာတွိကာ ဘာဝ) ရှစ်ခု၊ ထို့ပြင် အကြောင်းကြောင်းတို့ကို မှီ၍ ဇာတ်ကောင်တို့၌ ဖြစ်ပေါ်လာတတ်ကြသော ကိုယ်စိတ်တို့ ထိခိုက် ခံစားရမှု (ဗျာဘိစာရီ ဘာဝ) ၃၃ ခု၊ ထို့နောက် မိန်းမတို့...စိတ်လှုပ်ရှား မှုကို ဖော်ပြသော ကိုယ်အမူအရာ (မာယာ=အနုဘာဝ) ၄၀ တို့ကို ရှင်းလင်းချက်နှင့်တကွ...ကျက်မှတ်ရန်တို့ကို ဖော်ပြထားသည်။

* စာမျက်နှာ ၇၄၊ ကြောင်းရေ ၆ မှ...စာမျက်နှာ ၇၈၊ ကြောင်းရေ ၁၀ အထိ...

mgyoe.com

mgyoe.com


အကြောင်းတစ်ခု (ဝတ္ထုဇာတ်ကြောင်း တစ်ခု)၌ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့ မည်သို့ ဖြစ်လာရပုံကို ရှင်းပြသည်။

* စာမျက်နှာ ၇၈၊ ကြောင်းရေ ၁၁ မှ...စာမျက်နှာ ၁၁၉၊ ကြောင်းရေ ၂၃ အထိ...

ယောကျ်ား၊ မိန်းမတို့ ချစ်ကြိုက်မှု အဖြစ် (ရတိ ဌာယီ ဘာဝ) ရောက်ကြပုံနှင့် ထို အဖြစ်သည်လည်း သုံးမျိုးသုံးစားရှိပုံ၊ ယင်းသည့် သုံးမျိုးသုံးစားအနက် မပေါင်းဖက်ရဘဲ ချစ်ကြိုက်မှုကို မိအောင် ဖော်ပြနိုင်သဖြင့် (အယောဂ သိင်္ဂါရ ရသ) မပေါင်းယှဉ်ရသေးသည့် မျှော်လင့်နေရသောချစ်ကြိုက်မှု၏ ခံစားရချက် အရသာ အကြောင်း ရှင်းပြထားသည်။

* ထို စာမျက်နှာအတွင်း စာမျက်နှာ ၉၂၊ ကြောင်းရေ ၂ မှ...စာမျက်နှာ ၁၁၀၊ ကြောင်းရေ ၂၆ အထိသည်...

အကြောင်းအဖြစ်တစ်ခု=ဇာတ်ကြောင်းတစ်ခု (ဌာယီ ဘာဝ တစ်ခု)၌ ဘာဝ၊ ဝိဘာဂ၊ အနုဘာဝတို့ မည်သို့ ဝိုင်းရံဖြစ်လာ ရပုံကို တည်ဆောက်ပြထားသည်။

* စာမျက်နှာ ၁၁၉၊ ကြောင်းရေ ၂၄ မှ...စာမျက်နှာ ၁၂၂၊ ကြောင်းရေ ၇ အထိ...

တွေ့ထိရသော ချစ်ကြိုက်မှု၏ ခံစားရချက်အရသာ (သမ္ဘောဂ သိင်္ဂါရ ရသ) အကြောင်း ရှင်းပြထားသည်။

* စာမျက်နှာ ၁၂၂၊ ကြောင်းရေ ၈ မှ...စာမျက်နှာ ၁၃၄၊ ကြောင်းရေ ၁ အထိ...

ချစ်ကြိုက်ကြပါလျက် ကွေကွင်းရမှုကြောင့် ခံစားရသော အရသာ (ဝိပ္ပယောဂ သိင်္ဂါရ ရသ)အကြောင်း ပုံစံဖြင့် ပြသည်။

* စာမျက်နှာ ၁၃၄၊ ကြောင်းရေ ၁ မှ...စာမျက်နှာ ၁၆၃၊ ကြောင်းရေ ၁၃ အထိ...

စာရေးသူတို့သည် မည်သည့် ဝတ္ထုမျိုးက စတင် ရေးသင့်ကြောင်းနှင့် ဇာတ်အိမ် တည်ဆောက်နည်း၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည် သဘော အယူအဆတို့ကို ပုံစံဖြင့် ပြထားသည်။

* စာမျက်နှာ ၁၆၃၊ ကြောင်းရေ ၁၃ မှ...စာမျက်နှာ ၂၀၅၊ ကြောင်းရေ ၄ အထိ...

ရယ်ဖွယ်အကြောင်းနှင့် ရယ်ကြရပုံ (ဟာရသ) အကြောင်းကို ပုံစံများနှင့် တကွ ရှင်းပြသည်။

mgyoe.com

mgyoe.com



* စာမျက်နှာ ၂၀၅၊ ကြောင်းရေ ၆ မှ...စာမျက်နှာ ၂၃၁၊ ကြောင်းရေ ၁၉ အထိ...
စိုးရိမ်ပူပန်ရပုံ အကြောင်းနှင့် သနားကြင်နာဖွယ် (ကရုဏာ ရသ) ဖြစ်ရပုံတို့ကို ပုံစံများနှင့်တကွ ရှင်းပြသည်။

* ထို စာမျက်နှာများအတွင်း စာမျက်နှာ ၂၂၀၊ ကြောင်းရေ ၁ မှ...စာမျက်နှာ ၂၂၃၊ ကြောင်းရေ ၂၃ အထိ...
စာရေးဆရာ ဖြစ်လာသူတို့၊ တွေ့ကြုံကြရတတ်သည့် ဖြစ်စဉ်တစ်ခုကို ဖော်ပြထားသည်။

* စာမျက်နှာ ၂၃၁၊ ကြောင်းရေ ၂၀ မှ...စာမျက်နှာ ၂၆၉၊ ကြောင်းရေ ၈ အထိ...
အမျက်ထွက်ခြင်း (ကောဓ ဌာယီ ဘာဝသို့ ရောက်ခြင်း) ကြောင့် ကြမ်းကြုတ်ရက်စက်အသွင် (ရုဒ္ဒ ရသ) ပေါ်ပေါက်ရပုံကို ပုံစံများနှင့်တကွ ပြသည်။

* ထို စာမျက်နှာတို့ အတွင်းမှ စာမျက်နှာ ၂၄၃၊ ကြောင်းရေ ၁ မှ... စာမျက်နှာ ၂၅၀၊ ကြောင်းရေ ၇ အထိသည်...
ဖြစ်မြဲအကြောင်း (ဌာယီ ဘာဝ) တစ်ခုသို့ ရောက်သော်လည်း ထို ဖြစ်မြဲအကြောင်းနှင့် တွဲယှဉ်ပြထားသော ခံစားချက်၊ (ရသ) မျိုး ပုံသေပေါ်လေ့မရှိဘဲ အခြားသောခံစားချက်မျိုး (ရသမျိုး) ဖြစ်ပေါ်လာတတ်ပုံကို ရှင်းပြထားသည်။

* ထို စာမျက်နှာအတွင်း စာမျက်နှာ ၂၆၂၊ ကြောင်းရေ ၆ မှ စာမျက်နှာ ၂၆၈ အဆုံးအထိ...
အမျက်ထွက်မှု (ကောဓ ဌာယီ ဘာဝ)ကြောင့် ရယ်စရာ အရသာ (ဟာသ ရသ) ဖြစ်လာနိုင်ပုံ ပုံစံနှင့်တကွ ပြထားသည်။

* စာမျက်နှာ ၂၆၉၊ ကြောင်းရေ ၉ မှ...စာမျက်နှာ ၂၉၂၊ ကြောင်းရေ ၁၆ အထိ...
ကြံ့ကြံ့ခိုင်ခိုင် ကြိုးပမ်းမှုမျိုး၊ (ဥဿာဟ ဌာယီ ဘာဝ) ကြောင့် ရဲရင့်မှုနှင့်သက်ဆိုင်သည့် ခံစားရချက် (ဝီရ ရသ)ကို ဖော်ပြထားသည်။

* ထို စာမျက်နှာအတွင်း စာမျက်နှာ ၂၇၀၊ ကြောင်းရေ ၂၀ မှ...စာမျက်နှာ ၂၇၆၊ ကြောင်းရေ ၁ အထိ...
ဝီရ ရသ၏ သဘောနှင့် ကမ္ဘာ ကျော်ကြားသော ဝတ္ထုများ၊ ရုပ်ရှင်ကားများကို ပုံစံပေး၍ ရှင်းပြထားသည်။

mgyoe.com

mgyoe.com

* စာမျက်နှာ ၂၉၂၊ ကြောင်းရေ ၁၇ မှ...စာမျက်နှာ ၂၉၉၊ ကြောင်းရေ ၅ အထိ...
  ဘေးရန်သို့ရောက်သောအဖြစ် (ဘယ ဌာယီ ဘာဝ)ကို ပေါ်လွင်အောင်ဖော်ပြနိုင်ခြင်းကြောင့် ကြောက်စရာသည် ကောင်းခြင်းဖြစ်သောအရသာ=ကြောက်ရွံ့ဖွယ် ကောင်းမှု (ဘယာနက ရသ) ပေါ်ပေါက်ပုံကို ရှင်းပြထားသည်။
* စာမျက်နှာ ၂၉၉၊ ကြောင်းရေ ၆ မှ...စာမျက်နှာ ၃၄၉၊ ကြောင်းရေ ၂၆ အထိ...
  စက်ဆုပ်ရွံ့ရှာဖွယ်အဖြစ် (ဇိဂုစ္ဆ ဌာယီ ဘာဝ)ကို ရောက်သဖြင့် ရွံ့စရာသည် ကောင်းလှသည်၏အဖြစ်သို့ ရောက်သော=(ဝါ) ရွံ့စရာကောင်းသော ခံစားရမှု (ဝိဘစ္ဆ ရသ) ပေါ်ပေါက်လာပုံကို ပုံစံတို့ဖြင့် ရှင်းပြသည်။
* ထို စာမျက်နှာတို့အတွင်း စာမျက်နှာ ၃၂၀၊ ကြောင်းရေ ၂၇ မှ...စာမျက်နှာ ၃၂၃၊ ကြောင်းရေ ၂၄ အထိသည်...
  စာရေးသူတို့အတွက် အမြဲ သတိထားသင့်သော လျှို့ဝှက်ချက်တစ်ခုကို ဖော်ပြထားသည်။
* စာမျက်နှာ ၃၅၀၊ ကြောင်းရေ ၁၆ မှ...စာမျက်နှာ ၃၈၇၊ ကြောင်းရေ ၂၆ အထိ...
  ဖြစ်နိုင်ခဲသော ထူးဆန်းသည့် အဖြစ်မျိုး၊ အပြုမျိုး (ဝိမယှယာယီ ဘာဝ)ကြောင့် အံ့သြကြရသော လူပ်ရှားမှု အရသာ (အဗ္ဘုတ ရသ) ပေါ်ပေါက်ကြရပုံကို ပုံစံအများဖြင့် ရှင်းပြသည်။
* စာမျက်နှာ ၃၈၇၊ ကြောင်းရေ ၂၇ မှ...စာမျက်နှာ ၄၀၉၊ ကြောင်းရေ ၁၃ အထိ...
  တည်ငြိမ်မှု (သမ ဌာယီ ဘာဝ)အဖြစ်သို့ ရောက်သဖြင့် ငြိမ်းချမ်းအေးမြသော အရသာ (သန္တ ရသ) ဖြစ်ပေါ်လာပုံတို့ကို ဖော်ပြထားပါသည်။

အားလုံး ခြုံ၍ပြရလျှင် ဤ **"ပန်းသွင်သီကုံး ရေးနည်းထုံးကား"** ဟူသော စာအုပ်တစ်အုပ်လုံး၌...

* တိုက်ရိုက် ရေးဖွဲ့သော အလင်္ကာ လေးမျိုး။
* ရသ မည်သို့ဖြစ်ပုံ။
* တိုက်ရိုက်ရေးဖွဲ့နည်း လေးမျိုးဖြင့် ရသကိုးပါးပေါ်အောင် မည်သို့ ရေးဖွဲ့ကြပုံ။

mgyoe.com

mgyoe.com



ဤ သုံးမျိုးမျှသာ တင်ပြနိုင်ပါတော့သည်။ မှန်းဆထားသည်ထက် စာအုပ်က ပို၍ ထူလာသောကြောင့်...

* သွယ်ဝိုက် ရေးဖွဲ့နည်း ၃၅ မျိုး၊ ထို ၃၅ မျိုးတို့နှင့် ရသ ဖော်ပုံ။
* ထို သွယ်ဝိုက် ရေးဖွဲ့နည်းနှင့် ချာသ ကျမ်းလာ နည်းပေါင်း ၅၅ နည်းတို့ ပေါင်းစပ် ရေးဖွဲ့ခြင်း သဘော...

ဤအချက်တို့ကို ဖော်ပြလျှင် နောက်ထပ် ယခု စာအုပ်သာသာမျှ ထူလာဦးမည် ဖြစ်သောကြောင့် မဖော်ပြနိုင်တော့ပါ။

ဤသို့ မဖော်ပြနိုင်လောက်အောင် စာမူ ထူထဲလာရသည့် အကြောင်းမှာလည်း ပုံစံများကို ရှည်လျားစွာ ထည့်သွင်းထားသောကြောင့် ဖြစ်ပါသည်။

စင်စစ် ပုံစံများကို တိုတိုနှင့်လိုရင်းသို့ရောက်ရုံမျှ ကွက်၍ရေးလျှင် ဖြစ်ပါ၏။ ထိုသို့ပြုလျှင် အဆိုပါ လိုရင်းသို့ရောက်အောင် ရှေ့ပိုင်းက မည်သို့ "သယ်"ယူလာရသည်ကို စာရေးကျင့်လိုသူများ မသိလိုက်မည်စိုး၍ ဖြစ်ပါသည်။

စာရေးခြင်းအတတ်၌ ထို မိမိဖော်ပြလိုသော လိုရင်းသို့ရောက်အောင် ဖန်တီး၍ သယ်ယူလာရသော အလုပ်သည် အရေးပါသော လုပ်ရပ်တစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် ဆရာ ဆရာကြီးများ၏ ပြုလုပ်မှုတို့ကို စာဖတ်သူတို့ သိရှိ ငုံမိကြစေရန် သက်ဆိုင်သော အချက်အလက်တိုင်း၊ အပြည့်အစုံချည်း ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ပြင် အထူး တောင်းပန်လိုသည်မှာ စာရေးသူသည် စစ်ကြီးအတွင်းက ပြေးရင်း လွှားရင်း ရေးခဲ့ဖူးသော ချစ်ဇနီးသို့ စာအုပ်ကဲ့သို့ပင် ဤစာအုပ်ကိုလည်း စကားပြောသကဲ့သို့ ရေးလိုက်မိပါသည်။ ဖတ်သူတို့အဖို့ လေးလံနက်နဲခြင်း မဖြစ်စေရန် တမင် ခပ်ပေါ့ပေါ့ ရေးလိုက်မိသောကြောင့် နေရာအတော်များများတို့၌ စကားဝါကျ အထားအသို မမှန်မှုများကို တွေ့ရပါလိမ့်မည်။ သို့သော်...ဆိုလိုရင်းကို သိလွယ်ကြပါက ထိုအမှားတို့ကို ခွင့်လွှတ်နိုင်ပြီးလျှင် ချစ်ဖွယ်သော စာဖတ်သူတို့သည် ဤစာအုပ်ကို လေ့လာလျက် စာရေးနည်းအတတ်ပညာနှင့် အတော်အတန် ကျွမ်းဝင်ရင်းနှီးမှု ဖြစ်လာကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ထိုသို့ ယုံကြည်သည့်အတိုင်း ချစ်ဖွယ်သော စာဖတ်သူသည် ဤစာအုပ်ကို လေ့လာပြီးပါက ရသ စာပေသမားတစ်ယောက်အဖြစ် စမ်းသပ်ရေးဖွဲ့နိုင်ပါစေသော...

ရန်ကုန်ဘဆွေ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပန်းသွင်သီကုံး ရေးနည်းထုံးကား

**သမီးချစ်...**

သမီးချစ်ဟာ စာ ကဗျာတို့ကို သီကုံးပန်းသွင် ရေးဖွဲ့ချင်သော်...

**၁။ စာပေ ဖတ်မှတ်စုဆောင်းလိုတဲ့ ဝါသနာစွဲ အမြဲရှိဖို့...**

**၂။ စာရေးနေချင်တဲ့ဝါသနာစွဲ အမြဲရှိဖို့...**

**၃။ စာရေးခြင်း အတတ်ပညာ တတ်မြောက်ဖို့...**

အဲဒီ အရည်အချင်းသုံးခုပြည့်စုံဖို့ လိုတယ်ဆိုတာ ဖေဖေ ပြောခဲ့ပြီးပြီနော်။

ဒီ အရည်အချင်း သုံးမျိုးအနက် စာပေ ဖတ်မှတ် စုဆောင်းလိုတဲ့ ဝါသနာစွဲ အမြဲရှိဖို့ ဆိုတာရယ်၊ စာရေးနေချင်တဲ့ဝါသနာစွဲ အမြဲရှိဖို့ဆိုတာရယ်၊ အဲဒီအရည်အချင်း နှစ်ခုအကြောင်းကိုလည်း ဖေဖေ အတော်ကလေး ရှင်းပြခဲ့ပြီးပြီ။ ဒီအထဲမှာ စာရေးနေချင်တဲ့ ဝါသနာစွဲ အမြဲရှိဖို့ဆိုတာမှာ...သမီး စာရေးချင်တဲ့အခါ အကြောင်းအရာကို ဘယ်လိုရှာပါ၊ အဲဒီအကြောင်းအရာကို ရှာလို့ရတဲ့အခါမှာ အကြောင်းအချက်နဲ့ ကိုက်ညီအောင် ပုံပန်းဖော်နိုင်ဖို့ဆိုတာလည်း အင်မတန်မှ အရေးကြီးပါတယ်။

ရေးဖွဲ့ရန် အကြောင်းရှာဖို့...အရေးကြီးသလို၊ ခက်ခဲသလို၊
ရှာရတဲ့ အကြောင်းနဲ့ လိုက်လျောညီညွတ်တဲ့ ပုံသဏ္ဌာန်ဖော်နိုင်ဖို့
ဟာလည်း ထပ်တူထပ်မျှ အရေးကြီးပါတယ်၊ ခက်ခဲပါတယ်။

ဆိုတဲ့အယူအဆကိုလည်း ရှည်ရှည်လျားလျား ထွေထွေပြားပြားနဲ့ အပိုအဆစ်

mgyoe.com

တွေ သာသာထိုးထိုးထည့်ပြီး မနေမနားဘဲရေးပြပြီးပြီလေ။ ဒီတော့ကာ အခုဆိုရင် စာရေးခြင်းအတတ်ပညာ တတ်မြောက်ဖို့ဆိုတဲ့ အမှတ်သုံးအချက်ကို ပြောပြဖို့ပဲ လိုတော့တယ်။

တကယ်တော့ စာရေးခြင်းအတတ်ပညာ တတ်မြောက်ဖို့ဆိုတာဟာ အထက်က အကြောင်းအရာ အမှတ် ၁ နဲ့ ၂ ကို ပြောခဲ့၊ ရေးခဲ့သလို အတွေးအခေါ်နဲ့ မဆိုင်တော့ဘူး သမီးရေ။ အတတ်ပညာနဲ့ပဲ ဆိုင်တော့တယ်ကွဲ့။ သမီးအဖို့ အတွေးအခေါ်နဲ့ဆိုင်တဲ့ အချက်တွေကိုတောင် ဖေဖေဟာ အတော်ကြီးပျင်းစရာကောင်းအောင် ပြောနိုင်၊ ရေးနိုင်စွမ်းခဲ့တယ်ဆိုရင် အခုလို အတတ်ပညာနဲ့ သက်ဆိုင်တဲ့အကြောင်းအရာကို ပြောရ၊ ရေးရတော့မယ်ဆိုတော့ ဘာမှ သမီး စိတ်ထဲမှာ သံသယ ဒွိဟမဖြစ်လေနဲ့။ အိပ်ငိုက်ဖို့သာ အသင့်ပြင်ထားပေတော့...ဟုတ်လား။

ဟော...သမီးက ပြုံးတယ်၊ ဘာပြုလို့ ပြုံးသလဲ ပြောစမ်း။

ဒီနေရာမှာ သမီးက ပြုံးရမှာ မဟုတ်ဘူးကွ၊ နှုတ်ခမ်း စူရမှာ။

ဖေဖေက သမီးကို ဖွဲ့ မရှိဘူး၊ ကိုယ် ပြုလုပ်ချင်ပါတယ်ဆိုတဲ့ အလုပ်ကို တကယ်စနစ်တကျ ပြောပြလိုက်ဘာနဲ့ စိတ်ပျက်တယ်၊ ပျင်းသွားတယ်၊ စိတ်ဝင်စားမှု မရှိဘူး၊ အပေါ်ယံသမား...

လူဖြစ်လာရတဲ့ အချိန်နည်းနည်းကလေးအတွင်းမှာ ပျော်မွေ့သာယာဖွယ်၊ ချိုမြိန်တဲ့ အသိမျိုးဖြစ်စေ...

ဒါမှမဟုတ်ရင် ပူလောင်တဲ့ နွေလရဲ့ လေအတွေ့လို၊ နောက်တစ်မျိုးက အေးစက်တဲ့ ဆောင်းလေရဲ့ ရက်စက်မှုလို စပ်ဖျဉ်းဖျဉ်းကလေး တွေ့သိရတဲ့ အသိမျိုးဖြစ်စေ၊ ဘယ်အသိတရားမျိုးကိုမှ ရှာဖွေ ခံစားမှု မပြုချင်ဘဲ အချည်းနှီး အချိန်တွေ ဖြုန်းတီးပစ်တယ်။

အမြဲတမ်း အသိတရားကို ရှာဖွေနေတဲ့ ဦးနှောက်ရှိနေပါလျက်နဲ့ ဘာမှ မသိလိုဘဲ လူ့ဘဝကြီးကို အိပ်ပျော်ခြင်းနဲ့ပဲ အချိန်ကုန်စေတယ်။ ဖွဲ့ညံ့တဲ့ နေရာမှာ သံသယ ဒွိဟဖြစ်ဖို့ မလိုဘဲ စိတ်ချရတဲ့ သမီးလို့ သွယ်ဝိုက်ပြီး ကဲ့ရဲ့လိုက်တာကွဲ့၊ ဒါကို ဘာပြုလို့ သမီးက နှုတ်ခမ်း မစူလိုက်တာလဲ။

တကယ်တော့ အိပ်စက်မှုဆိုတာဟာ အသိတရားတွေကို ပိုပြီး ရှာဖွေစူးစမ်းနိုင်တဲ့ကြံခိုင်မှုမျိုးရအောင် မလွဲမရှောင်သာလို့ ခေတ္တခဏနားနေခြင်းမျိုးသာ ဖြစ်စေရတယ်။ နားနေခြင်းထက် ပိုတဲ့ အိပ်စက်မှုမျိုး ပြုတတ်သူဆိုရင် လူဖြစ်လာရတဲ့ ဘဝကလေးကို အရှုံးပေါ်အောင် အချည်းနှီး အချိန်ဖြုန်းတီးပစ်သူ၊ အချည်းနှီးသော မိန်းမ...၊ အချည်းနှီး

mgyoe.com

သော ယောကျ်ား၊ "မောဃ ပုရိသ"လို့ ရှေးသူဟောင်းတို့က ခေါ်လေ့ရှိကြတယ်ကွဲ့...

အဲဒီတော့ အတတ်ပညာတစ်ခုကို ပြောပြ၊ သင်ပြ နေချိန်မှာ သမီးအတွက် အိပ်ပျော်သွားဖို့ စိတ်ချရတယ်လို့ ပြောလိုက်တာဟာ တကယ်တော့ သမီးကို အချည်းနှီးသော မိန်းကလေး...လို့ သွယ်ဝိုက်ပြီး ပြောလိုက်တာပေါ့။ အေးလေ...အပြန်အလှန် သဘောမျိုးနဲ့ ယူဆရင် ဖေဖေကလည်း သမီးကို မပျင်းအောင် မပြောနိုင်တော့ ဖေဖေလည်း လူညံ့ပဲပေါ့ကွာ။ ကဲ...ကျေတော့။

ဒါကို သမီးသာ တကယ်သိရင် နှုတ်ခမ်းစူလိုက်မှာပေါ့။ အခုတော့ သမီးက ကောင်းကောင်း မသိလိုက်လို့ နှုတ်ခမ်းမစူလိုက်ဘဲ ပြုံးလိုက်တယ် မဟုတ်လား။

အေး...အဲဒီ အဖြစ်အတိုင်းပဲ သမီးရေ၊ စကားပြောတဲ့နေရာမှာဖြစ်စေ၊ စာရေးတဲ့ နေရာမှာဖြစ်စေ...

တိုက်ရိုက် ပြောခြင်းနဲ့...

သွယ်ဝိုက်၍ ပြောခြင်း...

ဆိုတာ နှစ်မျိုး ရှိလေရဲ့၊ အဲဒီ နှစ်မျိုးမှာလည်း တိုက်ရိုက်ပြောသည်ဖြစ်စေ၊ သွယ်ဝိုက်ပြီး ပြောသည်ဖြစ်စေ မိမိ ပြောလို၊ ရေးလိုတဲ့ အကြောင်းကို ကွင်းခနဲ မြင်အောင်၊ ထင်းခနဲ ပေါ်အောင်၊ ရှင်းခနဲ ကွဲအောင် ရေးနိုင်၊ ပြောနိုင်ရင် အပြစ်ကင်းတယ်လို့ ခေါ်တယ်။ မရှင်း...မရှင်းဖြစ်အောင်၊ လုံးလည်လိုက်အောင်၊ ဘာမှန်း မသိအောင် ပြောရင်၊ ရေးရင် အပြစ်ရှိတယ်လို့ ခေါ်တယ်။

စောစောက ဖေဖေ ပြောလိုက်တဲ့ စကားဟာ ဗြုန်းခနဲ သမီးမှာ အဓိပ္ပာယ် မပေါ်လို့၊ သမီး မသိလိုက်လို့ အဲဒီစကားလုံးကို အပြစ်ရှိတဲ့ စကားလုံးလို့ ခေါ်တယ်။ ဒါပေမဲ့ ဖေဖေရဲ့စိတ်ထဲက သမီး ဗြုန်းခနဲမသိမှ ဖေဖေက ရှင်းပြနိုင်မှာမို့ ဖေဖေ ရှင်းပြ ခွင့်ရအောင် တမင် ဖန်တီးပြီး ပြောလိုက်နိုင်တဲ့အတွက် သမီး မသိခြင်းကြောင့် သမီးကို ပြုံးစေနိုင်လို့ အပြစ်ကင်းတဲ့အပြင် ချိုမြိန်တဲ့ဂုဏ်တောင် မြောက်သွားပြန်တယ်ကွဲ့။ မစုရတ ဂုဏ်လို့ ခေါ်တာပေါ့ကွယ်။

ဒါတွေ ပြောနေရင် သမီး နားရှုပ်လာလိမ့်မယ်၊ ဒီတော့...

ကိုယ် ပြောချင်တာကို တစ်ဖက်သား နားလည်လွယ်အောင် ပြောပြ၊ ရေးပြနိုင်ရင် အပြစ်ကင်းတယ်။ တစ်ဖက်သားက နားမလည် ဘူး၊ မသိနိုင်ဘူးဆိုရင် အပြစ်ရှိတယ်။ အဲဒါပဲ တိုတိုမှတ်ထား။

တတ်သိတဲ့ပညာရှိတွေ အဖို့တော့ အဲဒီအပြစ်ကိုပဲ အမျိုးမျိုးခွဲပြီး သိမှတ်ထားလေ့

mgype.com

ရှိကြတယ် သမီး။

တစ်ပုဒ်လုံးရဲ့ ဆိုလိုရင်း ပျက်နေလို့ တစ်ဖက်သား နားမလည်နိုင်တဲ့ အပြစ်ရှစ်မျိုးကို ပဒဒေါသ ရှစ်ခုတဲ့...

စကားပိုဒ်တွေရဲ့ အဆီအငေါ်မတည့်မှုကြောင့် ဆိုလိုရင်းပျက်နေလို့ တစ်ဖက်သား နားမလည်နိုင်တဲ့ အပြစ်ကိုးမျိုးကို ဝါကျ ဒေါသ ကိုးခုတဲ့...

ပြီးတော့ စကားပိုဒ်ရဲ့ အနက်တွေ ပျက်နေလို့ မိမိ ဆိုလိုရင်းကို တစ်ဖက်သား နားမလည်နိုင်တဲ့ အပြစ်ခြောက်မျိုးကို ဝါကျတ္ထဒေါသ ခြောက်ခုတဲ့...

အဲဒါဟာ သုဗောဓလင်္ကာရကျမ်းအရ ခွဲခြားထားတဲ့ အပြစ်မျိုးတွေ။ သရသ္သတီကဏ္ဍာ ဘာရဏကျမ်း အလိုကတော့ ပုဒ်အပြစ် ဆယ့်ခြောက်ခု၊ စကားပိုဒ်အပြစ် ဆယ့်ခြောက်ခု၊ စကားပိုဒ်အနက် အပြစ်ဆယ့်ခြောက်ခု၊ အားလုံးပဲ ဆယ့်ခြောက်ခုစီ ရှိတယ်လို့ ဆိုတယ်။ တကယ်တော့ အဲဒါတွေ ဘယ်လိုပဲ ခွဲထား၊ ခွဲထား...အားလုံးခြုံလိုက်ရင် မိမိပြောလို၊ ရေးလိုတာကို သူတစ်ပါး အလွယ်နဲ့ နားလည်အောင် ယဉ်ကျေးဖွယ်ရာနဲ့ ပြောနိုင်၊ ရေးနိုင်ရင် အပြစ်ကင်းတယ်။ မပြောနိုင်၊ မရေးနိုင်ရင် အပြစ်မကင်းဘူး၊ ဒေါသမကင်းဘူး။ အဲဒါသာ မှတ်ထားပေတော့။

ဒါပေမဲ့ သမီးရေ...အပြစ်ရှိတိုင်းလည်း မကောင်းဘူးရယ် မဟုတ်ဘူးနော်။ တစ်ခါတစ်ရံ အပြစ်ကြောင့် ကိုယ်လိုရာကို ပြီးစီးအောင် ပြုနိုင်၊ ပြောနိုင်လို့ အဲဒီအပြစ်ရှိတဲ့ စကားတို့၊ စာတို့ ဆိုတာတွေပဲ ဂုဏ်မြောက်တဲ့ စကားတွေ၊ စာတွေ ဖြစ်နိုင်လေသေးရဲ့။

ဆိုကြပါစို့ကွယ်... "ကိုယ်ပိုင်ကားစီးပြီး အင်္ဂလိပ်ကျောင်းမှာ ကြီးပြင်းလာရတဲ့ မိန်းမမျိုး၊ ဘယ်မှာ လာပြီး အိမ်မှု ဝေယျာဝစ္စတွေ လုပ်တတ်ပါ့မလဲ"ဆိုတဲ့စကားဟာ တကယ်တော့ အပြစ်ပြောတဲ့ စကားပဲ မဟုတ်လား။ ဒါပေမဲ့ အဲဒီစကားထဲမှာ အဲဒီလို အပြောခံရတဲ့ မိန်းကလေးဟာ ငယ်စဉ်ကတည်းက ချမ်းသာကြွယ်ဝတဲ့ မိဘရဲ့ သားသမီး ဖြစ်ပြီး မပူမပင် ကြီးပြင်းလာရပါတယ်လို့ ဂုဏ်တင်ပြီး ပြောတဲ့သဘောလည်း အလိုလို သက်ဝင်လာတယ် မဟုတ်လား။

အေး...သမီးရေ...အဲဒီ သဘောအတိုင်းပဲ။ တချို့ အပြစ်ရှိတဲ့ အပြောအဆို၊ အရေးအသားတွေဟာလည်း ရေးတတ်၊ ပြောတတ်တဲ့သူများအဖို့ အပြစ်မျိုးတွေက ပြေပျောက်ပြီး ဂုဏ်ရှိတဲ့ အပြောမျိုး၊ အရေးမျိုး ရောက်တတ်၊ ဖြစ်တတ်သေးတယ် ဆိုတာကိုလည်း မှတ်ထားဦး။

တစ်ခါတစ်ရံမှာ အပြစ်ရှိနိုင်တဲ့ စကားမျိုး၊ စာမျိုးကို မရေးရင်၊ မပြောရင် မဖြစ်လို့

mgyoe.com

ရေးရ၊ ပြောရတာမျိုးတွေလည်း ရှိတတ်လေရဲ့။ ဒါ့ကြောင့် ရှေးပညာရှင်ကြီးများက...

"ဘုရားလူ့ဘ မုနိန္ဒလျက် မိန်းမ၊ ယောကျ်ား လူ့စကားဖြင့် မကြားစကောင်း၊ မဆိုကောင်းကို အကြောင်းဆောင်သွေး ဆိုတုံသေး ၏"

လို့ သွန်သင်ခဲ့ကြတာပေါ့။ ဆိုကြပါစို့...ရှေးစာဆိုကြီးတွေထဲက ထင်ရှားကျော်ကြားလှတဲ့ တွင်းသင်းမင်းကြီးဟာ ရဟန်းဘဝ ငါးဝါရတဲ့အချိန်၊ အရှင်လင်္ကာသာရလို့ ဘွဲ့မည်တော် ခံထားစဉ်အခါက မုဒုလက္ခဏာပျို့တစ်စောင်ကို ရေးခဲ့ဖူးတယ်ကွဲ့။ အဲဒီတုန်းက ရဟန်းတော် ရှင်လင်္ကာသာရဟာ မုဒုလက္ခဏာပျို့ထဲမှာ မုဒုလက္ခဏာ မိဖုရားကြီးက ဆွမ်းခံကြွလာမယ့် ဈာန်ပျံရသေ့ကြီးကိုမျှော်ရင်း ရသေ့ကြီးရဲ့ သင်္ကန်းသံကို ကြားလို့ ပြတင်းဝမှာ လဲလျောင်းနေရာမှ ဖြုန်းခနဲ ထလိုက်လို့ ရင်လွှမ်းအဝတ် ပြေကျွတ်သွားပုံတို့ကို ရဟန်းဝတ်ကြီးနဲ့ပဲ ရေးဖွဲ့ရရှာခဲ့တယ်။ မဖွဲ့လို့ မဖြစ်ဘူးလေ၊ ဇာတ်တော်ထဲမှာလည်း ပါနေတာကိုး။ ဒီတော့ ဘယ်လိုရေးလိုက်သလဲဆိုတော့...

"သုတ်သုတ်ဝဲပျံ သင်္ကန်းသံကို နာခံနေမျှော် ဒေဝီကျော်လည်း ကြားတော်မူ၍ ကျေးဇူးလွှေ့သား ရသေ့မြတ်ဖျား မယ့်ဘုရားလျှင် ကြွားကြွားမယ့်ဆီ ကြွလာပြီဟု သာညီကျယ်ဝန်း နန်းပြတင်းဝယ် ရပ်တင်းစက်လျောင်း ရွှေညောင်စောင်းမှ ရတ်ခြည်းထသော် ညံ့ထွားလူလူ စက္ကူအဟန် သိန်းတန်လွလွ ဝတ်တော်စလျှင် ဆမတော်စွာ လစ်ခဲ့ကွာသည် လျှံဝါနန်းလုံး ဝင်းဝင်းတည်း"တဲ့။

ကဲ...သမီးရေ...အဲဒါဟာ မိဖုရားကြီးက ရသေ့ကြီးရဲ့သင်္ကန်းသံကြားလို့ လျောင်းစက်နေရာမှ လူးလဲထလိုက်တာနဲ့ ရင်လွှမ်းအဝတ် လျှောကွာကျပြီး "လျှံဝါ နန်းလုံး ဝင်းဝင်းတည်း" ဖြစ်သွားပုံကို ရေးဖွဲ့ထားတာလေ။

ဇာတ်တော်ထဲမှာလည်း ဒီအတိုင်းပါတာပဲ။ ဒီနေရာမှာ ရသေ့ကြီး ဟရိတစရဲ့ မျက်လုံးအစုံနဲ့ မိဖုရားကြီးရဲ့ မမြင်သင့်တဲ့ရူပါရုံတို့ ပေါင်းဆုံမိပုံကိုလည်း စာဆိုတော် အရှင်လင်္ကာသာရဟာ မတော်ပါဘူး၊ မဖွဲ့ချင်ပါဘူး၊ ဂါမ္မဒေါသတွေ ဖြစ်ပါလိမ့်မယ်၊ အပြစ်တွေ ဖြစ်ကုန်ပါလိမ့်မယ်လို့ မနေသာတော့ အောက်ပါအတိုင်း ဖွဲ့ဆိုသေးတယ်ကွဲ့...။

"ရောင်လျှံထွန်းတောက် လေနန်းပေါက်ဖြင့် ချောက်ချောက် ကိုယ်တော် ရှုမျှော်မရဲ အသာဆွဲ၍ ဖောက်ခွဲမြေက ပေါ်လုစ်ကြွသည့်

mgyoe.com

mgyoe.com

နာဂသဏ္ဍာန် ခန့်မှန်းတူရှု ဝင်တော်မူသော် နှစ်ဆူလဝန်း ဝိဒေကျွန်းက
ပေါ်ထွန်းသောယောင် ရွှေနန်းချောင်ဝယ် အရောင်ပေါင်းစု စောမုဒ္ဒ၏
ဖွံ့နုပျို့ပျို့ ရွှေရင်စို့ကို နှစ်လို့လေးမြတ် ရှုမိလတ်သည် ရိုးဖြတ်ချဉ်ဆိ
ချင်းချင်းတည်း"တဲ့...။

စာရေး ဝါသနာပါတယ်ဆိုတဲ့ သမီးအတွက် ဇာတ်ဝတ္ထုတစ်ခုဟာ ဒီအခြေအနေ အခိုက်အတန့်ကို ရောက်လာတယ်ဆိုရင် ဘယ်လို ဖြစ်လိမ့်မယ်ဆိုတာ ပြောဖို့ မလိုဘူး။ သမီးဘာသာ အလိုလို သိနိုင်ပြီ။ သိလည်း သိတယ် မဟုတ်လား။

ဇာတ်တစ်ခုမှာ ဇာတ်ကောင်အဖိုနဲ့ ဇာတ်ကောင်အမတို့ တွေ့ဆုံပြီးကြရင် နှစ်ယောက်လုံးကဖြစ်စေ၊ တစ်ဖက်သတ် တစ်ယောက်ယောက်ကဖြစ်စေ ချစ်ကြ၊ ကြိုက်ကြ တော့မှာပဲ။ အဲဒီလို ချစ်မိ၊ ကြိုက်မိကြတာကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်ခြင်းကို သိင်္ဂါရ ရသမြောက်တယ်လို့ ခေါ်တယ် သမီး။ ချစ်မှု၊ ကြိုက်မှု ဖြစ်ပေါ်ခြင်းကိုတော့ ရတိ ဋ္ဌာယီ ဘာဝကိုရောက်တယ်လို့ ခေါ်တယ်။ ချစ်ကြိုက်ကြမှုဖြစ်တိုင်း တစ်ဖက်သတ်တည်း ချစ်ပြီး အဲဒီ စိတ်သောကရောက်နေရခြင်းဆိုတဲ့ "အယောဂ"၊ နှစ်ယောက်ပြိုင် ချစ်ပြီး ကြည်နူးပျော် ရွှင်နေရခြင်းဆိုတဲ့ "သမ္ဘောဂ"၊ နှစ်ယောက်ပြိုင် ချစ်ပါလျက် ခွဲခွာ လွမ်းဆွတ်နေကြရခြင်း ဆိုတဲ့ "ဝိပ္ပယောဂ"။ အဲဒီလိုအခြင်းအရာသုံးမျိုး ဖြစ်ပေါ်မှုဆိုတာလည်း ရှိသေးတယ်ကွဲ့။

အခု စာဆိုတော် အရှင်လင်္ကာသာရရဲ့ မုဒုလက္ခဏာ ပျို့ထဲမှာတော့ ဟရိတစ ရသေ့ကြီးရဲ့မျက်လုံးအစုံဟာ မကျက်စားကောင်းတဲ့ မုဒုလက္ခဏာ မိဖုရားကြီးရဲ့ အဝတ်လျော ကျသွားတဲ့ ရင်အစုံပေါ်မှာ ကျက်စားမိလိုက်တော့ ဘယ်လိုဖြစ်သွားမလဲ။ တစ်ဖက်သတ် ချစ်ကြိုက် လွမ်းဆွတ်မှုတွေ ပေါ်ပေါက်လာရတော့မယ် မဟုတ်လား။ ဒါကို စာဆိုက အာယောဂ သိင်္ဂါရ ရသမြောက်အောင် ဖွဲ့တတ်စွမ်းပုံကလေးတွေ သမီး သတိထား ကြည့်လိုက်စမ်းပါဦး။

"ရသေ့ကျော်လည်း မတော်စွာကြုံ စက္ခာရုံကြောင့် ငါးစုံ
မြတ်မော ဈာန်မှလျော၍ လျှင်ဆောတိမ်းမတ် ဆွမ်းရပ်ပြီးသော်
မင်းအိမ်တော်တွင် စားတော်ခေါ်မြဲ မခေါ်ဘဲလျှင် စိန်ရွဲရောင်ချက်
ရွှေနန်းထက်မှ ဆင်းသက်ဆောလျင် ဥယျာဉ်ဝင်ပြီး နေပင်အမြဲ သခ်မ်း
ထဲ၌ ကျိန်းနွဲစက်လျောင်း ညောင်စောင်းပျဉ်အောက် ရမြောက် ကြိုင်ရှား
ဆွမ်းခွက်ထား၍ မစားတစ်လုတ် အာဟာချုပ်လျက် နတ်ရပ်ရွှယ်ပျို
လဲ့လဲ့ညိုကို သွေးချိုကြ၍သို့ တလတည်း..."

mgyoe.com

ရသေ့ကြီးဟာ မင်းအိမ်တော်ထက်မှာ ဆွမ်းဘုဉ်းပေးမြဲ မဘုဉ်းပေးတော့ဘဲ သပိတ်ပိုက်ပြီး နန်းတော်ထဲက ချက်ချင်းခြေကျင်ပြန်သွားသတဲ့။ ရသေ့ကျောင်း ရောက်တော့လည်း ဘာတစ်လုတ်မျှ မစားနိုင်ဘဲ ညောင်စောင်းအောက်မှာ သပိတ်ကြီး ထိုးထားလိုက်ပြီး သက်နှင်းခြုံအိပ်ရင်း မုဒုလက္ခဏာ နတ်ရုပ်ရွယ်ပျို့ လဲ့လဲ့ညိုကိုပဲ တမ်းတနေရှာသတဲ့။ ဒါဟာ "အယောဂ သိင်္ဂါရ ရသ"ကို ပေါ်လွင်အောင် အစပျိုးလိုက်တာပဲ သမီး။ အဲဒီနောက် ရသေ့ကြီး တမ်းတပုံကို စာဆိုတော်က ဘယ်လိုဖွဲ့လိုက်သလဲဆိုတော့...

"လှစွာလှစွာ ပြင်ကလျာနှင့် ညိုပြာညိုပြာ ခြောက်ပြစ် ကွာ၍ လက္ခဏာကြန်နှ သညာပြုသည် မုဒုလက္ခဏာ မည်တော်ရသား ရှင်မထွတ်တင် တောင်နန်းရှင်သည် အလျင်မကြာ ကြွတည့်လာ၍ သန္တာလက်ထည့်စမ်းပါလှည့်လော့...။

နွမ်းချည့်နွဲ့နှောင်း ကိုယ်လုံးပျောင်းမျှ ဆင့်လောင်းချမ်းပုံ အလွမ်းဟုန်သည် ရွှေငုံနှုတ်ရှည့် လွမ်းပါလှည့်လော့...။

မျှော်ကြည့်လေရာ နှောင့်ချည်းသာလျှင် ဗျာပါကြေကွဲ ပူလိုက် လှဲခဲ့ မိညဲရွှေလျော် ထိပ်ပေါ်ဖြေဖြည့် နမ်းပါလှည့်လော့...။

သို့သည့်ဖြစ်ခြင်း နှောင့်လွမ်းတင်းကို နန်းတွင်း ရောက်အောင် ခွေစာစောင်နှင့် ဆောင်ပါမည့်သူ လူမရှိချေ ငှက်ကိုစေလည်း မပြေမပြစ် ဖြစ်လေဘိနိုး သက်ာစိုးခဲ့ သမ်းညိုးခွေကာ မရောက်သာ၍ ကြမ္မာကံနည်း ချစ်ကြိုးစည်းကို ဖြေလည်းမပြေနိုင်တကား"တဲ့...။

ကဲ...သမီးရေ...ဟရိတစ ရသေ့ကြီးဟာ တလွမ်းလွမ်း တသသ၊ တနွမ်းနွမ်း တလျလျနဲ့ မုဒုလက္ခဏာ မိဖုရားကြီးကို တမ်းတနေရပြီလေ။ တွတ်တွတ်ရဲတဲ့ လက်ကလေးနဲ့ စမ်းလှည့်စမ်းပါဦး...။ အချမ်းနဲ့တူတဲ့အလွမ်းကို ပြေပျောက်အောင် တွတ်တွတ်သံချိုတဲ့ ချစ်စကားကလေးနဲ့ လွမ်းလှည့်စမ်းပါဦး။ တစ်ကိုယ်တည်း နေရသူရဲ့ အပူတွေ ပြေပျောက်သွားအောင် ဖြေဖျောက်ပေးတဲ့ အနေနဲ့ နမ်းလှည့်စမ်းပါဦး။ သည်အဖြစ်ကို ပြောချင်ပါသော်လည်း ပြောပေးမယ့် သူကမရှိ၊ ငှက်တွေ ကျီးတွေ စေရအောင်ကလည်း မပြေမပြစ် ဖြစ်လေမလားလို့ ပူရနဲ့။ ကြမ္မာကံနည်းသူမှာတော့ ချစ်ကြိုးစည်းကို ဖြေလည်း မပြေနိုင် ဖြစ်နေပါပကော...ဆိုပြီး စကားတွေ ဖောင်ဖွဲ့လို့ လွမ်းနယ်ပယ် ချဲ့ပြလိုက်ပြီ မဟုတ်လား။

ဒီနေရာမျိုးဟာ စာဆိုတတ်သူတို့အတွက် အကွက်ကောင်းတစ်ခုပေါ့ သမီး။

mgyoe.com

စာဖတ်သူတွေရဲ့ စိတ်ကို ညိုတ်ခနဲနေအောင် အလွယ်တကူဆွဲနိုင်တဲ့နေရာမျိုးပေါ့။ စာဆိုသူ ဉာဏ်ကစားနိုင်သလောက် လက်ကုန်ကြဲကြရတဲ့ နေရာမျိုး။ ဒီနေရာမျိုး၊ ဒီအကွက်မျိုး ရောက်လာ၊ ဆိုက်လာရင် ဘယ်စာရေးသူမျိုးမဆို "အယောဂ သိင်္ဂါရ ရသ" ပေါ်လာအောင်တော့ အလွမ်းအဆွေးကလေးနဲ့ ဖွဲ့လိုက်ကြတာချည်းပဲ...။

ဥပမာ...ဗုဒ္ဓဘာသာ စာပေမှာ ကျော်ကြားလှတဲ့ "ဥပက ဆာဝါ"တို့ ဇာတ်လမ်းမျိုး ဆိုပါတော့...။ ဥပက ရဟန်းကြီးဟာ ကျောင်းဒကာ မုဆိုးကြီးရဲ့ သမီး မဆာဝါ အပျိုဖျန်းကလေးကို မြင်လိုက်တော့ တစ်ဖက်သတ် ကြိုက်ချစ်ပြီး ဘယ်လိုချည်း ဖြစ်နေရသလဲဆိုတာကို စာဆိုတော်ကြီး ဦးပုညက "ဥပက–ဆာဝါ ဟောစာ" ထဲမှာ...

"ဆရာဥပက ဖိုးရွှတ်တွမှာ သောကဖောက်လွှမ်း ဆာဝါ နတ်ဖမ်းသောကြောင့် ဆွမ်းကိုမျှခမျှာ စားနိုင်ရှာဘူး ဆွမ်းပါတကွ သပိတ်ကို မတည့်၍ ခဏမကြာ ယူပြီးခါလျှင် စိတ်အာရုံမွေ့ ကာမဂုဏ် ဇေ့သောကြောင့် ရှေ့ကိုမှ ကျပ်ကျပ် မလှမ်းတတ်ဘဲ စိတ္တုပ္ပာဒ်မခိုင် မြင်းအပူယိုင်သည့်နှယ် မဟန်နိုင်ကိုယ်လုံး အနိုင်သာ ရန်းတော့သည် ခေါင်းတုံးတဲ့ ရဟန်းအို ပြန်ခဲ့တုံရှောင်း သာမျိုး ပေါင်းသည့် သူ့ကျောင်းကို...

ထိုရော်ကာလ သူ့ကျောင်းသို့ကျသော် ဆာဝါကလျှ ဆွမ်းဖြူဖြူကို ယူမစားနိုင် စိတ်ဂလိုဏ်နှင့် မှိုင်ကာမောမော ဗျာလှိုင်ဖောကြောင့် သဘောယောက်ယက် မငြိမ်သက်ဘဲ လှညက်ကယ် ဆာဝါယူလှည့်ပါ ထူလှည့်ပါ၊ ဆိတ်စာမေန ကေသီဥ အိုပြုပါနှင့် သည်လို၊ မုန်းမာန်တော်ပိုသလား၊ ကိုယ်တို့မှာသည့်နှယ်လား၊ စိမ်းကားလေ နော်မေ၊ မေ့ရက်လေ ရတနာ၊ ဘယ့်နှာတဲ့တုံး၊ သည်ရာသက်အုဆုံး၊ ပေါင်းပါမည့် ရွယ်တုန်းငယ်၊ မုန်းသလား ခုကာပင်၊ စလယ်ဝင် ဖင်မမည်းခင်က၊ ကွဲလွယ်လှဗျာ၊ မောင့် အသည်းနာလှပေါ့၊ သည်လိုသာ သက်ဝေ၊ မုန်းမာန်တော် ပွေခဲ့လျှင်၊ သေရချည့် မောင့်ကို၊ သွယ်နွဲ့ညို...

ခင်အိုဥပက၊ ကျောင်းဆောင်ဝမှာ၊ သောကမောက်ဝေ၊ စိတ်နောက်၍ ပွေသနှင့်၊ သည်းခြေတွတ်တွတ် ရွတ်ယောင်ဆိုယောင်၊ ကတောင်ချောက်ချား၊ ဥပါဒါန်တရားကြောင့်၊ အပါးတွင် ဆာဝါ ရှိသည့်ဟာကဲ့သို့...

mgyoe.com

တိုးပါနှင့် လူ့ဆီ...
သီပါနှင့် လူ့အနား...။
ကိုယ်တို့မှာ ကြောင်တောင်နှင့်
အို...ပြောင်ရန်များ...။ ။

ဉာဏ်များရကောင်း၊ မျက်ထားက ချိုချို၊ ခရာက ပိုပို၊ ဗျာဆံကိုပင့်၊ လူဆီကို လာလို့၊ အခါခါ ဝင့်သနှင့်၊ နှင်းပွင့်မုတ္တာ၊ လုပ်ပါနှင့်သည်လို၊ အို...ကိုယ်ဖြင့် အလကား၊ သည့်နှယ်သာ ကျီစားရှော့၊ ရွှေပါးတော် မို့မို့ကို၊ ကိုက်လိုက်လို့ အေးနော်၊ တစ်သက်ပန် မုန်းရော့မည်ဘုန်းရွှေလော့်...

သရော်သလို၊ ချော်သလိုနှင့် ဘယ်...ဒေါ်အို တစ်ယောက်လည်း ရှိပါပဲကိုပင်၊ ခန်းထဲမှာ သူ့ချည်း အနည်းနည်း အဖြာဖြာ၊ ကရိယာဆင်ဆင်၊ စိတ်ကြီးဝင်လို့၊ အင်မတန်မြောက် ရှူးဉာဏ်ကြီးပေါက်သနှင့် စိတ်နောက်၍ ဗလချာ သူ့ကျောင်းမှာ...

အစာကိုမစား ဆာဝါကို လွမ်းအားဖြင့် ကဲလားကိုပိတ်၊ သံချိတ်ကိုချိတ်၍၊ အိပ်ရာမှာအိပ်ပြီး၊ ခေါင်းမြီးပတ်ရုံ၊ သကင်္န်းကိုခြုံလိုက်၍၊ စိတ်အာရုံ ကမ်းလျှံ၊ ခုနှယ်များကို ကြာဖွားနှင့် စံရလျှင်၊ ဆယ်မီးလုန် သေသေ ပလောင်ပြေမှာ တစ္ဆေပင်ဖြစ်ဖြစ် ချစ်မည်ပအထူးထူး မြူးလိုက်မည်စိတ်ထား မိုးဦးကျဖားယို သည့်နှယ်သားဥပက ရှူးသွေးကြီးကြွလို့ တစ်နေ့က တစ်နေ့ ရက်ရွှေ့များများ ဆွမ်းခံလည်းမသွား ဆွမ်းကိုလည်းမစား အသားအရေ ခန်းခြောက်လေသနှင့်နေသင့်သည့်ရွှေကြာ ပဒုမ္မာကဲ့သို့ ဆောင်ဘုံမှာ နွမ်းညှိုး၍ အရိုးငေါငေါ အကြောပြိုင်းပြိုင်း ထိုင်းမှိုင်းမှုးဝေ ကျောင်းဆောင်တွေတွင်မသေရုံပင် ရှိတော့သည်။

ကဲ...သမီးရေ...ဥပကကြီးရဲ့ အဖြစ်ကို အခွင့်ရလိုက်တယ် ဆိုရင်ပဲ စာဆိုတော်ဦးပုညက သနားစရာ၊ ရယ်စရာချည်း ဖြစ်လာအောင် စကားလုံးပေါပေါနဲ့ ခပ်သောသောကလေး ရေးချပစ်လိုက်တာပဲ မဟုတ်လား။

ဥပကကြီးဟာ အပျိုမကလေး မဆာဝါကို သာမန်ကြိုက်ရုံ ကြိုက်လာတာမဟုတ်သေးဘူး။ မဆာဝါ ရုပ်သွင်ကို မျက်စိထဲမှာအမြဲမြင်ပြီး မိမိအနားမှာ ရှိနေသလို

myanmoe.com

 mgyoe.com


ထင်မှတ်နေသတဲ့...။

အနီးအနားမှာ မျက်ထားချိုချိုနဲ့ ခရာပိုပြီး ဗျာဆံညိုဝင့် မျက်လွှာကလေး ဝင့်တည့်လို့ ကြည့်လိုက်တဲ့အခါမျှား ပါးမို့ကလေးကို ကိုက်ပစ်လိုက်ချင်တဲ့ စိတ်တွေ တောင် ပေါ်နေသတဲ့...။

စာဆိုတော် ဦးပုညဟာ သူ့ဇာတ်ကောင် ဥပကကို အဲဒါလောက် အရှုံးအမူး ရယ်စရာ၊ သောစရာကြီး ဖြစ်စေပြီးမှ ဆွမ်းခံလည်းမသွား ဆွမ်းကိုလည်းမစား အသားအရေ ခန်းခြောက်လေသနှင့် နေသင့်သည် ရွှေကြာ ပဒုမ္မာကဲ့သို့ ဆောင်ဘုံမှာ နွမ်းညှိုးပြီး အရိုးငေါငေါ ဖြစ်နေရပုံကို ဖော်တော့တာပဲ။

ဒီနေရာမှာ ဒါကတော့ စလေဆရာမို့ပါလို့ သမီး စိတ်ထဲက မထင်မှတ်လိုက်နဲ့။ "ဒီလို အကွက်မျိုးဆိုက်လို့မှ မရေးလိုက်ပါလျှင် အမိုက်နင့်ပြင် ရှိဦးလေလိမ့်လား"လို့ တခြား စာရေးဆရာတွေက မေးကြမှာပဲ။

ကြည့်လေ...အဲဒီ ဥပက ဆာဝါ ဇာတ်လမ်းကိုပဲ မန်လည်ဆရာတော်ဘုရား ကြီးက မိမိရဲ့ မင်္ဂလာသျှိုးလိုက် ရတုထဲမှာ...

"...မိခင်စေ၍ မနေသာ၊ ဆရာဥပက စံဌာနသို့ သွားရ
လေသောအခါဌ်။ ။မဆာဝါ၏ ဆင်းရုပ်သွင်၊ ဆွမ်းအုပ်ရွက်ကာ၊
သူ့မူရာကို ဆရာဝေးက မြင်၍။ ။နတ်စုန်းဝင်လို့ ပူးသလို သည်ခါ
ငါ့သက် ထွက်ကောင်းပင် ထွက်ချေမည် ပင့်သက်ရှိုက်လို့ ဖိုသည်။
။သည်လို မကြုံဖူးတည့်လေ။ ။သေရိုးဇကေန် သည်တိုင်း မှန်လျှင်
နက်ဖြန်ရက် မကူးတည့်လေး...။

ရဟန်းကြီး ဥပကဟာ မဆာဝါကို အဝေးက မြင်လိုက်တာနဲ့ အဲဒီလို ဖောက် ဖောက်ပြန်ပြန် ဖြစ်ပြီးတော့ မဆာဝါလည်း ရောက်လာရော ညည်းက ဘယ်သူ့သမီးတုံး၊ မုဆိုးကြီးရဲ့ သမီးပဲလား၊ ညည်းမှာ လင်ရှိသလား၊ အပျိုလား၊ ပိုင်ဆိုင်သူမရှိသေးရင် ညည်းရဲ့ ပဝါအင်္ကျီ ဝတ်ထဘီတွေဟာ သီသီနွမ်းလှသေးတယ်ဆိုပြီး မိမိကျောင်းမှာ ရှိသမျှ ထမင်းခြောက်ပါမကျန် ချတည့်ပြီး လောကွတ်ပိုပိုနဲ့ ပိုးကြေး ပန်းကြေး ပေးပုံတွေ၊ ဆာဝါက ရှက်ပြီး ပြန်ပြေးလို့ သောကရောက် ကျန်ရစ်ခဲ့ပုံ တွေကို စာဆိုဆရာတော်က ဘယ်လို ရေးဖွဲ့လိုက်သလဲဆိုတော့...

"...ဝတ်ဆင်ရေး အထွေထွေ ပိတ်ဖျင်ပိုးထည် အသွယ်
သွယ်ကို တကယ်မုချ ရှိသမျှ ငါက ပေးလိုက်ပေအံ့။ ။စား ဆန်ရေ

mgyoe.com

ဆိုသည်မှာ များစွာ ကြွယ်မြောက် တစ်တင်းလောက်လျှင် ဆွမ်းခြောက် ပေးနိုင်ပါ၏။ ။သည့်ပြင်ဟာ ဘယ်မရှား၊ ဘီးမှန် ပဝါ၊ ဝတ်စရာမူ၊ ငါမှာ အချိုင့်သားတည့်။ ။နောက်နောင်များ အာမ ခံနိုင်ပါ၏။ ။ မဖွယ်ရာသည် ဆိုစကား၊ ဆရာဥပက၊ ဆိုသမျှကို၊ လုံမ ဆာဝါ ကြား၍...

ဆရာတော် မြတ်ဘုရား၊ စကားတည့် မူမမှန်...။

သရော်ဟန် မူမကွက်ပါနှင့်...ရှက်စရာ သည်မယ့်နား၊ ကြားရ မတန်...။

ဥပမာ...ပဒေသပေပ၊ ဝေးနိုင်မျှ ကံနှစ်ကံ၊ အာကာယံ နေမင်း...။

မဆိုင်သာ၊ သံသရာ ဆိုသည့်ရေးလိုပ၊ မတွေးမမျှော်နှင့်၊ ဆရာတော် ဘယ်ပုံဖြစ်လေသိ၊ မဆာဝါ အသရေညစ်အောင် ပြောဖြစ်လေခြင်း...။

မရှင်မြန်စွာ ကျောင်းဝိဟာက ဆာဝါပျိုထွား၊ ʻသွယ်နွဲ့ ပါးငယ်၊ ပြန်သွားလေသောအခါ...။ ။ဆရာ ဥပက၊ ကြံမရ၍ ဟိန်းချ တောက်ခေါက်ခါလျှင်။ ။ထောင့်ငါးရာ သည်ကိလေသာ၊ သံယောဇဉ် မပျက်၊ ဓမ္မစက်ဆယ်စင်း၊ သံကြော့ကွင်းမှာ ချက်ချင်း မိသည်တွက် ကြောင့်။ ။သည် ဝိတက်နှင့် ကျောင်းဝေယံ၊ စာရေမလန်း၊ အိပ်ရာ ခန်းမှာ၊ ပင်ပန်းဇောချွေး ပြန်၍...။

ကဲ...သမီးရေ...ဒီလို နေရာမျိုး၊ ဒီလို အကွက်မျိုးရောက်လာရင် ဘယ်စာဆိုပဲ ဖြစ်ဖြစ် အဝါးဝတဲ့ စာရေးဆရာတိုင်း မိမိတို့ဉာဏ် ကွန့်မြူးသလောက် ရေးဖွဲ့လိုက် ကြတာချည်းပဲ။ မုဒုလက္ခဏဇာတ်ထဲက ဟရိတစ ရသေ့ကြီး၊ မိဖုရားကြီးကို မြင်လာ တာနဲ့ ဥပက တက္ကဒွန်းက ဆာဝါကို မြင်လာပုံဟာ တစ်သဘောတည်းပဲ မဟုတ်လား...။ ဒီတော့ စာဆိုသူ ဉာဏ်ကစားနိုင်သလောက် လက်ကုန် ရေးဖွဲ့ပစ်လိုက်ကြတာချည်းပေါ့။

ဒါဟာ စာဆိုသူအများစုတို့ရဲ့ ပြုရိုးပြုစဉ်ပဲ။ ဖေဖေ ပြောချင်တာက ဒီအကြောင်း မဟုတ်သေးဘူး။ ဖေဖေပြောခဲ့တာတွေက နည်းနည်းရှည်လာလို့ ဖေဖေ့ရဲ့ ဆိုလိုရင်းကို သမီးများ မေ့သွားလေပလား။

ဒီလိုလေ...

mgyoe.com

mgyoe.com


စာရေးသူတိုင်းဟာ မိမိ သိစေလိုတာကို၊ ရေးလိုတာကို တစ်ပါးသူတွေက ရှင်းခနဲ၊ ကွင်းခနဲ သိလွယ်အောင် ယဉ်ကျေးဖွယ်ရာနဲ့ ရေးတတ်ရမယ်၊ ရေးကြရမယ်။ အဲဒီလို ရေးတတ်ရင်၊ ရေးကြရင် အပြစ်ကင်းတယ်။ အဲဒီလို မဟုတ်ရင်၊ မရေးရင်၊ မရေးနိုင်ရင် အပြစ်မကင်းဘူး...။

ဒါပေမဲ့ အဲဒါကိုလည်း လှေနံဓားထစ် မမှတ်နဲ့။ တစ်ခါတစ်ရံ စာဖတ် သူတွေ ပိုမို သဘောပေါက်လွယ်စေဖို့၊ ခံစားမှု အလေးချိန် စီးလာစေဖို့အတွက် တမင် အပြစ် ရှိအောင် ရေးကြရတယ်။ တချို့အပြစ်ရှိတဲ့ အပြောအဆို၊ အရေးအသားတွေဟာ ရေးတတ်၊ ပြောတတ်တဲ့ ထူးချွန်သူတွေအဖို့ အပြစ်မျိုးတို့က ပြေပျောက်ပြီး ဂုဏ်ရှိတဲ့ အဖြစ်မျိုးကို ရတတ်၊ ရောက်တတ်တယ်။ အဲဒါကို ဖေဖေက ပုံစံထုတ်ပြ မလို့...။ စ လုံးရေ စလိုက် တာ...အခု ပုံစံလာပြီ။

ကဲ...တွင်းသင်းမင်းကြီးလောင်း စာဆိုတော် အရှင်လင်္ကာသာရရဲ့ မုဒုလက္ခဏာ ပျို့ကို ပြန်ကောက်လိုက်ကြဦးစို့...။

ဒီနေရာမှာ မုဒုလက္ခဏာဇာတ် အကျဉ်းချုပ်ကို လေ့လာကြည့်ကြရအောင်...။ ဇာတ်လမ်းဆင်ပုံကလေးတွေပါ မှတ်ကြရတာပေါ့...။

ဘုရားလက်ထက် ရဟန်းငယ်တစ်ယောက် ဆွမ်းခံရင်း မိန်းမငယ်တစ်ယောက် ကို မြင်လာတပ်မက်ပြီး မအိပ်နိုင်၊ မစားနိုင်ဖြစ်နေ...။ ဤအကြောင်းကို အဖော် ရဟန်း တွေက ပြောကြသဖြင့် ဗုဒ္ဓ နားသို့ကြား...

ဗုဒ္ဓက ရှေး သူတော်ကောင်းတို့လည်း ဤအတိုင်း မိန်းမအတွက် မစားနိုင်၊ မအိပ်နိုင်ဖြစ်ပြီးမှ သတိရခဲ့ဖူးသည်။ သင် ဘာ့ကြောင့် သတိမရနိုင်သနည်းဟု ပြောပြီးသော် ရဟန်းတို့ တောင်းပန်ကြသဖြင့် မုဒုလက္ခဏာ ဇာတ်ကိုဟော...

မုဒုလက္ခဏာဇာတ်...

အမျိုးကောင်းသားတစ်ယောက် ရသေ့ပြု၊ တရားကျင့်၊ ကောင်းကင်သို့ ပျံနိုင် သည့်ဈာန်ရ၊ ဘုရင်ကတွေ့၊ သိပ်ကြည်ညို၊ ဥယျာဉ်ထဲ ပင့်ထား၊ နေ့စဉ် နန်းတော်သို့ ဆွမ်းစားဖိတ်လျက် ဘုရင်ကိုယ်တိုင် ဆွမ်းလုပ်ကျွေး...

တစ်ခါသော် သူပုန်တွေ ဆူပူသဖြင့် နှိမ်နင်းရန် ဘုရင်ကိုယ်တိုင် ထွက်ရမည် ဖြစ်ရာ မိမိ၏ရသေ့ကြီးအား မိမိ ပြုသကဲ့သို့ ဂရုတစိုက် ဆွမ်းလုပ်ကျွေးရမည်ဟု မိဖုရား မုဒုလက္ခဏာကို မှာကြား၍ ခရီးထွက်...

မိဖုရားကြီး ဆွမ်းအသင့်ပြင်ပြီး စောနေသောကြောင့် အမွှေးအကြိုင်တို့ဖြင့်

mgyoe.com

ဖြိုးလိမ်းပြင်ဆင်၍ ရသေ့ကြီး ကြွလာမည့် လေသာပြတင်းပေါက်မှ မျှော်နေ၊ ရသေ့ကြီး လာနိုင်ခဲ့သောကြောင့် လဲလျောင်းရင်းစောင့်၊ ကောင်းကင်မှ ဈာန်ဖြင့်ကြွလာသော ရသေ့ကြီး၏ သက်နံ့သံ ကြားသဖြင့် မိဖုရားကြီး ပျာယီးပျာယာ လူးလဲထ၊ မိဖုရားကြီးကလည်း ရင်ဝတ်လျှောအကျ၊ ရသေ့ကြီးကလည်း လေသာပြတင်းက ဝင်အလာနှင့် တန်းတိုး၊ မိဖုရားကြီးရဲ့ ဝင်းပပ ရင်သားအစုံကို အနီးကပ် မြင်လိုက်...

ထိုနေ့ ရသေ့ကြီးက ဆွမ်းစားမနေတော့ဘဲ ဆွမ်း သပိတ်ကို ပိုက်ပြီး ယခင်က ကဲ့သို့ ကောင်းကင်မှ ပျံမကြွနိုင်ဘဲ မြေပြင်မှ ခြေကျင်ပြန်သွား၊ ထို့နောက် ရသေ့ကြီး နန်းတော်သို့ မကြွလာဘဲနေ...

ခုနစ်ရက်ခန့်ကြာသော် သူပုန်တွေ နှိမ်နင်းပြီးစီး၍ ဘုရင်ကြီး ပြန်လာ...၊ ဥယျာဉ်ရှိ ရသေ့ကြီးအထံသို့ ဝင်၊ ရသေ့ကြီး ခွေလျောင်းနေသည်ကို တွေ့၊ "မကျန်းမာ၍လား..."ဟု ဘုရင်ကြီးက စိုးရိမ်စွာဖြင့် မေး...

ရသေ့ကြီးက "မိဖုရားကြီးကို ကြိုက်မိသောကြောင့် မစားနိုင်၊ မအိပ်နိုင် ဖြစ်နေရပါသည်"ဟု အမှန်အတိုင်း ဖွင့်ပြော...

ဘုရင်ကြီးက ရသေ့ကြီး အလိုရှိလျှင် မိဖုရားကြီးကိုလည်း ပေးမည်၊ ဘာမဆို ပေးပါမည်ဟု ပြော...

ထို့နောက် ဘုရင်ကြီးက တစ်ပါးတိုင်းပြည်တို့ ကဲ့ရဲ့စရာ မဖြစ်လေအောင်၊ ငါ့ရသေ့ကြီးလည်း စိတ်ချမ်းသာလေအောင်၊ ငါ့မိဖုရားကြီး လိမ္မာသလို ကြည့်ဆောင်ရွက်ပါလေ...ဟု မိဖုရားကြီးအား မှာကြား၍ အလှအပဆုံး ပြင်ဆင်ပြီး ရသေ့ကြီးဆီ သွားပို့...

ရသေ့ကြီး ဝမ်းမြောက်ဝမ်းသာနှင့် မိဖုရားကြီးကို ခေါ်သွား၊ မိဖုရားကြီးက ရသေ့ကြီးအား နေစရာ အိမ်အတွက် ယိုအိမ်ပဲရရ မင်းကြီးဆီ သွားတောင်းဟု ခိုင်း...

ရသေ့ကြီးက သွားတောင်း၊ ရလာ၊ အညစ်အကြေးတွေကို ဆေးကြောရှင်းလင်းရ၊ မြေကြီးဖို့ရ၊ အိမ်သာဘဝမှ အိမ်ခန်းအဖြစ်သို့ရောက်အောင် ပြုပြင်ရ၊ ပြီးလျှင် မိဖုရားကြီး ချိုးဖို့ ချိုးရေ ခပ်ပေးရ၊ မိဖုရားကြီး လူးဖို့ နံ့သာသွေးပေးရ၊ ပြီးလျှင် မိဖုရားကြီး ခိုင်းတိုင်း ရေချိုးစင်ကြယ်စေပြီး သန့်ပြန့်စွာနေ...

ဤတွင်မှ မိဖုရားကြီးက ရသေ့ကြီး၏ မုတ်ဆိတ်ကို ဆွဲယမ်းလျက် ပြက်ရယ် ပြုသောအပြုံးဖြင့် "ပင်ပန်းသလား"ဟု မေး။ ထို့နောက် "ဤမျှကို ပင်ပန်းတယ် မထင်နဲ့ဦး၊ လူ့ဘဝဆိုတာ စီးပွားဉစ္စာ ဘဏ္ဍာရွှေငွေတွေ ပြည့်စုံအောင် ရှာဖွေကြရတယ်။ အဲဒါတွေ

mgyobe.com

ပြည့်စုံပြီးမှ အိမ်ထောင်မှုကို ပြုကြရတယ်။ အဲဒါတွေ ပြည့်စုံအောင် ရှာဖွေရလိမ့်ဦးမယ် ရသေ့ကြီး…"ဟု ပြော…။ ဤတွင် ရသေ့ကြီးက စိတ်ပျက်၊ နောင်တရ၊ မိဖုရားကြီးကို ဘုရင်ကြီးအထံသို့ ပြန်ပေး၊ တရားကို ဆင်ခြင်၊ ဈာန်ပြန်ရ၊ ကောင်းကင်မှ မင်းကြီးအား တရားဟော၍ မပြန်လာသော ကြွသွားခြင်းဖြင့် တောသို့ ကြွသွား…။

ကဲ…အဲဒါပဲ သမီး၊ ဒီဇာတ်ထုပ်တစ်ခုလုံးရဲ့ ရည်ရွယ်ချက်ကတော့ မိန်းမတွေရဲ့ တပ်မက်ဖွယ် ရူပါရုံဆိုတာ သူတော်ကောင်းတရားနဲ့ ဖီလာဖြစ်တယ်။ ဈာန်တရားကို ပိတ်ပင်စေတယ်။ အိမ်ရာထောင်ရတဲ့ ဘဝဆိုတာ ပြုလုပ်ဖွယ် ကိစ္စတွေ များပြားတယ်။ ပင်ပန်းဆင်းရဲတယ်။ စိတ်ပျက်စက်ဆုပ်ဖွယ် ကောင်းတယ်။ ဒါပဲ။

ဒီတော့ကာ အကယ်လို့ အဲဒါကိုပဲ ပေါ်အောင်ရေးမယ်ဆိုပါတော့။ ရေးဖို့ အတွက် အကွက်ချ ကြည့်ကြဦးစို့…

၁။ အမျိုးကောင်းသားတစ်ယောက် ရသေ့ပြု၊ အကျင့်သီလ ကောင်းသဖြင့် ဈာန်ရ။

၂။ တစ်နေ့ ဘုရင်ကြီးနှင့်တွေ့၊ ဘုရင်ကြီးက ကြည်ညိုလှသောကြောင့် ကိုးကွယ်ထား။

၃။ ဘုရင်ကြီး မရှိသောအချိန်တွင် ဘုရင်ကြီးကိုယ်စား မိဖုရားကြီးက ဆွမ်းဝတ်ပြု၊ ရသေ့ကြီး မိဖုရား၏ မမြင်အပ်သောအရာကို မြင်မိသောကြောင့် တပ်မက်၊ ဈာန်လျှော၊ မိဖုရားကြီးကို ချစ်လိုစိတ်ဖြင့် သောကရောက်။

၄။ ဘုရင်ကြီး ခရီးကပြန်လာ၊ ရသေ့ကြီး အဖြစ်ကိုသိ၊ မိဖုရားကြီးကို "လိမ္မာ သလို ကြည့်ပြုကွယ်"ဟု ပြောပြီး ရသေ့ကြီး လက်ထဲသို့ ပေးအပ်လိုက်။

၅။ မိဖုရားကြီးက ရသေ့ကြီးကို ညှဉ်းဆဲ၍ ပြက်ရယ်ပြုပြီး သတိသံဝေဂရအောင် လုပ်၊ ရသေ့ကြီး သတိတရားရလာ၊ မိဖုရားကြီးအား ဘုရင်ကြီးလက်သို့ ပြန်အပ်။

၆။ ထို့နောက် တရားဆင်ခြင်၊ ဈာန်ပြန်ရ၊ ကောင်းကင်မှနေ၍ ဘုရင်ကြီးအား တရား ဟောပြီး တောသို့ ကြွသွား။

အဲဒီအတိုင်း အခန်းခြောက်ခန်း တွေ့ရမယ်။ အဲဒီ အခန်းခြောက်ခန်းရှိတဲ့ ဇာတ်ထုပ်ကလေးကို စာစောက ဖေဖေ ရေးပြတဲ့အတိုင်း မိန်းမတွေရဲ့ ရူပါရုံဟာ သူတော်ကောင်းတရားနဲ့ ဖီလာဖြစ်ပြီး ဈာန်တရားကို ပိတ်ပင်စေတယ်။ အိမ်ရာထောင်ခြင်းဟာ ပြုလုပ်ဖွယ် ကိစ္စတွေ များလွန်းလို့ စက်ဆုပ်ဖို့၊ စိတ်ပျက်ဖို့ ကောင်းတယ်…ဆိုတဲ့ ရည်ရွယ်ချက်မျိုး ပေါ်လွင်စေချင်တယ် ဆိုပါတော့။

အခန်း အမှတ် ၁ မှာ အမျိုးကောင်းရဲ့ ဣန္ဒြေသိက္ခာ ကြီးမားပုံ၊ စောင့်စည်း

mgyoe.com

နိုင်စွမ်း ရှိပုံ၊ အကျင့်သီလ ကောင်းပုံတွေကို ခပ်များများဖော်ထား...

အဲဒီနောက် အခန်း အမှတ် ၃ ကျတော့ ဒါလောက် ဣန္ဒြေသိက္ခာကြီးကြီး စောင့်စည်းနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ကြီးတောင်မှ မမြင်သင့်၊ မမြင်ထိုက်တဲ့ ရူပါရုံကို မြင်လိုက်ရတော့ ရေကာတာကြီး ကျိုးပေါက်ကျသလို ဣန္ဒြေသိက္ခာတွေ ဝေါခနဲထွက်ကျသွားပုံ၊ အဲဒီနောက် ရင့်ကျက်တဲ့ ယောက်ျားမြတ်တို့ရဲ့ စိတ်ဓာတ်အတိုင်း တစ်စုံတစ်ခုကို ဈွဲမိပြန်တော့ ပေါ့ပေါ့တန်တန်မစွဲဘဲ အလူးအလိမ့် ခံနေရပုံ၊ အင်မတန်ပြင်းပြတဲ့၊ တပ်မက်တဲ့ဆန္ဒက ဖိစီးနှိပ်စက်လွန်းလှသောကြောင့် သေရသည်ထက်ပင် ဆိုးရွားနေရပုံကိုဖော်...

နောက် အခန်း အမှတ် ၅ ရောက်တော့ အခန်း အမှတ် ၃ က မိဖုရားကြီးကို စွဲလမ်းမိတဲ့ စွဲလမ်းမှုကို နိုင်အောင် ရသေ့ကြီးက မိဖုရားကြီးက သရော်ပေး၊ ခိုင်းပေး၊ မထိလေးစား မလေးမခန့် လုပ်ပေး...

ရသေ့ကြီးဟာ အခန်း အမှတ် ၃ က စွဲလမ်းမှု၊ ချစ်ကြိုက်မှုထက် မလျော့နည်းတဲ့ ချစ်ကြိုက်စွဲလမ်းခြင်းတို့နဲ့ မိဖုရားကြီး ခိုင်းသမျှ၊ အနိုင်ကျင့်သမျှ၊ ပြက်ရယ်ပြုသမျှ ပန်းကလေးနှင့် ပေါက်တာလောက် သဘောထားပြီး စိတ်ရှည်ရှည်နှင့် သည်းခံပြုမညည်းမညူ လုပ်ကိုင်ပြ၊ သေရလောက်အောင် ပင်ပန်းမည်ကိုလည်း မကြောက်၊ အရှက်ကွဲရမည်ကိုလည်း မကြောက်၊ ချစ်သူတစ်ယောက်ရှိလျှင် ကမ္ဘာမှာ ဘာဖြစ်မှာကိုမှ မကြောက်ဘဲ ရသေ့ကြီးက ဖွဲကောင်းကောင်းနှင့် ဆောင်ရွက်ပေး...

ဤလို ဆောင်ရွက်ပေးပါလျက် ဆောင်ရွက်ရကျိုး မနပ်အောင် သူတော်ကောင်းတို့ စက်ဆုပ်ဖွယ်သော...

ဥစ္စာပစ္စည်းအပေါ်မှာသာ အမှီပြု၍ မခိုင်မမြဲဖြင့် ရွေ့ပြောင်းလွယ်သော အချစ်မျိုး...

အမြဲတမ်း လောဘ၏ကျေးကျွန်အဖြစ်သာ ခံယူလျက် အချိန်ရှိသမျှ စီးပွားဥစ္စာကိုသာ တွေးတောနေသည့် အိမ်ရာထောင်သော သူတို့၏ စက်ဆုပ်ဖွယ်သောဉာဉ်...

ရသေ့ကြီး အဲဒါတွေကို တွေ့ရသဖြင့် ယူကျုံးမရဘဲ မိဖုရားကြီးကို စိတ်ပျက်...

မိဖုရားကြီးက "ရှင် စိတ်ပျက်လည်း မတတ်နိုင်ဘူး၊ အိမ်ရာထောင်နေကြတဲ့ လူမှန်သမျှ သည်လိုပဲ တွေးရတာပဲ၊ သည်လိုပဲ လုပ်ရတာပဲ၊ သည်လိုစိတ်မျိုးပဲ ထားရတာပဲ၊ လူတွေဟာ တောထဲက သစ်သီးတစ်မျိုးတည်းစားနေတဲ့ ရသေ့ မဟုတ်ဘူး"ဟု ပြော၊ ရသေ့ကြီး နောင်တရ...

အဲဒီလိုပေါ့ကွာ၊ တကယ် ရသေ့ကြီး စိတ်ပျက်လောက်အောင် ရသေ့ကြီး

mgyoe.com

နာလောက်မယ့်အချက်မျိုး၊ ရသေ့ကြီးအတွက် အလေ့အကျင့် မရနိုင်လို့ သိပ်အခံရခက်မယ့် အချက်မျိုးတွေနဲ့ ဖန်တီးပေးပေါ့…

ဒီလိုမှမဟုတ်ဘဲ အခန်း ၃ မှာတုန်းက သေလောက်အောင် ချစ်ခဲ့၊ ကြိုက်ခဲ့၊ စွဲလမ်းခဲ့တဲ့ ရသေ့ကြီးဟာ အခန်း ၅ ရောက်တာနဲ့ သာမန် ရိုးရိုး ဆင်းရဲသူ၊ ဆင်းရဲသားတွေ လုပ်လေ့လုပ်ထရှိတဲ့ အလုပ်မျိုးလောက်ကလေး လုပ်ရပြီး မိဖုရားကြီးကို စိတ်ပျက်သွားရ တယ်ဆိုရင် စောစောက ရသေ့ကြီး စွဲလမ်းခဲ့တာတွေ၊ အစာမစားဘဲ အရိုးပေါ် အရေတင် ဖြစ်ခဲ့ရတာတွေဟာ အလကား ဖြစ်သွားမှာပေါ့…

ဒီတော့ကာ ပိုခိုင်အောင် ရသေ့ကြီးဟာ အဲဒါလောက် ဆင်းရဲတာ ဆင်းရဲလို့ မမှတ်နိုင်ဘူး။ ချစ်မြဲ ချစ်တယ်၊ စွဲလမ်းမြဲ စွဲလမ်းတယ်၊ ဒါပေမဲ့ အိမ်ရာထောင်တဲ့ လူ လုပ်တော့မယ်ဆိုရင် လောဘရှိရရယ်၊ ပစ္စည်းကို ခုံမင်တတ်ရမယ်၊ မကောင်းမှု မှန်သမျှကို မကြောက်ရဘူး၊ ဖြစ်ရင် ဘုရင်ကြီးကိုသတ်ပြီး ဘုရင်ကြီးနေရာမှာ ဘုရင်တက်လုပ်ရမယ်။ ဒီတော့မှ အတူတကွ လောကစည်းစိမ်ကို ခံစားနိုင်မယ်လို့ မိဖုရားကြီးက ပြောမှ ဒါလောက် ယုတ်မာတဲ့ အမှုမျိုးတွေကို မပြုနိုင်တော့လို့ အိမ်ရာ ထောင်တဲ့ လူ့လောကကြီးကို စက်ဆုပ် ပြီး ရသေ့ပြန်ဖြစ်သွားတာမျိုး…

အဲဒီလို ရေးကြရမှာပဲ၊ အဲဒီလိုရေးရင် ဇာတ်လမ်းရဲ့ ရည်ရွယ်ချက်လည်း ပေါ်ပြီး ဇာတ်လည်း ကောင်းလာမှာပဲ။

ကောင်းပြီ၊ ဒါဖြင့်ရင် မုဒုလက္ခဏာပျို့ကို ရေးတဲ့ စာဆိုတော် အရှင်လင်္ကာသာရ ဟာ အခု ဖေဖေ ပြောတဲ့အတိုင်း ရေးသလား။

မရေးဘူး။

ဒီလို မရေးလို့ မကောင်းဘူးလား။

"မကောင်းဘူးလို့ မပြောနိုင်ဘူး၊ ကောင်းတာပဲ"

ဘယ်လို ကောင်းတာလဲ။

သူ့နည်းနဲ့သူ ကောင်းတာ။

ဒီနေရာမှာ သမီးရေ…သူ့နည်းနဲ့ သူဆိုလို့ ဇာတ်လမ်းပေါ်ရုံလောက်၊ ဇာတ်လမ်း အတိုင်း ရေးလိုက်တယ်လို့များ မထင်လိုက်လေနဲ့။ စာဆိုတော်ဟာ မုဒုလက္ခဏာပျို့ကို ရေးရာမှာ…

သူရဲ့ ရည်ညွှန်းချက်က…

အိမ်ရာထောင်တဲ့ လူတို့ဘောင်ဟာ လူမှုကိစ္စတွေ များပြောင်လှလို့ စက်ဆုပ်

mgyoe.com

mgyoe.com


ဖွယ် ဖြစ်ရခြင်းထက်...

မိန်းမတွေဆိုတာ သူတော်ကောင်းတို့ရဲ့ အကျင့်သီလကို များများချည်း အနှောင့်အယှက် ပြုတတ်လေရဲ့...ဆိုတာကို အရေးပေးထားတာကို သမီး ဂရုစိုက်ကြည့်ရင် တွေ့ရ၊ ဖတ်ရ၊ မှတ်ရလိမ့်မယ်။

ဒီတော့ စာဆိုက ဘယ့်နှယ့် ဖန်တီးလိုက်သလဲ...

၁။ ရဟန်းငယ်တစ်ပါး ဆွမ်းခံသွားရင်း မိန်းမငယ်တစ်ယောက်ကို မြင်မိတာနဲ့ ရဟန်းဘဝကို ငြီးငွေ့ကြောင်းမှာ အလေးပေးပြီး ဖွဲ့တယ်။

၂။ မုဒုလက္ခဏာ မိဖုရားကြီးကို မြင်မိတဲ့ ရသေ့ကြီးဟာ မအိပ်နိုင်၊ မစားနိုင်၊ နေမထိ၊ ထိုင်မရ ဖြစ်နေရပုံကို အလေးပေးပြီး ဖွဲ့တယ်။

၃။ အဲ...နောက်ဆုံးကျတော့ မိန်းမတွေထဲက အလှဆုံး မိန်းမထဲမှာပါပြီး နေရာမလပ်အောင် မြင့်မြတ်လှပတဲ့ မိဖုရားကြီးကို အလှဆုံး အဝတ်တန်ဆာတွေဆင်ပြီး မင်းကြီးက ပေးလိုက်ပုံကို အလေးထားပြီး ဖွဲ့တယ်။

ပြီးတော့မှ ဒီလို ပေးလိုက်သည့်တိုင် မိန်းမတွေရဲ့ အပြစ်အမျိုးမျိုး၊ အကျင့်အကြံအမျိုးမျိုးကို တွေးတောဆင်ခြင်မိပြီး တရားသံဝေဂ ရရှိလာပုံကို ဝိနည်း မဟာဝါထဲမှာ ပါတဲ့စကားလုံးတွေနဲ့ ရက်ရက်စက်စက်သုံးပြီး ဖွဲ့ဆိုလိုက်တာပဲ။ ဖွဲ့သီပုံလေးကိုလည်း ကြည့်ဦးလေ။

လှအင်ညီ၏ ယောနိတွင်ခန်း နိမိတ်ပန်း၌ ရွှင်လန်း နှစ်သက်
ယှဉ်သော်ထက်ကား လောင်ကျက်ပြင်းလှ မီးကျီးဝတွင် ချသော်
အထွတ်မြတ်ပေလိမ့်မည်သို့ဖြစ်သည်ကြောင့် လှရည် ပြာထွား မိဖုရား
ကို မင်းအားနှင်း၍ ရပ်တင်းမဲ့ကျင် ယနေ့ပင်တည့်၊ လေတွင်ညာဆန်
သေန်စူးစူး ဟောဝန်ဦးသို့ ရွှင်မြူး နှစ်ထောင်း သွားသော်ကောင်းဟု...

လို့ ရေးလိုက်တာပဲ၊ ဒီနေရာမှာ စာဆိုဟာ ဒါလောက် ကြမ်းတမ်းတဲ့ စကားလုံးကို သုံးပေမဲ့ ဒေါသသင့်တယ်လို့ ဖေဖေ မထင်ဘူး။ ဘယ့်လောက်တောင် စိတ်နာကြည်းသွားစေတယ်ဆိုတာကို ပေါ်အောင်ဖော်ပြနိုင်တဲ့အတွက် ဂုဏ်တောင် မြောက်တယ်လို့ ထင်တယ်။

မိမိပစ္စည်းကို လှပတဲ့ မိဖုရားကြီးရဲ့ ပစ္စည်းထဲမှာ ထည့်လိုက်ရတာထက် အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ မီးကျီးဖိုထဲကို ထည့်ဖုတ်လိုက်ရတာက ပိုပြီး မြတ်ပေလိမ့်ဦးမည်...တဲ့။

mgyoe.com

 mgyoe.com 

အဲဒါလောက်တောင် စိတ်နာကြည်းသွားတာပဲ။ နောင်တတရား ရသွားတာပဲ။

စာဆိုဟာ ဒီစကားလုံးကို ဝိနည်းမဟာဝါထဲက ယူခဲ့ဟန်တူတယ်။ ဗုဒ္ဓက ဒီစကားလုံးမျိုးတွေကို အတော်အကြိမ်များများ ပြောဆိုခဲ့လေဟန် ဝိနည်းမဟာဝါထဲမှာ ရေးထားတာ ဖေဖေ ဖတ်ခဲ့ရဖူးတယ်။

ကဲ…မုဒုလက္ခဏပျို့နဲ့ ဇာတ်တော်ကို ဘေးဖယ်ထားပြီး ဖေဖေ ပြောခဲ့တဲ့ စကားကို ပြန်ကောက်ကြစို့…

စာ၊ ကဗျာ သီကုံးရေးဖွဲ့ကြတဲ့အခါမှာ အပြစ်ကင်းအောင် ရေးကြ၊ ဖွဲ့ကြရတယ်။ ဒါပေမဲ့ လှေနံဓားထစ် မှတ်ထားဖို့ မဟုတ်ဘူး၊ တစ်ခါတစ်ရံ အပြစ်ကို ပြုလုပ်သင့်တဲ့ နေရာမှာ အပြစ်ဖြစ်အောင် ရေးတဲ့အတွက်ကြောင့်ပဲ ဂုဏ်မြောက်လာတာတွေ ရှိတယ်။

အဲဒါကို သမီး ရိပ်စားမိအောင် ကျော်ကြားတဲ့ စာပေတစ်ခုဖြစ်တဲ့ အခု မုဒုလက္ခဏပျို့ကို ပုံစံအဖြစ် ထုတ်ပြလိုက်တာပဲ။ ပျို့စာဆိုဟာ ဒီနေရာသာ ခပ် ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းကလေး ရေးတာမဟုတ်ဘူး။ မုဒုလက္ခဏ မိဖုရားကြီးရဲ့ တစ်ကိုယ်လုံး ချောမွေ့ ပြေပြစ်ပုံ၊ အပြစ်ကင်းစင်ပုံကို ဖော်ပြရာမှာလည်း…

ဖွံ့ဖွံ့ထွားမွတ်၊ ဝင်းလွတ်စံကျော်၊ ပယော်ခရေ၊ ဖူးသစ်စသို့၊
အလှသည်းကြား၊ ဆယ်ကြိမ်ဖွားလည်း၊ အခြားမထင်၊ ပျိုရုပ်သွင်နှင့်၊
စိမ်းလွင်ညိုညို၊ ဝါးပင်ပျိုသို့၊ စီးယိုထွက်လျှမ်း၊ မြစ်ငယ်ကမ်းသို့၊
ဖုံးလွှမ်းသောယောင်၊ ယှက်မြောင်မွေးညင်း၊ ရစ်ကာကွင်းလျက်၊ ဆင်ဥ
ကင်းထွတ်၊ ပုံတူခတ်သား၊ ရဟာသင်္ဂ၊ သမန်းစဖြင့်၊ ရှုလသောဟန်၊
နှိုင်းရန်တရှိ…တဲ့။

ဘုရင်ကြီးက မိမိ မိဖုရားကြီးဟာ အဲဒီအတိုင်းပဲ ရှိပါတယ်။ သားဆယ်ကြိမ် ဖွားပေမဲ့ သမန်းစကလေး ရှုထားဘိသို့ရှိပြီး ဆင်ဥကင်းလို ဖောင်းဖောင်းမို့မို့ပါပဲ။ ပြီးတော့ မွေးညင်းကလေးတွေကလည်း စီးယိုနေတဲ့ မြစ်ငယ်ကမ်းမှာပေါက်တဲ့ ဝါးပင် ပျိုများအသွင် စိမ်းစိမ်းညို့ညို့ ရှိပါတယ်။ အဲဒီလို ရှိနေသေးတဲ့ မိဖုရားကြီးကို ရသေ့ကြီး သဘောကျ သလိုချစ်ကျွမ်းဝင်၍ သဘင်ပွဲကြီးခံပါတော့လို့ ဆိုပြီး ပေးလိုက်ဟန် စာဆိုက ရေးလိုက် တယ်။

ဒါပေမဲ့ ရသေ့ကြီးဟာ ချစ်ဖျူဟာခင်းပြီး ချစ်တလင်းပြင်မှာ ချစ်သဘင် ပွဲကြီး မခံနိုင်တော့ဘဲ…

"လှအင်ညီ၏ ယောနိတွင်ခန်း နိမိတ်ပန်း၌ ရှင်လန်း

mgyoe.com

mgyoe.com

နှစ်သက် ယှဉ်သော်ထက်ကား လောင်ကျက်ပြင်းလှ မီးကျီးဝတွင်
ချသော်အထွတ် မြတ်ပေလိမ့်မည်"

လို့ တွေးမိလိုက်တာပဲ မဟုတ်လား၊ ရသေ့ကြီးရဲ့ သံဝေရမှု အတွေးဟာ ရှေ့ပိုင်းက "အလှသည်းကြား ဆယ်ကြိမ်ဖွားလည်း အခြားမထင် ပျိုရုပ်သွင်နှင့်" ဆိုတဲ့ အဖွဲ့ကြောင့် ဇာတ်တစ်ခုလုံးအတွက် ပိုမိုပြီး ဂုဏ်မြောက်လာရတယ်ကွဲ့။ သည်နေရာမှာ စာဆိုတော်ဟာ ရှာသူတို့ဝေ့လေ့ ရှာသူတို့ အသုံးကဲ့သို့ ကြမ်းတမ်း ရိုင်းပျတဲ့ အသုံးမျိုးကို သုံးစွဲမိတဲ့အတွက် "ဂါမ္မဒေါသ" မသင့်ဘူးလို့ ဖေဖေ ထင်တယ်။ ဇာတ်လမ်းကိုက ရေးဖို့ အကွက်ဆိုက်လာရင် ရေးကြရတော့မှာပဲ။

တစ်ချိန်က ကျောင်းသုံးစာအုပ် လုပ်ခဲ့ရဖူးတဲ့ ဆရာကြီး သခင်ဘသောင်းရဲ့ "ပန်းသာမစာအု" စာအုပ်ထဲမှာဆိုရင် အုကို ပန်းသာမောင်မောင်က အတင်းစော်ကားရမယ့် အကွက်တစ်ခုဟာ ဇာတ်ဝင်ဖြစ်နေတယ်။ မထည့်လို့ မဖြစ်ဘူး၊ ဒီတော့ကာ ဆရာကြီးဟာ မရှောင်နိုင်ဘဲ ရေးရတော့တာပဲ။

ရေးလိုက်တော့လည်း စာဖတ်သူတွေက ဒီအခန်းကို ရှန့်ရင်းညစ်ညမ်းတယ်၊ ဒေါသအပြစ် သင့်တယ်လို့ ဘယ်သူမှ မပြောဘူး။ ပိုင်နိုင်ပါပေတယ်၊ ဂုဏ်မြောက်ပါပေတယ်လို့ ချီးကျူးကြရတာချည်းပဲ။

ချီးကျူးလည်း ချီးကျူးထိုက်တယ်လေ။ ဆရာကြီး ဖန်တီးပေးပုံကလေးကလည်း အင်မတန်လှတယ်။

အဲဒီအခန်းကို ဖွင့်လိုက်တာနဲ့တစ်ပြိုင်နက် ပန်းသာမောင်မောင်က မဖြီးမလိမ်း၊ မပြင်ဆင်တတ်တဲ့ တောသူအရိုင်းမကလေး အုကို တွေ့တွေ့ချင်း အကဲခတ်ပုံ၊ ကြည့်ပုံက စလိုက်တာပဲ။ သမီး ဖတ်ကြည့်လေ...

"ပန်းသာမောင်မောင်မှာ နွားကျမ်းကို ကျွမ်းကျင်သူတို့သည်
နွားပိန်ကို အသားထိုး၍ ကြည့်တတ်သလို..."

အဲဒီလိုက စလိုက်တာပဲ၊ အဲဒီနောက်တော့ ပန်းသာမောင်မောင်ဟာ "အု"ကို အမြဲကြဲစည်နေပုံ၊ အမြဲချောင်းမြောင်းနေပုံနဲ့ စာဖတ်ပရိသတ်ရဲ့စိတ်ကို ချောက်ချားအောင် ဖမ်းစား...

ပြီးတော့...

"ပန်းသာမောင်မောင်သည် ဆေးတံကိုခဲ၍ တလူလူ တက်နေ
သော မီးခိုးများ၏နောက်မှ 'အု'ကို လငပုပ်ဖမ်းရန် ချိန်နေလေသည်..."

mgyoe.com

mgyoe.com

ဆိုတဲ့ အရေးအသားမျိုးနဲ့ စာဖတ်သူတို့တွေကို နိုင်အောင်ချောက်။

သည်အတိုင်း ပန်းသာမောင်မောင်က အုကို စော်ကားဖို့ အကြိမ်ကြိမ် ကြံစည်၊ ဒါပေမဲ့ အုရဲ့ အနေအထိုင် ပိရိမှု၊ မိမိကိုယ်မိမိ ထိန်းသိမ်းတတ်မှုတို့ကြောင့် ပန်းသာ လငပုပ်ကြီးရဲ့ လက်ထဲက ပွတ်ကာသီကာ လွတ်လာ...

သည်လိုနဲ့ စာဖတ်သူတွေကို အတော်ကလေး နိုင်အောင် ကလိပေးပြီးတော့မှ လူကြမ်းဇာတ်ကောင်ဖြစ်တဲ့ ပန်းသာမောင်မောင်က အုကလေးအပေါ်မှာ အလွယ်တကူ တိုက်တိုက်ဆိုင်ဆိုင် စော်ကားဖြစ်သွားရပုံကို ဆရာကြီး သခင်ဘသောင်းဟာ ယဉ်ယဉ် ကလေးနဲ့ ပိပိရိရိ ဖော်ပြနိုင်ခဲ့တယ်။

အဲဒီလို ခဲရာခဲဆစ်ကလေးတွေကို ရှေးဆရာကြီးများ ဘယ်လို ဖန်တီးရေးဖွဲ့ တတ်ကြတယ်ဆိုတာ စာရေးဖို့ စိတ်ကူးတဲ့လူတိုင်း သိမှတ်လေ့လာထားရန် လိုတယ်ကွဲ့။ သမီး ဖတ်ကြည့်လေ...ဆရာကြီးဟာ မိမိ ရေးလိုတာကို စာဖတ်တဲ့သူတွေလည်း အလွယ် သိအောင်၊ ရေးလိုတဲ့အကြောင်းအရာကိုလည်း ယဉ်ယဉ်ကလေးနဲ့ ပိပိရိရိဖြစ်အောင် ဘယ်လိုရေးဖွဲ့ပြလိုက်တယ်ဆိုတာ...

> "အု၏ အသက်ရှူသံများကို ကြားရသောအခါ အုမှာ မောမောပန်းပန်းဖြင့် အိပ်မောကျကာနေသည်ကို သိရလေသည်။ ပန်းသာမောင်မောင်သည် အုဘေးမှ အသာထိုင်၍ မှောင်မိုက်ထဲတွင် ရေးရေးကလေး ဖြူဖွေးနေသော အု၏ မျက်နှာကလေးပေါ်သို့ ခေါင်းငုံ့ ၍ကြည့်ရာ အု၏ နှာခေါင်းပေါက်ကလေးများမှ ရှူထုတ်လိုက်သော လေကလေးများ ထိခိုက်သဖြင့် သူ့မျက်နှာမှာ နွေး၍သွားလေသည်။ အု၏ မျက်တောင်ကလေးများကြားတွင် ပုလဲအုနှင့်တူသော မျက်ရည် ပေါက်ကလေးများသည် တွဲလဲကလေးစိုဆင်းလျက် ရှိကြလေသည်။
>
> မှောင်အထုသည် တောအလုံးကို ဖုံးအုပ်လျက်ရှိသည်။ တော အလုံးသည် ဆိတ်ငြိမ်လျက်ရှိသည်။ တောငှက်တို့လည်း ကျွန်းပင် ကြီးများပေါ်တွင် နှစ်ခြိုက်စွာ အိပ်လျက် ရှိကြသည်။ အမှောင်ထုသည် မှောင်စရှိလျှင် မှောင်ချင်ချင်ဆိုသကဲ့သို့ ကြာလေ မှောင်လေ ဖြစ်သည်။ ထိုအခိုက်တွင် အု၏ ကိုယ်စောင့်နတ်များသည် ဘယ်ဆီကိုသွား၍ ဘာလုပ်နေကြလေသနည်း..."

ကဲ...သမီး စိတ်ထဲမှာ ဘယ်လို သဘောရသလဲ၊ ဆရာကြီးရဲ့စာဟာ လှိုအပ်တဲ့

mgyoe.com

အကြောင်းကို ပေါ်လွင်စေတဲ့အပြင် ယဉ်ယဉ်ကျေးကျေး၊ ပိပိရိရိကော မရှိဘူးလား။

ဖေဖေတို့လည်း အဲဒါမျိုးတွေကို လိုက်ပြီးရေးတာပဲ။ ဒါပေမဲ့ ဆရာကြီးလို ပိရိယဉ်ကျေးအောင် မတတ်နိုင်ဘူး၊ မညက်ညောဘူး။ ဒါပေမဲ့ တွင်းသင်းမင်းကြီးရဲ့ မုဒုလက္ခဏာပျို့တို့၊ ဦးယာရဲ့ မင်းနန်ပျို့တို့၊ စာဆိုတော်ကြီး ဦးပုညရဲ့ ကောသလပြဇာတ်တို့ရဲ့ နောက်မြီးက လိုက်နိုင်သမျှ ကပ်လိုက်နေတယ်လို့တော့ ပြောနိုင်ပါတယ်လေ။

ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ရာမရကန် ဦးတိုးနဲ့ အဲဒီဆရာကြီးတွေရဲ့ ရေးပုံတွေ၊ စကားလုံးသုံးပုံတွေ၊ ဇာတ်ကွက်ဆင်ပုံတွေကို လိုက်နိုင်သမျှ လိုက်ပြီး အတုယူထားလို့ကွဲ့...

အင်း...ဘာလဲ၊ မဲ့ပြုံး ပြုံးတာက သမီး စိတ်ထဲမှာ ဖေဖေ့ကို ကြွားနေတယ်လို့ထင်သလား။ တကယ်တော့ ဖေဖေက ကြွားလည်း ကြွားနေတာပဲ။

ဖေဖေ ကြွားနေတာက ဖေဖေဟာ ဖေဖေတို့ရဲ့ ရှေးဗမာ စာပေပညာရှင်ကြီးတွေရဲ့ တပည့်အဖြစ်သာ ခံယူရပါသေးတယ်။ ဘာသာရပ်ခြား စာပေပညာရှင်ကြီးတွေရဲ့တပည့်အဖြစ်ကို မရောက်ရသေးပါဘူးလို့ ကြွားနေတာ...

ဖေဖေဟာ ဝတ္ထုတိုရေးနည်းကို တေးထပ်တွေကယူတယ်။ ဝတ္ထုရှည်ဇာတ်လမ်းဆင်ပုံတွေကို ပြဇာတ်တွေ၊ ပျို့တွေ၊ သာချင်းတွေ၊ ရကန်တွေက ယူတယ်။ အဲဒါကို ကြွားချင်လို့...

ဒါတွေကို နောက်မှပြောမယ်၊ အခုတော့ အပြစ်ပါအောင် မရေးရင် မဖြစ်လို့ မလွှဲမရှောင်သာဘဲ ရေးလိုက်ရတဲ့ တဟီတီလမ်းကြားတို့၊ ရေကြိုမလေးတို့လို ဝတ္ထု မျိုးထဲက ဝတ္ထုရှည် တစ်ပုဒ်ဖြစ်တဲ့ နန်းဟာဗီးဝတ္ထုကို ပုံစံထုတ်ပြမယ်။

အဲဒီဝတ္ထုထဲမှာ ဇာတ်ကောင်မိန်းကလေးရဲ့ မျိုးရိုးနဲ့ဓလေ့စရိုက်ကို ပေါ်လွင်စေချင်တော့ ဇာတ်ကောင် မိန်းကလေးဟာ ဘယ်လောက်ပဲ ယဉ်ကျေးပါတယ်ဆိုတဲ့ ရပ်ရွာဒေသမှာ ကြီးပြင်းလာခဲ့ပေမဲ့ ချစ်သူနဲ့ တွေ့လိုက်တာနဲ့ မိမိတို့ရဲ့ ဓလေ့စရိုက်အတိုင်း တစ်ကိုယ်လုံးကို ရက်ရက်ရောရော ပုံအပ်ပစ်လိုက်တာပဲ။ အဲဒါကို ဖေဖေက အောက်ပါအတိုင်း ဖော်လိုက်တယ်လေ...

> အဝါ၏ ဝင်းလဲ့သော မျက်လုံးအစုံသည် မှေးမှုန်ဆိုင်းဆို့သည့် မြူပြင်ကျယ်ကြီးအတွင်းသို့ နစ်မြုပ်နေလေပြီ။ ကြယ်ကလေးများသည် မိုးကန့်လန့်ကာကြီးအတွင်းမှ ပြူတစ် ပြူတစ် ငုံ့ကြည့်ကြ၏။

mgyoe.com

 mgyoe.com 

ကျိုတ်လျက် ရှိက်မိသောကြောင့် မောက်ကြွသော ရင်အုံ အထက်ရှိ ပြုတ်ကျတွဲခိုနေသော ကြယ်သီးကလေးသည် ဖျော့သော လရောင်နှင့် ဝင်းလက်သွား၏။

ခြံထောင့်ရှိ ဝါးရုံပင်အိုသည် တစ်ဖက်ခြံမှ စကားပင် ပျိုအား လေအတုံ့တွင် ငုံ့လျက်နမ်းရှုပ် စော်ကား၏။ စကားရွက်ကလေးများ သည် လေအဟပ်တွင် ဆတ်ဆတ်ခါအောင် တိမ်းမူးနေကြ၏။

ဝါးရုံပင်အောက်၌ ချွေးစို့နေသော ယောကျ်ားပျို၏ လက် တစ်ဖက်သည် တရှိုက်မက်မက် ဖိုနေသော မိန်းမပျို၏ နောက်ဆီမှ နွမ်းလျသေးသွယ်သော ခါးကို ညင်သာစွာ သိုင်းဖက်သည်။

"ဝါ စိတ်ဆိုးသွားပြီလား"

ယောကျ်ားပျို၏ ပူနွေးသော အာငွေ့သည် သင်းပျံ့ပျံ့ ဝီစကီ နံ့နှင့်ရောလျက် အဝါ၏ နီထွေးသောပါးအို့ကလေးကို တိုးတိတ်စွာ ရိုက်ခတ်လာ၏။

"ဝါ စိတ်ဆိုးရင် ကြိုက်သလို အပြစ်ပေးတော့၊ ကို ခံဖို့ အသင့်ရှိတယ်။ ကဲ…ဘယ်လို လုပ်မလဲ၊ ထုမလား၊ ရိုက်မလား၊ သတ်မလား"

ကဲ…သမီး၊ အဲဒီ စကားပိုဒ်ကလေးတစ်ခုနဲ့ ဇာတ်ကောင် ယောကျ်ားကလေး ဟာ ဇာတ်ကောင် ကောင်မကလေးကို တစ်စုံတစ်ခု ကျူးကျူးလွန်လွန် ပြုလုပ်ပြီးကြောင်း ပေါ်လွင်နေပြီ။ ဒီတော့ကာ ဇာတ်ကောင် ကောင်မကလေးက ဇာတ်ကောင် ယောကျ်ား ကလေးကို ပြုလုပ်ထားတဲ့အပြစ်က ခွင့်လွှတ်မလား၊ ဒါမှမဟုတ်ရင် စိတ်ဆိုးမလား…

ဒီနေရာမှာ ဖေဖေက ဇာတ်ကောင် ကောင်မကလေးရဲ့ ရိုးသား ရှေးဆန်တဲ့ မျိုးရိုးဓလေ့စရိုက်ကို ပေါ်အောင် အမှတ်မထင် ရေးလိုက်တယ်။ ကဲ…သမီး ဆက် ဖတ်ကြည့်…

ယောကျ်ားပျိုသည် သိုင်းဖက်ထားသော အဝါ၏ လက်ကို တစ်ချက်မျှ ခပ်သာသာ လှုပ်၍ မေး၏။

အဝါသည် ဆင့်လျက် ဆင့်လျက် အရှည်ချည်း တစ်ခါ ရှိုက်သည်။ ထို့နောက် ယောကျ်ားပျို၏လက်ကို ရုန်းထွက်ပြေးသွား မည်စိုးသကဲ့သို့ ဖျစ်ညှစ်ဆုပ်ကိုင်ထား၏။

mgyoe.com

"ပြောစမ်းပါ...ဝါ၊ ပြောစမ်းပါ၊ ကို မှားတာပါပဲလေ။ ကိုယ့်ကိုက မကောင်းပါဘူး၊ ကို မချုပ်တည်းနိုင်ခဲ့ဘူး။ ကို လူညံ့ပဲ"

ယောကျ်ားပျိုသည် ပြောရင်း...ပြောရင်း မိမိကိုယ်မိမိ ဒေါသဖြစ်လာသကဲ့သို့ မိမိ၏လက်ကို အဝါ၏ခါးမှ အထိတ်တလန့် ရုပ်သိမ်း၏။

အဝါသည် ယောကျ်ားပျို၏လက်ကို ဖျစ်ညှစ်ထားရင်း ဖက်မြဲဖက်စေလျက် မိမိ၏ နူးညံ့သောလက်ဖဝါးအိအိဖြင့် တင်းကျပ်စွာ အပေါ်မှ ဖိထား၏။

ချိုထောင်နေသော လကလေးသည် မှိတ်တုတ်မှိတ်တုတ် ဝိုင်းအုံကြည့်နေကြသော ကြယ်အုပ်ကြီးကို အားကျကာ အနောက်ဘက် သစ်ပင်ရိပ်တွင် တွဲလွဲခိုလျက် ချစ်သူနှစ်ဦးကို စောင့်ကြည့်နေသေး၏။ ချစ်သူနှစ်ဦးတို့သည် စံပယ်ရုံဘေးမှ ဝှေ့ယမ်းလာသောလေကို ရှူရှိုက်ရင်း တိတ်ဆိတ်နေကြ၏။ အဝါ၏ အသက်ရှူသံသည် ဝေးလံသော ခရီးကြမ်းတစ်ခုကို ဖြတ်ပြေးလာရဘိသို့ ပြင်းထန်ဆဲ ရှိသေးသည်။

အဝါသည် မိမိ၏ ပါးပြင်ပေါ်တွင် ယောကျ်ားပျို အသက်ရှူလိုက်တိုင်း နွေး၍ နွေး၍လာသော နှာငွေ့ကိုပင် သတိထားမိနေ၏။ အဝါ၏ အာရုံကြောတို့သည် ပိုမိုထက်မြက်နေလျက် တွေ့ထိသမျှ အရာတို့ကို ဖျဉ်းဖျဉ်းသိမ့်မျှ ခံစားနိုင်စွမ်း ရှိနေ၏။

"အဝါ"

"ရှင်...ကို..."

တိုးတိတ်သောလေသံသည် ချစ်လိုစဖွယ် ပေါ်ထွက်လာ၏။

"ပြောပါဦး၊ ကိုယ့်ကို သိပ်စိတ်ဆိုးသွားပြီလား"

လေသံနှင့်မေးသောကြောင့် နွေးခနဲ အာငွေ့ကလေး ဟပ်လာရာမှ ယောကျ်ားပျိုက ပါးချင်းကပ်လိုက်၏။

အဝါသည် ယောကျ်ားပျို၏လက်ကို မိမိ၏ ပူနွေးနူးညံ့သော လက်ချောင်းကလေးများဖြင့် ပို၍ တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

mgyoe.com

နီလွင်ပြည့်ဖောင်းသော နှုတ်ခမ်းအစုံသည် နှင်းဆီငုံကလေး ပွင့်တော့မည်ကဲ့သို့ ရွရွမျှ လှုပ်ရှားလျက် မောဟိုက်သော ရှိုက်သံကလေးသာ ညှံ့သက်စွာ ထွက်ပေါ်လာ၏။

ယောက်ျားပျိုသည် မိန်းမပျို၏ မျက်နှာကို ပါးချင်းခွာလျက် ငုံ့ကြည့်လိုက်ရာမှ အားမလို အားမရ ဖြစ်လာသောကြောင့် မျက်နှာချင်း ဆိုင်မိအောင် ကြိုးကြမ်းစွာ ဆွဲလှည့်လိုက်သည်။ ထို့နောက် မိန်းမပျို၏ မေးဖျားကို လက်တစ်ဖက်ဖြင့် ဆွဲယူပင့်တင်လိုက်၏။

သူပြုတိုင်း နေမိရှာသော မိန်းမပျို၏ လှသောမျက်နှာမှ တပ်မက်စွာ ဝင်းလျက်ရှိသည့် မျက်လုံးအစုံတို့သည် ကောင်းကင်မှ မှိတ်တုတ် မှိတ်တုတ် ကြည့်နေကြသော ကြယ်အရောင်တို့နှင့် အပြိုင်ဝင်းပလျက် မော့ကြည့်လာ၏။

ယောက်ျားပျိုသည် မိန်းမပျိုကို ပွေ့ပိုက် ဆွဲယူလျက် ရင်ချင်းအပ်စေပြီးနောက် မျက်နှာချင်းကပ်ကာ နှုတ်ခမ်းချင်း ထိလုလုပြုပြီးလျှင် ရင်မှ ထွက်လာသော လေသံဖြင့် စကားဆို၏။

"ကိုလေ...သိပ်ချစ်လွန်းလို့ သိလား"

မိန်းမပျိုသည် ဘာမျှပြန်မပြောဘဲ ယောက်ျားပျိုကို ပို၍ တင်းကျပ်အောင် ဖက်လိုက်၏။ ယောက်ျားပျိုသည် မိန်းမပျို၏ မျက်နှာကို မျက်နှာချင်းခွာလိုက်ရာမှ နှုတ်ခမ်းချင်း ဖိကပ် နမ်းစုပ်ပြန်၏။ မိန်းမပျိုသည် ယောက်ျားပျို၏ ပခုံးသားကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိရာမှ ညည်းသံနှင့်အတူ ယောက်ျားပျိုကို အားပြုလျက် နွဲ့လျစွာ မှီကျသွားသည်။

ယောက်ျားပျိုသည် မိန်းမပျိုကို ပွေ့ပိုက်ရင်း စံပယ်ရုံဘေးရှိ မြက်ခင်းပေါ်တွင် နောက်တစ်ကြိမ် ထိုင်မိကြပြန်သည်။ စောစောကကဲ့သို့ပင် ပြင်းပြင်းထန်ထန် ရင်ခုန်လာရပြန်၏။

ထို့နောက် ချစ်သူနှစ်ယောက်တို့သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းခွာလျက် ကြယ်ရောင်ယှဲ့ယှဲ့တွင် လှဲ့လှဲ့သာ မြင်ကြရသော မျက်လုံးအချင်းချင်းကို တရှိုက်မက်မက်နှင့် စိမ်းစိမ်းကြည့်ကြပြန်၏။

တိတ်ဆိတ်နေသော ချစ်သူနှစ်ယောက်တို့၏ နားထဲ၌ ရင်ခုန်

mgyoe.com

mgyoe.com

သံက ပို၍ ပြင်းထန် ကျယ်လောင်နေသည်။ ယောကျ်ားပျိုသည် မိန်းမပျိုရှိရာသို့ တိုးဖိကာ နောက်တစ်ကြိမ် နမ်းစုပ်၏။ မိန်းမပျိုသည် ယောကျ်ားပျိုကို ရှိသမျှအင်အားကလေးနှင့် သိမ်းကျုံး ဖျစ်ညှစ်ထားမိ၏။ မိန်းမပျို၏မျက်လုံးအစုံသည် ယောကျ်ားပျို၏ ပခုံးကို ကျော်လွန်လျက် နက်ရှိုင်းသော ကောင်းကင်ပြင်မှ မှုန်ဝေဝေ နဂါးငွေ့တန်းကြီးရှိရာသို့ အမှတ်မထင် ငေးစိုက်မိ၏။

မိန်းမပျိုသည် ထိုနဂါးငွေ့တန်းကြီးပေါ်သို့ ရောက်ရှိနေကာ အသည်းတအေးအေးနှင့် ဖိုလှိုက်စွာ ပြေးခုန်ကူးသန်းနေ၏။ အဆုံးအစမရှိသော ကောင်းကင်ပြင်ဝယ် အသည်းတအေးအေးဖြင့် ပြေးခုန်ဖိုလှိုက်ရလွန်းသောအခါ နဂါးငွေ့တန်းကြီးသည် ဝိုးတဝါး ဖြစ်လာပြန်၏။ ထိုအချိန်၌ တမှိတ်မှိတ် မြင်နေရသော ကြယ်ကလေးများသည် ခြေအောက်မှ တရိပ်ရိပ် ပြေးထွက်ကုန်သောကြောင့် ရင်ထဲတွင် တဟာဟာနှင့် မျက်လုံးမှိတ်လျက် ညည်းသံနှင့် ရှိုက်ငင်နေရသည်။

လဟာပြင်ကြီးမှ ခြေလွတ်လက်လွတ် ကျဆင်းလာရသည်ဟု ထင်မှတ်လိုက်သည့်အချိန်တွင် လျှပ်စစ် အမိခံလိုက်ရသူကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှားသွားလျက် အသက်ရှူ ရပ်နေမိသည်။

ဖြူလွှသော တိမ်တိုက်ကြီးများကို အားပါးတရ ပွေ့ဖက်ဖျစ်ညှစ်ရင်း မောဟိုက် မိန်းမောနေချိန်တွင် ပြာရှိုင်းသော ကောင်းကင်ပြင်ဝယ် စိန်ပွင့်ကလေးများ ဆုပ်ကျဲထားဟန်ရှိသော ကြယ်ပြောင်ကလေးများ အားလုံးကို ပြတ်ပြတ်သားသား မြင်လာရပြန်သည်။

ထိုအချိန်မှ မိန်းမပျိုသည် ယောကျ်ားပျို၏မျက်နှာကို စိန်းစိန်းစူးစူး အလိုလို စိုက်ကြည့်မိ၏။

"ကို...ရယ်..."

မင်ရည်လဲ့တွင် ယှဲ့ယှဲ့မျှပေါ်သော ယောကျ်ားပျို၏ မျက်နှာကို နုသော လက်ဖဝါးငယ်ဖြင့် တယုတယ ကိုင်တွယ်စမ်းသပ်ရင်း မိန်းမပျိုက ခေါ်လိုက်၏။

ယောကျ်ားပျိုသည် မိန်းမပျို၏ ပြည့်ဝသော နှုတ်ခမ်းအစုံကို မထိတထိ နမ်း၍ တုံ့ပြန်သည်။ ထို့နောက် မြက်ခင်းပေါ်သို့ ခြေပစ်

mgyoe.com

mgyoe.com

လက်ပစ် ပက်လက်လှန်လိုက်၏။

နက်ပြာသော ကောင်းကင်ပြင်ကြီး အတွင်းရှိ စောစောက အဝါ မြင်နေရသော ကြယ်ပြောင်ကလေးများသည် ယောကျ်ားပျိုအား မှိတ်တုတ်မှိတ်တုတ် ပြု၍ စ၏။ အဝါသည် နေရာမှ လူးလဲထလိုက်ရင်း ယောကျ်ားပျို၏ မျက်နှာကို အပေါ်မှ စိုးကြည့်လျက် ထပ်ခေါ်၏။

"ကို..."

"ဝါ..."

ယောကျ်ားပျို ခေတ္တ ငေးစိုက်လိုက်သော မိုးပြာကြီးအတွင်း ရှိ ကြယ်ပြောင်ကလေးနှစ်လုံးသည် မိမိမျက်နှာအနီးတွင် ပြောင်းရွှေ့ လာဘိသို့ အမှောင်ထဲမှ တောက်ပထက်သန်စွာ ကြည့်နေသည်ကို မြင်ရ၏။ အနီးသို့ ကျလာသော ကြယ်ပြောင်ကလေး နှစ်ခုက နွဲ့ချို သောအသံကို ပြု၏။

"ကို...ဝါ့ကို အထင်သေးသွားပြီလား ကိုရယ်"

အဲဒါပဲ သမီး၊ မလွဲမရှောင်သာရင် ရေးရတော့တာပဲ။ ရေးတဲ့အခါမှာ ရုန့်ရင်း ညစ်ညမ်းတဲ့ အသုံးအနှုန်းမျိုးမပါဘဲ စာဖတ်သူကို မိမိ သိစေလိုသမျှ သံသယဒွိဟ ကင်းကင်းနဲ့ သိအောင် ရေးတတ်ဖို့၊ ရေးနိုင်ဖို့ လိုတာပဲ။ အဲဒီလို ရေးနိုင်ရင်၊ ရေးသင့်လို့ ရေးတဲ့အခါမှာ အပြစ်မဖြစ်ဘဲ ဂုဏ်တောင်မြောက်စေတယ်လို့ ဖေဖေ ထင်တယ်။ အခု ထုတ်နုတ်ပြလိုက်တဲ့ ဖေဖေ့ဝတ္ထုမှာလည်း ဒီနေရာမှာ ဒီလိုကို ကြိုတင်ပြီး ဖော်ထား သင့်တယ် ထင်လို့ ဖေဖေက ဖော်လိုက်တာပဲ။

ဒါပေမဲ့ သမီးရေ...ဖေဖေဟာ အဲဒီဝတ္ထုကို အဲဒီလို ဂရုတစိုက် စရေးလာပြီးတော့ နောက်ပိုင်းကျတော့ အချိန်မယူနိုင်တော့ဘူး။ စာအုပ်ထုတ်ဝေသူက လိုအပ်တဲ့ စာဖောင် ထက်တောင် ပိုလာပါပြီ၊ အဆုံးသတ်ပေးပါတော့၊ ဒီနေ့အပြီး ဖောင်ပိတ်နိုင်မှ ကြော်ငြာထား တဲ့အတိုင်း ဝတ္ထုကို အချိန်မီထွက်နိုင်ပါလိမ့်မယ်ဆိုလို့ မနက် ရှစ်နာရီကနေပြီး ည ရှစ်နာရီ အတွင်း စာသုံးဖောင်စာနီးပါး၊ (နှစ်ကျပ်တန် လုံးချင်းဝတ္ထု စာမျက်နှာနဲ့ ၄၅ မျက်နှာခန့်) ရေးပေးခဲ့ရတယ်ကွဲ့။ အဲဒီတော့ ရည်မှန်းထားသလို အဆုံးမသတ်နိုင်ဘဲ ဖြစ်သလို အကျဉ်း ချုံးပြီးတော့လည်း အဆုံးသတ်ပေးလိုက်ရတော့ တာပေါ့ကွယ်...။ အကယ်လို့များ သမီး ကိုယ်တိုင် စာရေးဆရာဖြစ်လာရင်၊ ငွေလိုတဲ့အတွက်ကြောင့်လည်း စာရေးနေရတဲ့ ဘဝမျိုး ရောက်ခဲ့မယ်ဆိုရင် ဒီအဖြစ်မျိုးတွေနဲ့ တွေ့ကြုံရပါလိမ့်မယ်လေ။ ဒီလိုလည်း ဖြစ်ရ၊

mgyoe.com

ရေးရတတ်တယ်ဆိုတာ သမီးအဖို့ သိထားနှင့်တော့ အကျိုးမယုတ်နိုင်ပါဘူး။

ကဲ...သမီးလည်း မုဒုလက္ခဏာပျို့တို့၊ ဥပက ဆာဝါဟောစာတို့၊ ဥပက ဆာဝါ သျှိုးလိုက်ရတုတို့၊ ပန်းသာမစာအု ဝတ္ထုက အစိတ်အပိုင်းတို့၊ နန်းဟာဗီး ဝတ္ထုက အစိတ်အပိုင်းတို့ အတော်စုံစုံ ဖတ်ပြီးသွားပြီ။ ဖေဖေကလည်း တတ်စေ၊ သိစေချင်တဲ့ စေတနာကြီး တစ်ခွဲသားနဲ့ လေရှည်ကြီး ရေးပြပြီးပြီ။ အဲဒီတော့ ဖေဖေ ရေးခဲ့၊ ပြောခဲ့တာတွေရဲ့ လိုရင်း အချက်ဟာ ဘာလဲ...။

အေး...သမီးလည်း နားရှုပ်လောက်ပါပြီ။ သိတော့မယ် မဟုတ်ပါဘူး။ ဖေဖေ ကလည်း ဘယ်တော့မှ လိုရင်းကို ဒိုးခနဲ၊ ဒေါက်ခနဲ မပြောနိုင်၊ မပြောတတ်ဘူး။ အဲဒါဟာ ဖေဖေ့ ချို့ယွင်းချက်ပဲ။ ဒီတော့ သမီး မှတ်ဖို့လွယ်အောင် လိုရင်းချုံ့ပြီး တတ်အားသမျှ ကြိုးစား ပြောပြဦးမယ်...

၁။ စာရေးသည်ဖြစ်စေ၊ ကဗျာရေးသည်ဖြစ်စေ၊ စကားပြောသည်ဖြစ်စေ...

(က) တိုက်ရိုက် ရေးခြင်း၊ တိုက်ရိုက် ပြောခြင်း။

(ခ) သွယ်ဝိုက်၍ ရေးခြင်း၊ သွယ်ဝိုက်၍ ပြောခြင်းရယ်လို့ နှစ်မျိုး ရှိတယ်။

၂။ စာ၊ ကဗျာ ရေးသည်ဖြစ်စေ၊ စကားပြောသည်ဖြစ်စေ မိမိ ပြောလိုတဲ့ အကြောင်းကို တစ်ဖက်သား နားလည်လွယ်အောင်၊ မိမိ သိသလို သိအောင်၊ ယဉ်ကျေးစွာ ရေးတတ်၊ ပြောတတ်လျှင် အပြစ်လွတ်တယ်။

(က) စာ၊ ကဗျာ ရေးသည်ဖြစ်စေ၊ စကားပြောသည်ဖြစ်စေ မိမိ ပြောလိုတဲ့ အကြောင်းကို တစ်ဖက်သား နားလည်အောင် မရေးနိုင်၊ မပြောနိုင်လျှင် နားလည်သည့်တိုင် ယဉ်ကျေးစွာ မရေးတတ်၊ မပြောတတ်လျှင် အပြစ် ဖြစ်တယ်။

(ခ) စာ၊ ကဗျာရေးသည်ဖြစ်စေ၊ စကားပြောသည်ဖြစ်စေ မိမိ ပြောလိုသည့် အကြောင်း ကို အပြစ်ဖြစ်အောင် ရေးမှ၊ ပြောမှ အကျိုးသက်ရောက်နိုင်မယ်။ တစ်ဖက်သားတို့ သဘောပေါက်လွယ်၊ သိလွယ်မယ်ဆိုလျှင် ထိုအပြစ်ပြုခြင်းသည် အလိုလို ဂုဏ်မြောက်တယ်။ ပြောထိုက်၊ ရေးထိုက်တယ်။

ဖေဖေ အခု ပြောခဲ့၊ ရေးခဲ့သမျှ အားလုံးဟာ အဲဒါပဲ သမီး။ ဒီအထဲမှာ အပို ဗဟုသုတအဖြစ်နဲ့ စာရေးသူတွေဟာ တကယ် အကွက်ဆိုက်လာရင် အပြစ်ရှိတဲ့ စာတွေ ကိုပဲ ဂုဏ်မြောက်အောင် ဘယ်လိုရေးကြတယ်ဆိုတာရယ်၊ မိန်းမ၊ ယောကျ်ားတို့ ချစ်ကြိုက် ကြတဲ့ "သိင်္ဂါရ ရသ" ဖော်နိုင်လောက်တဲ့ အကွက်မျိုးနဲ့ တိုက်ဆိုင်လာရင် ဘယ်လို စာရေးသူမျိုးမဆို ရသလောက် အခွင့်အရေးကလေးကို လက်မလွှတ်ဘဲ ရေးတတ်ကြတယ်

 mgyoe.com 

ဆိုတာရယ် အဲဒါကို ပုံစံတွေနဲ့ ထုတ်ပြထားတာပဲ။

ကဲ...ဒီတော့ သမီးအနေနဲ့ တစ်ဖက်သား သိလွယ်အောင်၊ ယဉ်ကျေးဖွယ်ရာ ဖြစ်အောင် ရေးတတ်ခြင်းသည် အပြစ်လွတ်သော ရေးခြင်းဆိုတာလည်း သိပြီ။

စာ၊ ကဗျာ ရေးတယ်၊ စကား ပြောတယ်ဆိုတာဟာ တိုက်ရိုက်ရေးခြင်းနဲ့ သွယ်ဝိုက်၍ ရေးခြင်းရယ်လို့ နှစ်မျိုးရှိတယ်ဆိုတာလည်း သိပြီ။

တစ်ခါတစ်ရံ အပြစ်ရှိအောင် ရေးမှ၊ ပြောမှ တစ်ဖက်သားအတွက် ပိုပြီး အကျိုး သက်ရောက်မှု ရှိတယ်ဆိုရင် အဲဒီ အပြစ်ရအောင် ပြောခြင်းပင်လျှင် ဂုဏ်မြောက်တယ်ဆို တာလည်း သိပြီ။ ဒီတော့ကာ ရှေ့တစ်ဆင့် တက်လိုက်ကြဦးစို့။

သမီးရေ...စာ၊ ကဗျာတစ်ပုဒ်ကို သီကုံးဖွဲ့ဆိုခြင်းဆိုတာဟာ သမီးကညာ ရတနာ ကလေးကို ဖန်ဆင်းလိုက်ခြင်းနဲ့ တူတယ်၊ မှတ်ထားနော်။

အဲဒီလို ဖန်ဆင်းလိုက်တဲ့အခါမှာ အပြစ်ရှိခြင်းဟာ မိမိ ဖန်ဆင်းလိုက်တဲ့ သမီး ကညာ ရတနာလေးက အကျင့်ယုတ်မာနေတာ၊ မလှမပ ဖြစ်နေတာ၊ အချိုး အဆစ် မကျနေတာ၊ အရေပြားရောဂါ ရှိနေတာ၊ စိတ်ထား ညံ့ဖျင်းနေတာတို့နဲ့ တူတယ်။ အပြစ် ရှိတယ်ဆိုတာကို ပါဠိအခေါ်၊ စာအခေါ်နဲ့ ဒေါသသင့်တယ်လို့ ခေါ်ကြတာကို သမီး သိပြီးပြီနော်။

ကဲ...အဲဒီတော့ သမီး ဖန်ဆင်း မွေးထုတ်လိုက်တဲ့ သမီးကညာ ရတနာကလေး ဟာ အပြစ်မရှိဘူးဆိုရင် စောစောက အပြစ်ရှိတယ်ဆိုတဲ့ စကားနဲ့ ပြောင်းပြန် ဖြစ်သွားရမယ် မဟုတ်လား။ ဒီတော့ အပြစ်ကင်းတဲ့ စာ၊ ကဗျာတစ်ပုဒ်ဟာ ဘာနဲ့ တူလာမလဲ...

အကျင့်ကောင်းသော၊ လှပသော၊ အချိုးအဆစ်ကျသော၊ ရောဂါကင်းသော၊ စိတ်ထားဖြူစင် မွန်မြတ်သော၊ အရွယ်သင့်သော သမီးကညာ ရတနာကလေးကို ဖန်ဆင်း မွေးထုတ်လိုလာတာနဲ့ တူမှာပေါ့...ဟုတ်လား။

သမီးဟာ ဒီလို အပြစ်ကင်းတဲ့ သမီးကညာ ရတနာကလေးကို ဖန်ဆင်း မွေးထုတ် ပေးရုံ ပြုလုပ်ထားမယ်ဆိုရင် မပြည့်စုံသေးဘူး။ အဲဒီ သမီးကညာ ရတနာကလေးနဲ့ လိုက်လျောတဲ့ ပိုးဖဲ၊ နိုင်လွန်၊ ပါတိတ် အစရှိတဲ့ အဝတ်အဆင်တွေ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်...ပတ္တမြား၊ နီလာ၊ မဟူရာနဲ့ ဂေါမုတ္တာ၊ ပုလဲ၊ ပလက်တီနမ် စတဲ့ ရတနာမျိုးစုံ တွေကို ခေတ်မီမီ အဆင်၊ ခေတ်မီမီ ပုံစံတွေ ရှာဖွေချုပ်လုပ် ထုလုပ်စေပြီး တန်ဆာဆင်ပေး ရဦးမယ် မဟုတ်လား။ အဲဒီလို တန်ဆာဆင်ပေးခြင်းကို စာ၊ ကဗျာ ရေးဖွဲ့တဲ့အခါမှာ "အလင်္ကာ"လို့ ခေါ်လေရဲ့။

mgyoe.com

အဲဒီနေရာမှာ သမီး လွယ်လွယ်နဲ့ မှတ်ဖို့၊ စဉ်းစားဖို့က တန်ဆာဆင်တယ် ဆိုပေမဲ့ တန်ဆာဆင်တိုင်း လှပမှု မဖြစ်နိုင်ဘူး။ ဘယ်မိန်းကလေးမဆို အဲဒီ မိန်းကလေးရဲ့ ရုပ်ရည်နဲ့ လိုက်လျောတဲ့ တန်ဆာဆင်မှုသာလျှင် အဲဒီ မိန်းကလေးကို ပိုမိုလှပလာစေတယ်။ ဘယ့်လောက် အဖိုးတန် ပစ္စည်းကြီးတွေနဲ့ ပြင်ဆင်မွမ်းမံထားစေဦး၊ မလိုက်လျောအောင် ပုံပန်းမကျ တန်ဆာဆင်ပေးခဲ့လို့ရှိရင် နဂို အပြစ်ကင်းတဲ့ မိန်းကလေးပင်လျှင် ရယ်ဖွယ်ရာ၊ သနားဖွယ်ရာချည်းဖြစ်ပြီး ပင်ကိုထက် ပိုလို့ အရုပ်ဆိုးလာစေနိုင်တယ်။ အဲ…တန်ဆာမဆင်ဘဲ ထားရင်တော့ သမီး ဖန်ဆင်းမွေးထုတ်ထားတဲ့ သမီးကညာ ရတနာကလေးကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ကိုယ်လုံးတီးထားခြင်းနဲ့ တူနေမှာပဲ။

အဲဒီတော့ စာ၊ ကဗျာတစ်ပုဒ် ရေးတယ်ဆိုတာဟာ အပြစ်ကင်းတဲ့ သမီး ကညာ ရတနာကလေးကို ဖန်ဆင်းမွေးထုတ်ပြီး လှပလိုက်လျောစေမယ့် အဖိုးတန် ရတနာတွေနဲ့ ဝတ်ဆင်ပွဲထုတ်ပေးရတာနဲ့ အတူတူပဲ။

ဒီနေရာမှာ တစ်ချက်မှတ်လိုက်ဖို့က အဝတ်တန်ဆာ ရတနာတွေမှာ အရည်အချင်း နှစ်မျိုးပါလေရဲ့။ တစ်မျိုးက အမျိုးအစား၏ ကောင်းခြင်း၊ နောက်တစ်မျိုးက အဆင်အသွေး ပုံပန်း၏ ကောင်းခြင်းဆိုတာ ရှိတယ်။

စာ၊ ကဗျာ ရေးဖွဲ့ရာမှာ အမျိုးအစား၏ ကောင်းခြင်းဟာ မိမိ ဆိုလိုချင်သည့် အတိုင်း အဖြတ် အတောက်၊ အထား အသို၊ ရှေ့ နောက် ဝါကျ အမှန်ဖြစ်စေတဲ့ "သဒ္ဒါလင်္ကာရ"နဲ့ တူတယ်။ ပုံပန်းအဆင်အသွေးရဲ့ကောင်းခြင်းဟာ မိမိ ဖော်လိုသည့် အကြောင်းအချက်တို့ကို ကွင်းကွင်းကွက်ကွက်၊ လှလှပပ အနက် အဓိပ္ပာယ်ပေါ်စေတဲ့ "အတ္ထာလင်္ကာရ"နဲ့ တူတယ်။

ဒီတော့ကာ သမီးအတွက် စာရေးဖို့တောင် ကြိုးစားနေတဲ့ သူတစ်ယောက် ဖြစ်လို့ သဒ္ဒါ လင်္ကာရ…ဆိုတဲ့ အမျိုးအစား ကောင်းအောင်၊ မှန်အောင်၊ ရွှေစစ်အောင်၊ စိန်စစ်အောင် ဆိုတာမျိုးတွေကို "ပေယျာလ"ဘက် ဝကွက်ပြီး ချန်ခဲ့တော့မယ်။

အမျိုး ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အဆင်အသွေးကောင်းအောင်၊ အရောင်တောက်အောင်၊ လှအောင်၊ ပုံပန်းကျနအောင်…ဆိုတဲ့ "အတ္ထာ လင်္ကာရ" ဖွဲ့ဆိုသည့် အနက်အဓိပ္ပာယ် လှပအောင် သီကုံး တန်ဆာဆင်ခြင်းဆိုတာကိုပဲ ဖေဖေပြောပြ၊ ရေးပြတော့မယ်။

ကဲ…ဒီတော့ကာ အလင်္ကာဆိုတာ ဘာလဲ။

အလင်္ကာဟူသည် အပြစ်ကင်းသော အမျိုးသမီးကို ပိုးဖဲ

mgyoe.com

 mgyoe.com


ရတနာမျိုးတို့ဖြင့် အဝတ်တန်ဆာ ဆင်သကဲ့သို့ အပြစ်ကင်းသော ဖွဲ့ဆိုခြင်းကို ပို၍ လှပအောင် သီကုံးတန်ဆာဆင်ခြင်းပဲ။

အဲဒီတန်ဆာဆင်ခြင်းနဲ့ ပတ်သက်လို့ ဖေဖေဟာ ပုံပန်း အရောင်အသွေး လှခြင်းနဲ့တူတဲ့ "အတ္ထာ လင်္ကာရ"ကိုပဲ ပြောပြမယ်လို့ ကတိပေးခဲ့တယ်နော်။ အတ္ထာ ဆိုတာက အနက်၊ လင်္ကာရဆိုတာက သီကုံးတန်ဆာဆင်ခြင်း၊ အတ္ထာ+လင်္ကာရ= အနက်ကို+ လှပအောင် သီကုံးတန်ဆာဆင်ခြင်းတဲ့...

ကဲ...သမီးကို ပြန်မေးမယ်၊ အနက်ကို လှပအောင် သီကုံးတန်ဆာဆင်မှု ဆိုတာ ဘယ်နှမျိုး ရှိသလဲ...

မပြောနိုင်တော့ဘူး မဟုတ်လား၊ ချက်ချင်း မေ့သွားပြီ။ ဖေဖေ စောစောက ပြောထားတယ်လေ၊ တိုက်ရိုက် ပြောဆို ရေးသားခြင်းနဲ့ သွယ်ဝိုက်၍ ပြောဆို ရေးသားခြင်းရယ်လို့ ပေါင်း နှစ်မျိုး ရှိတာပေါ့။

တိုက်ရိုက် ပြောဆို ရေးသားခြင်းကို အလင်္ကာကျမ်း ဆရာက သဘာဝ ဝုတ္တိ အလင်္ကာလို့ ခေါ်တယ်။ သွယ်ဝိုက်၍ ပြောဆိုရေးသားခြင်းကို "ဝင်္က ဝုတ္တိ အလင်္ကာ"လို့ ခေါ်တယ်။

သဘာဝဝုတ္တိ အလင်္ကာဆိုတာ သ က ကောင်းသော၊ မှန်သော ဖြစ်ရိုး ဖြစ်စဉ် အတိုင်း ဖြစ်သောဆိုတဲ့ အဓိပ္ပာယ်...

ဘာဝ=က အဖြစ်။

ဝုတ္တိ=ဆိုတာက အဖွင့်၊ နောက်တစ်မျိုးက ပေါ်လွင်အောင် ထင်ထင်ရှားရှား ဖော်ပြခြင်း...

အလင်္ကာ=ဆိုတာက တန်ဆာဆင်မှု၊ အဲဒီတော့ သ+ဘာဝ+ဝုတ္တိ+အလင်္ကာ= ဖြစ်မြဲအဖြစ်ကို ထင်ရှားအောင် တန်ဆာဆင်မှု=တည့်တည့် ထင်းခနဲ သိအောင် တန်ဆာဆင်၍ ရေးခြင်း၊ ပြောခြင်း၊ နောက်တစ်ခုက...

ဝင်္က=ကွေ့ကောက်သော သွယ်ဝိုက်သော။

ဝုတ္တိ=အဖွင့်=ထင်လင်းစေခြင်း။

အလင်္ကာ=တန်ဆာဆင်မှု...

ဝင်္က+ဝုတ္တိ+အလင်္ကာ=ကွေ့ကောက် သွယ်ဝိုက်၍ ထင်ရှားအောင် တန်ဆာဆင် ဖော်ပြခြင်း...။

ကဲ...ဒီတစ်ခါတော့ သမီး မေ့မပစ်နဲ့နော်၊ သီကုံးဖွဲ့ဆိုမှု နှစ်မျိုးရှိတယ်။ တစ်မျိုးက

mgyoe.com

တိုက်ရိုက် ဖွဲ့ဆိုမှု၊ တစ်မျိုးက သွယ်ဝိုက် ဖွဲ့ဆိုမှု။ တိုက်ရိုက် ဖွဲ့ဆိုမှုကို ပညာရှိတွေက သဘာဝ ဝုတ္တိ အလင်္ကာလို့ ခေါ်ကြတယ်။ သွယ်ဝိုက် ဖွဲ့ဆိုမှုကို ဝင်္ကဝုတ္တိ အလင်္ကာရယ်လို့ ခေါ်ကြလေရဲ့...

အဲဒီ နှစ်မျိုးအနက် တိုက်ရိုက် ဖွဲ့ဆိုခြင်းဆိုတဲ့ အဖွဲ့မျိုးက ရေးဖွဲ့နည်း လေးနည်း ရှိတယ်တဲ့။ အဲဒီ လေးမျိုးဆိုတာ...

(က) မျိုးရိုးအားဖြင့် ထင်ရှားအောင် ဖွဲ့လိုသော "အရာ=အမျိုး"ကို ဖွဲ့ဆိုနည်း။ အဲဒါကို "ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာလို့ ပညာရှိတွေက ခေါ်ကြတယ်။

ဇာတိ=အမျိုး၊ ဇာတ်။

သ=ဖြစ်ရိုးအတိုင်း၊ အမှန်။

ဘာဝ=အဖြစ်။

ဝုတ္တိ=ထင်ရှားပြခြင်း=အဖွင့်။

အလင်္ကာ=တန်ဆာဆင်ခြင်း။

ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာ=မျိုးရိုးအားဖြင့်=အမျိုးအစားအားဖြင့် ထင်ရှားအောင် ဖွဲ့လိုသောအရာကို တန်ဆာဆင်၍ ဖွဲ့ဆိုမှုလို့ မှတ်။

အဲ...နောက်တစ်ခုက...

(ခ) ပြုမှုခြင်းအားဖြင့် ဖွဲ့လိုသော အရာကို ထင်ရှားအောင် ဖွဲ့ဆိုနည်း။ အဲဒါကို ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာလို့ ပညာရှိတွေက ခေါ်ကြတယ်။

ကြိယာ=ပြုမှုခြင်း...တဲ့။

နောက်...အမှတ် ၃ အမျိုးက...

(ဂ) ရှိနေသော ဂုဏ်အားဖြင့် ဖွဲ့လိုသောအရာကို ထင်ရှားအောင် ဖွဲ့ဆိုနည်း= အဲဒါကို ဂုဏ သဘာဝ ဝုတ္တိ အလင်္ကာလို့ ခေါ်ကြတယ်။

ဂုဏ=ဂုဏ်။

(ဃ) အထည်ဒြပ်အားဖြင့် ဖွဲ့လိုသောအရာကို ထင်ရှားလာအောင် ဖွဲ့ဆိုနည်း။ အဲဒါကို "ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာ"လို့ ခေါ်ကြတယ်။

ဒဗ္ဗ=ဒြပ်=အထည်ကိုယ်။

သမီးရေ...အဲဒီ လေးမျိုးအပြင် ပါဠိ အလင်္ကာကျမ်း အချို့က "နာမ သဘာဝ ဝုတ္တိ"အမည်အားဖြင့် ဖွဲ့လိုသောအရာကို ပေါ်လွင်ထင်ရှားအောင် ဖွဲ့ဆိုခြင်း ရယ်လို့လည်း ရှိသေးတယ်။

mgyoe.com

 mgyoe.com 

ဥပမာ...

ပီမိုးနင်း...ဆိုလျှင် စာရေးဆရာ အဖြစ်ဖြင့်သာ သိသူ များကြ သော်လည်း စင်စစ် စာရေးဆရာအဖြစ်သာ မဟုတ်သေးဘဲ ဆရာကြီး သည် ရုပ်ရှင်နယ်ဘက်သို့လည်း အစောဆုံး ဝင်ရောက်ခဲ့ဖူးသေး ကြောင်း သိရပေသည်။

ပီမိုးနင်း၏ နေညိုညိုဝတ္ထု ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေ သူ၏ မှတ်ချက်...

စာမျက်နှာ (၄)မှ...

အဲဒါအမည်ကို ထင်ရှားအောင် ရေးဖော်ပြပြီးမှ... ထိုပုဂ္ဂိုလ်ကြီးဂုဏ်ကို ထုတ်ဖော်ခြင်းပဲ။ နောက်တစ်ခု ကြည့်ပါဦး...

စာဖတ်သူများသည် ဇင်အောင်...ဆိုလျှင် သိရှိပြီး ဖြစ်ကြ သည်။ ကျွန်တော်များအနေနှင့် မိတ်ဆက်ပေးရန် လိုအပ်သည့် ကလောင်ပိုင်ရှင်လည်း မဟုတ်ပေ။

"ကျွန်ုပ် မုဆိုးကြီး အောင်ဇေယျသည်ကားဟုဆိုလျှင်" ဟူသော ဇင်အောင်ရေး ဝတ္ထု၏ အမှာမှ...

ကဲ...သမီးရေ...နာမည်ကို အကြောင်းပြုပြီး ရေးဖွဲ့လိုသောအရာကို ပေါ်လွင်အောင် ရေးဖွဲ့တာ မှန်သမျှ နာမ သဘာဝ ဝုတ္တိ အလင်္ကာလို့ မှတ်ထားလိုက်ရင် လုံလောက်ပါပြီ။ သုဗောဓလင်္ကာရကျမ်းမှာ ဖော်ပြတဲ့ ဥပမာကတော့...

ငါ့အမည်သည် အဖ၏ အမျိုးအမည်ကို စွဲ၍ မှည့်သည် လည်း မဟုတ်၊ အမိ၏ အမျိုးအမည်ကို လိုက်၍ မှည့်သည်လည်း မဟုတ်၊ မွေးသည့်နေရာ၊ မွေးသည့်အဖြစ်ကို စွဲ၍ မှည့်၏။

ဝဿဝိထိယာ၊ ကုန်သည်တို့၏ လမ်းအကြား၌၊ ဇာတော မွေး၏။ တသ္မာ၊ ထို့ကြောင့်။ ဝေဿန္တရော၊ ဝေဿန္တရာ မည်၏။ ဝါ... "ကုန်သည် လမ်းကြား၌ မွေးသူ"တည်း...တဲ့။

အဲဒါလည်း နာမည်ကို အကြောင်းပြုပြီး ရေးဖွဲ့ပြတာပဲ မဟုတ်လား။ မန်လည် ဆရာတော်ဘုရားကြီးရဲ့...

ပဒုမ၊ တုပကာ နင် မယောင်နဲ့၊ ဆင်ပြောင်ကို ခြင် ကောင်က ဝါးသော်လည်း၊ ယားရုံမျှ ဥပမာ...

mgyoe.com

မာန်မလုပ်ချင်ဘု၊ မာန်လုပ်လျှင် အလွယ်သာပ၊ ငယ် မည်မှာ
နကို သတ်ရုံပဲ။ နေရပ် ရွှေမန်လည်နှင့်...

သမီးရေ...အဲဒီ အရေးအဖွဲ့မျိုးတွေ မှန်သမျှ၊ နာမ သဘာဝ ဝုတ္တိ အလင်္ကာလို့ ခေါ်ဆိုနိုင်တာပေါ့။ ဥပမာ... "ဆင်ပြောင်ကို ခြင်ကောင်က ဝါးသော်လည်း" ဆိုတာမျိုးကျတော့ မျိုးရိုးနဲ့ ပေါ်လွင်အောင် ရေးဖွဲ့တာလို့လည်း ခေါ်နိုင်တယ်။ ဆင်...ဆိုတဲ့အမည်၊ ခြင်...ဆိုတဲ့ အမည်တွေကို အစွဲပြုပြီး ကွင်းခနဲ၊ ကွက်ခနဲ အကောင်အထည်ကြီးကိုပေါ်လာစေနိုင်တဲ့အတွက်ကြောင့် "အမည်ကို အစွဲပြု၍ ရေးဖွဲ့ခြင်း နာမ သဘာဝ ဝုတ္တိအလင်္ကာ"လို့လည်း ခေါ်နိုင်တာပေါ့။ သက္ကဋ အလင်္ကာကျမ်းတွေ အလိုအရ အဲဒီအမည်ကိုအစွဲပြုပြီး တိုက်ရိုက်ရေးဖွဲ့တဲ့ ရေးဖွဲ့ ခြင်းကို လွှတ်ထားခဲ့တယ်။ မျိုးရိုးအားဖြင့် မိမိဖွဲ့လိုသောအရာကို တိုက်ရိုက်ဖွဲ့ဆိုမှု... စတဲ့ အဖွဲ့တွေထဲမှာ အကျုံးဝင်လို့ပဲ။ ဖေဖေလည်းသက္ကဋကျမ်းတွေ အလိုအတိုင်း တိုက်ရိုက် ဖွဲ့ဆိုမှုကို လေးမျိုးပဲထားရင် လုံလောက်ပြီရယ်လို့ ကြိုက်နှစ်သက်မိတယ်လေ။

ကဲ...တိုက်ရိုက် ဖွဲ့ဆိုခြင်း လေးမျိုးကို ပြန်ကောက်လိုက်ကြဦးစို့...

(က) မျိုးရိုးအားဖြင့် မိမိ ဖွဲ့လိုသောအရာကို ထင်ရှားအောင် ဖွဲ့ဆိုတဲ့ တိုက်ရိုက်ဖွဲ့ဆိုနည်း။

"ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာ"

ဖွဲ့နည်းရဲ့ အမည်ကြောင့်ပဲ သမီး နားရှုပ်နိုင်တယ်။ ဒီဖွဲ့သီနည်းဟာ ကုလားပဲ၊ ဗမာပဲ၊ အင်္ဂလိပ်ပဲ၊ ပြင်သစ်ပဲ၊ ဥသြပဲ၊ ကျီးပဲ...စတဲ့ သတ္တဝါတို့ရဲ့ မျိုးရိုး၊ အရာဝတ္ထုတို့ရဲ့ အမျိုးအစား စသည်တို့ကို ဖော်ပြရုံနဲ့ မိမိ ဖွဲ့လိုသောအရာကို၊ အကြောင်းကို ထင်းခနဲပေါ်လာအောင် ရေးဖွဲ့ခြင်းဆိုရင် မမှားဘူး။ ဒီနေရာမှာ အမျိုးအစားကို ဖော်ပြကြရတဲ့အတွက် အမည်ကိုလည်း အစွဲပြုပြီး ဖွဲ့သီနိုင်လို့ အလိုအလျောက် "နာမ သဘာဝ ဝုတ္တိအလင်္ကာ"လည်း ဖြစ်သွားနိုင်တယ်။ အဲဒီ ဖွဲ့သီနည်းကို ကာဗျာဒသ အလင်္ကာကျမ်းကဘယ်လို ပုံစံ ထုတ်ပြသလဲဆိုတော့...

ရဲရဲနီ၍ စဉ်းငယ် ကောက်ကွေးသည့် နှုတ်သီးရှိသော၊ စိမ်း၍
နူးညံ့သည့် အတောင်ရှိကုန်သော၊ စိမ်း၊ နီ၊ ဝါဖျော့ သုံးပါးသော
အဆင်းရှိသည့် လည် အရေးရှိသော ကြက်တူရွေး ငှက်...

ကျေးငှက် (ကြက်တူရွေး)တို့၏ မျိုးရိုးအသွင်ကို ပေါ်စေသောကြောင့် ဇာတိသဘာဝ ဝုတ္တိ အလင်္ကာမြောက်တဲ့ အဖွဲ့ရယ်လို့ ပညာရှိတွေက သတ်မှတ်ထားကြ

တယ်ကွဲ့...

ဒီနေရာမှာ ဖေဖေ့ ထင်မြင်ချက်တစ်ခု ဖော်ပြရမယ်ဆိုရင် မျိုးရိုးကိုပြ၍ ဒါမှမဟုတ်၊ အမျိုးအစားကို ခွဲခြား ပြပြီးဖွဲ့မှ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာ မြောက်တယ်လို့ချည်း တထစ်ချ မသတ်မှတ်ချင်ဘူး။ တစ်ခါတစ်ရံ ဝေခွဲခြင်း မပြုနိုင်တာကို ဖွဲ့ဆိုပြခြင်းနဲ့လည်း ဇာတိကို (အမျိုးအစားကို) ပေါ်စေနိုင်တယ်လို့ ဖေဖေ ယူဆတယ်။

ဆိုကြပါစို့ကွယ်...၊ စာဆိုတော်ကြီး ဦးပုညဟာ ဝိဇယပြဇာတ်ထဲမှာ...

သမုဒ္ဒရာ ကမ်းယံက လာခဲ့၊ ကန္တာကွန်းထောက် မော်စွန်း
ကွယ် ကျွန်းလယ်သို့ ရောက်ပြီထင့်၊ နှင်းသောက်တဲ့မြိုင်၊ ညွှာသွယ်
ဆင့်တန်း၊ နာမည်ဖြင့် ဆန်းပေလိမ့် ဘယ်ပန်းခိုင်လို့ သိနိုင် တတ်ပြီ။
မင့်တချို့၊ ငုံတချို့နဲ့ မှုန်လို့စီ ရာသီလင့်ဟန် ရှိကြတယ်။

ဒီအဖွဲ့မှာဆိုရင် စာဆိုတော်ဟာ မင့်တချို့၊ ငုံတချို့နဲ့ ရာသီလင့်နေဟန် ရှိကြတဲ့ အသွင်ပေါ်မှာ တည်ပြီး ပန်းဆိုတဲ့ အမျိုးအစားကို ဖွဲ့ထားတာပဲ။ ဒီနေရာမှာ မင့်တချို့၊ ငုံတချို့ ဖြစ်နေတာဟာ ဟင်းရံကဒေါက် စတဲ့ ငုံနိုင်၊ ဖူးနိုင်တဲ့ ဟင်း ရွက်မျိုး မဟုတ်ဘူး။ ပန်းမျိုးဆိုတာ ပေါ်ဝ ယ်။ "ဘယ်ပန်းခိုင်လို့ သိနိုင်တတ်ပြီ" ဆိုတဲ့ စကားတစ်လုံးနဲ့ ပန်းရဲ့သဘာဝနဲ့ ပန်းရဲ့အမျိုးကို ပေါ်လွင်အောင် ဖွဲ့ဆိုခြင်း ဖြစ်လို့ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာမြောက်တယ်။ မျိုးရိုးအားဖြင့်၊ အမျိုးအစား အားဖြင့် ဖော်ပြလိုက်ခြင်းဖြင့် ဖွဲ့လိုသောအရာကို ထင်းခနဲ ထင်လာ၊ မြင်လာအောင် ဖွဲ့နိုင်ခြင်းဖြစ်လို့ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာမြောက်တယ်လို့ ဖေဖေ ထင်တာပဲ။

ဒါပေမဲ့ စာဆိုက ပန်းမျိုးလို့သာ သိစေခဲ့တယ်။ ဘယ်လို ပန်းမျိုးလဲ၊ ဇီဇဝါ မျိုးလား၊ ဇလပ်မျိုးလား၊ နှင်းဆီမျိုး၊ စံပယ်မျိုးလားလို့ မခွဲခြားခဲ့ဘူး။ မခွဲခြားနိုင်ပြီ၊ မသိနိုင်တတ်ပြီ...တဲ့။ ။ဒီလို စာဖတ် ပရိသတ်ကို အသိခက်အောင်၊ အပြည့်အစုံ မသိစေ အောင် ပြုတဲ့၊ ရေးတဲ့အတွက် ဒီစာကို "ဝိသေသနပေက္ခ ဒေါသ=ထည့်သင့်သော ညွှန်ပြ ချက် လိုသည့်အပြစ်" မဖြစ်စေနိုင်ဘူး။ မဖြစ်နိုင်တဲ့အပြင် ဂုဏ်တောင် မြောက်နေသေးတယ် သမီး...

စာဆိုတော်ဟာ ဒီနည်းအတိုင်းပဲ ငှက်မျိုး၊ သားမျိုးတို့ကိုလည်း ရေးဖွဲ့ခဲ့တယ်။

"ယူသယ်ဝတ်ရက် လေချိုသိမ်းဖွဲ့ စိမ်းလဲ့လဲ့နှင့် နွဲ့ပန်း ခက်မှာ
ငှက်ဖြင့်ငှက်ပဲ၊ သာရကာလား၊ တမာလား၊ ဘွဲ့ခြားလို့ ခွဲနိုင်ဘူး..."

သမီး ဖတ်ပြီးတဲ့အခါမှာ ဝတ်ရက်တွေ ယူသယ်နေတယ်ဆိုလို့ လိပ်ပြာလား၊

mgyoe.com

mgyoe.com

ပိတုံးလားလို့ အထင်မမှားဘဲ ငှက်မျိုးတွေထဲကဆိုတာ သိတယ် မဟုတ်လား။ ဒီ နေရာမှာ စာဆိုဟာ ငှက်ကလေးတွေ ပန်းဝတ်ရက်ချွေ ဆိတ်နေကြတာနဲ့ တွဲစပ်ပြီး ဖော်ထားတဲ့ အတွက်ကြောင့် "ပြုမူခြင်းအားဖြင့် ဖွဲ့လိုသောအရာကို ထင်ရှားအောင်၊ ပေါ်လွင်အောင် တိုက်ရိုက် ဖွဲ့ဆိုနည်း"ဆိုတဲ့ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာရော၊ မျိုးရိုးအားဖြင့် ဖွဲ့လိုသော အရာကိုထင်ရှားအောင် တိုက်ရိုက်ဖွဲ့ဆိုနည်းဆိုတဲ့ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာရော နှစ်ခုလုံးနဲ့ အသုံးပြုထားတယ်ဆိုတာ သမီး တွေ့ရလိမ့်မယ်။ နောက်တစ်ခု သားကောင်ကို ဖွဲ့တာကြည့်ဦး...

ပယ်တစ်ကွင်းစာ လယ်ခင်းသာမှာ စာမရိလို၊ ဇေဓါလို
ကိုယ်ခပ်ဖိုင့်ဖိုင့် ခရာပိုပို၊ ဘာလိုလို ချိုဝိုင့်ဝိုင့်နှင့် ဂနိုင့်ကျက်သရေ
မြက်ခင်းလဲ့လဲ့ နှင်းတွဲ့တွဲ့မှာ သင်းဖွဲ့လို့ နေကြတယ်။

ကဲ...မြက်ခင်းပြင်ကြီးမှာ နေကြတဲ့ အကောင်တွေဟာ ငှက်ကြီးဒုံးစပ်ကြီးတွေ၊ ကြိုးကြာကြီးတွေ မဟုတ်ဘူး။ သားကောင်တွေ၊ သားမျိုးတွေဆိုတာ စာဆိုက သိအောင် ဖော်ထားလေရဲ့... "ကိုယ် ခပ်ဖိုင့်ဖိုင့်၊ ခရာပိုပို ဘာလိုလို ချိုဝိုင့်ဝိုင့်နှင့်..."ဆိုတဲ့ အကောင် အထည် ကိုယ်ကြီးကိုပါ ထည့်သွင်းပြီး စာဖတ်သူတွေကို ကွင်းခနဲ၊ ထင်းခနဲ မြင်လာ၊ သိလာအောင် ပြနိုင်၊ ရေးနိုင်ခဲ့တဲ့အတွက်ကြောင့် "အထည်ကိုယ်ဒြပ်အားဖြင့် ဖွဲ့လိုသော အရာကို ထင်ရှားအောင် ဖွဲ့ဆိုခြင်း"ဆိုတဲ့ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာလည်း မြောက်နိုင် သေးရဲ့ကွဲ့။

ဖေဖေတို့ ဝတ္ထုရေးစားတဲ့ လူတွေအတွက် အခုလို ထင်ရှားအောင် ဖွဲ့ဆိုတဲ့ တိုက်ရိုက်ဖွဲ့ဆိုနည်းတွေဟာ အတော်ကလေးအသုံးဝင်တဲ့ ဖွဲ့ဆိုနည်းမျိုးတွေ ဖြစ်တယ် ကွဲ့။ မျိုးရိုးနဲ့၊ အမျိုးအစားနဲ့ဖော်ဖော်၊ အကောင်အထည်နဲ့ဖော်ဖော်၊ အပြုအမူနဲ့ဖော်ဖော်၊ အရာဝတ္ထုမှာရှိတဲ့ ချီးကျူးစရာ ဂုဏ်နဲ့ဖော်ဖော်၊ ဖော်ချင်တာနဲ့ဖော် စာဖတ်သူတွေရဲ့ နှလုံးသားထဲမှာ မျက်ခနဲ ထင်လာ၊ မြင်လာဖို့ပဲ အရေးကြီးတယ်။ အမြဲတမ်းလိုလိုလည်း အသုံးပြုနေရတယ်။ ပုံစံတစ်ခု ပြရမယ်ဆိုရင် အရက်ဈေးဆိုတဲ့ ဝတ္ထုထဲမှာ တောင်တန်း သူ ရှမ်းမအပျိုကလေးတွေကို ရေးဖွဲ့စဉ်က...

"စိန်လုံကဘားရွာသည် ကြက်ဥလည်း ပေါ၏။ အပျို လည်း
ချော၏။

ပါးအို့ကလေးတွေ သွေးခြည်ဖြာလျက် နှုတ်ခမ်းကလေးတွေ
နီတျာတျာ ရဲနေကြသော ဝါးပိုးမျှစ်စို့နှင့်တူသည့် အပျိုမကလေးများ...

mgyoe.com

mgyoe.com

ဟွပ်ကဲ့ရှင်...

ဘာယူအိုးမာလဲ ရှင့်...

ဆိဘာဒယ် ရှင့်၊ ကိုကျီး...

ဟု မပီကလာ ပီကလာနှင့် ဈေးရောင်းနေသည်ကို ကြည့်ရသည်မှာ ပြည်မသားတို့အဖို့ စိတ်သစ်လူသစ်ဖြစ်လျက် ရွှင်လန်းလာစေ၏။

မျက်လုံးကလေး ရီရီနှင့် ပါးအို့ကလေးတွေ နီနေကြသော စိန်လုံကဘားရွာရှိ အပျိုမကလေးများကို ခွဲလျက် ခရီးတစ်ထောက်ဆက်လိုက်ကြပြီးနောက် မြေပြန့်သို့ ရောက်သောအခါ လွယ်လွယ်ဟူသော ရွာသို့ ရောက်ရှိခဲ့ကြသည်။

လွယ်လွယ်ရွာသို့ ရောက်သောအခါ ကြက်ခေါင်းတောင်ပေါ်တွင် ဘုရားပွဲ စလျက်ရှိလေပြီ။ ဈေးတန်းကြီးမှာ စည်ကားလှ၏။ မိန်းမကောင်းမှန် ပန်းပန်တစ်ပွင့်ဟူသော စကားသည် ထိုအရပ်ရှိ ရှမ်းမ အပျိုချောကလေးများအတွက် ရည်ရွယ်ထားသော စကားဖြစ်လေသလောဟု ထင်မှတ်ကြရသည်။ ရှမ်းမအပျိုချောကလေးသည် ဆံပင်နှင့် ခွဲမရသော အတွန့်ငယ်များပါသည့် ပိတ်အနက်နှင့် ဆံထုံးပုံ့ပုံ့ကလေးများကို ရစ်ပတ်ထားကြသည်။

ဆံထုံး၏ လက်ယာဘက် နဖူးစပ်တွင် ရှေ့တည့်တည့်သို့ လှ၍ တစ်ပွင့်တည်းသော ပန်းကလေးမျိုးကို ပန်ထားတတ်ကြသည်။

ပန်းပွင့်ကလေးများသည် မျက်နှာ၏အလှနှင့် နှိုင်းယှဉ်ပြထားသကဲ့သို့ရှိရာ ပန်းပွင့်ကလေးက လှလေသလား၊ မျက်နှာကလေးက လှလေသလား ခွဲခြားရန် ခဲယဉ်း၏။

အများအပြားသော ရှမ်းအပျိုမကလေးတို့၏ မျက်နှာသည် ၎င်းတို့ ပန်ဆင်ထားကြသော အသွေးအရောင် လတ်ဆတ်သည့် ပန်းကလေးများထက်ပင် နုဖတ်စိုပြည်ကြပေသေးသည်။

ပန်းပန်ထားသော မိန်းကလေးများကား ပိုင်ရှင်မရှိသေးသော မိန်းကလေးများ ဖြစ်ကြသည်။ ပိုင်ရှင်ရှိပြီးသူ၊ အိမ်ထောင်ကျပြီးသူများကား ပန်းပန်လေ့ မရှိကြပေ။

mgyoe.com

mgyoe.com

ပန်းပန်ထားသည့် အပျိုမကလေးများသည် တုတ်စိုကြွားဝင့်သည့် ကိုယ်လုံးကိုယ်ထည်ကြီးများနှင့် သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ ဘုရားပွဲဈေးတန်းသို့ လမ်းသလားလျက် ရှိကြသည်မှာ အောက်ရပ်အောက်ရွာ ဘုန်းကြီးပျံပွဲများတွင် တွေ့ကြရသော ကာလသားကြီးများနှင့် တူလှပေသေး၏။

အဲဒါပဲ သမီး၊ အဲဒါဟာ "ရဲရဲနီ၍ စဉ်းငယ်ကောက်ကွေးသည့် နှုတ်သီး ရှိသော"လို့ ကျေးငှက်ကို ဖော်ပြသလို၊ "ဆံထုံး၏ လက်ယာဘက် နဖူးစပ်တွင် ရှေ့တည့်တည့်သို့ လု၍ တစ်ပွင့်တည်းသော ပန်းကလေးမျိုးကို ပန်ထားတတ်ကြသည့်" ရှမ်းအပျိုမကလေးများကို ဖွဲ့ပြတာပဲ။ ဒါဟာ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာမြောက်တယ်လို့ ဖေဖေထင်တာပဲ။

ဒီ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာကို အလင်္ကာရဲ့ နာမည်က မှန်လွန်း အားကြီးတဲ့အခေါ်အသုံးနဲ့ နှိပ်စက်ထားတာကြောင့် တချို့ရေးဖွဲ့တတ်လိုသူ (သုတေသီ) တွေဟာ ထင်ယောင်ထင်မှား ဖြစ်ကုန်ကြလေရဲ့။ လူတွေ၊ သတ္တဝါတွေရဲ့ မျိုးရိုးကို ဖွဲ့မှသာ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာမြောက်တယ်လို့ ထင်မှားနေကြလေရဲ့...

အဲဒီလို မဟုတ်ဘူး သမီး၊ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာဆိုတာ သမီး ဖွဲ့ချင်တဲ့ အကြောင်းအရာ ဘာကိုမဆို သက်ရှိသော၊ သက်မဲ့သော တွေ့တွေ့သမျှ အရာ+အကောင် မှန်သမျှ "နန်းဇာတိ ရုပ်ပုံ" ပေါ်လာအောင် သမီး ရေးဖွဲ့နိုင်ရင် ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာ မြောက်တာပဲ။

ဖေဖေတို့ ဗမာစကားတွေက ပါဠိ စကားတွေနဲ့ ဖြစ်ကတတ်ဆန်း ရောစွက်နေလေတော့ "မျိုးရိုး"ပေါ်လာအောင်ဖွဲ့လို့ ပြောလိုက်၊ ရေးလိုက်တာကို သမီး ပိုပြီး သဘောပေါက်လွယ်မှာပဲ။

ဒီတော့ကာ အကယ်လို့ သမီး ရေးဖွဲ့စွမ်းမယ်ဆိုရင် မိုးသားတွေ ကျူးတဲ့ တပေါင်း၊ တန်ခူးလဆီမှာ လေရူးကလေးက အနောက်တောင်ဘက်ကို ယမ်းပြီး ကင်းစမ်းလေကလေးနဲ့အတူ မိုးသားတိမ်လိပ်တွေ ဘယ်လို စပြီး တက်လာကြတယ်ဆိုတာ ပေါ်အောင်ရေး၊ အဲဒါလည်း ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာ မြောက်နိုင်တာပဲ။

တချို့က မျိုးရိုးဆိုလို့ အမျိုးပါအောင် ဖွဲ့မှ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာ မြောက်ကြတယ်လို့ ထင်မှတ်မှားကြတယ်။ ဥပမာ... ရွှေတောင်နန္ဒသူ ရေးတဲ့ မွေ့နှန်း ရကန်ထဲက...

mgyoe.com

mgyoe.com

ယဉ်မျက်လုံးတော် အာနုဘော်ကို မျှော်၍စိုက်လှည့်၊ မိန်းဆင်ကြည့်သည့်နှယ်၊ တည့်တည့်လည်းမရှု၊ သျှိုပေါင်းစုသည့် မျက်နှာကို...

ဝေရဟာ မာလိင်ဖြူ၊ ဇူရပှာတ် နာရကတ်ကယ်တို့၊ ရပ်တည့်၍ပြီးလျှင်၊ ယောင်တိယောင်တ၊ ပျာကရာလာ၊ သဘော်စီးမျိုး၊ သိုးဆောင်းလူနီ၊ ဘရင်ဂျီတို့၊ မှန်စီနန်းမ၊ ပြတင်းဝမှာ၊ လှနားသတ်ကယ်ကို၊ တလတ်ကယ် မြင်တည့်ရာတွင်...

ဥပမာကို ဆိုလိုက်လျှင် ထိကရုံးပင် လန်းလန်းရှင်ကို၊ ကြည့်ချင်လှလို့ လက်နှင့်တို့သည့်နှယ်၊ ကိုယ်နှလုံးကို၊ ဆုံးဆ ဝေခွဲ၊ နိုင်ပြိုပဲမို့၊ ဝဲလို့ဝဲလို့၊ အချွဲများ ဆို့သည့်နှယ်၊ အချို့က သေဖောင်သည်။

ဘရင်ဂျီဒါန်ထပ်၊ ဝေရဟတ်ကယ်တို့၊ မအပ်မရာ၊ သိုးပါလူပါ၊ ဟေရမာရီ၊ အရမဏီ၊ ခရာသီတို့၊ ဘန်တီဘန်တွတ်၊ ရေရွှတ်စုံစီ၊ ဒီတက်လို့ စက်ငင်ကြပြီး၊ ထင်ကြသလို၊ ဘရင်ဂျီ လူတုတ်ကြီး၊ မုတ်ဆိတ်မွေး ဖွားစည်ကို၊ ခရာသီဆွဲ၍၊ လဲသူတမျိုး၊ ကျွမ်းထိုးသူတသွယ်၊ ကိုးကွယ်ရာမမြင်၊ ထင်ကြသူ အလွဲလွဲ၊ စွဲမိသူ အထူးထူး၊ နဖူးကိုမြင်သူ၊ ဘရာဘူဗြောင်းဆန်၊ လည်တံကို မြင်သူ၊ မျက်ဖြူဆိုက်ပြား၊ သွားပါးကိုမြင်သူ၊ ပင့်သက်ရှူအော့အန်၊ ကျွမ်းပြန်၍တစောင်း၊ လက်မောင်းနှင့် ရင်ဘတ်၊ တပ်တပ်မြင်သူ၊ ကုလားဖြူများ၊ ဘားစီခုန်၍၊ ဗလုံထိုးသူထိုး၊ သိုးများကို ကိုက်သူကိုက်၊ ရိုက်မိသူရိုက်မိ၊ ရှိရင်းဦးထုပ် ကို၊ မဟုတ်သည့်အနေမှာ၊ ရှာဖွေ၍စွပ်ထဲ့၊ တရွှတ်နေကရွှတ်ခွေ၊ ရွှေနန်းတော်တွင်း၊ မြေတလင်း သဲဖုတ်မှာ၊ ကုန်ထုပ်နှင့်ကုလား၊ ဘားမျက်ဆန်လည်၊ မတည်ရပ်နိုင်။

အဲဒီလို ရေးဖွဲ့နည်းမျိုး၊ ကုလားတွေကို မျိုးရိုးနဲ့ ပုံဟန်ပါ ပေါ်လာအောင်၊ ကုလားစော် နံလာအောင် ရေးဖွဲ့တဲ့ ရေးဖွဲ့နည်းမျိုး။ အဲဒီ ရေးဖွဲ့နည်းမျိုးမှ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာလို့ ယူဆနေကြတယ်ကွဲ့...

ရွှေတောင်နန္ဒသူဟာ လေသာပြတင်းဝမှာ ရပ်နေတဲ့ မွေ့နှန်းမင်းသမီးကို ကုလားတွေက လှမ်းမြင်မိလိုက်တာနဲ့ သဘော်ပေါ်မှာ ဗြောင်းဆန်ပြီး ရတ်ရက်ခတ်သွားပုံကို ရေးတဲ့အခါမှာ ဖေဖေ့နားထဲမှာ အသံဗလံတွေ ကြားလာရတယ်။ မုတ်ဆိတ်ဖားကြီးနဲ့

mgyoe.com

mgyoe.com

ကုလားကြီးတွေကို မျက်စိထဲမှာမြင်ပြီး ဖေဖေ့ နှာခေါင်းထဲမှာ ကုလားစော် နံလာတဲ့အထိ ရေးဖွဲ့နိုင်စွမ်းသူဖြစ်ကြောင်း ဖေဖေ ဝန်ခံ ဂုဏ်ပြုပါတယ်။ တကယ်တော့ ရွှေတောင်နန္ဒသူ ဟာ ဖေဖေတို့ရဲ့ ဘုရားတစ်ဆူလောက် အထင်ရောက်နေတဲ့ ရာမရကန် ဦးတိုးက ဦးညွှတ် အတုယူရတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဒီပုဂ္ဂိုလ်ကြီးက ရေးတဲ့စာတွေဟာ ကောင်းပါတယ်။ ဒါပေမဲ့ ဒီပုဂ္ဂိုလ်ကြီး ရေးသလို...

ဘရင်ဂျီဒါန်ထပ်၊ ဝေရဟတ်ကယ်တို့၊ မအပ်မရာ၊ သိုးပါ လူပါ၊ ဟေရမာရီ၊ အာရမဏီ၊ ခရာသီတို့၊ ဘန်တီဘန်တွတ်၊ ရေရွတ် စုံစီ...

ဘရင်ဂျီ လူတုတ်ကြီး၊ မုတ်ဆိတ်မွေး ဖွားစည်ကို၊ ခရာ သီဆွဲ၍၊ လဲသူတစ်မျိုး...

စတဲ့ ပုံပန်းတွေပေါ်အောင်ရေးမှ တကယ့် မျိုးရိုးဇာတိ ပေါ်နိုင်ပြီး ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာမြောက်တယ်လို့ ယူဆကြရင် ဖေဖေကတော့ မသင့်ဘူး ထင်တာပဲ။

ဇာတိ သဘာဝဝုတ္တိအလင်္ကာဆိုတာ မျိုးရိုးကို ထုတ်ဖော်ရေးသား သီဖွဲ့တာ မဟုတ်ဘူး။ "ဤအရာသည် မည်သည့်အရာ ဖြစ်သည်"လို့ အရာဝတ္ထုကိုဖြစ်စေ၊ အကောင် အထည်ကိုဖြစ်စေ၊ အကြောင်းအရာကိုဖြစ်စေ စာဖတ်သူတွေရဲ့ မျက်စိထဲမှာ မြင်လာအောင်၊ နားထဲမှာ ကြားလာအောင်၊ နှာခေါင်းထဲမှာ နံလာအောင်၊ နှလုံးသားထဲမှာ ထိခိုက်လာ အောင်၊ စိတ်ထဲမှာ တွေးတောလာရအောင်၊ တိုက်ရိုက် ရေးဖွဲ့ ပြနိုင်ရင် အဲဒီ ရေးဖွဲ့ထားတဲ့ စာဟာ ဇာတိ သဘာဝ ဝုတ္တိ အလင်္ကာမြောက်တဲ့ စာပဲ သမီး။

ဒါ့ကြောင့် ကာဗျပကာသကျမ်းတို့၊ သာဟိတျဒပ္ပဏကျမ်းတို့က သဘာဝ ဝုတ္တိ အလင်္ကာကို အမျိုးမျိုး မခွဲဘူး။ ဘယ်လိုပဲရေးရေး ရေးဖွဲ့လိုက်သူက တိုက်ရိုက် ရေးဖွဲ့ပြ လိုက်တဲ့အရာကို စာဖတ်သူရဲ့စိတ်အသိထဲမှာ ထင်းခနဲ၊ ကွင်းခနဲ ပေါ်လာ၊ မြင်လာ၊ သိလာရင် သဘာဝဝုတ္တိအလင်္ကာချည်းပဲလို့ တစ်မျိုးတစ်စားတည်းသာ ဖော်ပြထားကြ တယ်ကွဲ့။

သရဿတီကဏ္ဍာဘရဏကျမ်း ဆရာကျတော့လည်း အမျိုးတွေ အများချည်း ခွဲပစ်လိုက်ပြန်ရော...၊ သုဗောဓလင်္ကာရကျမ်းကျတော့ ငါးမျိုး ခွဲတယ်၊ အခု ဖေဖေ ယူဆ တာကတော့ ကဗျာဒသ ကျမ်းအလိုပဲ။ ဒါ့ကြောင့် လေးမျိုး ခွဲထားတာ၊ အဲဒီတော့ သမီး သိထားရမှာက အခုလို တိုက်ရိုက်ဖွဲ့ဆိုတဲ့နည်းနဲ့ ဖွဲ့ဆိုတဲ့အခါမှာ လေးမျိုးပဲဖွဲ့ဖွဲ့၊ ငါးမျိုးပဲ ဖွဲ့ဖွဲ့၊ တစ်မျိုးတည်းပဲဖွဲ့ဖွဲ့ မိမိဖွဲ့ထားတာကို မိမိဖွဲ့သီပြတဲ့ အရာကို၊ အကြောင်းကို

mgyoe.com

mgyoe.com

စာဖတ်သူတွေရဲ့ မျက်လုံးထဲမှာ ကွင်းခနဲမြင်ရင်၊ ရင်ထဲ လှုပ်ခနဲဖြစ်ပြီး စိတ်ထဲမှာ ထင်းခနဲ ပေါ်လာရင် အဲဒီ အရေးအဖွဲ့ဟာ သဘာဝဝုတ္တိအလင်္ကာ မြောက်တယ်လို့ လှည့်ခေါ်နိုင်တာပဲ။ ကဲ…နောက်တစ်မျိုးကို ဆက်ကြဦးစို့…

အပြုအမူကို ဖော်ပြခြင်းဖြင့် မိမိ သိစေလိုသောအကြောင်း၊ အကောင်၊ အရာဝတ္ထုတို့ကို ကွင်းခနဲ၊ ထင်းခနဲ မြင်လာ၊ သိလာအောင် သီကုံးဖွဲ့ဆိုမှု။ ။ ဒီလို ဖွဲ့ဆိုခြင်းကို "ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာ"လို့ ပညာရှိများက ခေါ်ဝေါ် သုံးစွဲကြတယ်။ ဖွဲ့နည်းပုံစံကို ကာဗျဒသကျမ်းက အောက်ပါအတိုင်း ပြဆိုထား လေရဲ့…

ညင်ညင်သာသာ မြည်သောအသံဖြင့် ပြည့်သည့် လည်ပင်းဖြင့် အမှတ်ပြုအပ်သော၊ လည်နေသည့် မျက်စိရှိသော၊ မြူးထူးပျော်ပါးလိုခြင်းကြောင့် ရစ်ဝဲ၍ ခင်ပွန်းမကို ကျီစယ်ဟန်ဖြင့် စုတ်ဆိတ်နေသော ငှက်…

အဲဒါ ခိုငှက်ကို မြင်ရပုံဖော်ပြထားတဲ့ စံပြအဖွဲ့တစ်ခုပဲ။ သမီးအဖို့ အဲဒီလို ကျမ်းဂန်ဆန်တဲ့ အသုံးအနှုန်းတွေကို သိပ်ပြီး နားလည်လိမ့်မယ် မထင်ဘူး။ ဒါ့ကြောင့် သမီး နားလည်နိုင်မယ့် ပုံစံတစ်ခုကို ထုတ်ပြမယ်။

ဆရာကြီး သခင်ဘသောင်းရေး နဂါးနီတိုက်ထုတ် ပန်းသာမစာအုံ ပထမတွဲ စာမျက်နှာ ၃၈ ကို လှန်ကြည့်လိုက်…

ဆရာကြီးရဲ့ ဝတ္ထုထဲက အရေးကြီးတဲ့ ပင်ရင်း ဇာတ်ကောင်တစ်ယောက် ဖြစ်တဲ့ မစာအုံဆိုတဲ့ အပျိုမကလေး အုံဟာ အလှူရှင် လောင်းလှည့်ရာမှာ ရွာထဲက အပျိုဖော်တွေနဲ့အတူ ကွမ်းတောင်းကိုင်ပြီး လိုက်သွားခဲ့တယ်။

ရှင်လောင်းလှည့်တဲ့သူတွေဟာ ရွာ့ပြင်က ညောင်ပင်ကြီးရှိရာကို သွားပြီး ရှင်လောင်းသုံးပါးကို နတ်ပြကြတယ်။ အဲ့ဒီကပြန်တော့ တောင်ကျောင်း ဘုန်းကြီးဆီကို အကန်တော့ဝင်ဖို့ အသွားမှာ အုံလိုပဲ ကွမ်းတောင်းကိုင်ပြီး အုံရဲ့ဆားက ဆားချင်းယှဉ်လျက် ပါလာတဲ့ အုံနဲ့ရွယ်တူ အပျိုဖော်ကလေးက အုံကို တံတောင်နဲ့ တွက်ပြီး တစ်ဖက်ကို မေးငေါ့ပြလိုက်တယ်။ ။အဲဒီနေရာမှာ ဆရာကြီးသခင်ဘသောင်းက ဘယ်လို ရေးဖွဲ့လိုက်သလဲဆိုတော့…

"ဟော့…အုံရေ၊ ဟိုမယ် ကိုယ်တို့အဖေ ဒီနေ့ ဘာဖြစ်လာလဲ ဟော့၊ ကြည့်စမ်း…လှည်းကြီး၊ ဘာကြီးနဲ့…"ဆို၍… ပေါင်းမိုးမပါသော လှည်းပေါ်တွင် လှည်းနောက်မြီးဘက်သို့ ခေါင်းထား၍ လက်နှစ်ဖက်

mgyoe.com

mgyoe.com

ကိုယှက်ကာ ခေါင်းအုံးလျက် ညာဘက်ဒူးကို ဘယ်ဘက် မကွေးတကွေး ဒူးပေါ်တွင်ချိတ်၍ မျက်စိကို မပွင့်တပွင့်ထားကာ မှိန်းပြီးလျှင် ပါးစပ်က... "ပတ္တမြားမှန်ရင်ဗျာ နွံမှာ နစ်စေတော့၊ အို...ပတ္တမြားမှန်ရင်ဗျာ နွံမှာနစ်စေတော့..."ဟူသော သီချင်းကို သီဆို၍လာသော ဦးပန်းအောင်ဘက်သို့ မေးငေါ့၍ ပြလေသည်။

အုသည် သူ့အဖေ ဦးပန်းအောင်၏ မူမမှန်သောအဖြစ်ကို မြင်သောအခါ မျက်နှာပျက်၍ သွားပြီးလျှင်...တဲ့။

ကဲ...သမီး၊ အဲဒီစာပိုဒ်ဖတ်လိုက်တော့ သမီး စိတ်ထဲမှာ ဘယ်လို သိလိုက်သလဲ။

ဆရာကြီး သခင်ဘသောင်းက အုရဲ့အဖေ လှည်းကြီး၊ ဘာကြီးစီးပြီး သီချင်းကလေး တအေးအေး ဖြစ်လာပုံကို ဖွဲ့ပြလိုက်တာပဲ။ အဲဒီ အပြုအမူလေးကို ဖွဲ့ပြလိုက်တာနဲ့ အဘိုးကြီး ထရေ (ထန်းရည်) မူးလာပြီး မစီးလာစဖူး လှည်းတွေ၊ ဘာတွေ စီးလာတာပဲ ဆိုတဲ့အဖြစ်ကို မျက်စိထဲမှာ မြင်လာတာပဲ မဟုတ်လား။ အဲဒါဟာ ပြုမူခြင်းအားဖြင့် ဖွဲ့လိုသော (ထရေ မူးလာသည့် အဘိုးကြီး)အကြောင်းကို ဖွဲ့သီ ပြလိုက်ခြင်းပေါ့။

သမီးအတွက် နောက်ပုံစံတစ်ခု ထုတ်ပြဦးမယ်၊ အဖွဲ့အနွဲ့မပါဘဲ ဖေဖေ အကြမ်းရေးခဲ့ပြီး မပြုမပြင်နဲ့ ထုတ်ဝေဖြစ်သွားရတဲ့ "နှင်းနု"ဆိုတဲ့ ဝတ္ထုထဲကပဲ...

ကဲ...သမီး ဖတ်ကြည့်စမ်း...

"ခဏမျှ ငြိမ်သက် တိတ်ဆိတ်စွာ လျှောက်လာပြီးမှ နှင်းနုက ဘမင်းရှေ့မှ ကာဆီးကာဆီးရပ်လျက် 'အစ်ကိုကြီး'ဟု သံပြတ်နှင့် ခေါ်၏။ ဘမင်းက ရပ်၍ 'ဘာလဲ...'ဟု ထူးရင်း နှင်းနုကို ကြည့်၏။ နှင်းနုက မျက်လွှာချလိုက်သည်။ ထို့နောက် မပွင့်တပွင့် ပြော၏။

"ကျွန်မ အစ်ကိုကြီးကို အစ်ကိုကြီး...လို့ မခေါ်ချင်တော့ဘူး"

ဘမင်းက နှင်းနုကို အတန်ကြာ တွေ၍ ကြည့်နေရာမှ...

"ကဲ...အစ်ကိုကြီးလို့ မခေါ်ချင်ရင် အဖေကြီးလို့ခေါ်ဟာ" ဟု ပြောရင်း ဆက်လျှောက်သည်။ နှင်းနုက သဘောမကျနိုင်ဘဲ "ဟင့်အင်း...ဟင့်အင်း"နှင့် လိုက်လာခဲ့ရာမှ ဘမင်း၏ ရှေ့မှနေ၍ ဘမင်း၏ရင်ဘတ်ကို တဖြည်းဖြည်းခေါင်းဖြင့် မှီမှန်းမသိ မှီကာ

mgyoe.com

mgyoe.com

ဘမင်းကို လုံးလုံး ပြန်မကြည့်ဘဲ...

"ဟောဒီလမ်းဟာလေ ဟို...တောနက်ကြီး ရောက်သွားပြီး ဘယ်တော့မှ မဆုံးရင် ကောင်းမှာပဲနော်"

ဘမင်းသည် နှင်းနု ဦးခေါင်းကို တစ်ချက် ငုံ့ကြည့်ရင်း ရယ်လိုက်သည်။ နှင်းနုသည် ဘမင်းကို လုံးလုံး လှည့်မကြည့်ဘဲ ဘမင်း ရင်ဘတ်ကို မှီမြဲ မှီနေသည်။ ထို့နောက်...

"နော်...ဟိုတောနက်ကြီးထဲ ရောက်သွားပြီး ဘယ်တော့မှ မဆုံးရင် သိပ်ကောင်းမှာ..."

ဘမင်းသည် နှင်းနုကို ငုံ့ကြည့်ရင်း နှင်းနု၏ ဆံပင်ကလေးများကို အမှတ်မဲ့ပွတ်သတ်လိုက်မိသည်။ ထို့နောက် တဖြည်းဖြည်း နှင်းနုကျောကုန်းကို ပွတ်သတ်ပေးမိရာမှ နှင်းနုကို ဆွဲယူကာ တင်းကျပ်စွာ ဖက်မိရာ နှင်းနုကလည်း ပြန်၍ဖက်၏။ နှစ်ယောက်လုံး အတန်ကြာ ငြိမ်သက်နေကြရာမှ အသက်ရှူသံများ ပြင်းလာကြ၏။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက် မျက်တောင် မခတ်ကြည့်မိကြရင်း မျက်နှာနှစ်ခုတို့ တဖြည်းဖြည်း နီးကပ်သွားကြ၏။ မျက်နှာချင်း ထိလုမတတ်ရှိမှ ဘမင်း ပင့်သက်နှင့်အတူ နှင်းနု၏ ပခုံးနှစ်ဖက်ကို ကိုင်၍ မျက်နှာချင်းကွာသွားအောင် နောက်သို့ တွန်းလိုက်၏။

"သွား...သွား...ကောင်မလေး၊ နင်ဟာ ဒုက္ခသည်၊ နင့်ကို ငါ စောင့်ရှောက်ဖို့သာ ရှိတယ်"

ဖတ်ပြီးပြီလား၊ သမီး ဖတ်ပြီးတော့ ဘယ်လိုသဘောရသလဲ။ ဘမင်းရဲ့ ပြုမူမှု၊ နှင်းနုရဲ့ ပြုမူမှုတွေဟာ ဘာကို ဖော်ပြသလဲ။ အဲဒါဟာ ကြိယာ သဘာဝ ဝတ္ထုအလင်္ကာပဲပေါ့။ နောက်...ပုံစံတစ်ခု ဖတ်ကြည့်ပါဦး။ စလေဆရာ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်း ဝတ္ထုထဲက စာပိုဒ်ကလေးတစ်ခုကို...

ထိုပြီးနောက်မှ၊ ငွေတောင်မာတင်၊ မိမိလင်ကို ဦးတင် ဝန္ဒနာ ကန်တော့ငှာဖြင့် လက်ယာသုံးပတ် လှည့်ပြီးလတ်သော် ကိုယ်တော်မြတ် အလောင်းကို နှာမောင်းနှင့်ပွေ့ချီ၊ ကိုယ်ချင်းမှီ၍၊ ထိုအီသွယ်ဝှဲ၊ မဘွဲ့တတ်ပြီ၊ မပြီသနိုင် အသည်းဆိုင်ကို ဖြတ်ချိုင် ကျွမ်းလှန် ရံပုံခွင်း

mgyoe.com

မှန်သကဲ့သို့၊ အလွန်ဆွေးပူ ကြည်ကွဲတော်မူလှ၍၊ ကျူကျူသံအိုင်
တောဂနိုင်ကို၊ တပြိုင်နက်တည်း၊ ပွဲတင်သံကြီးစေလျက်၊ လှည်း၍
ငိုတော်မူသတည်း။

ဆင်ဖြူမကြီး မဟာသုဘဒ္ဒါရဲ့ လှုပ်ရှားမှုကို သမီးရဲ့ မျက်စိထဲမှာ မြင်လာ၊ ပေါ်လာ၊ ကြားလာရဲ့လား။ အဲဒီလို မြင်လာ၊ ကြားလာအောင် ရေးဖွဲ့တဲ့နေရာမှာ ကြိယာ သဘာဝဝုတ္တိအလင်္ကာဟာ အလွန်အသုံးဝင်တဲ့ အလင်္ကာအဖြစ်နဲ့ သမီး မှတ်ထားပေတော့။ ဒီအလင်္ကာဟာ စာ၊ ကဗျာ သီကုံးရေးဖွဲ့ရာ၌သာ မဟုတ်ဘူး၊ ကချေသည်တို့ရဲ့ ကနည်း၊ ကဟန်တို့ကို ဖန်တီးဖော်ထုတ်ရာမှာလည်း အင်မတန် အရေးကြီးတယ်။

စကားစပ်မိလို့ တိုက်ဆိုင်တာကလေးတစ်ခုကို သက်သေထူပြရမယ်ဆိုရင် ဖေဖေဟာ တစ်ခါက ဖေဖေ့မိတ်ဆွေအချို့ကို အထင်ကြီးပြီး ဒီပုဂ္ဂိုလ်တွေတော့ တကယ် လုပ်ရဲကြလိမ့်မယ် ထင်ပါရဲ့ ဆိုပြီး...

ကပြမှုနဲ့ဆိုင်တဲ့ ဌာနတစ်ခုကို သွားရောက် ကူညီဖူးတယ်။ နောက်တော့ ဖေဖေ အထင်ကြီးခဲ့တဲ့ သူတွေဟာ ပါးစပ်က မိုးလား၊ ကဲလား ပြောပြီး လက်တွေ့ လုပ်ငန်းကျတော့ ဘာမှ ရဲရဲရင့်ရင့်တီထွင်ပြီး လုပ်ဝံ့ကြတဲ့လူတွေ မဟုတ်တော့ဘူး။ သူတို့ဟာ ဆန်းသစ်တီထွင်လိုတဲ့ စိတ်ထားရှိပေမဲ့ တကယ့်လက်တွေ့ ဆောင်ရွက်ရမယ့်နေရာကျတော့ ဘာမှ မလုပ်ရဲဘူး။ ခေတ်ဟောင်းက လုပ်သွားကြတဲ့ ခြေရာဟောင်းကြီးတွေပေါ်မှာ ထပ်နင်းပြီး ဒါတွေဟာ ငါတို့နင်းခဲ့တဲ့ ခြေရာတွေလို့ ပြောချင်ကြတဲ့ လူစားတွေချည်းပဲ ဖြစ်နေတယ်။

အဲဒီတော့ ဖေဖေက ဘာဖြစ်လာသလဲဆိုတော့ အလုပ်ခွင်ထဲမှာ တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး အရက်သောက်သောက်လာတယ်။

နောက်တော့ အကဇာတ်တစ်ခုကို ဆယ်ရက်နဲ့အပြီးလုပ်၊ ရုံပေါ်လည်း တင်ပြပြီး ရော ဖေဖေလည်း အဲဒီကို မသွားတော့ဘူး။ အခုထက်ထိ ဆိုပါတော့...

ဒါဟာ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာနဲ့ဆိုင်တဲ့အကြောင်း မဟုတ်သေးဘူး။ ဆိုင်တဲ့အကြောင်းကို အခုမှ ပြောပြမယ်။

အဲဒီတုန်းက ဖေဖေဟာ အက ဇာတ်တစ်ခုကို တိုက်နေရင်း တန်းလန်း ရပ်ထား ပစ်ခဲ့တယ်။ အကဇာတ်ထဲမှာတော့ ကပြတဲ့ လူပေါင်း ယောကျ်ားကလေး ငါးဆယ်၊ မိန်းကလေး ငါးဆယ် ပါဝင်တယ်။ အဲဒီ ယောကျ်ားကလေးတွေ၊ မိန်းကလေးတွေ အားလုံး ဟာ ဖေဖေရဲ့ ဆန္ဒအတိုင်း အလုပ်ခွင် အဝတ်တွေကို တညီတည်း ဝတ်ကြရတယ်။ သူတို့ရဲ့ အလုပ်ခွင် အဝတ်က ဘောင်းဘီကျပ်အပြာနဲ့ ဘောကန် စွပ်ကျယ် အပြာရောင်

mgoe.com

 mgyoe.com 

တစ်စုံ၊ အနီရောင်တစ်စုံတို့ပဲ ဖြစ်တယ်။

ပါဝင်ကပြတဲ့ ကလေးတွေဟာ ရတ်တရက် ယောကျ်ား၊ မိန်းမခွဲလို့ မရကြဘူး။ အနီဝတ်တဲ့နေ့ဆိုလည်း အားလုံး နီနေကြတာပဲ။ အပြာဝတ်တဲ့နေ့ဆိုလည်း အားလုံး ပြာနေကြတာပဲ။ ဖေဖေက လွဲ၍ အကသင် ဆရာတွေပါ အဲဒီဝတ်စုံတွေကို ဝတ်ကြရတယ်။ ဆရာတွေနဲ့ တပည့်တွေ ခြားနားချက်က တပည့်တွေ အပြာဝတ်တဲ့နေ့မှာ ဆရာတွေက အနီဝတ်ရတယ်။ တပည့်တွေ အနီဝတ်တဲ့နေ့မှာ ဆရာတွေက အပြာဝတ်ရတယ်။

ဖေဖေကတော့ အဲဒီအချိန်အထိ သူတို့အလုပ်သမားလို့ မယူဆချင်သေးတာနဲ့ မဝတ်ဘူး၊ သူတို့ဟာ ဖေဖေ ခိုင်းသလို တကယ်လုပ်ရဲကြမှာ မဟုတ်ဘူး။ သူတို့မှာ တကယ်တော်လှန်ရဲတဲ့အတွေးအခေါ်နဲ့ သတ္တိ မရှိဘူးလို့ ဖေဖေက ယုံကြည်ထားတယ်။

ဒါ့ကြောင့် ဖေဖေက ခိုင်းစရာရှိတာတွေကို ဆရာငါးယောက်အပေါ်မှာ တာဝန် ပေးပြီး ခိုင်းခဲ့တယ်။ ကလေးတွေကို သင်ပေးစေခဲ့တယ်။ ဟိုတစ်စ၊ သည်တစ်စ၊ တစ်ကွက် စီ၊ တခြားစီ အသင်ခိုင်းထားတော့ ဆရာတွေကလည်း ခိုင်းလို့သာ သင်ပေးနေရတယ် ဖေဖေ ဘာလုပ်နေမှန်း မသိဘူး။ ဌာနက လူကြီးတွေကလည်း မသိကြဘူး။ ဒါပေမဲ့ ဖေဖေ့လည်း မပြောဝံ့၊ မမေးဝံ့ကြဘူး။

ဒီလိုနဲ့ လေးလကျော်ကျော်လောက် ကြာတော့ ဖေဖေရဲ့ကဇာတ်ဟာ သုံးပုံ နှစ်ပုံ လောက် ပြီးစီးနေပြီ။ အဲဒီအချိန်မှာ တစ်ခုနဲ့တစ်ခု မဆက်စပ်လို့ မဖြစ်ဘူး၊ ဆက်စပ်ရ တော့မယ်။

ဆက်စပ်တာနဲ့ တစ်ပြိုင်နက် ဇာတ်ဖြည့်၊ ဇာတ်ပို့၊ ဇာတ်ရံအဖြစ် တိုက်ထားတဲ့ ယိမ်းအကတွေထဲမှာ အရေးကြီးတဲ့ဇာတ်ကောင်တွေရဲ့ အကနဲ့ရောပြီး နေ့စဉ်နေ့စဉ် ဆက်စပ် ကကြည့်လာခဲ့ကြရတယ်။

ဒီအထဲမှာ အရေးကြီးတဲ့ ဇာတ်ကောင် သုံးကောင်၊ ဇာတ်ပို့ တစ်ကောင်နဲ့ ဇာတ်ပို့ ယိမ်း အဖွဲ့တစ်ဖွဲ့ကို ဆက်စပ်ပြီး တိုက်ရတဲ့ အခန်းရောက်လာတယ်။

အဲဒီအခန်းအတွက် ထိပ်ဆုံးက ဖေဖေ တာဝန်ယူပြီးတော့ ဖေဖေနဲ့ တွဲပြီး တာဝန် ယူရတဲ့ ဆရာတွေက ဆရာကြီး ရွှေဒေါင်းညို၊ တေးယမုန် စိုးသန်းနဲ့ ကိုသန်းကျင်တို့ ဖြစ်ကြတယ်။

ကိုစိုးသန်းနဲ့ ကိုသန်းကျင်က ဖေဖေ လိုချင်တဲ့ တီးလုံးကို ကမ္ဘာသုံး သင်္ကေတနဲ့ ရေးကြရတယ်။ ဆရာကြီး ရွှေဒေါင်းညိုက ဖေဖေ ဖြစ်စေချင်တဲ့ အကကို ဖေဖေ လိုချင်တဲ့ အက မျဉ်းကြောင်းအတိုင်း၊ ဖေဖေ လိုချင်တဲ့ စည်း၊ ဝါး၊ အနှေး၊ အမြန်အတိုင်း အချိန်ကိုက်

mgyoe.com

သင်ပေးရရှာတယ်။

အဲဒီတုန်းက ပါးရည်နပ်ရည်ရှိလှတဲ့ ဆရာကြီး ရွှေဒေါင်းညိုဟာ ဖေဖေ လိုချင်တာတွေကို ဘယ်လို လုပ်ပေးရမှန်း မသိ၊ ဘာလိုချင်မှန်းလည်း မသိ ဖြစ်နေပေမဲ့ ဣန္ဒြေရရ၊ စိတ်ရှည်ရှည်နဲ့ စောင့်ပြီး သဘောပေါက်အောင် မေးပြီး သိမှ စမ်းသပ်လုပ်လေ့ရှိတယ်။ ကိုစိုးသန်းတို့ကတော့ လူပုသလောက် စိတ်မြန် ကိုယ်မြန်ဖြစ်တဲ့ပြင် နဂိုကလည်း တက်တက်ကြွကြွရှိတဲ့ လူဆိုတော့ သွက်သွက် လက်လက် ထရေးလိုက်၊ ဖေဖေက မဟုတ်သေးဘူး ပြောလိုက်၊ ပြင်လုပ်လိုက်နဲ့ တစ်ပတ်လောက် အတွင်းမှာတော့ ငိုချင် သေချင်တဲ့ စိတ်တွေ ပေါက်နေရှာတယ်ကွဲ့...

အကြောင်းကတော့ ဖေဖေက တီးလုံးရဲ့ Rhythm ကာရံနဲ့ အကရဲ့ Rhythm ကာရံကို တစ်ထပ်တည်း၊ တစ်စည်း တစ်ဝါးတည်း၊ ကကွက်နဲ့ ဖွဲ့ကွက်ကို အထားအသို Composition တစ်ထပ်တည်းကျအောင် ရေးခိုင်းတာကိုးကွဲ့။ ရေးကျင့် မရှိသေးတော့ မရရှာဘူး။

ဒါပေမဲ့ မကြာခင်ဘဲ အကသင်ဆရာကြီး ဆရာ ရွှေဒေါင်းညိုနဲ့ လိုတိုး ပိုလျှော့ ညှိနှိုင်းကြပြီး ဖြစ်လာကြတယ်ကွဲ့။

အဲဒီလို ဖြစ်လာကြတော့ ဖေဖေလည်း ဝမ်းသာတယ်။ ဖေဖေ့မိတ်ဆွေ တေးယမုန် ကိုစိုးသန်းနဲ့တကွ ကိုသန်းကျင်ရော၊ ဆရာကြီး ရွှေဒေါင်းညိုရော အတော်ချည်း ဝမ်းသာကုန်ကြတယ်ကွဲ့။ ပြီးတော့ ဝမ်းသာသလောက် အားတက်သရော တီးလုံးဆရာကလည်း တီးလုံးရေး၊ အကဆရာကလည်း အကသင်နဲ့ လုံးပန်းကြိုးစားကြရင်း တစ်ပတ်လောက်လည်းကြာရော အကအဖွဲ့က ကလေးတွေဟာ မြန်မြန် ညနေစောင်းပါစေတော့ ချည်း ဆုတောင်းရင်း နာရီကို တကြည့်ကြည့်နဲ့ လုပ်လာကြတော့တာပဲ။

ဘာပြုလို့လဲဆိုတော့ ညနေ သုံးနာရီထိုးတိုင်း သင်ပြီးသမျှ၊ ဆက်စပ်ပြီးသမျှ အစအဆုံး တစ်ခေါက် တစ်ခေါက် တိုက်လေ့ရှိတာကိုး...

ကလေးတွေဟာ ဒီနေ့ တီးလုံးဆရာနဲ့ အက ဆရာကြီးက ဘယ်နှမိနစ်စာ တိုးသင်ပြီးပြီလဲဆိုတာ သူတို့ သိပ်သိချင်နေကြရှာတယ်။

ကကွက်ကလည်း လွမ်းခန်းရောက်နေပြီကို၊ တစ်ညနေတော့ ကိုစိုးသန်းက ဟိုမှာ ကလေးတွေကို ကြည့်ပါဦးဆိုပြီး လက်တို့ပြတယ်။ ဖေဖေက အဲဒီတော့မှပဲ ဂရုစိုက်ကြည့်မိတော့ မျက်ရည်ကလေးတွေ သုတ်ပြီး ငြိမ်နေကြရှာတာကိုး။

သူတို့ဟာ ဆောင်းဘီပြာ၊ အင်္ကျီပြာနဲ့ သူတို့ မျက်စိရှေ့မှာ ကနေကြတဲ့ သူတို့ရဲ့

mgpoe.com

 mgyoe.com 

အဖော် ဇာတ်ကောင် ကောင်မလေးနဲ့ ကောင်ကလေးကို ကြည့်ပြီး သနားနေကြလို့ပဲ။

အဲဒီလို ဇာတ်ကောင် ကောင်မလေးနဲ့ ကောင်ကလေးရဲ့ သနားစဖွယ် အပြုအမူကို ကြည့်ပြီး မျက်ရည်ဝဲကုန်တယ်ဆိုတာ အစ တစ်ရက်၊ နှစ်ရက်လို့များ မထင်လေနဲ့ သမီး။ ရက်ပေါင်း ၂၀ လောက်လုံးလုံး အတူပါဝင် ကပြနေကြတဲ့ ကလေးပေါင်း ရှစ်ဆယ်ကျော် လောက် မျက်ရည်ဝိုင်းနေကြရရှာတာကွဲ့။

ဖေဖေတို့ကလည်း များများ မသင်နိုင်ဘူး။ တစ်နေ့မှ နှစ်မိနစ်စာ၊ သုံးမိနစ် စာလောက် သင်ပေးနိုင်ခဲ့တာကိုး။

ကဲ...ဖေဖေ ပြောချင်တာ ရောက်လာပြီ။ ဆိုင်းအဖွဲ့နဲ့တကွ လူကြီးတွေ စိတ် ထိခိုက်ပြီး ယောကျ်ားကလေး၊ မိန်းကလေး ရှစ်ဆယ်ကျော်တို့ နေ့စဉ် မျက်ရည် ဝိုင်းနေကြ ရတာ ဘာ့ကြောင့်တုံး...

သမီး စဉ်းစားကြည့်လေ၊ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာဆိုတာက ပြုလုပ်မှုနဲ့ သိဖွဲ့ဖော်ပြလိုတဲ့ အကြောင်းအရာကို ပေါ်လွင်ထင်ရှားအောင် ဖွဲ့ဆိုတဲ့နည်း၊ ကပြတဲ့နေရာ မှာတော့ ပရိသတ် သိစေလိုတဲ့အရာကို ပြုမူမှုနဲ့ ပေါ်လွင်အောင် ပြုလုပ်ပြရတာ...

ပြီးတော့ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာဆိုတာကလည်း အထည်ကိုယ်ဒြပ်နဲ့ ဖွဲ့လိုတဲ့အရာကို ထင်ရှားအောင် ဖော်ပြခြင်းပဲ မဟုတ်လား။ ချစ်ကြိုက်စရာ ကောင် မကလေးတစ်ယောက်ကို တွေ့ရင် ချစ်ကြိုက်နေတဲ့ ယောကျ်ားကလေးတစ်ယောက်ရဲ့ ကိုယ်နေဟန်ပန် လှုပ်ရှားမှုဟာ တစ်မျိုးပြောင်းလာ၊ ဖြစ်လာတယ် မဟုတ်လား။ အဲဒီ ယောကျ်ားကလေးရဲ့ ကိုယ်နေဟန်ပန်ကို မြင်လိုက်တာနဲ့ ဒီကောင်လေး နောက်ပိုး ပိုးနေပြီဆိုတာ လူတိုင်း အလွယ်နဲ့ သိနိုင်ကြတယ် မဟုတ်လား။ အဲဒါဟာ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာမြောက်နေတာပဲ။

ဒီအလင်္ကာ နှစ်ခုဟာ ရေးဖွဲ့ရာမှာသာ သုံးခြင်းမျိုးမဟုတ်ဘဲ ကပြရာမှာလည်း တကယ် ထိရောက်အောင် အသုံးပြုနိုင်တယ်။ ဖေဖေလည်း သုံးခဲ့ဖူးလို့ အောင်မြင် ခဲ့ဖူးတယ်ဆိုတာ သမီး မှတ်ထားဖို့အတွက် ကိုယ်တွေ့ကလေးနဲ့ ကြွားလိုက်တာပဲ။

အဲ...နောက်ကြောင်း ပြန်ကောက်လိုက်ကြဦးစို့...

ဆဒ္ဒန်ဆင်မင်း ဝတ္ထုမှာ စာဆိုတော်ကြီး ဦးပုညက မဟာသုဘဒ္ဒါခေါ်တဲ့ ဆင်မကြီးရဲ့ အလွမ်းကို ထည့်ပြီး ဖွဲ့သီသွားခဲ့တယ်။ ဒီနေရာမှာ စာဆိုက ဆင်မကြီးကို လူလိုဖွဲ့နွဲ့ပြီး မငိုစေချင်ဘူး။ ပိုပြီး သဘာဝကျအောင် ပြုလုပ်နေမှု အသွင်အပြင်နဲ့ပဲ ဖော်ပြ ရေးဖွဲ့ချင်တယ်။ အဲဒီအတိုင်းပဲ ရေးဖွဲ့လိုက်တယ်။

mgyoe.com

ကဲ…ဆင်မကြီးက ဘယ်လို လွမ်းသလဲ…

အသက်ကင်းနေတဲ့ ချစ်လင် ဆင်ကြီးကို သုံးပတ် ပတ်ပြီးတော့မှ နှာမောင်းနဲ့ပွေ့ချီပြီး မနိုင့်တနိုင်ထူကြည့်တယ်။ ပြီးတော့ ကိုယ်ချင်းမှီပြီး ရပ်စေတယ်။ ဒီအခါမှာ အသက်ကင်းတဲ့ လင်ဖြစ်သူ ဆင်ကြီးဟာ တာရှည်ရပ်တည်မနေနိုင်ဘဲ လဲပြိုသွားရမှာပဲ။ ဆင်မကြီးဟာ အဲဒီလို အကြိမ်ကြိမ်ထူကြည့်လို့မရတော့ လူတွေလို ဖွဲ့နွဲ့ပြီး ငိုနေနိုင်လိမ့်မယ် မဟုတ်ဘူး။ ဒီအခါ လဲပြိုနေတဲ့ ဆင်ကြီးကို မျက်ရည်တွေ ကျရင်း စိုက်ကြည့်နေရာက မြေကြီးပေါ်ကို ဗုန်းခနဲ ပစ်လှဲချလိုက်ပြီး ဝမ်းခေါင်းထဲက လှိုက်လာတဲ့ အသံမျိုးနဲ့ တိရစ္ဆာန်ပီပီ စူးစူးရှရှ အော်ပစ်လိုက်မိမှာပဲ။

စာဆိုဟာ အဲဒီ ဆင်မကြီးရဲ့ လှုပ်ရှားမှု၊ ပြုမူမှုကို မျက်စိနဲ့ မြင်ရသလို တွေးပြီး အထက်ကဖော်ပြပြီးခဲ့တဲ့အတိုင်း ရေးဖွဲ့လိုက်တော့ "သနားစရာဂုဏ်" မြောက်လာတဲ့ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာ ဖြစ်လာတာပေါ့၊ ဟုတ်ပြီလား"

ကဲ…နောက်တစ်ခု ဆက်ကြဦးစို့…

ဂုဏ်အားဖြင့် ဖွဲ့လိုသောအရာကို ထင်ရှားအောင် ဖွဲ့ဆိုခြင်းတဲ့။ အဲဒါကို "ဂုဏ သဘာဝ ဝုတ္တိ" ခေါ်တယ်။

အဲဒီဖွဲ့နည်းကို ကာဗျ ဒဿ ဆရာက ဘယ်လို ပုံစံ ထုတ်ပြခဲ့သလဲ ဆိုတော့…

> ကိုယ်အင်္ဂါတို့၌ ကြက်သီးမွေးညင်း ထခြင်းကို ဖွဲ့လာ
> စေလျက်၊ လွန်ကဲစွာ နှစ်သက်ဖွယ်ဖြစ်သဖြင့် စိတ်၌ ငြိမ်းချမ်းမှုကို
> ဖြစ်စေလျက် မျက်စိတို့ကို မှေးမှိတ်သွားစေသည့်တိုင် တပ်မက်နိုင်စွမ်း
> အတွေ့ရှိသည့် ထိုခင်ပွန်းမ…

မိန်းမတစ်ယောက်မှာရှိတဲ့ ဂုဏ်ကို ဖော်ပြထားတာပဲ။ အဲဒီလို ဖော်ပြရာမှာ သွယ်ဝိုက်မှု မပါဘူး၊ တကယ် အထိအတွေ့အဖြစ်ကို တိုက်ရိုက် ဖော်ပြဖွဲ့ဆိုရတယ်။ အသိအတိုင်း၊ အမြင်အတိုင်း တိုက်ရိုက် ဖွဲ့ဆိုခြင်းပေါ့ကွယ်။ သမီးအတွက် သိလွယ်စေမယ့် နောက်ထပ် ပုံစံတစ်ခု ထုတ်ပြရရင်…

> အကြောင်းမူကား ခြင်းစွပ်ကာ တစောင်းပေါင်းလျက်
> ခေါင်းပေါင်းစ ခပ်ကားကားကလေးနှင့် သားနားသော သူ၏ ဦးခေါင်း၊
> လည်ပင်းသည် လည်းကောင်း၊ အလွန်တရာ အချိုးအစားကျသော
> မျက်လုံး၊ နှာခေါင်း၊ ပါးစပ်နှင့် ကိုယ်လုံးကိုယ်ပေါက်သည်လည်း
> ကောင်း မိန်းမပျို၏ နှလုံးသွေးကို ကြည်အေးအောင် လုပ်နိုင်သော

mgyoe.com

သတ္တိထူးနှင့် ပြည့်စုံလေ၏။

ထိုယောကျာ်းပျိုသည် ညိုညို၏ အသားကဲ့သို့ စိမ်းညို ပြာလဲ့သော အဆင်းသဏ္ဍာန်ရှိသောကြောင့် များစွာ ယဉ်ကျေးခဲ့ညားသည့်ပြင် ထက်မြက်သော မျက်လုံးနှင့် နှုတ်ခမ်းတို့မှာ မိန်းမတို့၏စိတ်ကို ဖမ်းဆီးမွေ့ယမ်း ပရမ်းပတာ ဖြစ်စေနိုင်သော သတ္တိ ရှိလေ၏။

အကျဉ်းအားဖြင့်ဆိုသော် ၎င်း၏ အမူအရာသည် မိန်းမတို့အပေါ်၌ ဩဇာရှိသော အမူအရာ ဖြစ်လေ၏။

ပီမိုးနင်း၏ နေညိုညို...

ဒုတိယအကြိမ်ထုတ် စာမျက်နှာ ၁၈၀ မှ...

ကဲ...သမီးရေ...အဲဒါဟာ ဆရာကြီး ပီမိုးနင်းက ဇာတ်ကောင် ယောကျာ်းတစ်ယောက်ရဲ့ မိန်းမကြိုက်ရုပ်မျိုးရှိနေတဲ့ဂုဏ်ကို ရေးဖွဲ့လိုက်ခြင်းပဲကွဲ့။

အဲဒီအတိုင်း နန်းဟာဗီး ဝတ္ထုထဲမှာ "ကို"ဆိုတဲ့ ဇာတ်ကောင်က အဝါ ခေါ်တဲ့ ဇာတ်ကောင်မင်းသမီးရဲ့ ဂုဏ်ကို စကားပြောရင်း ဘယ်လို ဖော်ထုတ်လိုက်သလဲဆိုတော့...

"အဲဒီတော့ ကိုက အဝါတို့ အရပ်မှာရှိတဲ့ တောင်တန်းသားတွေကို အလကား ဆေးကုပေးတဲ့ ဆရာဝန်ကြီး၊ ဝါက အဲဒီ ဆရာဝန်ကြီးနဲ့ လူနာတွေကိုပါ ပြုစုယုယပေးတဲ့ သူနာပြု ဆရာမ...

ဆရာဝန်ကြီးနဲ့ လူနာတွေဟာ ဒီဆရာမလေးက ချော့လိုက်ရင် ပျော့ပြီး ဒီဆရာမကလေးက ပြုံးလိုက်ရင် အကုန်လုံး ရွှင်နေကြရတဲ့ ဆရာမကလေးရဲ့ မေတ္တာအကျဉ်းသားတွေ...

ကဲ...အဲဒီစကားပိုဒ်ကလေးကို ဖတ်မိလိုက်တာနဲ့ ဇာတ်ဆောင်ကောင်မလေး အဝါရဲ့ ချစ်ဖွယ်ကောင်းတဲ့ဂုဏ်ကလေးတွေ ပေါ်လာနိုင်တယ် မဟုတ်လား။ ဆရာကြီး ပီမိုးနင်းဟာ ဇာတ်ကောင်ရဲ့ဂုဏ်ကို အမြင်နဲ့ဖော်ပြီး ဖေဖေကတော့ တခြား ဇာတ်ကောင်တစ်ကောင်က ထင်မြင်နေပုံကို အပြောနဲ့ဖော်ပြတာပဲ။

အဲဒီတော့ သမီး သိထားဖို့က မျိုးရိုးအားဖြင့် ဖွဲ့လိုသောအရာကို ပေါ်လွင်အောင် ထင်ရှားဖွဲ့ဆိုတာကိုပဲဖြစ်ဖြစ်၊ ပြုမူခြင်းအားဖြင့်၊ ဂုဏ်အားဖြင့်၊ အထည်ကိုယ်အားဖြင့် ဖွဲ့လိုသောအရာကို ထင်ရှားအောင် ဖွဲ့ဆိုတာပဲဖြစ်ဖြစ် အဲဒီ ဖွဲ့ဆိုမှု လေးမျိုးလုံးကို အပြုအမူနဲ့ဖြစ်စေ၊ အထိအတွေ့နဲ့ဖြစ်စေ၊ အမြင်အကြားနဲ့ဖြစ်စေ၊ အပြောနဲ့ဖြစ်စေ၊ အတွေးအထင်နဲ့ဖြစ်စေ ရေးဖွဲ့နိုင်လေရဲ့။ အရေးကြီးတာက မိမိ ဖွဲ့ဆိုဖော်ပြလိုသောအရာကို

mgyoe.com

mgyee.com

ဂုဏ်နဲ့ ထင်ရှားလာစေချင်ရင် ဂုဏ်ရှိပြီး ထင်ရှားလာဖို့ဟာ အရေးကြီးတာပဲ။ ဒီနေရာမှာ ဂုဏ်...ဆိုလို့ ကောင်းတာချည်းလည်း မတွေးတောနဲ့ဦး။ စာရေးသူကိုယ်တိုင်က ပြလိုသော ဂုဏ်မျိုးပေါ်ရင် တော်ပြီ။

ဆိုကြပါစို့ကွယ်၊ ဆရာဦးပုညရဲ့ ကာက ဝလ္လိယ ဝတ္ထုထဲမှာ...

လူ ဒုက္ခိတ မောင်ကာကတို့ ပျော်ကြသည့်ခန်းဝါ၊ အကာ
ဆူးခက် အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊
အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံး ဖျာမရှိ၊ ဘုမ္မိ ကမ္ဗလာ၊ မြေမွေ့ရာနှင့်၊
ချူချာတော်မူလှသော...

ဒါဟာ ကာက ဝလ္လိယ မောင်နှံတို့ရဲ့ မွဲတီးလှတဲ့ ဂုဏ်ကို ပေါ်လွင်အောင် စာဆိုတော်က ဖွဲ့ပြခြင်းပဲ မဟုတ်လား။ နောက်တစ်ခု ကြည့်ဦး၊ အဲဒါမျိုးနဲ့ အလားတူပဲ။ ဆရာဦးပုညရဲ့ ရေသည်ပြဇာတ်ထဲမှာ...

"ဆံထုံးတော်ကြီး တမာသီးနဲ့ ခါးစည်းဝတ်လဲ ချုပ်စ ပြဲကို
တဲအပ်နှင့်တွယ် လူမြင်သမျှ စိတ်ပျက်အောင် လှပါတဲ့ မရေသည်"

ဒါဟာ ရေသည်အမျိုးသမီးမှာရှိတဲ့ ဂုဏ်ကို ပေါ်လွင်အောင် ထုတ်ဖော်ပြီး ခေါ်လိုက်တဲ့ အသံနဲ့ စာဖတ်သူတွေဟာ ရေသည်အမျိုးသမီးရဲ့ ပုံပန်းကို မြင်လာ နိုင်တာပဲ မဟုတ်လား။

ဒီတော့ အဲဒီဂုဏ်ဟာ ဘာဂုဏ်တုံး...

ဆင်းရဲတဲ့ဂုဏ်၊ မွဲတေတဲ့ဂုဏ်၊ မလှမပတဲ့ဂုဏ်၊ ကပျစ်ကညစ် ခပ်တေတေ နေတတ်တဲ့ ဂုဏ်တွေကို ဟာသမြောက်အောင် ဖွဲ့ဆိုပြလိုက်တာပဲ။

ဒီနေရာမှာ ရေသည်မရဲ့ ကိုယ်ဟန်ပုံသွင်ကို ဖွဲ့ပြီး ရုပ်လုံးပေါ်စေတဲ့အတွက် သဘာဝ ဝုတ္တိ အလင်္ကာကော မဖြစ်နိုင်ဘူးလားလို့ မေးနိုင်သေးရဲ့။ ဒါပေမဲ့ "လူမြင် သမျှ စိတ်ပျက်အောင်လှပါတဲ့"ဆိုတဲ့ အချက်အချာစကားလုံးကို အစွဲပြုပြီး ဂုဏ သဘာဝ ဝုတ္တိပဲ ယူဆလိုက်ပေတော့။

အဲဒီတော့ ဂုဏ်ဆိုတာဟာ မိမိ ဇာတ်ကောင်ရဲ့ ထူးခြားတဲ့ အချက်အလက် ကလေးတွေကို ဖော်ပြရင်း စာဖတ်သူက မိမိဇာတ်ကောင်ကို မိမိ ဖော်ပြချင်သည့် အကြောင်း၊ အရာဝတ္ထု၊ အကောင်...စသည်တို့ကို ကွင်းခနဲ မြင်လာရင် ဂုဏ်နဲ့ ပြည့်စုံတာပဲ။ ဂုဏ သဘာဝ ဝုတ္တိ အလင်္ကာ မြောက်တာပဲ။

ဖေဖေတို့ရဲ့ ဆရာတစ်ဆူလို့ သတ်မှတ်ထားတဲ့ ဆရာကြီး ဦးထင်ဖတ် (စာရေး

mgyee.com

mgyoe.com


ဆရာ မောင်ထင်)ဆိုရင် ဘာမဟုတ်တဲ့ ပုံကလေးတစ်ပုံရဲ့ ဂုဏ်ကို ဝတ္ထုတို တစ်ပုဒ်ဖြစ်အောင် ရေးဖွဲ့ပြခဲ့ဖူးတယ်။

အဲဒီ ဝတ္ထုဟာ မောင်ဒေါင်းရဲ့ ခေတ်စမ်းကဗျာဆိုတဲ့ ဝတ္ထုပေါ့။ အဲဒီဝတ္ထုအချိန်တုန်းက ခေတ်စမ်းစာပေနဲ့ ခေတ်စမ်းကဗျာတွေ ပေါ်စအချိန်ပေါ့...

ဆရာဟာ မိမိရဲ့ ရေးဖော် ခေတ်စမ်းသမားတွေကို တမင် နောက်ပြောင်လိုတဲ့ သဘောနဲ့ အဲဒီ "ကိုဒေါင်း၏ ခေတ်စမ်းကဗျာ..."ဆိုတဲ့ ဝတ္ထုကို ရေးလိုက် ဟန်ရှိတယ်။

အဲဒီအချိန်လောက်တုန်းက ဖေဖေကလည်း ခေတ်စမ်းကဗျာတွေကို အင်မတန်ကြိုက်နေပြီး အခုခေတ် နံရံချိတ် အလှမယ်ရုပ်တွေကို နံရံမှာ ချိတ်သလို ဖေဖေ့ အိပ်ခန်းပတ်ပတ်လည်မှာ ခေတ်စမ်းကဗျာ ဆရာတွေရဲ့ ကဗျာတွေကို ဟိုတစ်ခု၊ သည်တစ်ခုနဲ့ အလှအပအဖြစ် ချိတ်ထားတဲ့ အချိန်ပေါ့။ ခေတ်စမ်းကဗျာဆရာ မောင်မောင်ညွန့်ရဲ့...

ယမုံနာ

ဇလာရေကြော
လှိုင်းသောသောတွင်
ကျမျှောဒိုက်ပုံ
လွမ်းဟုန်နယ်ချဲ့
ရှုလောက်ခဲ့သည်
ယိမ်းနွဲ့ယဉ်သာ
ယမုံနာ...

ယမုံနာ

သီတာကမ်းစ
ပင်လယ်ဝတွင်
ကျယ်လှရေပြင်
ကမ်းမမြင်ခဲ့
လွမ်းခွင်ထူးတင့်
မြူနိုးဆင့်သည်
ကျူးရင့်သာသာ
ယမုံနာ...

mgyoe.com

mgyoe.com

မှန်လိမ့်မယ် ထင်ပါရဲ့၊ ဟိုတုန်းက ဘယ့်လောက် စွဲခဲ့သလဲဆိုတာ အခုထိ နှုတ်တက်ရနေကြောင်း သမီးကို ကြွားပြတာလေ...

ခေတ်စမ်းဆရာတွေ ပေါ်လာခါစမှာ ရှေးဟောင်း စာပေနယ်က လူအချို့နဲ့ ခေတ်စမ်းဆရာတွေကို မီအောင်မဖွဲ့နိုင်ကြတဲ့လူတွေက ခေတ်စမ်းဆရာတွေကို ဝိုင်းပြီး တိုက်ခိုက်ခဲ့ဖူးကြတယ်လေ။ ဟိုစဉ်က အဆင့်မမီလို့ ခေတ်စမ်းဆရာတွေရဲ့ နယ်ပယ်ထဲကို မဝင်နိုင်ခဲ့တဲ့သူအချို့က အခုအထိတောင် ကျောင်းတော်က ရန်စကို "ပြေချိန်တန်လို့မှ မပြေနိုင် ညှိုးပြီး အတိုးကြီး တစ်ခွဲသားနဲ့" တိုက်ခိုက်နေသေးသလားပဲ။

အဲ...ဟိုတုန်းက ဖေဖေဟာ ခေတ်စမ်းစာပေ ဆရာတစ်ယောက်တလေနဲ့မှ သိကျွမ်းခွင့် မရတဲ့ ငယ်ရွယ်သူဖြစ်ပေမဲ့ ခေတ်စမ်းဆရာတွေကို ကြည်ညိုလေးစားတယ်၊ ခေတ်စမ်းဆရာတွေရဲ့ အရေးအဖွဲ့ကို အတုယူခဲ့တယ်။ ဆရာမင်းသုဝဏ်ရဲ့ "ကြောင်ကလေးက ဖေဒင်တွက်လို့ ကြွက်ကလေးက ထောင့်မှာခို၊ မျက်ရည် တောက်တောက်ယို..." ဆိုတာကို အတုယူပြီး "မီးရောင်ကလေး မှိတ်တုတ်တုတ်နဲ့ တဲကုပ်ထဲက ဆူညံညံ၊ အုန်းအုန်းထိုင်းထိုင်းသံ..."ဆိုတဲ့ မုန့်ဆန်းထောင်းချိန် ကဗျာကို ရေးခဲ့တယ်။ အဲဒီတော့ ကုန်ကုန်ပြောရရင် ခေတ်စမ်းဆရာတွေကို ထိရင် မချိအောင် နာနေတဲ့ အချိန်မျိုးပေါ့။ ဒီအချိန်မျိုးမှာ "ကိုဒေါင်းရဲ့ ခေတ်စမ်းကဗျာ"ဆိုတဲ့ ဝတ္ထုကို ဖတ်ရတာပဲ။

ကိုဒေါင်းရဲ့ ခေတ်စမ်းကဗျာဟာ အတိုချုပ်လိုက်တော့ "မင်းတို့ရေးတာမှ ခေတ်စမ်းကဗျာ မဟုတ်ပါဘူးကွာ၊ ဟောဒါကြီးလည်း ခေတ်စမ်းကဗျာပါပဲ"ဆိုပြီး ခေတ်စမ်းသမားတွေကို နှိပ်စက်သရော်လိုက်တဲ့ ဝတ္ထုပဲ။

ခေတ်စမ်းဆရာတွေကို ထိရင် မီးပွင့်သွားမယ်ဆိုတဲ့စိတ်မျိုးရှိနေခဲ့တဲ့ ဖေဖေဟာ အဲဒီ "ကိုဒေါင်းရဲ့ ခေတ်စမ်းကဗျာ" ဝတ္ထုကို ဖတ်ပြီးတော့ မီးမပွင့်နိုင်တော့ဘူး။ ဝတ္ထုလည်း ဆုံးရော မျက်ရည်ထွက်အောင် ခွက်ထိုးခွက်လန် သဘောကျပြီး "သိပ်ကောင်းတာပဲ၊ သိပ်ကောင်းတာပဲ"နဲ့ ဟိုလူ့ အဖတ်ခိုင်း၊ သည်လူ့ အဖတ်ခိုင်း လုပ်နေမိတော့တာပဲ။

အဲဒီ ဝတ္ထုက တကယ်တော့ "ဂုဏ သဘာဝဝုတ္တိ"ကို ပေါ်အောင်ဖွဲ့ပြီး ရေးထားတဲ့ ဝတ္ထုဖြစ်နေလေတော့ ဖေဖေ သဘောမကျဘဲမနေနိုင်တော့ဘူး။

ဝတ္ထုဇာတ်ကြောင်းက ဒီလိုလေ...

ရည်းစားပူ မိလာတဲ့ ကိုဒေါင်းဟာ ကဗျာကလေး ရီတီတီဖြစ်လာတိုင်း ပေါက်ဖော်ကြီးရဲ့ ခေါက်ဆွဲကို ဆက်စားရင်း တွေးငေးနေတတ်လေ့ ရှိတယ်။ ဒီလို တွေးငေးနေရင်း ပေါက်ဖော်ကြီးရဲ့ ပြည့်ပြည့်ဖောင်းဖောင်း ချစ်ချင်စရာကောင်းတဲ့ သမီးဖြစ်သူ ကာပြားမ

mgyoe.com

ကလေး ခင်စိန်ကို တွေ့တော့ ကစော်မူးမူးနဲ့ ရည်းစားစာတစ်စောင်ကို ပေးလိုက်တယ်။

ခင်စိန်ဟာ အဲဒီရည်းစားစာကို မြင်ရုံနဲ့ ကိုဒေါင်းကို လက်ခံလိုက်တာပဲ။ ပြီးတော့ အဲဒီစာကိုလည်း တရိုတသေ သိမ်းထားသတဲ့။

ကိုဒေါင်းဟာ တစ်ည ခင်စိန့်ဆီကိုသွားတော့ ခင်စိန်ရဲ့ ချွေးခံအင်္ကျီအိတ်ထဲမှာ တရိုတသေသိမ်းထားတဲ့ အဲဒီ ကိုဒေါင်းရဲ့ ခေတ်စမ်းကဗျာ ရည်းစားစာကလေးကို တွေ့ရသတဲ့...

တကယ်တော့ ခင်စိန်ဟာ စာမတတ်ရှာဘူးတဲ့၊ ဒါပေမဲ့ ကိုဒေါင်းက ကစော်ခပ်မူးမူးနဲ့ အားလုံးပေါင်းမှ တစ်ကြောင်းတည်းသာ ဖြစ်တဲ့...

"ကြိုက်ရင်ကြိုက်၊ မကြိုက်ရင်..."

ဆိုပြီး အဆုံးသတ်မှာ ရေးပြလိုက်တဲ့ "ပုံ"ကိုတော့ ခင်စိန်က သိသတဲ့။

ဒါ့ကြောင့် ခင်စိန်ဟာ စာကိုထုတ်ပြရင်း ကိုဒေါင်းရဲ့ ကျောပြင်ကြီးကို ဗျော အထင်နဲ့တောင် ထုလိုက်သေးသတဲ့...

စာမတတ်တဲ့ ခင်စိန်ကို ပျော်ရွှင်ရယ်မောစေတဲ့၊ အချစ်စိတ်ကို ပွားစေတဲ့ ကိုဒေါင်းကို လက်ခံစေတဲ့၊ ဂုဏ်ထူးတို့နှင့် ပြည့်စုံတဲ့၊ ကဗျာမြောက်စေတဲ့၊ စာလုံးရဲ့ အစား ကိုဒေါင်းက ရေးပေးလိုက်တဲ့အရာကို ဆရာ ဦးထင်ဖတ်က ဘယ်လို ဖော်ပြလိုက်သလဲဆိုတော့...

"ကိုဒေါင်း၏ ရည်းစားစာ ကဗျာသည် အဘယ်သို့သော ကဗျာနည်းဟု မေးငြားအံ့...

လူတို့ဓမ္မတာ ကိလေသာစိတ်တို့သည် ကုန်ခန်းနိုင်ဖွယ်ရာ မရှိ။ လူပျိုပေါက်ဘဝ ကိလေသာ၏ အရိပ်အယောင်တို့ကို မျိုသိပ်ထားရာမှ ဖွင့်ချရသောအခါများ၌ ဘုရား ကျောင်း တန်စောင်း စသော အထွတ်အမြတ်ထားရာ၌ လည်းကောင်း၊ အိမ်သာ နံရံများ၌ လည်းကောင်း လူမသမာဟူ၍ သမုတ်ခံရသော လူငယ် လူရွယ်ကလေးတို့ မီးသွေးဖြင့် လက်သရမ်းကြသော ရုပ်လုံးများကို စာဖတ်သူတို့ တွေ့ဖူးကြပေမည်။ ထိုရုပ်လုံးများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ကတ်ကြေးပုံတစ်ပုံသည်သာလျှင် ကိုဒေါင်း၏ ခရီးရောက်သော ရည်းစားစာ ကဗျာတစ်ပုဒ် ဖြစ်ချေသည်တမုံ့..." တဲ့။

ကဲ...သမီးရေ...သီကုံးဖွဲ့ဆိုတတ်သူတွေ အဖို့တော့ ကတ်ကြေးပုံတစ်ပုံရဲ့

mgyoe.com

ဂုဏ်ထူးဝိသေသကို ဖွဲ့ပြလိုက်တာနဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်သွားတာပဲ။ ခေတ်စမ်းကဗျာ တွေ့မှန်သမျှလည်း ကတ်ကြေးပုံတစ်ပုံနဲ့ ထပ်တူထပ်မျှ ဖြစ်သွားတာပဲ။

အဲဒီ ဝတ္ထုကို သမီး သတိထားမိရဲ့လား၊ ဂုဏ်ကို အရင်ပြပြီးမှ အကြောင်းအရာကို ဖော်လိုက်တာ။ အကြောင်းအရာလည်း စာဖတ်သူတွေက သိရော "ဟာသရသ"ဆိုတဲ့ ရယ်ရွှင်စေမှု အရသာလည်း ပေါ်လာရော။ ဒီနေရာမှာ စာဖတ်သူတွေဟာ စာဆိုသူချီးကျူးထားတဲ့ ဂုဏ်ထူးတွေကိုသိပြီးတာနဲ့ ဘာပဲဆိုတာ ထင်းခနဲ ပေါ်လာကြရမယ် မဟုတ်လား။ ဒီစာမှာ မပေါ်ဘူး၊ မသိဘူး၊ စာရေးသူက ရှင်းပြမှ သိတယ်။ ဒါပေမဲ့ အဲဒီစာဟာ အပြစ်မသင့်တဲ့အပြင် ဂုဏ်တောင် မြောက်လာသေးတယ်။ တကယ်တော့ ဂုဏ်ကို ဖော်ပြလိုက်တာနဲ့ အကောင်ကိုဖြစ်စေ၊ အရာဝတ္ထုကို ဖြစ်စေ၊ အကြောင်းကိုဖြစ်စေ ထင်းခနဲ မြင်လာ၊ သိလာရမယ်မဟုတ်လား။ ဒါကြောင့် နေရာတိုင်းမှာ လှေနံဓားထစ် မမှတ်ရ။ စာရေးသူ အလိုရှိတဲ့အတိုင်း စာဖတ်သူတွေကို ခံစားနိုင်စွမ်း ရှိစေခြင်းဟာ ဂုဏ်မြောက်သည်ချည်း ဖြစ်တယ်လို့ မှတ်...

ကဲ...ဒီတစ်ခါတော့ နောက်ဆုံးအချက်ဖြစ်တဲ့ ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာအကြောင်းကို ဆက်ကြဦးစို့...။

ဒဗ္ဗကို ဒြပ်လို့ ခပ်လွယ်လွယ် ပါဠိကနေပြီး ပါဠိပျက်အဖြစ်နဲ့ မြန်မာစာလုံး ပြောင်းယူထားလိုက်ကြတယ်ကွဲ့။ ဒြပ်ဆိုတာ ထုထည်နဲ့ အထည် ကိုယ်ကို ခေါ်တာပဲ။ ဒါကြောင့် အထည် ကိုယ်ဒြပ်အားဖြင့် ဖွဲ့လိုသောအရာကို ထင်ရှားပေါ်လွင်အောင် ဖွဲ့သီခြင်းဟာ ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာမြောက်တယ်လို့ မှတ်...

အဲဒါကို ကာဗျ ပကာသကျမ်းဆရာက ဘယ်လို ပုံစံ ထုတ်ပြလိုက်သလဲ ဆိုတော့...

> နောက်ခြေနှစ်ဖက်ကို ဆန့်၍ ကျောက်ကုန်းကို ဆောင်တတ်သော၊ ကျယ်သော ကိုယ်အင်္ဂါကို လည်စေ၍ စဉ်းငယ် ကောက်သော နှုတ်သီးရှိသော၊ အိပ်ရာမှ ထသည်ဖြစ်၍ အမြဲလှုပ်သည့် နှုတ်သီးဖြင့် ပွတ်နေသော နှုတ်သီးကို ရင်၌ကပ်၍ မြူရှိသည့် လည်ဆံကို ခါသော၊ ညင်းညင်းသော အသံကိုပြုလျက် မြေကို ခွာဖြင့် ရေးခြစ်နေသော မြင်း...

ကိုယ် အထုအထည်၏ ပုံပန်းဟန်ပန်ဖြင့် မြင်း၏အဖြစ်ကို လည်းကောင်း၊ အစာစားလိုသည့်အဖြစ်ကို လည်းကောင်း ပေါ်လွင်စေသည်ဟု ဆို၏။

mgyoe.com

mgyoe.com


ဒီလိုနက်နဲတဲ့စာတွေနဲ့ ရေးဖွဲ့ပြတာကို သမီး သဘောပေါက် လွယ်လိမ့်မယ်တော့ မထင်ဘူး။ ဒါပေမဲ့ စောစောက ပြောခဲ့၊ ရေးခဲ့တဲ့အတိုင်း မှတ်ထားလိုက်မယ်ဆိုရင် လူတို့၊ သတ္တဝါတို့ဆိုရင် ကိုယ်ကောင်ကြီးရဲ့ လှုပ်ရှားမှု ပုံပန်းအသွင်တို့ကို ဖော်ပြလိုက်ရုံနဲ့ သည်အကောင်ကြီးဟာ ဘယ်ကောင်၊ သည်လူကြီးဟာ ဘာလုပ်နေတယ်၊ ဘာဖြစ်နေတယ် ဆိုတာ သိရမယ်၊ သိစေရမယ်။ အရာဝတ္ထုတွေ ဆိုရင်လည်း အဲဒီ အရာဝတ္ထုတွေရဲ့ အသွင်အပြင်ကို ဖော်ပြလိုက်တာနဲ့ ဒီအရာဝတ္ထုကြီးဟာ ဘာဖြစ်နေတယ်၊ ဘယ်အချိန် ဘယ်ကာလ ရောက်နေပြီဆိုတာ သိစေရမယ်။ အဲဒါဟာ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာပါပဲ သမီး။

ဆိုကြပါစို့...ဆရာကြီး သခင်ဘသောင်း ရေးတဲ့ နဂါးနီဂျာနယ်တိုက်ထုတ် ပန်းသာ မစာအု ပထမအုပ် စာမျက်နှာ ၁၈ မှာ...

> "ပေပင်ကုန်းရွာတစ်ဝိုက်ရှိ သစ်ပင်ကြီး သစ်ပင်ငယ်တို့လည်း ပူအိုက်သောအခါဖြစ်၍ မိမိတို့၏ အဝတ်အထည်နှင့် တူသော မြရည်စွတ်သည့် စိမ်းစိုဝေဆာသော အရွက်များကို ချွတ်ပယ်ကာ လေညင်းခံလင့်ကြကုန်သည့် ပေါက်ပင်တို့သည် "ပြည်တွင်းအရေး ပေါက်နှင့်ကျေး" ဆိုသကဲ့သို့ ကျေးငှက်၏ အရောင်နှင့် ခွဲမရအောင် အစိမ်းရောင်ချင်းတူသော အရွက်ကိုဆောင်သည့် ရွက်ဟောင်းတို့ကို အကုန်အစင်ချွေ၍ ပေပင်ကုန်းရွာထိပ်က လက်ပံပင်မင်းကြီးကို အားကျမခံလိုသည့်အလား ပင်လုံးကျွတ် ပွင့်၍နေကြသဖြင့် တစ်တောလုံး နီမြန်းလျက် ရှိလေသည်။ ထိုကဲ့သို့ ပေါက်နှင့် လဲတို့သည် သူသာ ငါနိုင် စင်ပြိုင်ပွင့်၍နေကြသော ရာသီတွင်..."

ကဲ...သမီး ဒါဟာ ပေါက်ပင်နဲ့ လဲပင် (လက်ပံ)ပင်ကြီးတို့ရဲ့ အထည်ဒြပ်ရဲ့ အသွင်ကို ဖွဲ့ပြလိုက်တာပဲ။ ဆရာကြီးဟာ ဒီပေါက်ပင်နဲ့ လဲပင်တို့ရဲ့ အထည်ဒြပ်ကို (အပင်ကြီးတွေရဲ့ အသွင်ကို) ဘာပြုလို့ ဖွဲ့တာလဲ၊ ဘာကိုလိုချင်လို့ ဖွဲ့တာလဲ၊ ဒီအပင်တွေ ဒီလို ဖြစ်နေတဲ့အချိန်ဟာ ဘယ်ကဲ့သို့သော ရာသီဆိုတာ သိစေလိုလို့ မဟုတ်လား။ တကယ်တော့ ဆရာကြီးဟာ ဒီအပင်ကြီးတွေကို တိုက်ရိုက် ဖွဲ့ထားပေမဲ့ အပင်ကြီးတွေရဲ့ အကြောင်းကိုချည်း ဖွဲ့ပြနေတာ မဟုတ်ဘူး သမီးရေ... "အစိတ်ကို ဆိုသဖြင့် အပေါင်းကိုပါ ရသောနည်း"လို့ ပညာရှိတို့ ခေါ်ဆိုကြတဲ့ "ဥပ လက္ခဏနည်း"နဲ့ လောကဓာတ်ကြီး တစ်ခုလုံးရဲ့ နွေရာသီ အခြေအနေကို ဖွဲ့ပြလိုက်တာပဲ။

mgyoe.com

"ဥပလက္ခဏနည်း"ဆိုတာ "ထီးဖြူကိုရတဲ့ မင်းသား"လို့ ပြောလိုက်၊ ရေးလိုက်တာနဲ့ ဒီမင်းသားဟာ ထီးဖြူတစ်ခုတည်းကိုသာ ရတာမဟုတ်ဘူး၊ ထီးဖြူနှင့်တကွသော နန်းတော်အလုံးပါ ပါဝင်စေသည့် တိုင်းပြည်၏ အရှင်သခင် မင်း အဖြစ်ကို ရတာပဲလို့ အလိုလို သိစေနိုင်တဲ့နည်းမျိုး။

အဲဒီနည်းအတိုင်းပဲ လက်ပံပင်ကြီးနဲ့ ပေပင်တို့သာ မြရည်စွတ်တဲ့ ရွက်ဝတ်တွေကို ချွတ်ခွာပြီး တစ်တောလုံး နီမြန်းအောင် "ပင်လုံးကျွတ် ပင်လုံးကျွတ်"ပန်းတွေပန်ရင်း လေညင်းခံနေကြတာ မဟုတ်ဘူး။ လောကဓာတ်ကြီး တစ်ခုလုံးကပါ လိုက်ပြီး အိုက်စပ်တဲ့ ဟန်ပန်နဲ့ နီကြန်တဲ့ မြူပဝါကို တခါခါ လုပ်ပြနေတဲ့ နွေနှောင်းအချိန်ကို ဖွဲ့ပြလိုက်တာ။

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်တဲ့အတွက် နည်းနည်း ပြောပြရမယ်ဆိုရင် ရှေးရှေး...ကာလပေါ် ဝတ္ထုပေါ်စ ခေတ်လောက်က ရှင်းပြပြီးခဲ့တဲ့ ကြိယာ သဘာဝဝုတ္တိ အလင်္ကာနဲ့ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာကို အင်မတန် အသုံးနည်းခဲ့တာ တွေ့ရတယ်။

အကယ်လို့ အသုံးပြုရင်လည်း တကယ့်အဖြစ် အထိအတွေ့အနေနဲ့ မသုံးဘဲ စိတ်ကူးအဖြစ်နဲ့၊ အပြောအဖြစ်နဲ့သာ သုံးနှုန်းတာကို တွေ့ခဲ့ရတာများတယ်။ လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးရေးတဲ့ ခင်မြင့်ကြီးတို့လို အင်မတန်ကျော်ကြားတဲ့ ဝတ္ထုမျိုးထဲမှာမှ...

> "ခင်မြင့်ကြီးတို့ အိမ်သို့ရောက်လျှင် အိမ်ပေါ်မှာ လူအစအန မမြင်သည်နှင့် ပန်းခြံနားသို့ လျှောက်သွားရာ ဆယ့်နှစ်ရာသီ စံပယ်ပန်းနှင့် နှင်းဆီပန်းတို့ကို ပွေ့၍ ပန်းခြံထဲမှထွက်လာသော ခင်မြင့်ကြီးနှင့် ပန်းခြံဝမှာ ရုတ်တရက် မျက်နှာချင်းဆိုင်မိလေ၏။
>
> ထိုအခါ နှစ်ယောက်စလုံး အံ့အားသင့်၍နေကြပြီးမှ ခင်မြင့်ကြီးက အလွန်တရာ ရှက်ရွံ့ကြောက်လန့်သည်နှင့် ပန်းခြံထဲသို့ ပြန်၍ ဝင်ရန် နောက်ဆုတ်လိုက်ရာ မောင်သန်းညွန့်က ပြုံးပြီး မျက်လုံးနှင့် အချစ်ဆေးကူ၍...

ဇာတ်ကောင်တွေရဲ့ ကိုယ်ခန္ဓာလှုပ်ရှားဟန်နဲ့ စာဖတ်သူ သိစေလိုတဲ့ အကြောင်းအရာမျိုးကို ဖော်ရာမှာ အခု ဖော်ပြထားသလောက် ကြိုးကြားကြိုးကြားသာ ဖော်ပြခဲ့ကြတာကို တွေ့ခဲ့ရတာပဲ။ အဲ...တစ်ခုတော့ ရှိလေရဲ့၊ ရှေးရေး ပြဇာတ်တွေ၊ ရကန်တွေထဲမှာတော့ အတော်ကလေး များများပြားပြား အသုံးပြုထားတာကို ဖတ်ဖူး၊ မှတ်ဖူးခဲ့ရတယ်။ အထူးသဖြင့် ရာမရကန် ဦးတိုး၊ ဦးပုညနဲ့ ဦးကြီး ရေးတဲ့ လွမ်းချင်းတွေထဲမှာ အများဆုံး

mgpen.com

တွေ့ရတာပဲ။ ဝန်ကြီး ပဒေသရာဇာရဲ့ တျာချင်းတွေထဲမှာလည်း အဲဒီကြိယာ သဘာဝဝုတ္တိ အလင်္ကာနဲ့ ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာ လိုလိုချည်းပဲ။ နောက်...သမီး အဲဒီစာတွေကို လေ့လာရမှန်းသိလို့ လေ့လာမိတဲ့အခါမှာ သိလာပါလိမ့်မယ်။ အခုတော့ ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာနဲ့ ပတ်သက်ပြီး ဖေဖေ ရေးခဲ့တဲ့ နန်းဟာဗီးဝတ္ထုထဲက ပုံစံတစ်ခုကိုပဲ ထုတ်ပြတော့မယ်။

"အဝါသည် မကြာမီ လက်ကလေးများ ပေါက်ပြလျက် အဖု...အဖု ထကုန်၏။

စိတ်ထဲတွင် မကျေမချမ်းဖြစ်တိုင်း ဒေါသနှင့် ပြုလုပ်နေသောကြောင့်လည်း ပို၍ အဖုများ ဖြစ်လာ၊ ပေါက်ပြကုန်ကြခြင်း ဖြစ်၏။

အဝါ၏မျက်နှာတွင် ပါးအို့ကလေးများ ပိုမိုနီမြန်းကာ နဖူးဆံစတို့မှ ချွေးစီးကြောင်းကြီးများသည် ဝါဝင်းသော မျက်နှာပြင်တွင် မည်းနက်သော ဆံနုကလေးများကို ဖရိုဖရဲ အသားနှင့် ကပ်နေစေသောကြောင့် ပိုမို လှပလာ၏။

အဝါသည် လက်ဆုံကျည်ပွေ့ကို ပစ်ချလျက် လည်ပင်းမှ အကျီကြယ်သီးတစ်လုံးကို ဖြုတ်လိုက်၏။ ထို့နောက် "လုံဖတ်" (ဆန်ကော)ကိုယူလျက် ဖွဲကြမ်းရောနေသော ဆန်များကို ပြာပစ်၏။

အဝါ၏ လက်မောင်းဝဝကလေးပေါ်ရှိ အမွေးနုများတွင် ဖွဲမှုန်ကလေးများ ကပ်နေကြသောအခါ ထသော ပျိုးပင်ပေါက်တို့ကဲ့သို့ စိမ်းစိမ်းနုနု ထင်းထင်းပေါ်လာသောကြောင့် အဝါ၏ ပျိုမြစ်သန့်စွမ်းမှုသည် ပို၍ ထင်ရှားလာ၏။

အဝါသည် ပြာပြီးဆန်များကို လက်ဆုံထဲ၌ထည့်ကာ နောက်တစ်ကြိမ် ထောင်းပြန်။ အဝါ၏ ဆန်ထောင်းပုံသည် ပိန်း ကူးမကလေးများ ဆန်ထောင်းပုံနှင့် လုံးဝမတူ။

ပိန်းကူးမကလေးတို့၏ ဆန်ထောင်းပုံသည် ပျော့၏၊ နွဲ့၏။ တင်ပါးကို ရှေ့တိုးနောက်ငင် ပြု၏။ ရင်ကို ဘယ်ညာ ယိမ်းနွဲ့၏။ ခါးကို အလိုက်သင့် နွဲ့၏။ စပါးပေါ်တွင် လက်ဆုံကျည်ပွေ့ အကျမနာပေမဲ့ လူတစ်ကိုယ်လုံး ခါယမ်းနေအောင် လှုပ်၏။

mgyoe.com

"ဆွိုင်ယိုင်"ဟူသော အဖောက် တေးသံကိုပြုလျက် ရှမ်းအမျိုးသမီးများ စပါးထောင်းကြသကဲ့သို့ ထိုနယ်တစ်နယ်လုံးရှိ သိန်းဖော (ကချင်)တို့နှင့် ပိန်းကူး အမျိုးသမီးတို့က လိုက်၍ ထောင်းကြ၏။ ထို နေ့စဉ် အလုပ်ဖြစ်သည့် စပါးထောင်းခြင်းကို ညင်ညင်သာသာဖြင့် စိတ်ရှည်ရှည် ပြုလုပ်လေ့ရှိကြ၏။

အဝါကား ထိုသို့မဟုတ်၊ အဝါ၏ စပါးထောင်းပုံသည် မြန်၏၊ ကြမ်း၏၊ သန်လွန်း၏။ မိမိတို့ အမျိုး ဖြစ်လာမည်ကို စိုးရွံ့မိသော နာဂလူမျိုးများ ထောင်းပုံနှင့် လုံးဝတူနေ၏။

အဝါ၏ ငယ်သော ခါးသည် သံမဏိကဲ့သို့ တောင့်၏၊ သန်၏၊ ယိမ်းယိုင်မှု မရှိ။ အဝါ၏ လက်ဆုံကျည်ပွေ့ လက်ဆုံတွင်းကို ကျသံသည် အားရှိ၏။ အောက်ခံမြေကြီးကိုပါ သိမ့်သိမ့်တုန်စေလျက် အုန်းအုန်းလည်း မြည်၏။ နာရီစက်ကဲ့သို့လည်း မြန်၏။ ခုံးကြွနေသော ရင်အစုံသည် လက်ဆုံကျည်ပွေ့ကို အားရပါးရ မြှောက်၍ထောင်းလိုက်တိုင်း ကြယ်သီးဖြုတ်ထားသော အင်္ကျီတွင်းမှ စည်းချက်မှန်မှန် ရုန်းကန် ခုန်တိုး၏။

ခါးဆန့်လိုက်တိုင်း မို့ခနဲ မြင့်မောက်သွားသော တင်းတင်းတောင့်သည့် တင်ပါးအစုံသည် ခါးကုန်းလိုက်တိုင်း ဘေးသို့ ကားသွားလျက် တပွေ့တပိုက် အိအိဝန်းဝန်းချည်း ဖြစ်သွားရ၏။

အိမ်ရှေ့မှ ဖြတ်လျှောက်သွားသော ကလေးငယ်တို့သည် အဝါ့ကို ရပ်၍ကြည့်နေကြ၏။ ရေခပ်ရာမှ ပြန်လာကြသော မိန်းမအချို့သည် ကလေးငယ်များနှင့်အတူ ရပ်၍ ကြည့်ကြ၏။ တစ်ဖက်မှ လျှောက်လာကြသော ကာလသားနှစ်ယောက်တို့သည် ထိုလူအုပ်နှင့် အတူ ရောနှောကာ...

"ကဲ...သမီး၊ အဲဒါဟာ နန်းဟာဗီး ဝတ္ထုထဲက ဖေဖေရဲ့ဇာတ်ဆောင် ကောင်မလေး ဆန်ထောင်းနေတဲ့ အသွင်ဟန်ပန်ကို ဖော်ပြတာပဲ။ အဲဒီပုံသွင်ကို သမီးမျက်စိထဲမှာ မြင်လာတော့ ဘယ်လို ဖြစ်သလဲ...

အေး...သမီးကတော့ ဆန်ထောင်းတယ်ဆိုတာပဲ သိမှာပဲ။ ဖေဖေ ဖော်ပြတာက အဝါဟာ ဘယ့်လောက် ကျန်းမာတောင့်တင်းပြီး လုပတဲ့မိန်းမပျိုကြီး ဖြစ်တယ်ဆိုတာ

 mgyoe.com


စာဖတ်ပရိသတ် သိစေချင်လို့ပဲ။

ဒီနေရာမှာ ပြောခွင့်ကြုံလာလို့ ပြောရဦးမယ်ဆိုရင် အခု ဝတ္ထုဟာ တစ်ခေတ် ပြောင်းနေပြန်ပြီ သမီးရေ့...၊ ရှေးတုန်းက ရေးကြသလို ဇာတ်ဆောင် ကောင်ကလေးနဲ့ ကောင်မကလေး တွေ့ကြတော့မှ ကောင်မကလေးရဲ့ အလှကို စာရေးဆရာက ကောင်ကလေးအမြင်နဲ့ ဖွဲ့ပြတာမျိုးတွေ၊ အဲဒါကြောင့် ကောင်ကလေးက ဖျပ်ဖျပ်လူး ကြိုက်မိသွားတာမျိုးတွေ မဟုတ်တော့ဘူး။ အဲဒီလို ရေးရင် ရှေးတုန်းက ဇာတ်တွေထဲမှာ လူတစ်ယောက် ထွက်လာပြီး...

ကျုပ်ကတော့ တောင်ပြင်သူဌေး ဖိုးသာပေးကိုဗျ၊ ကျုပ် မှာတော့ သမီးတစ်ယောက် ရှိလေရဲ့၊ သူဌေးကတော်ကြီး ဆုံးသွား တော့ ဒီသမီးကလေးအဖို့ ကျုပ်ပဲ အဖေ၊ ကျုပ်ပဲ အမေ လုပ်နေ ရတာ။ သမီးကလည်း မိတဆိုးကလေးဆိုတော့ မိအုပ်လို့မကြီး၊ ကျုပ် အုပ်ပြီး ကြီးလာခဲ့ရတော့ တစ်ယောက်ဆို ဆိုသလောက် ပေါက်ကျော်... ပေါက်ကျော်နဲ့...

ဆိုတာမျိုးတွေ၊ ထပ်တူထပ်မျှ ဖြစ်နေတယ်ရယ်လို့ ကောင်ကလေးနဲ့ ကောင် မကလေး တွေ့မှ ကောင်မကလေးရဲ့ အလှကို ဖွဲ့ပြတာမျိုးတွေ မရေးကြတော့ဘူး။

ဇာတ်ဆောင် ကောင်မကလေးရဲ့ အလှကို ဇာတ်ဝင်အတိုင်း ဇာတ်ရဲ့ ဘဝ သံသရာထဲမှာ လှည့်ပတ်ကျက်စား သွားလာရန်းကန်ရင်း စာဖတ်တဲ့သူကရော၊ ဇာတ် ထဲက ဇာတ်ဝင်လူတွေကရော အဲဒီ ကောင်မကလေးကို လှရင်...လှကြောင်း၊ သဘော ကောင်းရင် ကောင်းကြောင်း သိစေရတယ်ကွယ့်...

ကဲ...သမီးရေ၊ တိုက်ရိုက် ရေးဖွဲ့နည်းဆိုတဲ့ သဘာဝဝတ္ထုအလင်္ကာထဲမှာ ပါတဲ့ ရေးဖွဲ့နည်းလေးမျိုးဟာ ပြီးဆုံးသွားပြီ ဆိုပါတော့...

ဒီနေရာမှာ ဖေဖေ့သဘောပြောရ ရေးရရင် ဒီလို တိုက်ရိုက်ရေးနည်းဖြစ်တဲ့ သဘာဝဝတ္ထုအလင်္ကာအတိုင်း ဖွဲ့ဆိုလိုက်ကြတဲ့အခါမှာ...

မျိုးရိုးနဲ့ ဖွဲ့မယ်ဆိုလည်း သီးသန့်ဖွဲ့လို့ စာသိပ်မလှပါဘူး။ ပြုမူမှုတို့၊ ပုံပန်းရုပ်သွင်တို့ဆိုတာ ရောယှက်ပြီး ပါလာလေ့ ရှိကြပါတယ်။

အဲဒီတော့ ဒီလေးမျိုးလုံးဟာ တစ်မျိုးနဲ့တစ်မျိုး မကင်းနိုင်ဘူး။ အားလုံး ပေါင်းစပ် ရောယှက်နေကြတယ်။ ဒါကြောင့် တကယ် လိုအပ်မှ၊ အရေးကြီးမှ ဒီလေးမျိုးထဲက လိုအပ်တဲ့အမျိုးကို သီးသန့်ရေးဖွဲ့ဖို့သင့်တယ်လို့ ဖေဖေ ထင်တယ်။ အဲဒီလိုမလိုအပ်ဘူး

mgyoe.com

ဆိုရင် တိုက်ရိုက်ရေးဖွဲ့တဲ့ သဘာဝဝုတ္တိ အလင်္ကာသာ မြောက်ပါစေ၊ သင့်သလို ရေးဖွဲ့သွားပါ။ ဂုဏ်နဲ့ဖော်ဖို့ သင့်တဲ့နေရာမှာ ဂုဏ်နဲ့ဖော်လိုက်၊ ပုံပန်း သွင်ဟန် ရောချင်ရောပါစေ။ အမျိုးအစားနဲ့ ဖော်ပြဖို့သင့်ရင် အမျိုးအစားနဲ့ ဖော်လိုက် ကြိယာ သဘာဝဝုတ္တိ အလင်္ကာဆိုတဲ့ လှုပ်ရှားမှု၊ ဆောင်ရွက်မှု၊ ပြုလုပ်မှုတွေ ရောထွေး ပါချင်ပါပါစေ။ အဲဒီလို အလျဉ်း သင့်သလို သီကုံးဖွဲ့ပြခြင်းဟာ အောင်မြင်တဲ့ ဖွဲ့ပြခြင်း ဖြစ်လိမ့်မယ်၊ ဖြစ်လွယ်မယ်လို့ ဖေဖေ ထင်တာပဲ။

ဒါ့ကြောင့်လည်း သက္ကဋ အလင်္ကာကျမ်းဆရာ အချို့က တိုက်ရိုက် ရေးဖွဲ့တဲ့ သဘာဝဝုတ္တိ အလင်္ကာကို တစ်မျိုးတည်းသာဖြစ်တယ်လို့ ပေါင်းစပ်သတ်မှတ်ထားကြဟန် ရှိလေရဲ့။ နောက်ဆုံး ဖေဖေ အကြံပေးလိုတာက ဒီ တိုက်ရိုက် ဖွဲ့သီနည်းနဲ့ ပတ်သက်ပြီး မှတ်တော့ လေးနည်းလေးမျိုးပဲ မှတ်ပါ၊ ရေးဖွဲ့တဲ့အခါကျတော့ အားလုံး သင့်သလို ပေါင်းစပ်ပြီး ရေးဖွဲ့ပါလို့ အကြံပေးချင်တာပဲ။

နောက်တစ်ခု ရှိသေးတယ် သမီး၊ "တိုက်ရိုက် ရေးဖွဲ့ခြင်းဆိုလို့ ဒီရေးဖွဲ့ နည်းမှာ ပရိယာယ်မပါဘူး၊ အနုပညာ ပါပုံမရဘူး၊ တိုက်ရိုက်ချည်းဆိုတဲ့နောက် ဘယ်ကောင်းပါတော့မလဲလို့ မထင်လိုက်လေနဲ့။ ဒီ တိုက်ရိုက် ရေးဖွဲ့နည်းနဲ့ ရေးဖွဲ့ပြီး ရသ အားလုံးမြောက်အောင် ပြုနိုင်လေရဲ့။ ဥပမာကွယ်...ကြိယာ သဘာဝဝုတ္တိ အလင်္ကာခေါ်ခေါ်၊ ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာခေါ်ခေါ် အဲဒီအလင်္ကာနှစ်ခုလုံးမှာ ဆိုကြပါစို့....

တော်တော် စောစောတုန်းက ဖေဖေ ပြောခဲ့မိတယ် ထင်တယ်။ အဲဒီ အလင်္ကာနှစ်မျိုးဟာက ပြခြင်းနဲ့ ဆိုင်တယ်လို့ဆိုတာ...

ဒီနေရာမှာ သမီးက မိန်းကလေးဆိုတော့ အက၊ အခုန် ဝါသနာပါလိုပါငြား သမီးအတွက် ဗဟုသုတကလေး ရအောင် အနည်းအကျဉ်း ပြောပြထားဦးမယ်။

ဒီမှာ သမီး၊ မှတ်ထား၊ မာယာလေးဆယ်လို့ ခေါ်နေကြတဲ့ အနုဘာဝ လေးဆယ်လုံးဟာ အဲဒီကြိယာ သဘာဝဝုတ္တိအလင်္ကာနဲ့ ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာ နှစ်မျိုးလုံးနဲ့ တိုက်ရိုက်သက်ဆိုင်တယ်။

အဲဒါအပြင် အခြား လှုပ်ရှားမှုတွေနဲ့လည်း သက်ဆိုင်သေးတယ်။ ခြုံပြောလိုက်ရင်ကွယ် ကပြမှု အားလုံးနဲ့ သက်ဆိုင်တယ်ဆိုတော့ ကပြမှုဆိုတာတွေထဲမှာ ဘာတွေပါမယ်လို့ သမီး ထင်သလဲ။

အဲ...မသိဘူး၊ ဟုတ်လား၊ ညံ့ပါ့ကွာ။ သမီး ပွဲတွေ၊ ဘာတွေ သွားကြည့်တော့ ပျော်ရတယ်၊ ရယ်ရတယ်၊ ကြည်နူးရတယ်၊ လွမ်းရတယ်။ နှစ်ပါးသွားခန်းမှာ ရင်ခုန်ရတယ်၊

mgpoe.com

mgyoe.com

လူကြမ်းကောင်ကြီးကို မုန်းတီးရွံရှာရတယ်၊ မင်းသမီးနဲ့ မင်းသားကလေးကို နှိပ်စက်တာ ကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်ရတယ်။ ဖြောင့်မတ်မှန်ကန်မှု၊ သစ္စာရှိမှု အကျိုးကြောင့် မမျှော်လင့်တဲ့နေရာက ကူညီမည့်သူ ပေါ်လာလို့ အံ့သြရတယ်၊ မင်းသားကလေးရဲ့ ဖွဲ့နဲ့ လုံ့လကို တွေ့ရတယ်။ အဲဒါတွေ အားလုံး သမီး မြင်ခဲ့၊ ကြားခဲ့ရတယ် မဟုတ်လား။ အဲဒါဟာ ရသ ကိုးပါးပေါ့ကွ၊ သမီး ရသ ကိုးပါးစလုံး ခံစားလာရတာပေါ့။

အေး...ဒါ့ကြောင့် ကပြတယ်ဆိုတဲ့ အထဲမှာလည်း ရသ ကိုးပါးလုံးပါတယ်။ ဒါ့ကြောင့် ကပြမှုနဲ့ တိုက်ရိုက် သက်ဆိုင်တဲ့ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာနဲ့ ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာ နှစ်မျိုးလုံးထဲမှာလည်း ရသကိုးပါးပါတယ်။ မှတ်ထား...

ဒီအလင်္ကာ နှစ်မျိုးဟာ ကပြမှုနဲ့ သက်ဆိုင်တယ်၊ သက်ဆိုင်တယ်နဲ့ ဖေဖေ ပြောနေတယ်။ ဘယ်လို သက်ဆိုင်သလဲလို့ သမီးက မေးချင်တယ် မဟုတ်လား။

အေး...ပြောပြမယ်...ပြောပြမယ်၊ သေသေချာချာ သီးသန့် ခွဲမှတ်ထား...

ကြိယာ သဘာဝဝုတ္တိအလင်္ကာ...

ဘာပါလဲ...

ပြုလုပ်မှု၊ ဆောင်ရွက်မှု...

ပြုလုပ်မှု...ဆိုတဲ့ အထဲမှာကော ဘာတွေပါလဲ။

တွန်းတယ်၊ ဆွဲတယ်၊ မြှောက်တယ်၊ ချတယ်၊ လှုပ်တယ်၊ ငြိမ်တယ်၊ နှေးတယ်၊ မြန်တယ်ဆိုတာတွေ ပါတယ်။

ကောင်းပြီ၊ ဒဗ္ဗ သဘာဝဝုတ္တိအလင်္ကာဆိုတဲ့ အထဲမှာကော ဘာတွေ ပါလဲ။

ထုထည်၊ အထည်ကိုယ်...

အဲဒီ ထုထည်၊ အထည်ကိုယ်ဆိုတဲ့ အထဲမှာကော ဘာတွေ ပါလဲ။

နိမ့်တယ်၊ မြင့်တယ်၊ ဖြောင့်တယ်၊ ကွေးတယ်၊ ဝန်းဝိုင်းတယ်ဆိုတာတွေ ပါတယ်။

ဒီတော့ကာ လူတစ်စုံတစ်ယောက်ဟာ သူ့ကိုယ်ကို သူ လှုပ်ရှားလိုက်မယ်ဆိုရင် နိမ့်အောင် ပြုလို့ရတယ်၊ မြင့်အောင် ပြုလို့ရတယ်၊ ကွေးညွတ်အောင် ပြုလို့ရတယ်၊ ဖြောင့်မတ်အောင် ပြုလို့ရတယ်၊ မြန်မြန် ပြုလို့ဖြစ်တယ်၊ နှေးနှေးပြုလို့ ဖြစ်တယ်၊ ဒီလိုဖြစ်အောင်လည်း ဒီအလင်္ကာနှစ်မျိုးလုံးနဲ့ ပေါင်းစပ်လုပ်မှ ဖြစ်မယ် ဟုတ်လား။

mgyoe.com

ကဲ...ကောင်းပြီ၊ အဲဒီတော့ကာ လှုပ်ရှားမှု ဆိုပါတော့။ နှေးနှေး ပြုလုပ်ခြင်း သဘောဟာ ပျင်းရိမှု၊ စိတ်ပျက်မှု၊ လွမ်းဆွတ်မှုတို့ကို ဖော်ပြတယ်။ မြန်မြန် လှုပ်ရှားမှုဟာ တက်ကြွမှု၊ ဒေါသဖြစ်မှု၊ လုံ့လပြုမှုတို့နဲ့ ကြောက်ရွံ့မှုကို ဖော်ပြတယ်။

ကဲ...ထုထည်နဲ့ပတ်သက်ပြီး ကြည့်ဦး၊ ဖြောင့်မတ်မှုဟာ ခိုင်ခံ့ခြင်း၊ တည်ငြိမ်ခြင်း၊ မာကျောခြင်းတို့ကိုဖော်ပြပြီး ကွေးညွတ်ခြင်းဟာ ပျော့ညံ့ခြင်း၊ ပျော့ပျောင်းခြင်း၊ လှပခြင်း၊ လျော့ရဲခြင်းတို့ရဲ့ သဘောကို ဖော်ပြတယ်။

အဲဒီတော့ လူတစ်စုံတစ်ယောက်ဟာ တောင့်တောင့်ချည်း ရပ်၊ ခေါင်းကို မတ်မတ်ထား၊ ပြီးတော့ ခြေလှမ်းကျဲကျဲနဲ့ ဒေါက်ဒေါက်...ဒေါက်ဒေါက် မြည်အောင် ခပ်သွက်သွက်သွားရင် အဓိပ္ပာယ်တစ်မျိုးပေါက်တယ်။

နောက် အဲဒီလူပဲ၊ ကိုယ်ကို ခပ်ပျော့ပျော့ ခပ်ကိုင်းကိုင်းထား၊ ခေါင်းကို ငိုက်စိုက်ထား၊ မလှမ်းချင် လှမ်းချင်ဟန်နဲ့ ခြေလှမ်းတစ်လှမ်းချင်း ခပ်ဖြည်းဖြည်း ဆုတ်ဆိုင်းဆုတ်သွားရင် တခြားအဓိပ္ပာယ်တစ်မျိုးပေါက်စေတယ်။

အဲဒီတော့ သမီး မှတ်ထားရမှာက လှုပ်ရှားမှုဆိုတဲ့အပြုအမူကို ပြုတိုင်း ကြိယာနဲ့ ဒဗ္ဗ အလင်္ကာ နှစ်မျိုးလုံးနဲ့ ပေါင်းစပ် ပြုလုပ်မှ ပြည့်စုံတဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်နိုင်တယ်လို့ မှတ်ထားလိုက်...

ဒီတော့ကာ လှုပ်ရှားခြင်းဆိုတာ ဘာလဲ၊ လှုပ်ရှားရမယ့် ဒြပ်ဆိုတာ ဘာလဲ၊ ခွဲသိထားဖို့ လိုလာပြီ။ ဒီနေရာမှာ လှုပ်ရှားရမယ့် ဒြပ်က စပြီး ပြောရမယ်။

ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာနဲ့ သက်ဆိုင်တဲ့ ဒြပ်ကို ကပြခြင်း ကိစ္စရပ်တို့မှာ အင်္ဂိက ဘိနယ=အင်္ဂါရပ်တို့နှင့် ပုံပန်းဖော်ခြင်းလို့ ခေါ်တယ်။

အဲဒီ အင်္ဂိက ဘိနယထဲမှာ အင်္ဂ၊ ပြတျင်္ဂ၊ ဥပအင်္ဂရယ်လို့ သုံးမျိုးခွဲထားတယ်။

အင်္ဂမှာ=လက်၊ နံဘေး၊ ခြေ၊ ခေါင်း၊ ခါး၊ ရင်တို့ ပါတယ်။

ပြတျင်္ဂ=လည်ပင်း၊ ပခုံး၊ ကျော၊ ဗိုက်၊ တံတောင်ဆစ်၊ ပေါင်၊ ဒူးနှင့် အခြားကျန်သော အဆစ်များ။

ဥပအင်္ဂ=နှုတ်ခမ်း၊ ပါးစပ်၊ လျှာ၊ သွား၊ နှာခေါင်း၊ ပါး၊ မျက်လုံး။

သမီးရေ...လူတစ်ကိုယ်လုံးအတွက် အဲဒီအင်္ဂါရပ်တွေဟာ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာ ဖော်ဖို့အတွက် အသုံးချဖို့နေရာ၊ အထည်ဒြပ်တွေပေါ့။ သူတို့ဟာ အလင်္ကာ မြောက်ဖို့ မပြည့်စုံသေးဘူး။ ပြည့်စုံအောင် ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာနဲ့ ပေါင်းစပ်

mgyaw.com

ပေးရဦးမယ်။ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာထဲမှာ အခြေခံအားဖြင့် လှုပ်ရှားမှု လေးမျိုး ပါတယ် သမီး။ အဲဒီလှုပ်ရှားမှု လေးမျိုးကို နာတျလို့ ခေါ်တယ်။ နာတျဆိုတာ ကခြင်းပဲ၊ အဲဒီ နာတျထဲမှာ ပါတဲ့ အခြေခံ လှုပ်ရှားနည်း လေးမျိုးက...

ဗြဟ္မရီ=ခံစားချက်ကို ပေါ်လွင်အောင် ဖော်ပြဟန်၊

ဥပလဝ=ခုန်လွှားဟန်၊

သျှရီ=စံပယ်ဟန်၊

ဃဋ္ဌိ=စည်းဝါးချက်ကျ လှုပ်ရှားဟန်၊

တို့ ဖြစ်ကြတယ်။ ဒီအခြေခံ လှုပ်ရှားနည်းကြီး လေးမျိုးထဲမှာ ဟဿဒမုဒြ ခေါ်တဲ့ သရုပ်ဖော်ဟန်လှုပ်ရှားနည်းတွေ ပါတယ်။ ပြီးတော့ ရှေးရှေး နာတျ= အက ကျမ်းများမှာပါတဲ့ ဦးခေါင်းလှုပ်ရှားနည်း ၁၃ မျိုး၊ မျက်လုံးလှုပ်ရှားနည်း ၂၈ မျိုး၊ လည်တိုင် လှုပ်ရှားနည်း ၉ မျိုး၊ ခြေလက်လှုပ်ရှားနည်း အနုစိတ် ၈ မျိုး၊ မြူးထူးခုန်ပေါက်ဟန် ၅ မျိုး၊ ကိုယ်ကိုလှည့်နည်း ၈ မျိုး၊ ခြေလှမ်းနည်း ၁၀ မျိုး၊ စကြဝဠာ တောတောင်၊ ရေမြေ၊ ကောင်းကင်၊ တိရစ္ဆာန်တို့ကို လက်တစ်ဖက်နဲ့ ဖော်ပြနည်း ၂၄ မျိုး၊ လက်နှစ်ဖက်နှင့် စုံဖော်ပြနည်း ၂၃ မျိုးတို့ ပါဝင်ကြလေရဲ့...

သမီးချစ်...အဲဒီ လှုပ်ရှားနည်းတွေ အားလုံးဟာ ကြိယာ သဘာဝဝုတ္တိ အလင်္ကာနဲ့ ဆိုင်လေရဲ့။ ဒါပေမဲ့ ဒီအလင်္ကာကို ဖော်ပြဖို့အတွက် ခြေ၊ လက်၊ မျက်နှာ၊ ကိုယ်အင်္ဂါ တို့မပါရင် ဘယ်လိုမှမဖော်ပြနိုင်ဘူး။ ဒါ့ကြောင့် ဒဗ္ဗနဲ့ ကြိယာ အလင်္ကာဟာ ရုပ်နဲ့နာမ်လို အမြဲတွဲလျက် ရှိနေကြရတယ်ကွဲ့...

အဲဒီတော့ အကပညာကို လေ့လာ သင်ကြားထားတဲ့ ပညာသည် တစ်ယောက် ဟာ ဖော်ပြခဲ့တဲ့ ဒဗ္ဗနဲ့ ကြိယာ အလင်္ကာမြောက်အောင် တွဲဖက်ပြီး ကပြတဲ့အခါ ကျတော့ မိမိ ကပြလိုတဲ့အကြောင်းအရာ ဟန်ပန်ကို အချက်ကြီးလေးချက်နဲ့ ကိုက်ညီ အောင် ကပြကြရတယ်။ အဲဒီအချက်ကြီးလေးချက်ဆိုတာ...

၁။ ကိုယ်ခန္ဓာ လှုပ်ရှားမှု=အင်္ဂိက ဘိနယျ=The body movement.

၂။ ပုံဟန်=နာတျ ဘိနယ=Post

၃။ စိတ်လှုပ်ရှားချက် ဖော်ပြမှု=သာတွိကာ ဘိနယျ=Gesture

၄။ မျက်နှာထား=နာရတိယ ဓာပန Facial Expression

အဲဒါတွေပဲ၊ အကပညာသည် တစ်ယောက်ဟာ အဲဒါတွေပါအောင် ကပြနိုင်တာ နဲ့တစ်ပြိုင်နက် ဇာတ်ခုံပေါ်ကနေပြီး စကြဝဠာကြီးတစ်ခုလုံးနဲ့တကွ ဘာအကြောင်းကိုမဆို

mgyoe.com

mgyoe.com

ပရိသတ်သိအောင် အကနဲ့ ဖော်ပြနိုင်တယ်။ အဲဒီအကြောင်းတွေ၊ အဖြစ်တွေကို အကနဲ့ ဖော်ပြနိုင်လို့ ဘာဝကိုဖန်တီးနိုင်သူ၊ "ဘာဝ"ဖြစ်အောင် ပြုလုပ်နိုင်စွမ်းသူလို့ ကချေသည်တို့ကို ခေါ်ကြတယ်။ ဘာဝကို ပြုလုပ်ပြခြင်းဆိုတာဟာ ဝတ္ထုတစ်ပုဒ် ရေးပြခြင်းနဲ့ အတူတူပဲ သမီး၊ စာရေးသူက လူတစ်စုံတစ်ယောက် ရဲ့ "ဘာဝ=အဖြစ်"ကို စာနဲ့ ရေးပြတယ်၊ ကပြသူက လူတစ်စုံတစ်ယောက်ရဲ့ "ဘာဝ=အဖြစ်"ကို သာယာဖွယ်၊ ထိခိုက်ဖွယ်ကောင်းတဲ့ အဆိုအတီး၊ မြင်ကွင်း စသည်တို့နဲ့ ပေါင်းစပ်ပြီး ဇာတ်ခုံပေါ်က အကနဲ့ ဖော်ပြတယ်။ အဲဒီတော့ ပရိသတ်က လူတစ်စုံတစ်ယောက်ရဲ့ လွမ်းဖွယ်၊ ဆွေးဖွယ်၊ ရယ်မောဖွယ်၊ ကြည်နူးဖွယ်၊ သနားဖွယ်၊ သတိရဖွယ် အဖြစ်ကို မြင်ရ၊ တွေ့ရတယ်။ ဘာဝကို မြင်ရတယ်၊ သိရတယ်ပေါ့ကွယ်၊ ဒါကြောင့် ကျမ်းဆရာတွေက...

နေကဟေတုံ မနောဝုတ္တိ<br>
ဝိသေသဥ္စ ဝိဘာဝိတုံ<br>
ဘာဝံဝိဘာဝ နုဘာဝါ<br>
ဝဏ္ဏိယာ နာဋ္ဋကေဗုဇ္ဇုံ

များသောအကြောင်းရှိသော စိတ်မျိုးတို့ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော "ဘာဝ" (အဖြစ်)ကို ထင်ရှားပြခြင်းငှာ "ဝိဘာဝ၊ အနုဘာဝ"ပေါ်အောင် အကဖြင့် ထင်ရှားစွာ ဖွင့်ပြအပ်၏...တဲ့။ အဲဒါအပြင်...

နာနာဘိနယ သမ္ဗန္ဓံ<br>
ဘာဝယန္တိ ရသံယတော<br>
တသ္မာဘာဝ က္လမေဝုတ္တာ<br>
ဌာယီနုဘာဝ သာတွိကာ...

အထူးထူးသော ကပုံကနည်းနှင့်ဆိုင်သော ရသတို့ကို အကြင့်ကြောင့် ပြတတ်ကုန်၏။ ထို့ကြောင့် ဤ "ဌာယီ ဘာဝ အနုဘာဝနှင့် သာတွိကာဘာဝ"တို့ကို ဘာဝ...ဟု ဆိုအပ်ကုန်၏တဲ့။ နောက်တစ်ချက်...

mgyoe.com

mgyoe.com

သာမဗ္ဗိကာ နမာနဒ္ဓေါ
ယောဗန္ဓတ္တာ နာတျနုသာရိန်
ရသိယတီတိ တညျူဟိ
ရသောနာမာယ မီရိတော...

ဖွဲ့သီခြင်း၊ ကပြခြင်း၏ အနက်အဓိပ္ပာယ်ကို အစဉ်အောက်မေ့ သိမြင်လေ့ ရှိကုန်သော၊ ပွဲလမ်းသဘင်၌ယှဉ်သော သူတော်ကောင်းတို့၏ အကြင်နှစ်သက် သာယာ အပ်သော သဘောသည် ရှိ၏။ ဤနှစ်သက် သာယာအပ်သော သဘောကို ရသမည်၏ ဟူ၍ ပညာရှိတို့ မိန့်ဆိုအပ်၏...တဲ့။

ဒါတွေကို အထောက်အထား အခိုင်အလုံနဲ့ ဖေဖေ ပြနေတာက အကပညာဟာ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝနဲ့ ရသပေါ်အောင် စကြဝဠာကြီး တစ်ခုလုံးရဲ့ အကြောင်းကို ဖြစ်ဖြစ်၊ လူတစုတဝေးရဲ့ အကြောင်းကိုဖြစ်ဖြစ်၊ အိမ်ထောင်တစ်ခုရဲ့ အကြောင်းကိုဖြစ်ဖြစ် အလွမ်းအသော အစုံအလင်နဲ့ ပွဲကြည့်ပရိသတ် မျက်စိထဲမှာ ထင်လာ၊ မြင်လာအောင် ကပြနိုင်တယ်ဆိုတာကို သမီး သိအောင်ပဲ။

နောက်တစ်ဆင့်က အဲဒါလောက်တောင် ဖန်တီးနိုင်၊ သရုပ်ဖော်နိုင်တဲ့ အက ဟာ ဘယ်လိုများ ကပြလိုက်ကြပါလိမ့်လို့ သမီးက မေးမယ်။ ဒီတော့ ဖေဖေက ဖြေမယ်၊ ဘယ်လိုမှ ထူးထူးခြားခြား အချက်ကြီးတွေနဲ့ ဖန်တီးကပြနေကြတာ မဟုတ်ပါဘူး။ တိုက်ရိုက် ဖွဲ့သီပြရတဲ့ ကြိယာ သဘာဝ ဝုတ္တိ အလင်္ကာနဲ့ ဒဗ္ဗ သဘာဝ ဝုတ္တိ အလင်္ကာ နှစ်ခုကို ပေါင်းစပ်ပြီး ကိုယ်ဟန် အမူအရာနဲ့ လှုပ်ရှားပြကြလို့ပါပဲလို့...

ဒီတော့ကာ ဖေဖေ ပြောပြလိုတာက တိုက်ရိုက် ဖော်ပြပုံ ဖော်ပြနည်းဆိုတဲ့ သဘာဝ ဝုတ္တိ အလင်္ကာမှာ အချက်လေးချက်လောက်ကလေး ပါပေမဲ့ အထင်မသေး လေနဲ့။ အဲဒီ အလင်္ကာထဲက အချက်နှစ်ချက်တည်းမှုတည်ပြီး ကပြတဲ့ အကပညာ နဲ့တောင် ဘာဝကို ဖန်တီးပြနိုင်တယ်။ ပွဲကြည့် ပရိသတ်ကို လွမ်းအောင်၊ ရယ်အောင်၊ သနားအောင် ဖြစ်စေတဲ့ အရသာမျိုးကို ပေးနိုင်စွမ်းလေရဲ့လို့...

ကဲ...တိုက်ရိုက် ဖော်ပြနည်းနဲ့ ပတ်သက်လို့ သင့်တော်လောက်ပြီ။ ဒါထက် နေပါဦး၊ စောစောက ဖေဖေ ပြောလိုက်တဲ့အထဲမှာ ကပြရုံမျှနဲ့တောင် ဘာဝပေါ်နိုင် တယ်၊ ရသမြောက်နိုင်တယ်လို့ ပြောခဲ့တယ်။ သမီး နားကောလည်ရဲ့လား၊ အရင် တစ်လောက "သီကုံးပန်းသွင် ရေးဖွဲ့ချင်သော်" ဘယ်လို တွေး၊ ဘယ်လို လေ့ကျင့်၊

mgyoe.com

ဘယ်လို မှတ်ဆိုတာတွေကော မှတ်မိသေးရဲ့လား...

အေး...ယုံတယ်၊ သမီး ကောင်းကောင်း မမှတ်မိတော့ဘူးဆိုတာ...

ဒါတွေကို မှတ်မိမှ ဖြစ်မယ်၊ မှတ်မိအောင် ကြိုးစားရမယ် ကဲ...မဖြစ်ဘူး၊ ဒီတစ်ခါတော့ စာရေးချင်တဲ့ လူတစ်ယောက်အနေနဲ့ သမီးအဖို့ အလွတ်ရအောင် ကျက်ထားမှ ဖြစ်မယ့် အကြောင်းအရာတွေကို အရင် ရေးလိုက်မယ်။ နောက်မှ သမီး သဘောပေါက်အောင် တစ်ခုပြီးတစ်ခု ရှင်းပြရမှာပဲ။

ကဲ...အရ ကျက်ဖို့မှတ်။

ရတိဟာသောစ သောကောစ
ကောဓုဿဟ ဘယမ္ပိစ
ဇိဂုစ္ဆ ဝိမှ ယောစေဝ
သမောစ နဝ ဌာယီနော...

အခုဟာက ကျက်ဖို့မဟုတ်ဘူးနော်၊ သမီး မှတ်သွားထားနိုင်အောင် နည်းနည်း ပြောပြထားတာ...

ရတိဆိုတာ မွေ့လျော်ခြင်းတဲ့၊ ဟာသောဆိုတာ ရယ်ရွှင်ခြင်း၊ သောကော ကြောင့်ကြ စိုးရိမ်ခြင်း၊ ကောဓ စိတ်ဆိုးခြင်း၊ ဥဿဟ လုံ့လထုတ်ခြင်း၊ ပါဠိမှာ ကောဓနဲ့ ဥဿဟ ပေါင်းလိုက်တော့ ကောဓုဿဟ ဖြစ်သွားတာပေါ့ကွယ်။ ဒါ့ကြောင့် တစ်ခုစီ ခွဲပြောလိုက်တာ။ ကဲ...ဆက်...

ဘယမ္ပိဆိုတာ ဘေးတွေ့တော့ ကြောက်လာတာပေါ့ကွယ်။ ဇိဂုစ္ဆက ရွံရှာ တာ၊ မုန်းလွန်းအားကြီးလို့ အဖက်မတန်ဘူးလည်းထင်လို့ ဖက်ပြိုင်ပြီး ဒေါသ မဖြစ်ဘူး၊ ဝေးဝေးချည်းက ရှောင်ချင်တယ်၊ အဲဒီလို ရွံတာ။ ဝိမယှဆိုတာက အံ့ဩတာ၊ သမောစ ဆိုတာက ငြိမ်သက်သွားတာ၊ နဝဆိုတာက ကိုးခု၊ ဌာယီဆိုတာက တည်ရှိနေတဲ့၊ ဘာဝ ဆိုတာက ဖြစ်ခြင်းအဖြစ်။ အဲဒါတွေကို သိထားမှ အပေါ်က ပါဠိကဗျာကလေးကို သမီး ကျက်ထားရကျိုးနပ်မှာ...

ကဲ... အခု နောက်တစ်ပုဒ် ကျက်ထားဖို့၊ အဲဒါက ဖေဖေ ရေးထားတာပဲ။ ကဲ...ကျက်။

mgyoe.com

 mgyoe.com 

မွေ့၊ ရှင်၊ ကြောင့်စိုး၊
စိတ်ဆိုး၊ အားထုတ်၊
ကြောက်ဆုတ်၊ ရွံ့ရှာ၊
အံ့လာ၊ တည်ငြိမ်၊
ဖြစ်ချိန်ကာလ၊
ကိုး၀ ဌာယီ၊
ဘာ၀ မည်၏။ ။

ကဲ...နောက်တစ်ခု ကျက်ဦး...
သိင်္ဂါရ ဟဿ ကရုဏာ
ရုဒ္ဒ ဝီရ ဘယနကာ
ဝိဘစ္ဆဗ္ဗုတ သန္တာစ
ရသ ဌာယီန နုက္ကမာ။

အဲဒါလည်း သိထားဖို့ လိုတာတွေ မှတ်လိုက်ဦး။ သိင်္ဂါရ...ချစ်ကြိုက်ခြင်း၊ ဟာသ...ရယ်ရွှင်ခြင်း၊ ကရုဏာ...သနားကြင်နာခြင်း၊ ရုဒ္ဒ...ကြမ်းကြုတ်ခြင်း၊ ဒေါသဖြစ်တော့ ကြမ်းတမ်းရက်စက်ဟန်တွေ ပေါ်လာတော့တာပေါ့ကွာ။ ဝီရ ရဲရင့်ခြင်း၊ ကြံ့ကြံ့ခိုင်တယ်၊ မလျှော့ဘဲ ကြိုးပမ်းတယ်၊ ဖွဲ့ရှိတယ်၊ လုံ့လထုတ်နေတယ်ဆိုတာတွေဟာ ရဲရင့်မှုတဲ့ကွဲ့။ ဘယာနက ကြောက်တယ်၊ ပျော့ညံ့တယ်။ ဝိဘစ္ဆ ရွံ့တယ်၊ အဗ္ဘုတ အံ့သြတယ်၊ သန္တငြိမ်းချမ်းတယ်၊ ရသကတော့ အရသာပေါ့ကွာ။ ကဲ...သိထား၊ မှတ်ထားပြီးရင် အောက်ကစာကို ကျက်။

ချစ်ကြိုက်၊ ရယ်ရွှင်
ကြင်နာ၊ ကြမ်းခက်
ရဲထက်၊ ကြောက်ပျော့
ရွံ့အော့၊ အံ့သြ
ငြိမ်းအေးသောကို
နော့အရသာ၊

mgyoe.com

mgyoe.com

ပြောကြရာ၏။

ကဲ...နောက်တစ်ခု ဆက်ပြီး ကျက်ဦး...

ထမ္ဘော ပလယ ရောမဉ္စ
တထာ သေဒဿု ဝေပထု
ဝေဝဏ္ဏိယံ ဝိဿရတာ
ဘာဝဋ္ဌေတေတု သာတ္တိကာ။

ကဲ...မှတ်ဦး၊ ထမ္ဘ...ဆိုတာ ကြက်သေ သေခြင်း၊ ပလယက တွေးငိုင် မိန်းမောခြင်း၊ ရောမဉ္စက ကြက်သီးမွေးညင်း ထခြင်း၊ သေဒ ချွေးထွက်ခြင်း၊ အဿု မျက်ရည်ထွက်ခြင်း၊ သေဒနှင့် အဿုကို ပေါင်းပြီး သေဒဿု လုပ်ထားတာ တခြားစီ ခွဲမှတ်၊ ဝေပထု တုန်လှုပ်ခြင်း၊ ဝေဝဏ္ဏိယံ အဆင်းပျက်ခြင်း၊ ဝိဿရတာ အသံပျက်ခြင်း၊ ဘာဝဋ္ဌေတေတု ဆိုတာက ဘာဝဧတေ အဋ္ဌတုကို ပေါင်းထားတာ။ ဧတေ အဋ္ဌတုဆိုတာက ထိုရှစ်ပါး၊ ဘာဝသာတ္တိကဆိုတာက သာတ္တိကာ အမည်ရှိတဲ့ ဘာဝ၊ အဲဒါပဲ...သာတွိကာဘာဝ ရှစ်ခုပေါ့ကွာ။ နောက်မှ ရှင်းမယ်။ ကဲ...အောက်က ကဗျာကိုကျက်။

ကြက်သေ၊ တွေးငိုင်၊
ကြက်သီးဖြိုင်၍၊
ချွေးပြိုင်စီးတုတ်၊
မျက်ရည်သုတ်လျက်၊
တုန်လှုပ်၊ ရုပ်ပျက်၊
အသံပျက်၊
ရှစ်ချက် သာတွိကာ။

ကဲ...နောက်တစ်ခု ခပ်ရှည်ရှည်ကလေး ကျက်မှတ်လိုက်ဦးကွာ။

နိဗ္ဗေဒေါ၊ တက္က၊ သင်္ကာ၊ သမ၊
ဓိတိ၊ ဇဠတာ၊ ဒီနတုဂ္ဂါ၊ လသတ္တံ၊

mgyoe.com

 mgyoe.com 

သုတ္တံ၊ တာသော၊ ဂိလာနုသုကာ၊ ဟရိသ၊
သတိသာ၊ ရိသာဒ၊ ဇပဟိတ္ထာ။

စိန္တာ၊ ဂဗ္ဗာ၊ ပမာရော၊ မရိသ၊ မဒ၊
မတု မ္မာဒ၊ မောဟာ၊ ဝိဗောဓော၊
နိဒ္ဒါ၊ ဝေဂါ၊ သဗိင္ဗ၊ မရဏာ၊
သစပလံ၊ ဗျာဓိ၊ တေတ္တိံသမေတော။

ကဲ…သမီးအဖို့ ဖတ်ရမှာတောင် တော်တော်ခက်နေမှာပဲ။ ဒါပေမဲ့ ကြိုးစားဖတ်၊ တကယ်တော့ စာရေး ဝါသနာပါတဲ့ သမီးအဖို့ သိထားရမယ့် ဗျာဘိစာရီဘာဝ ၃၃ မျိုးရဲ့ နာမည်တွေ စီပြီးရေးထားတာပဲ။ ဗျာဘိစာရီဘာဝ အကြောင်းကို အရင် ပေးခဲ့တဲ့ သီကုံးပန်းသွင် ရေးဖွဲ့ချင်သော်ဆိုတဲ့ စာထဲမှာ ရှင်းပြခဲ့ဖူးသလားလို့။ အေးလေ…နောက်ပိုင်းကျတော့လည်း ထပ်ရှင်းပြဦးမှာပါပဲ။

ကဲ…အဲဒီ ဗျာဘိစာရီဘာဝဆိုတဲ့ ရွေ့ပြောင်း ကျက်စားတတ်တဲ့ ထိခိုက်ချက် ၃၃ မျိုးကိုမေ့နေရင် မှတ်မိရုံ သဘောလောက်ထပ်ဖော်ပြဦးမယ်၊ မှတ်ထား၊ ကျက်ဖို့ မဟုတ်ဘူး။

နိဗ္ဗေဒေါဆိုတာ ငြီးငွေ့ခြင်း၊ တက္ကဆိုတာ ဒီကုန်တွေဟာ ငါ့အဖို့ ရှုံးများကုန်လေမလားလို့ တွေးကြံပြီး ယုံမှားဖြစ်နေတာမျိုး၊ မယုံရဲ ယုံရဲဖြစ်နေတာမျိုး၊ သင်္ကာဆိုတာ ငါကတော့ ဒီလူနဲ့ အရင်ကတည်းက ခင်မင်ဖူးလို့ ရိုးရိုးပေါင်းတာပဲ။ ဒါပေမဲ့ ဒီလူက တန်ပြန် တော်လှန်ရေးသမားတဲ့။ ငါလည်း မသိပါလား။ ဟို… သတင်းစာက အကောင်တွေက ဒီလူနဲ့ ငါနဲ့ တွေ့မိကြတာသိရင် တိုင်းပြည်ကြီး ထလုပ်ကြံတော့ မလောက် မျက်နှာလို မျက်နှာရ ထရေးလိုက်ကြမှာပဲ။ ဒီလိုဆိုရင် ဘယ်လိုမှ မဟုတ်ရ၊ မဖြစ်ရဘဲနဲ့ ငါ အချောင်ခံလိုက်ရမှာ။ မျက်ခုံး၊ လက်ရုံးတွေကလည်း လှုပ်ပါဘိနဲ့။ ငါ တစ်ခုခုများ ဖြစ်ဦးမှာလား…ဆိုတဲ့ အဇတွေးမျိုးတွေ တထင့်ထင့်နဲ့ ယုံမှားဖြစ်ရတာမျိုး၊ အဲဒါဟာ သင်္ကာ၊ တစ်စုံတစ်ခုကို နေ့ရောညဥ့်ပါ ပြုလုပ်မှုကြောင့် ကိုယ်ရောစိတ်ပါ ပင်ပန်းမှုဟာ သမ…

လိုချင်တာရလို့ အလိုပြည့်သွားတာ၊ ကျေနပ်သွားတာ ဓိတိ။ အလိုရှိအပ်တာ၊ အလိုမရှိအပ်တာကို မမျှော်လင့်ဘဲမြင်ရတဲ့အတွက် အံ့အားသင့်တာ၊ ဘာမှန်း မသိလိုက်လို့

mgyoe.com

ကြက်သေ သေတာ၊ တောထဲသွားတဲ့အခါ တစ်ခါမှ မမြင်ဖူးတဲ့ လူကို တွေ့လိုက်ရတာနဲ့ တောထဲက သားကောင်ဟာ ထွက်မပြေးဘဲ ကြက်သေ သေပြီး ငေးကြည့်နေတာ၊ အဲဒါဟာ ဇဠတာ။ လူဆင်းရဲ၊ စိတ်ဆင်းရဲခြင်းတို့ကြောင့် အကြံ ဉာဏ်ရော၊ မျှော်လင့်ချက်ပါ မွဲပြာခြောက်ခန်းသွားရတဲ့ ဘဝ၊ အဲဒါဟာ ဒီနတာ။ သူတစ်ပါးတို့က စော်ကားမော်ကား ပြုလွန်းသောကြောင့် ရဲရင့်ကြမ်းကြုတ်တဲ့ ဟန်ပန် ခက်ထန်မှုဟာ ဥဂ္ဂတာ။ ပြည့်စုံမှု ကြောင့်ဖြစ်စေ၊ ပြုလုပ်ရန် ခဲယဉ်းသောကြောင့်ဖြစ်စေ မပြုလုပ်ဘဲ ပျင်းရိခြင်းသည် အလသျ။ ပြည့်စုံကြွယ်ဝသော အမျိုးသမီးသည် အစေအပါးများ ရှိသဖြင့်နေသာသော ကြောင့် ထမင်းချက်ခြင်းအမှုကိုမပြုဘဲ အသက်သာခိုခြင်း၊ ပျင်းရိနေခြင်း၊ ကိုယ်ဝန် ရှိသော အမျိုးသမီးသည် အမှုကိစ္စတို့ကို မလုပ်လိုခြင်း၊ အဲဒါတွေဟာ အလသျပဲ။

အိပ်ခြင်းသည် သုတ္တ။ မိုးချုန်းခြင်း စသည်တို့ကြောင့် စိတ်ချောက်ချား ထိတ်လန့်ခြင်းသည် တာသ။ စိတ်ပူပင်နေရတာနဲ့ စားရမှန်းမသိ၊ သောက်ရမှန်းမသိ ဖြစ်ပြီး မလှုပ်ချင်၊ မသယ်ချင်၊ အိပ်ရာထဲ လဲနေတာမျိုးကို ဂိလာနိ။ မအောင့်နိုင်၊ မအင့်နိုင်၊ သင့်တော်တဲ့ အခါအခွင့်ကို မစောင့်နိုင်ဘဲ "ထ"လုပ်ဖို့ ကြိုးစားတာ၊ စိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲ ဖြစ်နေရတာ ဉသုက။ အလိုပြည့်သဖြင့်၊ ကွဲကွာနေသော ချစ်သူနှင့် တွေ့ရသဖြင့်၊ မိဘ တားမြစ်ထားသော ချစ်သူနှင့် မင်္ဂလာဆောင်ခွင့် ရသဖြင့် ပျော်လွန်း၍ တုန်လှုပ်မှု ဖြစ်ခြင်းသည် ဟရိသ။

တူသော ဝတ္ထုကို မြင်သဖြင့် ယခင် အဖြစ်များ၊ ချစ်သူများ၊ မုန်းသူများ စသည် တို့ကို တွေးကြံခြင်း၊ ထင်မြင်လာခြင်း၊ အမှတ်ရခြင်းသည် သတိ။ သူတစ်ပါး ပြည့်စုံသည်၊ အဆင်ပြေသည်၊ အောင်မြင်သည်ကို မရှုလိုခြင်း၊ တွေးတော၍ မခံမရပ်နိုင်ဖြစ်နေခြင်း၊ ဣဿာ။ ကြိုးစားပါလျက် မပြီးစီး၊ မအောင်မြင်သောကြောင့် စိတ်ပျက်အားလျော့ခြင်း၊ ထိုအဖြစ်ကို တာရှည်မခံနိုင်အောင် ရပ်တည်ရာမရဘဲ ထွက်ပြေးလိုသည့်အဖြစ်၊ သေလို သည့်အဖြစ်သို့ရောက်အောင် အစွမ်းသတ္တိ ကုန်ခန်းမှုကို ပြခြင်း၊ စိတ်ပျက်အားလျှော့ ခြင်းသည် ဝိသာဒ။ ဣန္ဒြေဆည်ခြင်း၊ ဟန်လုပ်ခြင်းသည် အဝဟိတ္ထာ။ ရထားပေါ်တွင် ဂျပန်စစ်ဗိုလ်က ပါးရိုက်လိုက်သည်ကို မထိခိုက်လေဟန် မနာမကျင်လေဟန်၊ အဖက် မလုပ်ချင်၍ အဖက်မလုပ်လေဟန်၊ ပြုံးလျက် ရှောင်ထွက်သွားခြင်းမျိုး။

ပြုလုပ်မှားသဖြင့် မိမိရသင့်သည့်အကျိုး ပျက်စီး၍ ကြံမှိုင်ခြင်းသည် စိန္တာ။ မဖြစ်ဖူး၊ မရဖူးသည်တို့ကို ဖြစ်ရ၊ ရရသောကြောင့် စိတ်ကြီးဝင်ခြင်း၊ တစ်ဖက်သားအပေါ်၌ အထင်သေးလာပြီး ဝင့်ကြွားဝင့်ဝါမှုပြုခြင်း၊ မာန်ယစ်ခြင်းတို့သည် ဂဗ္ဗ။ အပြင်အပ

အရာဝတ္ထုအကြောင်းခြင်းရာတို့၏ ရိုက်ခတ်မှုကြောင့် သတိလစ်ခြင်း၊ တုန်လှုပ်ခြင်း၊ ချွေးထွက်ခြင်း၊ မျက်စိကြောင်ခြင်း၊ အမြှုပ်ထွက်ခြင်း တို့သည် အပသ္မာရ၊ တစ်ပါးသူတို့ စော်ကားမော်ကားပြုသောကြောင့် တုံ့ပြန် အမျက်ထွက်ခြင်းသည် အမရိသ။ အရက်သောက်ခြင်း စသော မူးယစ်ခြင်းတို့ကြောင့် သတိ ကင်းလွတ်လျက် မပြုအပ်သည်တို့ကို ပြုလုပ်ခြင်းသည် မဒ။

အကြားအမြင် စာပေ ကျမ်းဂန်တို့နှင့် တိုင်းဆ ဆင်ခြင်၍ ဤသို့ ဖြစ်သင့်သည်ဟု တည်ငြိမ်စွာ ဆုံးဖြတ်ရဲမှုသည် မတိ။ တွယ်တာမှု သံယောဇဉ်တို့နှင့်ယှဉ်၍ သည်းခြေ၊ နှလုံး စသည်တို့ကို ထိခိုက်သောကြောင့် ဖောက်ပြန်ရူးသွပ်ခြင်းသည် ဥမ္မာဒ။ ကိုယ်၏ နာကြည်းခြင်း၊ စိတ်၏ နာကြည်းခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ထိတ်လန့်ခြင်း၊ စိတ်၏ ထိတ်လန့်ခြင်းတို့ကြောင့် အစဉ် မိန်းမောတွေဝေနေခြင်း၊ ထိုင်းမှိုင်းခြင်းသည် မောဟ။ မာန်ယစ်ခြင်း၊ တက်ကြွ ခြင်းတို့လည်း မဖြစ်ဘဲ အစဉ်အမြဲ သတိရှိသည်ဖြစ်၍ ငိုက်မျဉ်းမှု၊ အိပ်လိုမှုတို့မှ ကင်းလျက် ကြည်လင်နေခြင်းသည် ဝိဗောဓ။ အရွယ်ရင့်ခြင်း၊ ကမ္ဘဋ္ဌာန်း၌ ဝင်စားခြင်း တို့ကြောင့် ငိုက်မျဉ်းခြင်းမှ ကင်းသည်တို့ကိုလည်း ဝိဗောဓဟု ခေါ်ကြ၏။

ပင်ကိုဗီဇက ပျင်းရိသောကြောင့် ထိုင်းမှိုင်းသော အမူအရာရှိလျက် မည်သည့်အရာကိုမျှ လုံ့လကြီးစွာထုတ်ရန် ကြိုးပမ်းမှုမပြုဘဲ ဆုတ်နစ်သောစိတ်ဖြင့် အမြဲအိပ်လိုနေခြင်းသည် နိဒ္ဒါ။ တစ်စုံတစ်ခုသော အကြောင်းအဆိုး အကောင်းတို့ကြောင့် တုန်လှုပ်ချောက်ချားစွာ အဆောတလျင်ပြုလုပ်ခြင်းသည် အာဝေဂ၊ မုန်းခြင်း၊ ချစ်ခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စသည်တို့ကြောင့် မလှုပ်ရှားခြင်း၊ လှုပ်ရှားရမည်ကို ရှက်ခြင်းသည် ဗိဠာ။ (ကဏ္ဍာဘရဏကျမ်း အလိုဖြစ်၏။ မကောင်းသောအကျင့် စသည်တို့ကြောင့် ရှက်ခြင်းသည် ဗိဠော။ သေခြင်းမျိုးတို့ အားလုံးသည် မရဏ) ဝန်တိုခြင်း၊ မုန်းခြင်း၊ ချစ်ခြင်းတို့ကြောင့် တည်ငြိမ်မှု မရှိနိုင်စွမ်းခြင်း၊ ဖောက်လွဲဖောက်ပြန် ပြုလုပ်ခြင်းတို့သည် စပလ။ သလိပ်၊ သည်းခြေ၊ သွေးလေ စသည်တို့ကြောင့် ဖျားနာခြင်းသည် ဗျာဓိ။

ကဲ…အဲဒီ ရွှေ့လျားဖြစ်ပေါ်မှုမျိုး ၃၃ ခုကို သမီး အခု သိပြီ။ ဒါပေမဲ့ သမီးအဖို့ အမှတ်ရလွယ်အောင် မြောင်းမြ ပဏ္ဍောတာရုံ အရှင်ကုမာရရေး…အလင်္ကာ ပန်းကုံးထဲက ကဗျာကလေးကိုပဲ အရကျက်မှတ်ထားပေတော့…

ငြီးငွေ့မှုလျှင်၊ နိဗ္ဗေတွင်ရှင့်၊ ဆင်ခြင်တက္က၊ ယုံမှားကမူ၊
သင်္ကာယူလော့၊ နှစ်ဆူပန်းက၊ သမမည်ရှိ၊ ရောင့်ရဲဘိမူ၊ ဓိတိယူလေ၊

mgyoe.com

ကြက်သေသေခါ၊ ဇဋ္ဌတာတည့်၊ မွဲပြာလွန်လွန်း၊ တန်ခိုးခန်းက၊
ဒီနမည်ပြန်၊ ခက်ထန်ဥဂ္ဂ၊ ပျင်းရိကမူ၊ အလသတ္တာ၊ အိပ်ခါသုတ္တ၊
စိတ်ကချောက်ချား တာသထားလော့၊ ကိုယ်အားကုန်ဘိ ဂိလာနိပေ၊
အားထုတ်လေက ဥဿုကတွင်၊ ကြည်လင်ရွှင်ပျ ဟာရိသတည့်၊
မှတ်ရသတိ၊ ငြူစူဘိလျှင် ဣဿာတွင်၏၊ စိတ်တွင်ပန်းက ဝိသာဒပေ၊
ဣန္ဒြေဆည်မှု ဟန်လုပ်မှုကို ခေါ်ဆိုဗဟိတ္တ၊ ကြံမှိုင်ကမူ စိန္တာယူလော့၊
မာန်မူဂဗ္ဗ၊ စိတ်ဖောက်ကလျှင်၊ အပမာရ်၊ သည်းမခံဘိ အမရိတည်၊
မူးဘိမဒ၊ တိကျသိလျှင်၊ မတိတွင်၏၊ ရှူးချင်ဥမ္မာ၊ တွေဝေပါက မောဟ
ဆိုလျှင်း အိပ်ငိုက်ကင်းလျက် နိုးခြင်းဖြစ်က ဝိဗောဓတည့်၊ ငိုက်ကနိဒ္ဒါ၊
လျှင်မြန်စွာ ပြုလေ ဘာဝေမှတ်သား၊ ရှက်ကြွားဗိဠ၊ သေကမရဏာ၊
လော်လည်ပါက စပလသိ၊ ဗျာဓိဖျားနာ၊ တောတ္တိသာသည်၊ မှတ်ပါဗျ
ဘိ စာရိ တည်း...တဲ့။

သမီးချစ် အဲဒီအထဲမှာ တေတ္တိံသာဆိုတာ သုံးဆယ့်သုံးလို့ မှတ်ထား။ သမီးအဖို့ နောက်ထပ် ကျက်မှတ်စရာ သိပ်မများတော့ပါဘူး၊ သုံးလေးမျိုးလောက်ဆိုရင် လုံလောက်ပါပြီ။ အခု သမီး ကျက်မှတ်ရမှာကတော့ သမီးတို့ မိန်းမတွေ ပြုလုပ်တတ်တဲ့ မာယာလေးဆယ်ဆိုတာပဲ။ အရင်စာထဲမှာလည်း ပါခဲ့ပါတယ်လေ။ ဒါပေမဲ့ သမီး မရတော့ဘူး မဟုတ်လား။

ဖေဖေ ယုံပါတယ်၊ ဖေဖေ ယုံပါတယ်။ ဒါ့ကြောင့် အခု သမီး ကျက်မှတ်ဖို့ တွင်းသင်းမင်းကြီးရေး...မုဒုလက္ခဏာပျို့ထဲက ထုတ်နုတ်ပေးမလို့ပဲ။ မကျက်မှတ်ရသေးခင် သမီး သိနှင့်ထားအောင် ရှင်းပြထားဦးမယ်။

စံပယ်ခြင်း။ ။မိမိကိုယ်ကို တမင်လှပတဲ့ အနေအထားမျိုးဖြစ်အောင် ဂရုပြုနေတာ၊ ရပ်တာ၊ ထိုင်တာ၊ သွားတာမျိုးပေါ့ကွာ။ စာတ်ပုံရိုက်ဖို့ ဟန်လုပ်ပြီး ထိုင်တာမျိုးတွေပေါ့။

အဲ...နောက်ပြီး ကျောပြင်ကို မြင်စေရန် တမင်ညွတ်ပြီး တစ်စုံတစ်ခုကို ကောက်ယူဟန်ပြုခြင်း၊ အဲဒီလို ကျောကို တစ်ပါးသူမြင်အောင် တမင်ထ၍သွားခြင်း၊ ဖြီးလိမ်းပြုပြင် ဝတ်ဆင်မှုကို တစ်ပါးသူ မြင်အောင် တမင် ပြုလုပ်ခြင်း၊ တစ်ခုခု ပြုလုပ်ပြီး ရှက်ချင်ယောင်ဆောင်ပြခြင်း၊ လက်သည်း၊ ခြေသည်းတို့ကို တစ်ခုနှင့်တစ်ခု ပွတ်တိုက်နေခြင်း၊ ပါးစပ်ဖြင့်ကိုက်ခြင်း၊ မိမိ၏ခြေပေါ်တွင် ခြေတစ်ဖက်နှင့်တစ်ဖက် နင်းခြင်း၊ ကလေးငယ်ကို ချီမြှောက်

mgoe.com

 mgyoe.com 

ခြင်း၊ သူတစ်ပါးကို ချီးမြှောက်စေခြင်း၊ ကလေးငယ်ကို နမ်းပြခြင်း၊ ကလေးက မိမိအား နမ်းစေအောင် သွေးဆောင်စေခိုင်းခြင်း၊ ကလေးကို ကလိခြင်း၊ ကလေးက မိမိအား ကလိစေရန် သွေးဆောင်စေခိုင်းခြင်း၊ ကလေး၏ပါးကို စုပ်ခြင်း၊ ကလေးက မိမိ၏ပါးကို စုပ်စေအောင် သွေးဆောင်စေခိုင်းခြင်း၊ မိမိက တစ်စုံတစ်ခုကို စားဟန်ပြုပြခြင်း၊ ကလေးကို တယုတယ စားစေခြင်း၊ ကလေးအား တစ်ခုခုကိုပေးခြင်း၊ ကလေး၏ထံမှ တစ်ခုခုကို တောင်းခြင်း၊ ကလေးကို လိုက်တုရှ၍ ပြောင်ခြင်း၊ ကျယ်ကျယ် ပြောခြင်း၊ တိုးတိုးပြောခြင်း၊ ကလျက်သီလျက် တီးလျက်ဝိုလျက် စံပယ်လျက် တန်းဆာဆင်လျက် တိုက်ရိုက်ပြောခြင်း၊ သွယ်ဝိုက်၍ပြောခြင်း၊ ပြင်းစွာရယ်ခြင်း၊ တစိမ့်စိမ့်ကြည့်ခြင်း၊ ခါးကိုလှုပ်ပြခြင်း၊ အတွင်းသားကို လှုပ်ပြခြင်း၊ ပေါင်ကိုဖော်ခြင်း၊ ပေါင်ကိုဖုံးခြင်း၊ ရင်သားကိုပြခြင်း၊ ချိုင်းကြားကိုပြခြင်း၊ ချက်ကိုပေါ်စေခြင်း၊ မျက်စိမှိတ်ခြင်း၊ မျက်မှောင်ချီခြင်း၊ နှုတ်ခမ်းကိုက်ခြင်း၊ လျှာထုတ်ခြင်း၊ ထဘီကျွတ်ဟန်ပြုခြင်း၊ ထဘီကို ပြင်ဝတ်ခြင်း၊ ဆံထုံးကိုဖြေခြင်း၊ ဆံထုံးကို ပြန်ထုံးခြင်း...

အဲဒီ အပြုအမူတွေဟာ မာယာလေးဆယ်ခေါ်တဲ့ အနုဘာဝ လေးဆယ်ပဲ။ ရှေးဆရာကြီးတွေက မိန်းကလေးတွေရဲ့ အဲဒီအပြုအမူကို အနုဘာဝ မြောက်ပြီးသား အပြုအမူတွေလို့ သတ်မှတ်ထားလေရဲ့...

ဒီနေရာတွေမှာ အနုဘာဝမြောက်တယ်ဆိုတာ သမီး သိရဲ့လား။ အနုဘာဝ မြောက်တယ်ဆိုတာ ပွဲထဲမှာ လူပြက်တစ်ယောက်က ပရိသတ် ရယ်စေဖို့အတွက် တစ်စုံတစ်ခု အပြုအမူကို လုပ်ပြလိုက်တယ်ဆိုပါတော့။ အဲဒါကို ပရိသတ်က မြင်လို့ ရယ်လိုက်ကြရင် အဲဒီ လူပြက်ရဲ့ ပြုမူပုံဟာ အနုဘာဝမြောက်တဲ့ အပြုအမူ ဖြစ်တယ်လို့ ခေါ်နိုင်တယ်။ ပရိသတ်က မရယ်ကြရင် အဲဒီ လူပြက်ပြုလုပ်ပြတာဟာ အနုဘာဝ မမြောက်ဘူး။

လူပြက်ရဲ့ အနုဘာဝမြောက်တဲ့ အပြုအမူကို မြင်ရတော့ ဘာဖြစ်သလဲ...

လူပြက်ရဲ့ ပြုမူပုံဟာ ဟာသဌာယီဘာဝ ဖြစ်တယ်၊ ကြည့်တဲ့ ပရိသတ်တွေမှာလည်း ဟာသရသ ပေါ်လာလို့ ရယ်ရွှင်ကြရတယ်။

ဒီနေရာမှာ လူပြက်ဟာ ဟာသဌာယီဘာဝမြောက်အောင် ပြုမူပြလိုက်ရုံနဲ့ အနုဘာဝ မြောက်လာတာ မဟုတ်ဘူး။

လူပြက် ပြုမူပြတာမြင်လို့ မင်းသမီးကလေးက မျက်နှာပျက်ပြီး ရှက်ယောင် ပြုလိုက်တဲ့ သာတ္တိကာ ဘာဝ၊ ဆေးက လူပြက်က မနာလိုဟန်ပြုလိုက်တဲ့ ဗျာဘိ စာရီဘာဝ၊ မင်းသမီးကလေးက ယပ်တောင်နဲ့ လှမ်းရိုက်ပြီး ရှက်သွားဟန်နဲ့ ယပ်တောင်ကို ပါးစပ်

mgyoe.com

ပိတ်ပြီး ရယ်လိုက်တဲ့ ဥဒ္ဒိပန ဝိဘာဝ၊ နောက်ခံကားတွေ၊ အချက်ကျကျလိုက်တဲ့ ဆိုင်းချက်တွေ၊ မီးတွေကြောင့် ပရိသတ်စိတ်ကို အလွယ်တကူ စွဲဟပ်အောင် ထင်မြင်စေတဲ့ ဥဒ္ဒိပန ဝိဘာဝ၊ အဲဒီလို အကြောင်းမျိုးတွေ စုပေါင်းလိုက်တဲ့အခါမှာ ပရိသတ် ရယ်မောလောက်အောင် ဖြစ်လာရတဲ့ အပြုအမူတစ်ခု ပြည့်စုံသွားခြင်းဟာ အနုဘာဝမြောက်ခြင်းပဲ။

ပရိသတ်က ဝေါခနဲ ရယ်လိုက်ခြင်းဟာ ပရိသတ်အဖို့ ဟာသရသကို ခံစားလိုက်ကြရခြင်းပဲ။

အဲဒီပုံစံအတိုင်းပဲ သမီး၊ လူပြက်ပြုမူမှုဟာ အနုဘာဝမြောက်သလို မိန်းကလေးတစ်ယောက်ရဲ့ အထက်ဖော်ပြပါ လူပ်ရှားမှု ၄၀ ကျော်လုံးဟာ အနုဘာဝမြောက်ပြီးဖြစ်တယ်၊ မြင်ရတဲ့ သူများကို သိင်္ဂါရ ရသ ပေါ်ပေါက်လာစေနိုင်တယ်လို့ ရှေးဆရာကြီးတွေက အသိအမှတ် ပြုထားကြတယ်ကွဲ့။ အဲဒီတော့ အဲဒီအနုဘာဝလေးဆယ်ကို သမီးမှတ်မိထားအောင် ဟောဒီ အောက်က စာပိုဒ်ကို ကျက်လိုက်ပေတော့...

"တက္ကသိလာ၊ ပြည်အောင်ချာမှ မာယာလေးဆယ်၊ တတ်ကြောင်းနွယ်သား။ ဥပါယ်လျှို့ဝှက်၊ ယောကျ်ားလျက်တည့်၊ တမျက်စက၊ ယုံလေရဟု၊ လောကပျူဟာ၊ စဉ်လာပြောပ၊ ပေါ်ရိသအား၊ မိန်းမတို့တမ်း၊ ဖုံးလွှမ်းဘိလို၊ ကိုယ်ကိုဆန့်လှန်၊ သွတ်လဟန်နှင့်၊ ရှက်ချွန်တင့်ရည်း၊ လက်သည်းချင်းချင်း၊ ခြစ်ခြင်းတတွေ၊ ခြေကိုခြေပြင်၊ လွန့်လျှင်ကလူ၊ သစ်ပြင်မူလည်း၊ ကိုင်သူဆွဲထ၊ တူးဆွမြေမိုး၊ သူငယ်မျိုးအား၊ ချီပိုးကျီစား၊ ပိုက်ဖြား ဖက်နမ်း၊ မြိန်ရွှမ်းသြဇာ၊ စားရာပေးလို၊ မိမိကိုယ်လည်း၊ နပျိုသူငယ်၊ ချီပင့်ဖွယ်နှင့်၊ ကျီစယ် နမ်းရှုပ်၊ စာလုပ်ပေးစေ၊ ထွေထွေရှုပ်ဖွဲ့၊ သူငယ့်အတူ၊ မြူတုံထပ်ဆင့်၊ မြင့်မြင့်နိမ့်နိမ့်၊ ငြိမ့်ငြိမ့် ညက်ညက်၊ ငေါ်ငက်ငက်နှင့်၊ မထွက်သံရှည်၊ ဆိုသည်ဖြဖြ၊ နစ္စ ဂီတ၊ တန်းဆာခြယ်လှယ်၊ ဆင်စဖွယ်သော်၊ ရယ်ရယ်မောမော၊ ပြောပြောရိပ်ခြည့်၊ ရှုကြည့်ဆောင်ယောင်၊ ခါးစောင်တင်ထား၊ လှုပ်ရှားအင်္ဂါ၊ လျှို့ဝှက်ရာနှင့်၊ သေချာမြမြ၊ ဝတ်နီးခံသား၊ ပေါင်တံ လှစ်ဖုံး၊ လက်ရုံးခွေဆန့်၊ ရင်ညွှန့်ချက်စ၊ ပြလတုံဘိ၊ မျက်စိမှိတ်ယောင်၊ မျက်မှောင်ချီယှက်၊ လျက်သည်နှုတ်နှင့်၊ လျှာထုတ်စုံညီ၊ ရှုစအီသို့၊ ထဘီချွတ်ချွတ်၊ ခါဆတ်ဆတ်ဖြင့်၊ ဝတ်ဟန်ပြုပြင်၊ ဆံကေရှင်ကို၊ မြိတ်သွင်ခွေရုံး၊ ပတ်ဖြေထုံးလျက်၊ ခပ်ပြုံးရွှင်ပျော်၊ ယောကျ်ား

mgyoe.com

 mgyoe.com



မြှော်က၊ မတော်တစ၊ ကျင့်တတ်စွ...

ကဲ...အခု သမီးအဖို့ ရသတွေလည်း သိပြီ။ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝလည်း သိပြီ။ တိုက်ရိုက် ရေးဖွဲ့တဲ့ သဘာဝ ဝုတ္တိ အလင်္ကာကိုလည်း သိပြီ။ အဲဒီတော့ကာ စာတစ်ပိုဒ်ကို တိုက်ရိုက်ရေးဖွဲ့နည်းနဲ့ ဘယ်လို အလင်္ကာမြောက်အောင် ရေးဖွဲ့ကြတယ် ဆိုတာ ဝတ္ထုစာအုပ်တွေကို မွှေနှောက်ဖွေရင်း ကြည့်ကြဦးစို့...

ဘာရယ်...ဘာဝ၊ ဝိဘာဝ၊ အနုဘာဝကို မသိသေးဘူး ဟုတ်လား။ အဲဒီ အကြောင်းကို သီကုံးပန်းသွင်ဆိုတဲ့ စာထဲမှာတုန်းက မရှင်းခဲ့မိဘူးလား။

အေး...သမီးကတော့ မှတ်မိမယ် မဟုတ်ပါဘူး။ ကဲကဲ...ဟိုတုန်းက ရေးခဲ့ ဖူးသည်ဖြစ်စေ၊ မရေးခဲ့ဖူးသည်ဖြစ်စေ အခု ရေးပြမယ်။ ကျောင်းသင်ခန်းစာဆန်ဆန်ပဲ ရေးပြမယ်။

ဘာဝ–ဖြစ်ခြင်း။

ဝိဘာဝ–ဖြစ်ခြင်းတွင် ပါဝင်သော ဖြစ်ကြောင်းအရာ နှစ်မျိုး။

အနုဘာဝ–အကြောင်း အဖြစ်တစ်ခု၏ အပြည့်အဝပြီးဆုံးမှုကြောင့် ပေါ်ပေါက် လာရသည့် အကြောင်းအဖြစ်၌ပါဝင်သောသူတို့၏ ခံစားရချက်မှ ပွင့်ထွက်လာရသော ကိုယ်နှုတ် အမူအရာ...

ဤတွင် ဘာဝ၌ ဝါ...အကြောင်းတစ်ခု ဖြစ်ပေါ်လာရခြင်း၌...

၁။ ဌာယီဘာဝ ကိုးခု။

၂။ ဗျာဘိစာရီဘာဝ ၃၃ ခု။

၃။ သာတွိကာဘာဝ ရှစ်ခု။

ဤလက္ခဏာသုံးမျိုးတို့ သင့်ရာသင့်ရာ ပေါင်းစပ်ပါဝင်၍ ဖြစ်ကြရသည်။ ဤသို့ ဘာဝပေါ်လာရန်၊ ဖြစ်လာရန်အတွက် (ဝါ) အကြောင်းတစ်ခု ဖြစ်လာရန်၊ ဝတ္ထုတစ်ခု ဖြစ်လာရန်အတွက် ဖြစ်ခြင်းတွင် တိုက်ရိုက် ပါဝင်ကြသည့် အရာဝတ္ထု တို့ကို ဝိဘာဝဟု ခေါ်သည်။

ထိုဝိဘာဝ၌ အခြင်းအရာ နှစ်မျိုးနှစ်စား ရှိသည်။

၎င်းတို့ကား...

၁။ အကြောင်းတစ်ခု ဖြစ်လာရန် တိုက်ရိုက် သက်ဆိုင်သည့် လူ၊ တိရစ္ဆာန်၊ သင်္ဘော၊ အိမ်၊ ကျောင်း၊ ယမင်းရုပ် စသော အကြောင်းတစ်ခုဖြစ်ရာ၌ ပါဝင်သည့် အရေးကြီး ဇာတ်ကောင်အားလုံး ယင်းသည်တို့ကို အလမ္ဗဏ "ဝိဘာဝ" ဟု

mgyoe.com

ခေါ်၏။

သမီးရေ...ဒီနေရာမှာ ပုံစံကလေးအဖြစ်နဲ့ မှတ်မိလွယ်အောင် ဟောသည် လင်္ကာကလေး ကျက်ထား...

ဖြစ်ကြောင်းမှန်စွာ
အာလမ္ဗဏ ဝိဘာဝကို
ပျိုမျစ်နုနယ် မိန်းမငယ်နှင့် အရွယ်ပျိုပြား
ယောကျ်ားတို့ကို ဆိုလော့ကေန်
စင်စစ်မှန်၏။

ဒီလင်္ကာဟာ အလင်္ကာကျမ်းထဲက ပါလာတဲ့လင်္ကာပဲ။ ဒါပေမဲ့ မပြည့်စုံဘူး။ ပျိုမျစ်နုနယ် မိန်းမငယ်နဲ့ အရွယ်ပျိုပြား ယောကျ်ားတို့မှချည်း မဟုတ်ဘူး။ ဖေဖေတို့လို အဘိုးကြီးပိုင်း နင်းနေတဲ့ လူတွေလည်း အာလမ္ဗဏ ဝိဘာဝ ဖြစ်နိုင်တယ်။ အတိုချုံ့လိုက်ရင် “ဇာတ်ဆောင်မှန်သမျှ အာလမ္ဗဏ ဝိဘာဝ”ချည်းပဲ မှတ်လိုက်၊ ဖေဖေပြောတဲ့ ဇာတ်ဆောင် ဆိုတာ လူမှမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်ပဲ။ ဥပမာ... ပုံပြင်တွေထဲက “ဘဲရုပ်ဆိုးကလေး” ဆိုတာလည်း ဇာတ်ဆောင်ပဲ။ အာလမ္ဗဏဝိဘာဝပဲ၊ မာလာငွေဖော့ ပုံပြင်စာအုပ်ထဲက ကိုရွှေဂျင်နဲ့ မဘော့လုံးတို့လည်း အာလမ္ဗဏ ဝိဘာဝပဲ။ ရွှေယုန်နဲ့ ရွှေကျားရော မြွေမင်းသားကလေးနဲ့ မထွေးတို့ရော အာလမ္ဗဏ ဝိဘာဝချည်းပဲ မှတ်လိုက်ပေတော့။

အဲ...နောက်တစ်ခုက...

၂။ အကြောင်းတစ်ခု၊ အဖြစ်တစ်ခု ဖြစ်ဖို့ရာကို အားပေးတဲ့၊ မြန်မြန် ဖြစ်နိုင်အောင် အထောက်အကူပြုတဲ့၊ တိုးပွားစေအောင် ပြုတဲ့ဟာ မှန်သမျှ ဥဒ္ဒီပန ဝိဘာဝ တဲ့။

ဥပမာကွယ်...မိန်းမပျိုနဲ့ ယောကျ်ားပျိုတို့ ချစ်အောင်ကြိုက်အောင်၊ တိုးပွားလာစေအောင် အားပေးတတ်တဲ့ ဥယျာဉ်ရေကန် အစရှိတဲ့ အရာတွေမှန်သမျှ ဥဒ္ဒီပန ဝိဘာဝလို့ ခေါ်တယ်တဲ့။ ပုံစံအဖြစ်နဲ့ သမီးအဖို့ မှတ်မိလွယ်အောင် အလင်္ကာကျမ်း ထဲကပါလာတဲ့ အောက်က ကဗျာကလေးကို ကျက်ထား...

ဥယျာဉ်ရေကန်
ဗိမာန်ဆည်းဆာ
တန်းဆာဝတ်စား နံ့သာများကား
တိုးပွားစေမှု ပြု၏ မယုတ်

mgyoe.com

 mgyoe.com 

ဥဒ္ဒိပန ဝိဘာဝသာ ခေါ်ဆိုပါ...တဲ့။

ဇာတ်ကောင်ဖြစ်တဲ့ အာလမ္ဗဏ ဝိဘာဂကို ဇာတ်လမ်းဖြစ်အောင်၊ အဖြစ်တစ်ခု၊ အကြောင်းတစ်ခု ဖြစ်လာအောင် ပတ်ဝန်းကျင်က ဝိုင်းဖွဲ့ အားပေးစေတဲ့ အရာမှန်သမျှ ဥဒ္ဒိပန ဝိဘာဝချည်းပဲ။

သူခိုးတစ်ယောက် ခိုးဖြစ်ဖို့ ညဘက်မှာ ရတ်တရက် မိုးမှောင်ကျပေးတယ်ဆိုရင် အဲဒီ မိုးမှောင်ဟာ ဥဒ္ဒိပန ဝိဘာဝပဲ။

၁။ ဇာတ်ကောင်ရယ် (အာလမ္ဗဏ ဝိဘာဝ)။

၂။ ဇာတ်ကောင်ကို အကြောင်းတစ်ခုခုဖြစ်ဖို့ရန် ပတ်ဝန်းကျင်က ဖန်တီးပေးတဲ့ အရာဝတ္ထုတွေရယ်၊ (ဥဒ္ဒိပန ဝိဘာဝ)။

အဲဒီအချက် နှစ်ချက် ပါလေရဲ့၊ အနုဘာဝရဲ့ အကြောင်းကိုတော့ နောက်ထပ် ဘာမှ ပြောစရာ မလိုတော့ဘူး။ ကဲ...ဘာဝတွေ ဝိဘာဝတွေလည်း သမီး သိပြီ။ တိုက်ရိုက် ဖွဲ့သီတဲ့ သဘာဝ ဝုတ္တိ အလင်္ကာလည်း သိပြီ။ အဲဒီအလင်္ကာနဲ့ ရသပေါ်အောင် ဘယ်လို ဖွဲ့သီကြသလဲဆိုတာ ရှာကြစို့...

စာတစ်ပုဒ် ဖွဲ့သီတာကို မပြောပြရသေးခင် ဟင်းတစ်အိုးချက်တဲ့အကြောင်း သမီးကို ပြောပြမယ်။

ဟင်းဆိုသည်မှာ သားဟင်း၊ ငါးဟင်း၊ အသီးအရွက် ဟင်းရယ်လို့ အမျိုးမျိုး ရှိကြတယ် ဆိုပါတော့။ အဲဒီ ဟင်းဖြစ်လာမယ့် အရာဝတ္ထုအမျိုးမျိုးတို့ရဲ့ အရသာကို သမီး စိတ်ထဲက ဌာယီဘာဝလို့ မှတ်လိုက်...

သမီးဟာ ဈေးထဲက အဲဒီ ဟင်းမျိုး တစ်စုံတစ်ခုကို ဝယ်လာပြီဆိုပါတော့... သူဟာ ဟင်းမဖြစ်သေးဘူး၊ စားလို့ မရသေးဘူး၊ ဒါပေမဲ့ သူ့မှာ အရသာတော့ ပါတယ်။ ဒီအရသာဟာ ဘယ်လိုဖြစ်လာမယ် မသိသေးဘူး ဟုတ်လား။

အဲဒီ ဟင်းမျိုးဟာ အမဲသားပဲဆိုရင် အဲဒီအမဲသားဟာ အာလမ္ဗဏ ဝိဘာဝပဲ။ ဒီနေရာမှာ သမီး နားရှုပ်သွားမယ်နော်။ အာလမ္ဗဏ ဝိဘာဝဆိုတာ အမဲသားမှ မဟုတ်ဘူး၊ ပုစွန်တုပ်ကြီးလည်း အာလမ္ဗဏ ဝိဘာဝဖြစ်နိုင်တယ်။ ဆူးပုပ်ရွက်နဲ့ ပဲကြီးလည်း အာလမ္ဗဏ ဝိဘာဝ ဖြစ်နိုင်တယ်။ ဆိုလိုတာက ဟင်းရွက်ဟင်းလျာ အဖြစ်က (ဌာယီဘာဝ အဖြစ်က) အသင့်စားနိုင်တဲ့ ဟင်းအဖြစ်ကို ရောက်အောင် (ချက်ဖို့ ယူလာ၊ ဝယ်လာ တဲ့ပစ္စည်း) မှန်သမျှ အာလမ္ဗဏ ဝိဘာဝအဖြစ်ကို ရောက်လာပြီ။

တကယ်တော့ ဟင်းလျာလို့ခေါ်တဲ့ ဌာယီဘာဝထဲမှာ ချို၊ ချဉ်၊ ငန်၊ စပ်ဆိုတဲ့

mgyoe.com

ရသာမျိုးစုံဟာ ရှိပြီး ပါပြီးသား။ ဒါပေမဲ့ စားသုံးလို့ မရသေးဘူး။ ဒီဟင်းလျာမျိုးတွေထဲက ဘယ်အမျိုးဟာ ဟင်းဖြစ်ရလိမ့်မယ် (အာလမ္ဗဏ ဝိဘာဝ ဖြစ်ရလိမ့်မယ်)လို့ မသိရသေးဘူး။ သူ့ကို သမီးက ဟင်းချက်ဖို့သတ်မှတ်ပြီး ဝယ်ယူသွားမှ သူဟာ ဟင်းလျာဆိုတဲ့ ဌာယီဘာဝက အာလမ္ဗဏ ဝိဘာဝဆိုတဲ့ ဟင်းဖြစ်ရမယ့် ပစ္စည်းတစ်ခုအဖြစ်ကို ရောက်ရမှာ...

အဲဒီ အာလမ္ဗဏ ဝိဘာဝဆိုတဲ့ ဈေးခြင်းတောင်းထဲက ဟင်းလောင်းအဖြစ်ကို ရောက်ရတော့မှ ငရုတ်၊ ဆီ၊ ဆား၊ ငံပြာရည်၊ ချင်း၊ စပါးလင်၊ ရှာလကာရည် စတဲ့ အရသာကို တိုးပွားစေတဲ့အရာတွေနဲ့ ဥဒ္ဒီပန ဝိဘာဝတွေနဲ့ ပေါင်းစပ် နယ်ဖတ်ပေးလိုက်တယ်။

ပြီးတော့ ငိုခြင်း၊ ရယ်ခြင်း၊ ပျော်ခြင်း၊ သေခြင်း၊ စသည်တို့နဲ့ ပြုလုပ်ထားတဲ့ ဗျာဘိစာရီဘာဝ အိုးကြီးထဲမှာ ထည့်လိုက်တယ်။ ဒီတော့ အာလမ္ဗဏ ဝိဘာဝဆိုတဲ့ "ဟင်းသား"ဟာ ငိုတဲ့အပိုင်းနဲ့ထိလိုက်၊ ရတဲ့အပိုင်းနဲ့ထိလိုက်နဲ့ ဗျာဘိစာရီဘာဝ အိုးကြီးထဲမှာ မြုပ်ချည်၊ ပေါ်ချည်နှင့် လူးလွန့်နေရတာပေါ့ကွယ်။

အဲဒါကို တစ်ခါ ကြက်သီးထခြင်း၊ ချွေးစီးကျခြင်းတို့ဆိုတဲ့ "ဟင်းရဲ့ အသား" ကို ကျေကျက်စေတတ်တဲ့ သာတ္တိကာဘာဝဆိုတဲ့ မီးဖိုထက်မှာ လောင်မြှိုက် ချက်ပြုတ်လိုက်တဲ့ အခါကျတော့...

အမဲသားဆိုတဲ့ အာလမ္ဗဏ ဝိဘာဝဟာ ဟင်းလျာ (အစိမ်း)ဆိုတဲ့ ဌာယီဘာဝက ပြောင်းရွှေ့ပြီး မွှေးကြိုင်မှုဆိုတဲ့ အနုဘာဝ အနံ့တွေ ထွက်လာတာပေါ့။

ဒီအခါမှာ သမီး ချက်တာ၊ ပြုတ်တာကို မြင်နေရတဲ့ သူငယ်ချင်း တစ် ယောက်က "ဟ...တယ်မွှေးပါလားဟေ့၊ နည်းနည်း မြည်းကြည့်ရအောင်"ဆိုပြီး ဟင်းအိုးကို ခပ်မြည်းလိုက်လို့ လျှာပေါ်မှာ ထိတွေ့လိုက်ခြင်းကို အဲဒီ သူငယ်ချင်းက သိရတာဟာ အရသာပေါ့။ အဲ...ဒါဟာ ရသပေါ်လာတာပဲ။

တစ်နည်းအားဖြင့် သမီး သိအောင် ပြောရမယ်ဆိုရင်... ဗုဒ္ဓဘာသာဝင်တို့ အလိုအရပေါ့ကွယ်။ ငိုခြင်း၊ ရယ်ခြင်း၊ ပျော်ရွှင်ခြင်းဆိုတဲ့ ရသမျိုးစုံကို ဖြစ်စေနိုင်တဲ့ သတ္တဝါတွေဟာ လောကဈေးကြီးထဲမှာ ဌာယီဘာဝအဖြစ်နဲ့ တည်ရှိနေကြတယ်။ ဒီအခါမှ ကံတရားဆိုတဲ့ အိမ်ရှင်မက အဲဒီလောကဈေးကြီးထဲကို ဝင်လာပြီး သတ္တဝါတွေ အမြောက်အမြားထဲက မစာအုနဲ့ ပန်းသာမောင်မောင်ကို ဝယ်ယူသွားတယ် ဆိုပါတော့...။ မစာအုနဲ့ ပန်းသာမောင်မောင်ဟာ အဲဒီလို ကံတရားရဲ့ အဝယ်အယူ ခံယူလိုက်ရတာနဲ့ အာလမ္ဗဏ

mgyoe.com

 mgyoe.com


ဝိဘာဝအဖြစ်ကို ရောက်သွားကြတော့တာပဲ"

ပြီးတော့ အုရဲ့အလှ တောတောင် ချောက်ကမ်းပါး လှည်းယာဉ်ဆိုတဲ့ ဧရတ်၊ ဆိ၊ ဆား ဥဒ္ဒိပနတွေနဲ့ လူးနယ်ပြီး အဲဒီကံတရားက ပန်းသာမောင်မောင်နဲ့ အုကို ဗျာဘိစာရီဘာဝ အိုးကြီးထဲမှာထည့်၊ သာတွိကာဘာဝ မီးတောက်နဲ့ မြှိုက်ချလိုက်၊ အဲဒီအခါမှာ ပန်းသာမောင်မောင်အဖို့ အုကို အချောင်အပိုင်စီးလိုတဲ့ မွတ်သိပ်မှု စိတ်တွေ အစွမ်းကုန်ပေါ်ပြီး အုကတော့ ပန်းသာမောင်မောင်ကို မုန်းတီးတဲ့စိတ်တွေ အစွမ်းကုန် ပေါ်လာကြရတာပေါ့။

ကဲလေ...ဒါလောက်ဆိုရင် ရသ ဘယ်လိုပေါ်တယ်၊ ဘာဝ ဝိဘာဝတွေနဲ့ ဘယ်လိုဆိုင်တယ်ဆိုတာ သမီး ရိပ်မိလောက်ပါပြီ။ အဲဒီတော့ အဲဒီရသတွေကို နည်းနည်းရှာကြည့်ကြစို့လား။

သြော်...ရသရှာကြည့်မယ်ဆိုမှ တစ်နကျန်နေမသေးတယ် သမီး၊ ရသတွေထဲမှာ သိင်္ဂါရ ရသဆိုတာ ပါတယ် မဟုတ်လား။ သိင်္ဂါရ ရသဟာ သုံးမျိုးရှိလေရဲ့...

ကောင်ကလေးနဲ့ကောင်မလေး တစ်စုံဆိုပါတော့၊ သူတို့မှာ ဖြစ်နိုင်တဲ့ အကြောင်းအဖြစ် ကိုးခုရှိတယ်။ အဲဒါဟာ ဘာလဲဆိုတော့...

မွေ့လျော်နိုင်တယ်
ရွှင်ပျော်နိုင်တယ်
ကြောင့်ကြစိုးရိမ်နိုင်တယ်
စိတ်ဆိုးနိုင်တယ်
ကြိုးစားအားထုတ်နိုင်တယ်
ကြောက်ရွံ့နိုင်တယ်
ရွံရှာနိုင်တယ်
အံ့သြနိုင်တယ်
တည်တည်ငြိမ်ငြိမ် ဖြစ်နေနိုင်တယ်...

အဲဒီကိုးခုထဲက တစ်ခုခုဟာ အမြဲ ဖြစ်နေနိုင်တယ်။ ဒါကြောင့် ဒီကိုးခုဟာ အမြဲဖြစ်နေတဲ့ အကြောင်းကိုးခု ဌာယီဘာဝ ကိုးခုလို့ ပညာရှိတွေက ဆိုထားတာ"

ဒီကိုးခုထဲက ကောင်ကလေးနဲ့ ကောင်မကလေးဟာ အလွန်အကျွံ နှလုံး မွေ့လျော် အပျော်ကျူးနေကြတယ် ဆိုပါတော့။ အဲဒီ မွေ့ပျော်ခြင်းရဲ့ အထွတ်အထိပ် အမြင့်ဆုံးအခြေဟာ ချစ်ကြိုက်မှုဆိုတဲ့ သိင်္ဂါရ ရသပဲ။

mgyoe.com

ဒီကောင်ကလေးနဲ့ ကောင်မကလေးဟာ ရိုးရိုးရွှင်ပျော်နေကြရင်တော့ အဲဒီ ရွှင်ပျော်ခြင်းရဲ့ အမြင့်ဆုံးအပိုင်းဟာ ရယ်မောခြင်းဆိုတဲ့ ဟာသရသပေါ့။

ဒီနေရာမှာ တခြားအဖြစ်တွေက ရသာတစ်မျိုးသာ ပေါ်လေ့ရှိပေမဲ့ နှလုံးမွေ့တဲ့ အဖြစ်က (ရတိဌာယီ ဘာဝက) ရသာ သုံးမျိုး ခွဲခြားပြီး ပေါ်တတ်လေရဲ့။ ဒါ့ကြောင့် မန်လည် ဆရာတော်ဘုရားကြီးက...

ယောကျ်ားမိန်းမ၊ ဘာဝအလိုက်၊
ချစ်ကြိုက်မြင်ရှုံ၊ မဆုံသေးရ၊
အယောဂတည့်၊ ထိုမှနှစ်သက်၊
မနှစ်သက်၍၊ ပေါင်းဖက်ကွာကြ၊
သံယောဂနှင့် ဝိယောဂမျိုး...

လို့ စပ်ဆိုခဲ့လေရဲ့၊ ယောကျ်ား မိန်းမတို့ရဲ့ ချစ်ကြိုက်မှုမှာ...

အယောဂ သိင်္ဂါရ ရသ (မပေါင်းဆုံရသေး)။
ဝိပ္ပယောဂ သိင်္ဂါရ ရသ (ပေါင်းဆုံပြီး ကွဲမှု)။
သမ္ဘောဂ သိင်္ဂါရ ရသ (အကြောင်းသင့်၍ သိပ်ချစ်နေကြမှု)။

ရယ်လို့ အကြမ်း မှတ်ထားလိုက်ရင် သမီးအတွက် လုံလောက်ပြီ။ ရှေ့လည်း ဖော်ပြတော့မှာပဲလေ၊ ကဲ...အခု...သမီး သိပြီးဖြစ်တဲ့ သဘာဝ ဝတ္ထု အလင်္ကာကို ပြန်ကောက်ကြဦးစို့...

မဟာ မင်းလှမင်းခေါင် ဦးရွှန်းရေးတဲ့ ဥမ္မာဒန္တီပျို့ထဲမှာ သိဝရာဇ်မင်းကြီးဟာ မိမိ မြို့ကို လှည့်လည်ကြည့်ရှုတော့ ပြာသာဒ်ဖျားက မိန်းမတစ်ယောက်က တိုင်းခန်းလှည့် လာတဲ့ မင်းကြီးကို ပြုံးစေ့စေ့နဲ့ကြည့်ပြီး လက်ထဲကပန်းတွေနဲ့ ပစ်ကြဲချလိုက်တယ်။ အဲဒီနောက် ပြတင်းတံခါးကို ပိတ်ပြီး ဝင်သွားတယ်။ ဒီအခါမှာ အဲဒီအပြုအမူကလေးကို အခိုက်အတန့် မြင်လိုက်၊ သိလိုက်ရတဲ့ ဘုရင်ကြီးက ခေတ္တ ငေးငိုင် သတိလစ်သွားပြီး မြင်ကွင်းရှေ့က အဲဒီ ပြာသာဒ်နဲ့ အိမ်ကြီး ပျောက်ကွယ်သွားအောင် လွန်လာမိတော့မှ သတိရပြီး ရထားထိန်းကို မေးလိုက်တယ်။ "ဒါဟာ ဘယ်သူ့အိမ်လဲ၊ ဒီပြာသာဒ်ဖျား လေသာပြတင်းက ပန်းထွက်ကြဲတဲ့ မိန်းမဟာ ဘယ်သူ့သမီးတုံး၊ သူ့မှာ လင်ရှိသလား" ပေါ့ကွယ်။ ။ဒီတော့ ရထားထိန်းကလည်း ဒီအိမ်ဟာ ဘုရင်မင်းတရားကြီးရဲ့ သူဌေးကြီး မည်သူ့အိမ်ပါ၊ အဲဒီ ပန်းထွက်ကြဲတဲ့ အမျိုးသမီးဟာ သူဌေးသမီး ဥမ္မာဒန္တီဆိုတာပါ။ သူ့မှာ လင်ရှိပါတယ်၊ သူ့ယောကျ်ားဟာ ဘုရင်မင်းတရားကြီးရဲ့ စစ်သူကြီးပါပဲလို့ လျှောက်

mgyne.com

 mgyoe.com


ထားလိုက်သတဲ့။ ဒီအချိန်မှာ တောက်…တစ်ချက် ခေါက်လိုက်ပြီး သိဝရဇ်မင်းကြီးဟာ အတော် စိတ်ထိခိုက်သွားရ ရှာတာပေါ့ကွယ်။ သိဝရဇ်မင်းကြီး စိတ်ထိခိုက်ပုံကို စာဆိုတော် ဦးရွှန်းက ဘယ်လို ရေးဖွဲ့ သရုပ်ဖော်ခဲ့တယ်ဆိုတာ ဖေဖေ အပိုဒ်တိုကလေးတွေ ကွက်ကွက် ပြီး ထုတ်နုတ်ပြမယ်။ အဲဒါကို သမီးက စာတစ်လုံးချင်းရဲ့ အဓိပ္ပာယ်ကို စဉ်းစားပြီး ဆိုလိုချက်ကို တွေးတွေးတောတော ဖတ်ထားနှင့်…

"ထိုဥမ္မာကို၊ ရူပါစကား၊ ပန်လျှောက်ကြား၍၊ ငါ့အား ရှေးက၊ ဆက်ဖူးကြ၏၊ ပုဏ္ဏားမိစ္ဆာ၊ မင်းဆရာတို့၊ အင်္ဂါယုတ်ကြောင်း၊ မယူကောင်းဟု၊ မပေါင်းရအောင်၊ မုသားဆောင်လျက်၊ မင်းခေါင်ငါ့ကို၊ ကျိုးမလို၍၊ လျှောက်ဆိုသဖြင့်၊ ဝတီမြင့်ထက်၊ သုံးဆင့်တက်သား၊ ငါးဆက်ဘုံသူ၊ စုံရည်တူကို၊ မယူမိဘဲ၊ လွဲကြီးလွဲသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးမက၊ လွမ်းရေး ထလျက်၊ စိတ်မှာထွေထွေ၊ မိုးနယ်စွေသည်၊ ရပ်နေမတည်နိုင်ပြီ တည်း။

"စစ်ရေးမက်ရေး၊ ရန်သူဆားကြောင့်၊ အပြေးအလွဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ၊ ခက်သည်သာတည့်၊ အစာအစား၊ ထွားထွား ပြည့်ကြေ၊ ရှားပါးလေ၍၊ သေကျေပျောက်စဲ၊ ငတ်မွတ်ကဲလျှင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏၊ ထို့ထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူ တကွ၊ မပေါင်းရဘဲ၊ လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏၊ အဖက်မရ၊ ခက်သုံးစမူ၊ ဒုလ္လဘာ တွင်၊ မဝင်ပါလျက်၊ ရှေးဦးဖွားစ၊ ငါ့ကိုမသား၊ သတ္တဘာဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာ မရေးခဲ့လေသလော။

"ဂင်္ဂါမြစ်မှ၊ သဲလုံးမျှသား၊ လောကထွတ်ဆင့်၊ ငါးမာန်လွှင့် တို့၊ ပွင့်ကြလိုက်ကြူ၊ တစ်ဆူဆူတွင်၊ ဆုယူဆုတောင်း၊ ညောင်ရေ လောင်းလျက်၊ ပေါင်းရလို့ငှာ၊ နှုတ်ဝယ်ဖြာ၍၊ ဒါနအတူ၊ ငါနှင့်သူ သည်၊ အလှူမပေးခဲ့လေသလော…"

အဲဒီအဖြစ်တွေ ဖြစ်ပြီးတဲ့နောက် သိဝရဇ်မင်းကြီးဟာ ဥမ္မာဒန္တီကို ဘယ်လောက် ဘယ်လို တမ်းတစွဲလမ်းနေရတယ်ဆိုတာ (စာဆိုတော် ဦးရွှန်းရဲ့ အရေးအဖွဲ့ထဲက) အောက်မှာ ကွက်ကွက်ထုတ်ပြလိုက်မယ်။

ဥမ္မာဒန္တီ ဇာတ်အကြောင်းတော့ သမီး ကြားဖူး၊ ဖတ်ဖူးမှာပေါ့။ သူ့အဖေ

mgyoe.com

သူဌေးကြီးက သမီး ဥမ္မာဒန္တီကို အရွယ်ရောက်လာတာနဲ့ သိဝရဇ်မင်းကြီးဆီ သွားပြီး မိဖုရားမြှောက်ဖို့ သိမ်းပါတော့လို့သွားဆက်တယ်။ ဒီတော့ သိဝရဇ်မင်းကြီးက ကြန်အင်လက္ခဏာ တတ်မြောက်တဲ့ မင်းဆရာ ပုဏ္ဏားတွေလွှတ်ပြီး မိဖုရားမြှောက်ဖို့ သင့်မသင့် သွားအကြည့်ခိုင်းတယ်။

ပုဏ္ဏားတွေက သွားကြည့်ကြတယ်။ သူဌေးကြီးကလည်း ပုဏ္ဏားတွေမြင်အောင် သမီးကို ထွက်ပြီး ဧည့်ခံခိုင်းတယ်။ ဒီအခါမှာ ယောကျ်ားကောင်း မပီသ၊ စိတ်ဓာတ်ကြံ့ခိုင်မှုမရှိတဲ့ ပုဏ္ဏားတွေက ဣန္ဒြေဖောက်ပြန်တဲ့ အမူမျိုးတွေ ဖြစ်လာကြကုန်တယ်။

ဒီနေရာမှာ စကားစပ်မိလို့မေးရဦးမယ်။ (ယောကျ်ားကောင်း မပီသ၊ စိတ်ဓာတ်ကြံ့ခိုင်မှုမရှိဘဲ ဣန္ဒြေဖောက်ပြန်တယ်)ဆိုတာ သမီး တကယ်သဘောပေါက်ရဲ့လား။

ဝတ္ထုကြောင်းထဲမှာ ပါသလို ဥမ္မာဒန္တီကို မြင်တော့ ထမင်းစားနေတဲ့ ပုဏ္ဏားတွေဟာ သတိတွေ လစ်ဟင်းပြီး ထမင်းလုတ်ကြီးကို နားရွက်ထဲ ခွံ့လိုခွံ့၊ မျက်စိထဲ နှာခေါင်းထဲ ခွံ့လိုခွံ့နဲ့ ရူးသွပ်ကုန်ကြသလို ဖြစ်နေကြတယ်ဆိုတာ နည်းနည်းရေးဖွဲ့တဲ့ ပုဂ္ဂိုလ်တွေ လွန်သွားကြတာပဲ။ ဥမ္မာဒန္တီရဲ့အလှကို ချီးကျူးချင်လွန်းအား ကြီးတာနဲ့ ပုဏ္ဏားတွေကို သိပ်နှိမ်လိုက်တာပဲ။ ဒါဟာ ပြဇာတ်ဆန်လွန်းအားကြီးတယ်။ ပြဇာတ်တို့၊ ဘာတို့မှာတော့ ကြည့်တဲ့ လူတိုင်းအတွက် အလွယ်တကူ သရုပ်ပေါ်နိုင်အောင် တမင်လွန်ကဲပြီး ပြုလုပ်ကြရတဲ့ သဘောရှိတယ်။ စာပေနဲ့ ဖော်ပြတဲ့ ဝတ္ထုကြောင်းအနေနဲ့တော့ သိပ်မသင့်တော်ဘူး။ အေးလေ...ဒါတွေဟာ ဟိုရှေးတုန်းကတော့ ပြဇာတ်တွေများ ဖြစ်နေမလားမှ မသိဘဲ။ စာပေနဲ့ဖော်တဲ့ ဝတ္ထုကြောင်းမျိုးဆိုရင်တော့ "အတိ ဝုတ္တဒေါသ= လွန်အောင် ရေးတဲ့အပြစ်"၊ နောက်တစ်မျိုးအနေနဲ့ "အတိမတြဒေါသ= လောကသဘောကို လွန်စေတဲ့အပြစ်" မျိုး ဖြစ်နိုင်နေတာပေါ့။

အဲဒီတော့ အဲဒါမှာ ပုဏ္ဏားတွေဟာ (ယောကျ်ားကောင်း မပီသ၊ စိတ်ဓာတ်ကြံ့ခိုင်မှုမရှိဘဲ ဣန္ဒြေဖောက်ပြန်တယ်)ဆိုတာ ဘယ်လိုဟာမျိုးလို့ ထင်သလဲ။

အခု သမီးတို့ခေတ်မှာ မိန်းကလေးတစ်ယောက် လှလှပပဝတ်ဆင်ပြီး လမ်းထဲလျှောက်လာတဲ့အခါဖြစ်စေ၊ ကားမောင်းသွားတဲ့အခါဖြစ်စေ၊ စက်ဘီးစီးသွားတဲ့အခါဖြစ်စေ၊ အကယ်လို့ မြင်းရှိခဲ့ရင် မြင်းစီးသွားတဲ့အခါဖြစ်စေ ရွယ်တူ ယောကျ်ားကလေး တစ်သိုက်က မြင်လိုက်တော့ မိမိတို့ရဲ့ ယောကျ်ားဆိုတဲ့ခိုင်ခံ့မှု ဣန္ဒြေကို မထိန်းသိမ်းနိုင်ကြဘဲ...

"ဟေး...ဟားနဲ့ ဝိုင်းအော်ကြခြင်း၊ လေချွန်ခြင်း၊ လက်ခေါက်မှုတ်ခြင်း၊

mgyme.com

mgyoe.com


"လှတယ်ဟေ့"၊ "အယ်နေတာပဲ"၊ "ဗျစ်ဗျစ်...ဗျစ်ဗျစ်" မြည်သွားမှာပဲ စတဲ့အသံ မျိုးစုံတွေ ထွက်လာခြင်း၊ ပြောဆိုခြင်း"။

အဲဒီ ပြုလုပ်ကြပုံ ပြုလုပ်ကြမျိုးပေါ့ကွာ။ အဲဒါတွေဟာ စိတ်ဓာတ်မခိုင်ခံ့မှုကို ထုတ်ဖော်ပြခြင်း၊ ပွင့်ပေါ်လာခြင်းဆိုပြီး ရှေးကတော့ အင်မတန် ရှက်ကြ၊ ရွံကြတယ်။ လူပေါ့လူသွမ်း တေလေကြမ်းပိုးတွေမှပြုလုပ်တဲ့ အပြုအမူမျိုးလို့ လူတိုင်းက အလိုလို သိခဲ့ကြတယ်။ အခု သမီးတို့ခေတ်ရောက်တော့ လမ်းပေါ် ဆိုက်ကားဆရာက အစ ကောလိပ်ကျောင်းသားအထိ၊ တောင်တန်းနေ လမ်းအလုပ်သမားတွေကအစ ရန်ကုန်မြို့ တော်က ဂုဏ်သရေရှိ အမျိုးသားတွေလို့ အမည်ခံနေကြသူများအထိ၊ အဲဒီ အပြုအမူမျိုး တွေကို ပြုမူနေကြတော့ ဒါတွေဟာ ယောကျ်ားကလေးတွေနဲ့ မိန်းကလေးတွေ တွေ့ကြရင် ဖြစ်ရိုးဖြစ်စဉ်၊ ပြုရိုးပြုစဉ်တွေလိုပဲလို့ ထင်ကုန်ကြပြီ။ အဲဒါကြောင့် ဒီအဖြစ်မျိုးဟာ မထူး ဆန်းတော့ဘူး။

ရှေးကတော့ ထူးဆန်းတယ်။ တကယ့် ယောကျ်ားဆိုတာဟာ အတော်အတန် ကြီးလှပါတယ်ဆိုတဲ့ မိန်းကလေးတွေကို မြင်ရ သိရရုံ၊ အတော်အတန် စည်းစိမ်ဥစ္စာတွေကို တွေ့ရ၊ မြင်ရရုံ၊ အတော်အတန် ကြီးကျယ်တဲ့ ဂုဏ်သိမ်တွေ၊ အချီးအမြှောက်တွေ တွေ့ခံ ရရုံနဲ့ တုန်လှုပ်မှု မရှိမှ၊ ဣန္ဒြေကို ထိန်းသိမ်းနိုင်မှ၊ အဲဒါမှ ယောကျ်ားကောင်း၊ မြင့်မြတ်တဲ့ ယောကျ်ား၊ တကယ့်ယောကျ်ားလို့ ယူဆလေ့ ရှိကြတယ်ကွယ့်။

ဥပမာ...ဇနက္ကဇာတ်ကို ကြည့်စမ်း။ ဇနက္ကဇာတ်ထဲမှာ နန်းတော်တွင်းက စစ်သူ ကြီးတွေ၊ အမတ်ကြီးတွေ ကိုယ်တိုင် ဘုရင်ဖြစ်ရမယ်ဆိုတော့ ကိုယ့်သိက္ခာ ကိုယ်မထိန်း သိမ်းနိုင်ကြဘဲ ဣန္ဒြေပျက်နေကြရပုံတွေ၊ ကိုယ်၏စောင့်ထိန်းမှု၊ နှုတ်၏ စောင့်ထိန်းမှု ကင်းလွတ်နေကြပုံတွေ၊ ပင်လယ်ထဲက ရေကူးလာရတဲ့အတွက် နံ့ငယ်ပိုင်း ကလေးတစ်ခု သာ ပိုင်ဆိုင်တဲ့၊ အမျိုးအမည် မသိရသေးတဲ့ သာမန် ယောကျ်ားငယ်တစ်ယောက်ကတော့ တခမ်းတနား အံ့သြဖို့ကောင်းတဲ့ နန်းတော်ကြီးကို မြင်ရသည့်တိုင်အောင် ရိုးရိုး သူလိုငါလို မမြင်ဖူးလို့ ကြည့်ရှုနေပုံမျိုးနဲ့ ကြည့်ရှုနေခဲ့တာတွေ၊ ဘုရင် ဖြစ်ရတော့မည်လို့ သိပေမဲ့ ဝမ်းသာမှု၊ လှုပ်ရှားမှုမပြဘဲ ဣန္ဒြေရရ နေနိုင်ပုံတွေ၊ မင်းသမီးက အခေါ်လွှတ်သည့်တိုင် အရေးတကြီး ဝမ်းသာအားရ မသွားဘဲ သွားရိုး သွားစဉ်အတိုင်း ဣန္ဒြေရရ သွားပုံတွေ...

အဲဒီ အပြုအမူတွေနဲ့ ခွဲခြားပြီး ယောကျ်ားတစ်ယောက်ရဲ့ ယောကျ်ားပီသမှု၊ ယောကျ်ားဆန်မှု၊ ယောကျ်ားရဲ့ ဂုဏ်ဆိုတာဟာ စည်းစိမ်လည်း မဟုတ်ဘူး။ ရာထူး ရာခံလည်း မဟုတ်ဘူး။ မျိုးရိုးချည်းပဲလည်း မဟုတ်ဘူး။ မွေးကတည်းက ပါလာတဲ့

mgyoe.com
နိုင်ခဲ့တဲ့ အပြုအမူ စိတ်နေစိတ်ထားတို့နဲ့ ခွဲခြားပြီး ဖော်ပြထားတယ်ကွဲ့...

ဒါဟာ ဖေဖေတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေရဲ့ အယူအဆချည်း မဟုတ်ဘူး။ ကမ္ဘာရဲ့ အရှေ့ခြမ်း၊ အနောက်ခြမ်း အားလုံးမှာရှိတဲ့ တိုးတက်ကြီးမြင့်တဲ့ တိုင်းပြည်တိုင်းက လူမျိုးတိုင်းရဲ့အယူအဆနဲ့ယုံကြည်ချက်ဆိုရင် မမှားဘူး။ မောလစ်ကောရစ်ရေးတဲ့ ဗမာပြည် နောက်ဆုံးတိုက်ပွဲမှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းဟာ မိမိကို ဂျင်နရယ်စလင်းကလား၊ မောင့်ဘက်တန်ကလား လူသတ်မှုနဲ့ စွပ်စွဲတာကို ခပ်အေးအေး ဣန္ဒြေမပျက်ပြန်ဖြေခဲ့တယ်။ ဒေါသတကြီး မဖြစ်ဘူး၊ တုန်လှုပ်ချောက်ချားမှု မဖြစ်ခဲ့ဘူးလို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ယောကျ်ားပီသပုံကို ဖော်ပြခဲ့တယ်။ မြန်မာပြည်ကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးပါတော့မယ်လို့ ကတိရပြီးတဲ့နောက် ကြီးကျယ်တဲ့ နိုင်ငံခေါင်းဆောင်ကြီးတွေကို မိမိ ဟိုတယ်မှာ ဖိတ်ပြီး ထမင်းကျွေးတဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျေနပ်ပျော်ရွှင်တဲ့ ဟန်အမူအရာရှိတယ်။ တကယ့် ကမ္ဘာထိပ်သီးခေါင်းဆောင်ကြီးတွေကို အေးဆေးတည်ငြိမ်စွာ စကားပြောနိုင်စွမ်းရှိတယ်။ ဒီအခါမှာ ကမ္ဘာထိပ်သီးခေါင်းဆောင်ကြီးတွေက ဤငယ်ရွယ်သော မြန်မာလူမျိုးကလေးသည် မြန်မာပြည်၏ ခေါင်းဆောင်သာလျှင်မက ကမ္ဘာက လေးစားစွာဂရုစိုက်ကြည့်ရသော ခေါင်းဆောင်တစ်ယောက်ဖြစ်ပေပြီဟု ထင်မြင်လာကြပုံတွေနဲ့ ကြီးမြင့်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ပုံပန်းကို ရေးဖွဲ့ထားတယ်ကွဲ့။

ကဲ...အဲဒီတော့ကာ ကြီးမြင့်တဲ့ ယောကျ်ား၊ ယောကျ်ားပီသတဲ့ ယောကျ်ား၊ တကယ့်ယောကျ်ားဆိုတာ ပျာရှုပ်ပျာရှုပ်လုပ်လာတဲ့ ကောင်မကလေးတစ်ယောက်ကို တွေ့ရရုံနဲ့ ကိုယ့်သိက္ခာ ကိုယ်မထိန်းနိုင်ကြဘဲ "အီး...အဲ"နဲ့ တဏှာတွန်သံတွေ ထွက်လာတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး။ မိုးပေါ်က ဘုရင်ဇာ နတ်သမီးကလေးကို မျက်စိနဲ့ တပ်တပ်မြင်ရပေစေ၊ ရွှေပုံ၊ စိန်ပုံကြီးကို ဝိုထောင်လိုက်အပြည့် ခလုတ်တိုက်မိပေစေ၊ အဲဒါထက်သာတဲ့ ကိုယ့်လူမျိုးနဲ့ တိုင်းပြည်ကို သူတစ်ပါး ဖိနပ်အောက်က ဆွဲထုတ်နိုင်တဲ့ အဖြစ်မျိုးကို ရပေစေ၊ နောက်တစ်နည်းဆိုရရင် သေရမည့်ကိစ္စမျိုးနဲ့ လတ်တလော မျက်မှောက် ရင်ဆိုင်နေရပေစေ၊ ကြည့်ရုံမျှ၊ ပြုံးရုံမျှ ဣန္ဒြေရရနဲ့ မိမိသိက္ခာကို ထိန်းသိမ်းနိုင်မှ တကယ့်ယောကျ်ားကောင်းလို့ ယုံကြည်လေ့ ရှိကြတယ်ကွယ်။

ကဲ...သမီးရေ... တဖြည်းဖြည်းနဲ့ ရေးလာလိုက်တာ ဖေဖေ အကျင့်အတိုင်း ပြောပြ၊ ရှင်းပြလိုချက် မျဉ်းကြောင်းက တစ်ဖက်ဆောကို စောင်းထွက်သွားပြန်ပြီ။ ပြန်ပြင်လိုက်ကြဦးစို့...

မင်းဆရာအဖြစ်နဲ့ ရောက်လာကြတဲ့ ပုဏ္ဏားတွေကို ဥမ္မာဒန္တီက ကိုယ်တိုင်
mgyoe.com

ထွက်ပြီး ညှော်ခံကျွေးတော့ ပုဏ္ဏားတွေဟာ ဥမ္မာဒန္တီကို မြင်ရင်ပဲ ကိုယ့်ယောကျ်ားတို့ရဲ့ သိက္ခာကို ကိုယ်မဆည်ဘဲ "ဟ…တယ်နိပ်ပါလားဆိုတဲ့ အမူအရာမျိုးနဲ့ လေချွန်လိုက်မယ်၊ ဥမ္မာဒန္တီရဲ့ ရင်မို့မို့ကိုကြည့်ပြီး အချင်းချင်း တံတောင်နဲ့ တွက်ပြရင်း "တောက်… အယ်နေတာပဲ"လို့ ပြောမယ်။ ဥမ္မာဒန္တီရဲ့ နိမ့်တုံမြင့်တုံ လှုပ်နေတဲ့ တင်ပါးအိအိကြီးကို ကြည့်ပြီး "အီး…သိပ် ငြိမ့်မှာပဲ"လို့ ပြောရင်း သွားရည်သုတ်ဟန် ပြုပြမယ်။ သမီးတို့ အခုခေတ်မှာ အမြဲ မြင်နေကြဖြစ်နေတဲ့ "ယောကျ်ားကြီးငယ် ရွယ်လတ်" အများစုတွေ ပြုလုပ်လေ့ ပြုလုပ်ထရှိသလိုပေါ့ကွာ။

ပုဏ္ဏားတွေဟာ ကိုယ့်သိက္ခာကို ကိုယ် မထိန်းနိုင်ဘဲ အဲဒီလို "ကျိတ်ကျိတ်… ကျိတ်ကျိတ်"နဲ့ အချင်းချင်း တဏှာတွန်တဲ့ အပြုအမူတွေ ပြုမူနေကြတော့ သူဌေးကြီး ဆိုတဲ့ အဘိုးကြီးက မင်းဆရာတွေဆိုပြီး ဒီလိုပဲ ဣန္ဒြေမဲ့နေရသလားရယ်လို့ ဒေါပွပြီး အိမ်ပေါ်က မောင်းချပစ်လိုက်တာပေါ့ကွာ။

အဲဒီတော့ ပုဏ္ဏားတွေက အခု သမီးတို့ခေတ် ယောကျ်ားကလေး အများစုလို မိန်းကလေးတွေကို ကိုယ်ကလည်း ယောကျ်ားသိက္ခာ မစောင့်ထိန်းဘဲ နောက်လား၊ ပြောင်လား၊ စလား၊ ပြုလားလုပ်သေး။ မိန်းကလေးနဲ့ မိန်းကလေးရဲ့ မိဘဆွေမျိုး မိတ်ဆွေတွေက စိတ်ဆိုးတော့ စိတ်ဆိုးရမလားဆိုပြီး ဝိုင်းပြီး ရန်လုပ်ကြသေး။

အဲဒီတုန်းက ပုဏ္ဏားတွေကလည်း အဲဒီအတိုင်းပေါ့ကွာ၊ သူတို့တစ်တွေဟာ မိမိကိုယ်မိမိ ကာလဣန္ဒြေ ထိန်းသိမ်းမှုတော့ မပြုလုပ်ကြဘဲနဲ့ သူဌေးကြီးက မောင်းချ လိုက်တော့မှ… ဒီသူဌေး လူပါးဝတယ်၊ ဒါ ငါတို့ကို သက်သက် မဟာအရှက်တော် ခွဲတာ။ သင်းတော့ သိစေ့မယ်လို့ ကြိမ်းပြီး ဘုရင့်ဆီ ပြန်ရောက်တော့…

"မိန်းကလေးက ကြည့်ပျော် ရှုပျော်တော့ ရှိပါရဲ့၊ သိပ်မဆိုး ပါဘူး။ ဒါပေမဲ့ ဒီရုပ်မျိုးဟာ ဟတ္ထနီရုပ်မျိုး၊ လင်များမယ့် လက္ခဏာ၊ လင်ငယ်နေမယ့် လက္ခဏာမျိုးပဲ။ သူ့ကိုယ်လုံး ကိုယ်ပေါက် အချိုး အဆက်ကိုက အပြစ်ရှိတယ် ဘာညာနဲ့ လျှောက်တင်တော့တာပေါ့ ကွာ။ ဒီတော့ ဘုရင်က စိတ်ပျက်ပြီး မသိမ်းပိုက်ဘဲနေလိုက်၊ အဲဒီတော့ သူဌေးကြီးက ဒီဘုရင်က မယူချင်လည်း ငါ စစ်သူကြီးနဲ့ ပေးစားလိုက် မယ်ဆိုပြီး ပေးစား"

ဒါကို ဥမ္မာဒန္တီက မခံချင်နေဘူး။ ဒီဘုရင်ဟာ ငါလို မိန်းမမျိုးများ မယူချင်ဘူး ရယ်လို့၊ သင်း…ငါ့ကို မတွေ့ရသေးလို့ပါ။ အဆင်သင့်တဲ့အချိန်မှ သင်း ငါ့ကို တွေ့ဖူး

mgyoe.com

mgyoe.com

အောင်လုပ်ပြီး ငါ့ကိုကြိုက်တဲ့စိတ်နဲ့ အရှုးအမူးဖြစ်နေအောင် နှိပ်စက်ထားလိုက်မယ်လို့ အဆင်းလှတဲ့မိန်းမတိုင်း ထားတတ်တဲ့စိတ်မျိုးနဲ့ အညိုးထားတော့တာပေါ့ကွာ...

အဲ့ဒီအတွင်း ဘုရင်က တိုင်းခန်းလှည့်လာတော့ တမင် ပြတင်းပေါက်က မိမိကိုယ်မိမိ မမြင်မြင်အောင်ပြပြီး ပြုံးစစမျက်နှာနဲ့ ဘုရင်ရှိရာကို ပန်းတွေကြဲချလိုက်တာပေါ့...

ဒီနေရာမှာ သမီးတို့ စဉ်းစားစရာက ဥမ္မာဒန္တီဟာ ဒီအပြုအမူကို တမင်ခံပြင်းတဲ့စိတ်နဲ့ ပြုလုပ်လေတာ ဖြစ်လေတော့ ကြိုတင် ပြင်ဆင်မှုတွေ ရှိနေမှာပဲ။ အလှဆုံး အဝတ်ကိုဝတ်မယ်၊ စွဲလမ်းနှစ်သက်ဖွယ်အကောင်းဆုံး မျက်နှာပေး၊ ယောကျ်ားတွေရဲ့စိတ်ကို ညိတ်ခနဲ ဆွဲငင်နိုင်တဲ့အကြည့်၊ တပ်မက်ဖွယ်ကောင်းတဲ့ ကိုယ်လုံး၊ အဲဒါတွေကို တမင်မြင်အောင် လှုပ်ရှားပြပြီးတော့မှ ဘုရင်ကြီးက မိမိကို သတိထားမိလောက်တဲ့နေရာမှာ တံခါး ပိတ်ပစ်လိုက်မှာပဲ။

အဲဒီမှာလည်း ဝတ္ထုဇာတ်ကြောင်းဟာ လိုတာထက် ပိုပြီး ချဲ့လွန်းထားတယ်။ ဥမ္မာဒန္တီရဲ့အလှကို ချီးကျူးလိုတာနဲ့ ဘုရင်ကြီးဟာ ရထားပေါ်မှာ မူးမေ့သွားတယ်လို့တောင် ဖော်ပြထားတယ်။

ကပြတဲ့ ဇာတ်တွေထဲကျတော့ ဆင်ကြီးစီးပြီး တိုင်းခန်းလှည့်လာတဲ့ ဘုရင်ဟာ ဆင်ပေါ်ကနေပြီး ဦးစောက်ကျသွားတယ်လို့တောင် ချဲ့ထွင်ပြီး ကပြကြတယ်။ တကယ်တော့ ဘုရင်ကြီးဟာ ပြတင်းပေါက်ဝက မိန်းမကို ငေးကြည့်ရုံလောက် ကြည့်တာမျိုး။ ဘုရင်တစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို ငေးကြည့်တယ်ဆိုရင် ဗုဒ္ဓဘာသာရဲ့ အကျင့်စရိုက်အရ အဲဒီဘုရင်ဟာ ရာဇဓမ္မနွေ့ ပျက်တယ်လို့ ခေါ်တယ်။

ဘုရင်ကြီးဟာ မိန်းမတစ်ယောက်ကို အဲဒီလို ငေးကြည့်မိရာက ကွယ်လည်းသွားရော အဲဒီမိန်းမ "ဘယ်သူလဲ၊ လင်ရှိသလား၊ မရှိဘူးလား"ဆိုတာလောက် မေးကြည့်ပြီး မြို့ကို လှည့်ချင်တဲ့စိတ် မရှိတော့ဘဲ ရထားကို ပြန်လှည့် မောင်းခိုင်းတာပေါ့ကွာ။ ဒီမိန်းမမှာ လင်ရှိမှန်းသိနေတဲ့ ဘုရင်ကြီးဟာ နန်းတော်ရောက်တော့လည်း ဘုရင်ပီပီ ကိုယ့်ကိစ္စကိုယ် မျိုသိပ်ပြီး ခပ်ကျိတ်ကျိတ် ဒုက္ခရောက်နေတာပေါ့။ ဒါ့ကြောင့် ဘုရင်ကြီးဟာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်နဲ့ အလူးအလိမ့် ဖြစ်နေတဲ့အချိန်မှာ မိတ်ဆွေ စစ်သူကြီးက အတင်းအကျပ် အမျိုးမျိုးမေးမှ အဖြစ်သနစ်အစုံ ပေါ်လာရတာ မဟုတ်လား။

အဲဒီ ဇာတ်ကြောင်းထဲက တိုင်းခန်းလှည့်လည်ပြီး ပြန်လာတဲ့ ဘုရင်ကြီးရဲ့ ပူပုံပန်း အဖြစ်ကို စာဆိုတော်က ဘယ်လို သရုပ်ဖော်လိုက်သလဲဆိုတော့...

"တန်ဆာဆင်လျက်၊ ပြုံးပြုံးပြက်နှင့်၊ ပန်းလက်ဆုပ်ကာ၊

mgyoe.com

mgyoe.com

ကြဲသောခါတွင်၊ ပုဏ္ဏာတိထိ၊ ပန္နသီဒ္ဒိ၊ ဃဋ္ဋိသုဥ်း၍၊ ပြည့်သည့် နေ့ဝယ်၊ အရှေ့ပုဗ္ဗာ၊ မျက်နှာစာက၊ သော်တာငွေစက်၊ နှစ်ပြိုင်ဖက်၍၊ ထွက်သည့်သဏ္ဌာန်၊ ပန်းကြဲဟန်နှင့်၊ ဆဒ္ဒန်ဆင်ကျုံး၊ သွင်းသောထုံးသို့၊ ယူကျုံးနောင်တ၊ ရပစေသား၊ ငါ့အမှားကို၊ မယ်ကားရှေးက၊ ဝမ်းနည်း လှ၍၊ ပြလိုက်သလို၊ စိတ်ထဲသိုလျက်၊ ငါ့ကိုနွဲ့ရှာလေသလော..."

"ရှေးဦးလတ်ဒ္ဓိ၊ ထက်ကြပ်ယူရာ၊ မပယ်သာဟု၊ စဉ်လာ စကား၊ ရှိလျက်သားနှင့်၊ ထောက်ထားမရှိ၊ မယူမိ၍၊ ကြီးဘိ နောင်တ၊ ရသည့်အတွက်၊ သတိပျက်လျှင်၊ အိပ်စက်မပျော်၊ မြည်တမ်းသော်ကား၊ ထိုရော်ကာလ၊ ပြတင်းဝက၊ ရွှေလမင်းနှယ်၊ ဥမ္မာမယ်လည်း၊ ငါ့ဝယ် မျက်စိ၊ နလုံးရှိလျက်၊ ချစ်မိသောနှယ်၊ နှစ်သက်ဖွယ်နှင့်၊ စံပယ်လျက် ပင်၊ ကြည့်သည်ထင်သည်၊ ချစ်ခင်တဲ့ ရှာလေသလော..."

"မယ်နှင့်လိုက်အောင်၊ သိန်းထိုက်အဖိုး၊ ပုဆိုးခေါ်မြဲ၊ ရွှေဝတ် လဲလည်း၊ နီရဲပန်းလျှံ၊ သက်တံရောင်လို၊ ဖိတ်ဖိတ်စိုသား၊ ခိုခြေအသွင်၊ ဝတ်လျက်ပင်တည့်၊ မြင်လျှင်လှဆုံး၊ ငါ့နလုံးကို၊ ယူကျုံးနဲ့ရှာလေ သလော..."

"ရွှေရောင်ပြန့်ပျုံး၊ ရွှေနဖူးနှင့်၊ ကော့ဖြူးမျက်တောင်၊ ရွှေ မျက်မှောင်မှ၊ ရွှေရောင်ဝင်းလျှံ၊ ရွှေနှာတံတွင်၊ သမ္ဘာရဖျား၊ ရွှေရွက်နား လည်း၊ ပြန့်ကားရွှေသွေး၊ ရွှေလည်ရေးဒ္ဓိ၊ ရွှေကျေး လည်ရစ်၊ ပေါ်စ သစ်သို့၊ သနစ်ကုန်စင်၊ ရှုတိုင်းပင်လျှင်၊ ကောင်းအင်စုံစွာ၊ မယ်ဥမ္မာ သည်၊ မာယာပန်းမွေး၊ ငါ့ကိုပေး၍၊ ကြင်ရေးသွဲ့ရှာလေသလော..."

"ဣတ္ထိကိစ္စ၊ ဟူသမျှပင်၊ ကောင်းစွပြည့်စုံ၊ ကျေးဇူးပုံစွာ၊ မယ်ဥမ္မာသည်၊ ငါ့ဒ္ဓိရူပ၊ ဦးခေါင်းကလျှင်၊ စ၍စဉ်လျက်၊ ညှံ့သည် လက်နှင့်၊ နှစ်သက်ပါစေလတ္တံ့နည်း..."

"ဟေမဝန္တာ၊ လွန်သာယာသား၊ မဟာတောင်က၊ မာလု ဝဟု၊ မည်ရညွှံ့သက်၊ နွယ်သို့လက်နှင့်၊ ဘယ်ရက်ခါနှယ်၊ ငါ့ကို တွယ်၍၊ လည်ဝယ်ဖက်ပါလတ္တံ့နည်း..."

"ရေသားပဒုံ၊ ကြာရွက်ပုံနှင့်၊ မယ်ဥမ္မာသည်၊ လာ၍ စူးစူး၊ သေသောက်ကြူးတို့၊ ယစ်မူးသေရက်၊ သေရည်ခွက်ကို၊ မျက်နှာအပ်၍၊

mgyoe.com

mgyoe.com

ကပ်လျက်မွေ့သို့၊ ဘယ်နေ့သောခါ၊ ငါ့ကိုလာ၍၊ မျက်နှာကမ်းပါ
လတ္တံ့နည်း...”

သမီးရေ...အခု ပုံစံထုတ်ပြလိုက်တဲ့ ကဗျာအပိုင်းအစအပိုဒ်ကလေးတွေ အားလုံးဟာ သဘာဝဝုတ္တိ အလင်္ကာဆိုရင်လည်း ဖြစ်နိုင်တယ်။ အာယောဂ သိင်္ဂါရ ရသ မြောက်တယ်ဆိုရင်လည်း ဖြစ်နိုင်တယ်။ ဘာပြုလို့လဲဆိုတော့ အားလုံး တိုက်ရိုက် တမ်းတချက်တွေချည်း ဖြစ်နေလို့ပဲ။ သမီး ဒီကဗျာပိုဒ်တွေ ဖတ်ကြည့်တော့ အားလုံးအဓိပ္ပာယ်ပေါက်တယ် မဟုတ်လား။ ကဲလေ...အကြမ်းဖျင်းဆိုရင်...

အဝတ်တန်ဆာတွေ ပြိုးပြိုးပျက်ပျက်နဲ့ ဝတ်ဆင်ပြီး အရှေ့အရပ်က လပြည့်ဝန်းကြီးကို ပြိုင်ထွက်လာသလို လေသာတံခါးကထွက်ပြီး ပန်းနဲ့ ကြဲချလိုက်ခြင်းဟာ ရှေးက ငါ ပြုခဲ့တဲ့အမှားကို ဝမ်းနည်းလှလွန်းလို့ တောဆင်ရိုင်းကို အောင်းဆင်မနဲ့ ကျုံသွင်းတဲ့ထုံးအတိုင်း မယ်ဥမ္မာသည် အငြိုးကြီးနဲ့ တမင်ထွက်ပြီး ငါ့ကို နှဲ့ပြ လိုက်တာလေလား။

လာဘ်ဦးကို မပယ်ရဘူးဆိုတဲ့ စကားရှိလျက်သားနဲ့ လာဘ်ဦးကို ပယ်မိတဲ့ငါ့အား နောင်တကြီးစွာ ရလေအောင် ငါ့ကို ချစ်ကြိုက်လေဟန်နဲ့ ပြတင်းဝကိုဖွင့်ပြီး တမင် ကြည့်လိုက်လေတာလား။ တကယ်ပဲ ချစ်ကြိုက်ရှာလို့လေလား”

ပန်းရောင် ပန်းသွေးကလေးနဲ့ လိုက်လျောအောင် ဝတ်ဆင်တတ်တဲ့ မယ်ဥမ္မာရယ်၊ မင်းရဲ့အပြုအမူဟာ ငါ့နှလုံးသားကို ယူကျုံးမရအောင် နှဲ့လိုက်တာလား။ တစ်မျက်နှာလုံး လှနေတဲ့ မယ်ဥမ္မာရယ်၊ မင်းရဲ့ ပန်းစည်းမွှေးမွှေးကို တမင် ငါ့ဆီ ပစ်ပေးပြီး ကြင်ရေးသွယ်ချင်လို့ ပြုမူလိုက်တာလား။

မယ်ဥမ္မာဟာ သူ့လက်နုနုကလေးနဲ့ ဘယ်တော့များ လာပြီး ငါ့ခေါင်းကို တယုတယ ပွတ်သပ်ပေးပါ့မလဲ။

မယ်ဥမ္မာဟာ မာလုဝခေါ်တဲ့ နွယ်ကလေးလို နူးညံ့တဲ့ သူ့လက်နုနုကလေးနဲ့ ဘယ်တော့များ ငါ့လည်ပင်းကို လာဖက်ပါ့မလဲ။

ယစ်မူးနေတဲ့ သေသောက်ကြူးတွေဟာ အရက်ခွက်ကို မျက်နှာနှင့်အပ်ပြီး စုံစုံမက်မက် သောက်လိုက်ကြသလို ကြာရွက်ကလေးလို နုနယ်လှပတဲ့ မယ်ဥမ္မာဟာ ဘယ်နေ့များ ငါ့ဆီကို လာပြီး မျက်နှာချင်းအပ်ပါ့မလဲ။

ကဲ...သမီး ဒီစကားလုံးတွေဟာ တိုက်ရိုက်တမ်းတတဲ့ စကားလုံးတွေ၊ မပေါင်းဖော်ရတဲ့အတွက် ယူကျုံးမရ ထွက်လာရတဲ့ စကားလုံးတွေပဲ မဟုတ်လား။ အဲဒီ စကားလုံး
mgyoe.com

တွေထဲက ဘယ်လို "အယောဂ သိင်္ဂါရ ရသ" မြောက်ရသလဲဆိုတာကို ပုံစံအဖြစ် စကားလုံးတစ်လုံး ထုတ်ပြမယ်။

အဲဒီအထဲက ကြိုက်ရာ စာပိုဒ်တစ်ပိုဒ်ကို သမီး ဖတ်လိုက်၊ နောက်ဆုံး စာပိုဒ်ပဲ ထားပေါ့ကွယ်။ အဲဒီစာပိုဒ်ကို ဖတ်လိုက်ရင် ဘုရင်ကြီးဟာ တစ်စုံတစ်ယောက်ကို တမ်းတ နေတယ်လို့ သိရမယ်။ ဘယ်သူ့အကြောင်းကို တမ်းတနေတယ်လို့ သိသလဲ။

မယ်ဥမ္မာကို တမ်းတနေတယ်လို့သိရတယ်။ ဒါဖြင့် အဲဒီ မယ်ဥမ္မာဟာ အာလမ္ဗဏ ဝိဘာဝပဲ။ ဘုရင်ကြီး တမ်းတဖို့ ဖြစ်လာရတဲ့ အကြောင်းရင်း၊ ဘုရင်ကြီး တမ်းတဖို့ တိုက်ရိုက် သက်ဆိုင်တဲ့ အကြောင်းရင်း။ ဒါ့ကြောင့် မယ်ဥမ္မာဟာ အာလမ္ဗဏ ဝိဘာဝ...

ကောင်းပြီ၊ ဒီဘုရင်ကြီးက မယ်ဥမ္မာကို ဘာပြုလို့ တမ်းတနေရတာလဲ။

ကြိုက်လို့၊ ချစ်လို့...

ဘာပြုလို့ ကြိုက်ရ၊ ချစ်ရတာလဲ။

မယ်ဥမ္မာဟာ ကြာရွက်ကလေးလို လှပနူးညံ့လို့။ ဒါဖြင့် ဒီလှပနူးညံ့ခြင်းဟာ ဘုရင်ကြီးရဲ့ ကြိုက်ချင်၊ ချစ်ချင်မှုကို တိုးပွားအောင် လုပ်ပေးတာ၊ ဘုရင်ကြီး ကြိုက်ဖြစ် အောင် တိုက်တွန်းပို့ဆောင်ပေးတာပေါ့။

ဒါဖြင့် "ရေသားပဒုံ=ကြာရွက်ပုံနှင့် တူခြင်းဟာ ဥဒ္ဒီပန ဝိဘာဝပေါ့။

တကယ်တော့ သမီးရေ့...ဘုရင်ကြီး ကြိုက်ချင်၊ ချစ်ချင်စရာ၊ စွဲလမ်းစရာ ဖြစ်တဲ့ အကြောင်းခြင်းရာတွေကို စာဆိုက ရှေ့မှာ အများချည်း ထုတ်ပြထားလေရဲ့။ ခြေဖျား လက်ဖျားတွေက ပတ္တမြား ချိုပ်ရည်စွန်းသလို နေတယ်။ နှုတ်ခမ်းကလေးက ဆေးမခြယ်၊ ကွမ်းမစားဘဲ ကျီးအာသီးမှည့်လို ရဲသတဲ့။ သွားကလေးတွေက ပုလဲလုံးကလေးတွေ လက်နေသလို ရှိသတဲ့။ ဥမ္မာရဲ့ တစ်ကိုယ်လုံးဟာ ရွှေရည်မြှုပ်ကလေးများလို မှုတ်လိုက်ရင် ပဲ့တော့မယ့်အတိုင်း လှုပ်လဲ့လဲ့ကလေး နေတဲ့အတွက် ကြာရွက်ကလေးလို နူးညံ့ချောမွတ် သတဲ့။ အဲဒါတွေဟာ မယ်ဥမ္မာရဲ့ ချစ်ချင်၊ ကြိုက်ချင်စရာတွေပဲ။ မယ်ဥမ္မာကို မြင်လိုက်ရင် မြန်မြန် ချစ်အောင်၊ ကြိုက်အောင်၊ ချစ်ချင်၊ ကြိုက်ချင်စိတ်တွေ တိုးပွားလာအောင် ပြုလုပ်တဲ့ အရာတွေပဲ။ ဒါ့ကြောင့် အဲဒါတွေ အားလုံး ဥဒ္ဒီပန ဝိဘာဝလို့မှတ်...

ကဲ...ကောင်းပြီ သမီးရေ...ဒီစာပိုဒ်ကလေး ဖတ်လိုက်တော့ သမီး စိတ်ထဲမှာ ဘုရင်ကြီး ဘာဖြစ်နေတယ်လို့ သိသလဲ။

ဘုရင်ကြီးဟာ မယ်ဥမ္မာကို ချစ်မိ၊ ကြိုက်မိပြီးတော့ "မယ်ဥမ္မာရေ...အရက် သမားတွေဟာ အရက်ခွက်ကို စုံစုံမက်မက်နဲ့ မျက်နှာရှေ့မှာ အပ်လိုက်သလို မင်း

mgyoe.com

ကလေးလည်း ဘယ်နေ့များ ငါ့ဆီကို လာပြီး မျက်နှာချင်း အပ်ပါ့မလဲလို့" စဉ်းစား တွေးတောနေတယ်လို့ သိနိုင်တယ် မဟုတ်လား။ အဲဒီလို တွေးတောနေခြင်းဟာ တက္ကဗျာဘိစာရီ ဖြစ်တာပေါ့။ ဘုရင်ကြီး ဝိတက်များနေကြောင်းကို ဖော်ပြထားတာပဲ။

ဒီနေရာမှာ စကားတိုက်ဆိုင်လို့ ဖော်ပြရမယ်ဆိုရင် "ယူကျုံးနောင်တ၊ ရပစေသား၊ ငါ့အမှားကို၊ မယ်ကားရှေးက၊ ဝမ်းနည်းလှ၍၊ ပြလိုက်သလို၊ ငါ့ကိုနွဲ့ရှာလေသလော"ဆိုတဲ့ အပိုဒ်မျိုးဆိုရင် ယူကျုံးမရ နောင်တဖြစ်ပြီး တွေးတောနေတာမို့ "စိန္တာ"ဆိုတဲ့ ဗျာဘိစာရီ ဘာဝ ဖြစ်ရမပေါ့။

ကဲလေ...တက္ကပဲဖြစ်ဖြစ်၊ စိန္တာပဲဖြစ်ဖြစ် ဘုရင်ကြီးဟာ မယ်ဥမ္မာအတွက် တွေးငေး နေတာတော့ သေချာပြီ။ ဒီတော့ တွေးရုံ၊ ငေးရုံမျှပဲလား။

"သူ့မျက်နှာကလေးဟာ ဘယ်နေ့များ ငါ့ဆီကို လာကမ်းပါ့မလဲ...ဆိုတဲ့ တောင့်တမှု၊ တမ်းတမှုထဲမှာ တက်ကြွမှု၊ လှုံ့လထုတ်မှု မပါဘူး။ တတွေးတွေး၊ တငေးငေးနဲ့ ကြံမှိုင်တမ်းတနေတဲ့ သဘော၊ ဒီသဘောကိုရောက်ရင် ဂိလာနိဗျာဘိစာရီ ဘာဝကို ရောက်ရတော့တာပဲ။

ဂိလာနိရဲ့ သဘောကို အလင်္ကာဆရာတွေက ဘယ်လို ပုံစံပြသလဲဆိုတော့...

> အမြဲမပြတ် တွေ့မြင်နေရခြင်းကြောင့် ဆင်သည် ခွေး၌
> ချစ်မိ၏။ ထို့ကြောင့် ဆင်စာမြက်ဆုပ်ကို ယူခြင်းငှာ မစွမ်းနိုင်၊
> ထမင်းခဲကို ယူခြင်းငှာ မစွမ်းနိုင်၊ သမန်းမြက်တို့ကို ယူခြင်းငှာ မစွမ်းနိုင်၊
> ရေချိုးရာ၌ ပွတ်တိုက်ခြင်းငှာ မစွမ်းနိုင်။

အဲဒီ အခြင်းအရာတွေဟာ ဂိလာနိရဲ့ သဘောပဲလို့ ဖွင့်ပြထားတယ်ကွဲ့။ ဒါကြောင့် သိဝရဇ် ဘုရင်ကြီးဟာလည်း ဂိလာနအဖြစ်ကို ရောက်နေပြီ၊ ရောက်နိုင် ပြီလို့ သူရဲ့ ကြိုးစားမှုမပါတဲ့ တမ်းတချက်ကိုကြည့်ပြီး သိနိုင်တယ်။ ဖေဖေတို့ အဲဒီအတိုင်းတွေးရင် မမှားဘူးဆိုတာကို စာဆိုတော်က နောက်အပိုဒ်တွေမှာ ဘယ်လို ဖော်ပြလိုက်သလဲ ဆိုတော့...

> "ဇမ္ဗူမက၊ လေးကျွန်းကျအောင်၊ မရဖက်ရှာ၊ မယ်ဥမ္မာကို၊
> ငါမြင်သည်မှ၊ ထိုကစ၍၊ နေ့ညပတ်လုံး၊ ခွေ့ခွေ့နုံးလျက်၊ စက်အုံး
> မှီကာ၊ မပျော်ပါတည့်၊ သပြာထောင်လုံး၊ ဥစ္စာရှုံးသို့...တဲ့။

ကဲ...သမီးရေ...၊ ဘုရင်ကြီးဟာ နေ့ရောညပါ "စက်လည်းမရှင်" ဖြစ်နေပြီ မဟုတ်လား။ အဲဒါဟာ ဂိလာနိသဘောပဲ။

mgyoe.com

mgyoe.com

လူတစ်စုံတစ်ယောက်ဟာ ဂိလာနဘာဝကိုရောက်လာရင် သူ့အဖို့မှာ "ကြက်သေတွေးငိုင်၊ ကြက်သီးဖြိုင်၍၊ ချွေးပြိုင်စီးတုတ်၊ မျက်ရည်သုတ်လျက်၊ တုန်လှုပ် ရပ်ပျက်၊ အသံပျက်"ဖို့ဆိုတဲ့ သာတွိကာဘာဝ လက္ခဏာတစ်ခုခု ပေါ်လာဖို့ဟာ ဘာမှ မခဲယဉ်းတော့ဘူး။

ဖြစ်နိုင်တဲ့ မျက်ရည်သုတ်နေရတာတို့၊ ရပ်ပျက်နေရတာတို့ဆိုတဲ့ လက္ခဏာတွေ မပေါ်ဘူးထား၊ တွေးငိုင်နေမှုကတော့ ပေါ်နေတာပဲ။ တွေးနေလို့သာ "ဘယ်တော့သူ့လက်ကလေးနဲ့ ငါ့ခေါင်း လာပြီး သပ်ပေးပါ့မလဲ။ ဘယ်တော့ သူ့လက်ကလေးနဲ့ငါ့လည်ပင်း လာဖက်ပါ့မလဲ။ ဘယ်တော့ သူ့မျက်နှာကလေး ငါ့ဆီကို ကမ်းပေးပါ့မလဲ"နဲ့ တမ်းတနေခဲ့တာ မဟုတ်လား။

ဘုရင်ကြီး တမ်းတတာဟာ ရသလား။

မရဘူး။

မရတော့ ဘယ်လိုနေမလဲ။

ဘုရင်ကြီးဟာ တွေးရင်းတွေးရင်း ငိုင်နေမှာပဲ စိတ်ချ။

အဲဒီတော့ အဲဒီလို ဘုရင်ကြီးရဲ့ တွေးငိုင်မှု ပေါ်လွင်နေခြင်းဟာ သာတွိကာဘာဝဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံခြင်းပဲ။

ကောင်းပြီ၊ ဒီဘုရင်ကြီးဟာ မယ်ဥမ္မာကို ချစ်ကြိုက်မှုနဲ့ တမ်းတငေးငိုင်ပြီး ဘယ်လိုနေသလဲ။

လူကလည်း "နေ့ညပတ်လုံး၊ ခွေခွေနုံးပြီး၊ စက်အုံးမှိုကာ" မပျော်ဘဲနေတယ်။ နှုတ်ကလည်း မယ်ဥမ္မာ ငါ့လည်ကို ဘယ်တော့ လာဖက်ပါ့မလဲ။ သူ့မျက်နှာကလေး ဘယ်တော့ ငါ့ဆီ ကမ်းလာပါ့မလဲလို့ တတမ်းတမ်း တတတနဲ့ ဖြစ်နေတာပေါ့။

ကောင်းပြီ၊ ဘုရင်ကြီး အဲဒီလိုဖြစ်နေတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ တွေ့ရတော့ သမီးက ဘယ်လို သိလာသလဲ။

ဘုရင်ကြီးဟာ မယ်ဥမ္မာကို ချစ်ကြိုက်ပြီး မရနိုင်လို့ သောကရောက်နေ ရှာတာပဲလို့ သိလာတယ် မဟုတ်လား။

အဲဒီလို သမီး စိတ်ထဲက သိလာအောင် အကြောင်းဖြစ်ရပ်တွေထဲမှာ ဖော်ပြတဲ့ ကိုယ်အပြု နှုတ်အမူတွေ အားလုံးဟာ အနုဘာဝမြောက်တယ်လို့ ခေါ်တယ်။

တကယ်တော့ အနုဘာဝ မြောက်တယ်ဆိုတာ ရေးဖွဲ့၊ ကပြထားတဲ့ အဖြစ်တစ်ခုကို စာဖတ်သူ၊ ပွဲကြည့်သူတို့က ဒါ ကြောက်စရာပဲ၊ ဒါ သနားစရာပဲ ဒါ ပျော်စရာပဲလို့

mgyoe.com

mgyoe.com


သိစေတဲ့၊ အဆုံးအဖြတ်ပေးနိုင်စွမ်းရှိတဲ့ "ကိုယ် အပြုအမူ၊ နှုတ် အပြုအမူ"တို့ကို ရေးဖွဲ့ခြင်း၊ ကပြခြင်း၊ ဒီလို ရေးလို့၊ ဒီလို ကလို့ ပရိသတ်က သိခြင်းဟာ အနုဘာဝ မြောက်ခြင်းပဲ။

ကဲ...သမီး၊ အနုဘာဝ မြောက်ပြီဆိုတဲ့နောက် ဘာလိုသေးလဲ။

အနုဘာဝ မြောက်တယ်ဆိုတာဟာ ဒါ လွမ်းစရာပဲ၊ ဒါ ရယ်စရာပဲလို့ စာဖတ်သူ၊ ပွဲကြည့်သူတို့ကို သိစေခြင်းပဲ မဟုတ်လား။

ကောင်းပြီ၊ အဲဒီတော့ အခု ဖေဖေ ဖော်ပြခဲ့တဲ့ လင်္ကာပိုဒ်ကလေးမှာ သိဝရဇ်ဘုရင်ကြီး ဘယ်လို ဖြစ်နေတယ်လို့ သမီး သိသလဲ။

ဘုရင်ကြီးဟာ မယ်ဥမ္မာကို ချစ်ကြိုက်ပြီး သူ့ မျက်နှာကလေး ဘယ်နေ့ ငါ့ဆီ ကမ်းလာပါ့မလဲဆိုတာ သောကရောက်နေရှာတာပေါ့။

အဲဒီတော့ သမီးဟာ ဘုရင်ကြီးရဲ့ ချစ်ကြိုက်မှုကိုလည်း သိတယ်။ ဘုရင်ကြီးရဲ့ သောက ရောက်မှုကိုလည်း သိတယ်။ ဒီဘုရင်ကြီးဟာ သနားစရာပဲလို့ တွေးလာတယ်။

အဲဒါ ဇာတ်ကောင်ဖြစ်တဲ့ ဘုရင်ကြီးအဖို့ ရတိဋ္ဌာယီဘာဝနဲ့ သောကဋ္ဌာယီဘာဝကို ရောက်နေ၊ ဖြစ်နေရတဲ့အတွက်ကြောင့် အဲဒီစာကို ဖတ်လိုက်တဲ့ သမီးအဖို့ သိင်္ဂါရ ရသနဲ့ ကရုဏာ ရသ ပေါ်လာရတာပေါ့။ ဒီတော့ကာ ဒီအဖွဲ့ဟာ စာဖတ်သူတွေကို သိင်္ဂါရ ရသနဲ့ ကရုဏာ ရသ ပေါ်စေတဲ့အဖွဲ့။

ကောင်းပြီ၊ သိင်္ဂါရ ရသဆိုတာ ဘယ်လို သိင်္ဂါရ ရသမျိုးလဲ။

ချစ်ကြိုက်မိသော်လည်း၊ မပေါင်းစပ်ရသေး၊ မယှဉ်တွဲရသေးတဲ့ သိင်္ဂါရ ရသ။

ဒါဖြင့် ဒီအဖွဲ့ဟာ အယောဂသိင်္ဂါရ ရသပဲ။ သနားဖွယ်လည်း ဖြစ်စေတဲ့ အတွက် ကရုဏာ ရသနဲ့ယှဉ်တဲ့ အယောဂသိင်္ဂါရ ရသပေါ့ကွာ။

ကောင်းပြီ၊ ဒီ အယောဂ သိင်္ဂါရ ရသကို ဘယ်လို ရေးဖွဲ့နည်းနဲ့ ရေးထားတာလဲ။

တိုက်ရိုက် ရေးဖွဲ့နည်းနဲ့ ရေးထားတာ၊ ကြည့်လေ...

"ပဒုမ္မာ ကြာဖတ်ကလေးလို နုဖတ်တဲ့ မယ်ဥမ္မာရယ်၊ သေသောက်ကြူးတို့ဟာ သေခွက်ကို စုံစုံမက်မက် မျက်နှာမှာ အပ်လိုက်သလို မင်းကလေးရဲ့ မျက်နှာလည်း ဘယ်နေ့များ ငါ့ဆီကို ကမ်းလာပါ့မလဲ"တဲ့။

ဘာမှ သွယ်သွယ်ဝိုက်ဝိုက် မရှိဘူး၊ တိုက်ရိုက်ပဲ။ အဲဒီတော့ အဲဒီလို တိုက်ရိုက် ရေးဖွဲ့ထားတဲ့အတွက် အဲဒီ လင်္ကာပိုဒ်ကလေးတွေဟာ...

"ကရုဏာ ရသနဲ့ယှဉ်သော အယောဂ သိင်္ဂါရ ရသမြောက်တဲ့ သဘာဝ ဝုတ္တိ

အလင်္ကာနည်းနဲ့ ရေးထားတဲ့ အဖွဲ့...

ကဲ...သမီးချစ်၊ အယောဂ သိင်္ဂါရ ရသအကြောင်းတော့ သမီး တော်တော်ကလေး သိလာခဲ့ပြီ။ ဒီတော့ကာ အခု ဖေဖေ ပုံစံအဖြစ် ထုတ်ပြတဲ့ လင်္ကာပိုဒ် ကလေးတွေကို လေ့ကျင့်ခန်းအနေနဲ့ ဘယ်ဟာ အာလမ္ဗဏ ဝိဘာဝလဲ။ ဘယ်ဟာ ဥဒ္ဒီပနဝိဘာဝလဲ၊ ဘယ်ဟာ ဗျာဘိစာရီဘာဝ၊ ဘယ်ဟာ သာတ္တိကာဘာဝ၊ ဘာ့ကြောင့် အနုဘာဝ မြောက်တယ်။ ဘာရသတွေ ပေါ်တယ်ဆိုတာ ခွဲထုတ်ကြည့်စမ်း...

ဒီနေရာမှာ သမီးအတွက် အထောက်အကူရအောင် အလင်္ကာကျမ်းနှစ်စောင်က ပုံစံတစ်မျိုးစီ ထုတ်ပြလိုက်ဦးမယ်။

ထသော ထိုမီးသည် ခြောက်သော သစ်ပင်ဖျားကို လောင်
သကဲ့သို့ တပည့်တော်ကိုလည်း ရာဂမီးသည် ယခုပင်လျှင် လောင်ပြီး
မြေနှင့်တူသော တည်ကြည်ခြင်း ရှိတော်မူသော မြတ်စွာဘုရား သနား
တော်မူပါ။ ကာမဂုဏ်ညွှန်၌ နစ်ပါပြီ။ တပည့်တော်ကို လွှတ်တော်မူပါ။
တပည့်တော်သည် တည်ငြိမ်ခြင်း မရှိတော့ပါ။

(သုန္ဒရီနန္ဒ) ဝတ္ထု။

ဤ၌ ရာဂမီးသည် လောင်ပြီဟူသော စကားဖြင့် နတ်သမီးကို ကြိုက်နှစ်သက်သော လောဘနှင့် တကွဖြစ်သော ရတိဋ္ဌာယီဘာဝကို ပြ၏။ နစ်ပါပြီဟူသော စကားဖြင့်လည်း ထိုဋ္ဌာယီဘာဝကိုပင် ပြ၏။

တည်ငြိမ်ခြင်း မရှိတော့ပြီ...ဟူသော စကားဖြင့် လျှပ်ပေါ်ခြင်း "စပလျ" ဗျာဘိစာရီဘာဝနှင့် တုန်လှုပ်ခြင်း "ဝေပထု" သာတ္တိကာဘာဝတို့ကို ပြ၏။

ဖောက်ပြန်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဟု ဆိုအပ်သော အနုဘာဝ၊ နတ်သမီးဟူသော အာလမ္ဗဏ ဝိဘာဝ၊ နတ်ပြည်ဟူသော ဥဒ္ဒီပန ဝိဘာဝတို့ကို ဆ၍ သိအပ်၏။

ဤသို့လျှင် ဗျာဘိစာရီဘာဝ၊ သာတ္တိကာဘာဝ၊ ဝိဘာဝ အနုဘာဝတို့ဖြင့် ဖွဲ့အပ်သော ဤအဖွဲ့သည် ရတိဋ္ဌာယီ ဘာဝကို တိုးပွားလွန်ကဲစေ၍ သိင်္ဂါရ ရသအဖြစ်သို့ ရောက်စေ၏။ ထိုကြောင့် ထိုရတိဋ္ဌာယီဘာဝသည် အယောဂ သိင်္ဂါရ ရသမည်၏။

(ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်း ဆရာ
တော်ဘုရားကြီး၏ အလင်္ကာ နိဿယသစ်မှ...)

သမီး၊ အဲဒီပုံစံကတော့ သမီးတို့ ညီတော်မင်းနန် ချွတ်ခန်းလို့ခေါ်ကြတဲ့

mgyoe.com

နန္ဒမင်းသားနဲ့ ဇနပဒကလျာဏီ (သက္ကဋ္ဌဘာသာနဲ့ သုန္ဒရီမင်းသမီးနဲ့ နန္ဒမင်းသား) ဝတ္ထုထဲက ကောက်နုတ်ပြလိုက်တာပဲ။ အဲဒါဟာ နန္ဒမင်းသားက နတ်သမီးတွေကို မြင်တော့ ဗုဒ္ဓကို ပြောတဲ့ စကားအဖြစ် ရေးဖွဲ့ထားတဲ့ စကားလုံး။

ကဲ့...နောက်ပုံစံတစ်မျိုးကို မှတ်ဦး...

သိက္ခာမကြွယ်၊ ရဟန်းငယ်သည်၊ ကြီးကျယ်သောဟာ၊
ပါသာဒ၏၊ မုခ်ဝခြေစုံ၊ ရပ်ပြီးတုံ၍၊ မလုံဣန္ဒြေ၊ ကေတ္တိကို၊ ကြည့်မိ
လေပြီ၊ ထိုဣတ္ထိလည်း၊ သူ့ဆီဖြောင့်မတ်၊ အသွား ဖြတ်လျက်၊ ကြည့်
လတ်ပြန်ကာ၊ ကိုယ်တွင်းမှာလျှင်၊ ထလာ အားကြီး၊ ရာဂမီးတို့၊ ဖိစီး
လွှမ်းဖုံး၊ နှစ်ယောက်လုံးသည်၊ သေဆုံး ခန္ဓာကြွေသတည်း။

(အင်္ဂုတ္တရ အဋ္ဌကထာမှယူ၍ ကျမ်းဆရာဖွဲ့သီချက်)

ဤ၌ ရဟန်းငယ်နှင့်အမျိုးသမီးတို့၏ အချင်းချင်း ဒဿန ရာဂ၏ အစွမ်းအားဖြင့် ချစ်ကြိုက် နှစ်သက်ကြခြင်းသည် ရတိဋ္ဌာယီ ဘာဝ မည်၏။

ရဟန်းငယ်အတွက် အမျိုးသမီးသည် လည်းကောင်း၊ အမျိုးသမီးအတွက် ရဟန်းသည်လည်းကောင်း အာရမဏ ဝိဘာဝ မည်၏။

စက္ခုန္ဒြေကို မစောင့်ခြင်း၊ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ ပြာသာဒ် ဆိတ်ကွယ်ရာအရပ် ဝတ်စားဆင်ယင်ထားခြင်း၊ လှပသော အသွင်အပြင် စသည်တို့သည် ဥဒ္ဒီပန ဝိဘာဝ မည်၏။

မျက်နှာချင်းဆိုင်လျက် ရွှင်လန်းကြည်လင်စွာ ကြည့်ခြင်း၊ မျက်စပစ်ခြင်း၊ အနေအထိုင် အမူအရာ ပြင်ဆင်ခြင်း၊ ရာဂမီး လောင်ကျွမ်းသဖြင့် သေကျေပျက်စီးခြင်း...စသော ကိုယ်အမူအရာသည် အနုဘာဝ မည်၏။

အားထုတ်ခြင်း ဥဿုက၊ ကြည်လင်ခြင်း ဟရိသ၊ နှစ်သက်ခြင်း မိတိ စသည်တို့သည် ဗျာဘိစာရီဘာဝတို့ မည်၏။

ထိုဘာဝ ဝိဘာဝ၊ အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ရောက်စေအပ်သော ရတိဋ္ဌာယီဘာဝသည်ပင်လျှင် ဤနေရာ၌ အယောဂ သိင်္ဂါရ ရသမည်၏။

(မြောင်းမြမြို့ ပဒ္ဓေါတာရုံကျောင်း အရှင်ကုမာရ၏
"အလင်္ကာ ပန်းကုံး"မှ...)

ကဲ...သမီး၊ အဲဒါတွေဟာ အလင်္ကာကျမ်းစာအုပ်တွေက နုတ်ပြတဲ့ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့ကနေပြီး ရသမြောက်ပုံကို ခွဲခြမ်းစိတ်ဖြာ ရှင်းလင်းချက်တွေပဲ။

mgyoe.com

 mgyoe.com 

အထူးသဖြင့် ကျမ်းစာအုပ်ရဲ့ ရှင်းလင်းပြချက်တွေဟာ ကျမ်းတစ်စောင်နဲ့ တစ်စောင် သဘောခြင်း တူညီကြတဲ့အပြင် ရေးဖွဲ့ထားတဲ့ စာတွေထဲမှာ ဘာဝတွေ၊ ဝိဘာဝတွေ အပြည့်အစုံပါဖို့ကို အမြဲ လိုလားကြတယ်။ ("ဆ၍ သိအပ်၏")ဆိုတဲ့ အချက်မျိုးတွေဟာ အင်မတန် မလွဲမရှောင်သာမှ ခြွင်းချက်နဲ့ထည့်လေ့ရှိတယ်။ ကျမ်းတွေ အနေနဲ့ တွေးဆသိရတာမျိုး၊ သိနိုင်တာမျိုးကို သိပ်လက်မခံလိုကြဘူး။ လက်မခံရင် မဖြစ်လို့သာ လက်ခံကြရတယ်။

ဖေဖေပြောတာ နားရှုပ်သွားပြီလား။

ဆိုလိုတာက အလင်္ကာကျမ်းစာအုပ်တွေ၊ အလင်္ကာကျမ်းဆရာတွေရဲ့ အလိုက အများအားဖြင့် ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ ဖြစ်လာပုံတွေကို ဟောဒါပဲ၊ ဟောဒါပဲ... လို့ ထုတ်နုတ်ပြလို့ရအောင် အကုံးအဖွဲ့ထဲမှာကိုပါမှ သဘောကျတယ်။ မပါဘဲနဲ့ ဒီအဖြစ် လည်း ဖြစ်ရတယ်၊ ဖြစ်နိုင်တယ်၊ ဖြစ်တန်ရာ၏လို့ တွေးဆပြီး သိရတာမျိုး သိပ်မလိုလား ကြဘူး။

အဲဒါကိုပြောတာ၊ ဒါ့ကြောင့်မို့ အလင်္ကာ နိဿယမှာဆိုရင်...

"အမြဲတည်ထ သဘာဝမူ ဘာဝဌာယီစာရီဗျာဘိ၊ ဟိုသည် လှည့်၏။ သာတ္တိကာဘာဝ စိတ်၌မျှသာ ဖြစ်စပါ၏။ အာလမ္ဗဏ ထိုဘာဝကား၊ မုချကြောင်းရင်း ဖြစ်ရင်းကြောင်းမှန်...

တစ်ဖန်ကြောင်းများ ထင်ရှားစေမူ ပြုတတ်ကြငြား အကြောင်း များကို ခေါ်ဆို ဥဒ္ဒီပန၊ ဘာဝကျိုးဆက် ဖြစ်ပျက်မှန်လှ၊ ဘာဝသိမှု အကြောင်းစုကို နုဘာဝသာ၊ သာယာအပ်က ရသလို့သာ၊ ခေါ်ဆိုပါ သည် သေချာခွဲစိတ် ရှေးဦးတည်း"တဲ့။

အဲဒါအပြင် နောက်တစ်ခုက...

ချင်းချင်းနှစ်သက်၊ ဖြစ်ပျက်ပီတိ၊ ရတိဌာယီ၊ ဘာဝ မည် ၏။ ။ ဖြစ်ကြောင်းမှန်စွာ၊ အာလမ္ဗဏ၊ ဝိဘာဝကို၊ ပျိုမျစ်နုနယ်၊ မိန်းမငယ်နှင့်၊ အရွယ်ပျိုငြား၊ ယောကျ်ားတို့ကို၊ ဆိုလော့ ဧကန်၊ စင်စစ်မှန်၏။ ဥယျာဉ်ရေကန်၊ ဗိမာန်ဆည်းဆာ၊ တန်ဆာ ဝတ်စား၊ နံ့သာများကား၊ တိုးပွားစေမူ၊ ပြု၏မယုတ်၊ ဥဒ္ဒီပန ဝိဘာဝသာ၊ ခေါ်ဆို ပါလော။ ။ရတိကြောင့်သာ၊ ဖြစ်လာကိုယ်မှု၊ နှုတ်အမူကို၊ အနုဘာဝ၊ ခေါ်ဆိုကြရှင့်...တဲ့။

mgyoe.com

ဒီအလင်္ကာနှစ်ပုဒ်ထဲမှာ ဘာဝဆိုတာ ဘာ၊ ဝိဘာဝဆိုတာ ဘယ်ဟာ၊ ဥဒ္ဒီပန ဆိုတာ ဘယ်လိုလို့ ရှင်းထားတယ် မဟုတ်လား။ အဲဒါတွေထဲမှာ "ပျိုမျစ်နုနယ်၊ မိန်းမငယ်နှင့်၊ အရွယ်ပျိုပြြား ယောကျ်ားတို့ကို"ဆိုတဲ့ နေရာမျိုးကျတော့... ဒီမိန်းမငယ်၊ ယောကျ်ားငယ်တွေသာ မဟုတ်ဘူး။ အဲဒီ မိန်းမငယ်၊ ယောကျ်ားငယ်တွေနဲ့ အလားတူ အရာဝတ္ထုတွေလည်း အာလမ္ဗဏ ဝိဘာဝ ဖြစ်နိုင်တယ်လို့ သမီး မှတ်ထားဖို့ လိုတယ်။ နောက်ဆုံးတော့ အဲဒီ လင်္ကာထဲမှာပါသမျှ သဘောတူတဲ့အဖြစ်အကြောင်း အရာဝတ္ထုအားလုံး၊ သက်ဆိုင်ရာ သက်ဆိုင်ရာနဲ့တူနိုင်တဲ့ သဘောရှိတယ်လို့ သမီးသိဖို့လိုတယ်။ သမီးတော့ နားရှုပ်မလားမသိဘူး။ ဒါပေမဲ့ အလင်္ကာကျမ်းတွေထဲမှာတော့ အဲဒီကျမ်းဟာ နားအရှင်းဆုံးဖြစ်အောင် ရေးထားတဲ့ကျမ်းပဲ။ နောက်...တစ်ခု ထပ်ပြီးလေ့လာဦး။ "အလင်္ကာပန်းကုံး"ရဲ့ အဆိုပဲ။

... "နှစ်သက်ချင်းချင်း၊ စွဲမက်ခြင်းမှာ၊ ရတိသာတည့်၊
အာရမဏ ဝိဘာဝမူ၊ ကျားမကေန်၊ စင်စစ်မှန်ရှင့်၊ ပျော်ရန် ကောင်းလှ၊
ရပ်ဒေသနှင့်၊ ကမ္ဘူဆိုမှူ၊ တီးမှုဆည်ရျာ၊ တန်ဆာ ဝတ်စား၊ စသည်
များမှာ၊ ဝိဘာဥဒ္ဒီ၊ ဖြစ်လာပြီတည့်၊ ဌာယီကြောင့်သာ၊ ဖြစ်ပေါ်လာ
သည့်၊ နှစ်ဖြာကိုယ်မှု၊ နှုတ်အမှုကို၊ အနုဘာဝ၊ မှတ်ယူကြလော့၊ ဘာဝ
ရတိ၊ သင့်လျော်ဘိသည့်၊ သာတ္တိရော မဠ၊ ဟာရိသ ဗျာဘိ၊ အစရှိသား၊
ဘာဝများဖြင့်၊ တိုးပွားစေက သိင်္ဂါရသည်၊ ပြားရ အ၊ ဝိပ်၊ သမ္ဘော
တည်း။ ။

အ၊ ဝိပ်၊ သမ္ဘောဆိုတာ အယောဂ၊ ဝိပ္ပယောဂဆိုတာ၊ သမ္ဘောဂဆိုတာတွေကို ပြောတာ။ သမီးအဖို့ ဒီလင်္ကာတွေရဲ့ ဆိုလိုချက်တွေ၊ သဘောတွေ ပေါက်နိုင်ဖို့အတွက် ခပ်စောစောက ဖေဖေ အကျက်ခိုင်းခဲ့သမျှတွေကို အားလုံး ကျေညက်အောင် ကျက်ထားမှ၊ မှတ်မိရုံကလေး ကျက်ထားလို့လည်း မဖြစ်သေးဘူး။ ဌာယီဘာဝဆိုတာ ဘာတွေပဲ၊ ဥဒ္ဒီပန ဝိဘာဝဆိုတာ ဘာတွေကို ခေါ်တာပဲလို့ တကယ်သိသိ ကျေနေမှ၊ သိနေမှ။ အဲဒီတော့မှ ဖေဖေ ပြောလိုက်၊ ရေးလိုက်တာနဲ့ သမီး သဘောပေါက်နိုင်မှာ...

ကဲ...ကျမ်းတွေရဲ့ အဆိုတွေ၊ လင်္ကာတွေလည်း ရေးပြ၊ ပြောပြပြီးပြီ။ ဖေဖေကိုယ်တိုင်လည်း "သဘာဝ ဂုတ္တိ အလင်္ကာနဲ့ ရေးဖွဲ့တဲ့ အယောဂ သိင်္ဂါရ ရသ"ကို ဥမ္မာဒန္တီပျို့ထဲက လင်္ကာကလေးတစ်ပိုဒ်ကို ထုတ်ပြီး ဒါဟာ ဘာဝခေါ်တယ်။ ဒါဟာ ဝိဘာဝ ခေါ်တယ်။ ဒါဟာ အနုဘာဝ မြောက်တယ်ခေါ်တယ်။ အနုဘာဝ ဖြစ်ရင် အလိုလို

mgoeo.com

 mgyoe.com 

ရသပေါ်ပြီး ဖြစ်တယ်။ ဘာ့ကြောင့် ပေါ်တယ်ဆိုတာ ခွဲစိတ်ရှင်းလင်းပြပြီးပြီ။

အဲဒီတော့ ဖေဖေ ကောက်နုတ်ပြထားတဲ့ လင်္ကာပိုဒ်တွေထဲက ကျန်တဲ့ လင်္ကာပိုဒ်တွေရဲ့ ဘာဝ၊ ဝိဘာဝနဲ့ ရသ ဖြစ်ပေါ်ပုံတို့ကို သမီးအဖို့ လေ့ကျင့်ခန်း ရအောင် ခွဲစိတ်ပြစမ်းပါလို့ ဖေဖေက ခိုင်းထားတယ်။

သမီးအနေနဲ့ စမ်းတော့ လုပ်ကြည့်မှာပဲ။ ဒါပေမဲ့ သို့လော...သို့လော... ဖြစ်နေလိမ့်မယ်ထင်တယ်။ အဲဒီတော့ အဲဒီလို မဖြစ်ရအောင် အလင်္ကာကျမ်းစာတွေထဲက ရသပေါ်အောင် ရေးဖွဲ့တယ်ဆိုတဲ့ အရေးအဖွဲ့ရဲ့ သဘောကို ဖေဖေ သဘောပေါက်ထားသလို အခုတစ်ကြိမ် ထပ်ပြီး ရှင်းပြဦးမယ်။ သမီး သေသေချာချာမှတ်...

ဘာဝ...ဆိုတာ "အဖြစ်"ကို ခေါ်တာ။ အဖြစ်တစ်ခု၊ အကြောင်းတစ်ခုဟာ "ဘာဝ"ပဲ။ လူရဲ့အဖြစ် "လူ့ဘာဝ"၊ နတ်ရဲ့အဖြစ်="နတ်ဘာဝ"၊ တိရစ္ဆာန်ရဲ့အဖြစ်= တိရစ္ဆာန်ဘာဝ၊ သင်္ဘောတစ်စင်းရဲ့အဖြစ်=သင်္ဘောဘာဝ၊ ကလောင်တံကလေးတစ်ချောင်းရဲ့အဖြစ်= ကလောင်တံဘာဝ။ အဲဒီ ဘာဝတွေအားလုံးဟာ အကြောင်းအဖြစ်တွေချည်းပဲ။ ဒါ့ကြောင့် အကြောင်းအဖြစ် မှန်သမျှလည်း ဘာဝပဲ။ ဖေဖေတို့ ရေးတဲ့ ဝတ္ထုတွေ အားလုံးဟာလည်း ဘာဝပဲ။ ဝတ္ထုဆိုတာ အမှန်တော့ ဘာဝကို ရေးနေကြတာပဲ။ အဲဒီဘာဝဟာ လူရဲ့ဘာဝ ဖြစ်ချင်လည်းဖြစ်မယ်၊ ခွေးရဲ့ဘာဝ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဖိနပ်တစ်ရံရဲ့ ဘာဝဖြစ်ချင်လည်း ဖြစ်မယ်။

အဲဒီ ဖေဖေတို့ရေးတဲ့ ဘာဝထဲမှာ (ဝတ္ထုထဲမှာ) အရေးတကြီး ဖြစ်လာရမယ့် ဇာတ်ဆောင်အားလုံးဟာ လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်၊ ဖိနပ်တစ်ရန်ဖြစ်ဖြစ် သူတို့ဟာ အာလမ္ဗဏ ဝိဘာဝချည်းပဲ။ အကြောင်းတစ်ခု ဖြစ်ဖို့ရန်အတွက် တိုက်ရိုက် သက်ဆိုင်တဲ့ မုချ အရာဝတ္ထုချည်းပဲ။ ။မုချအကြောင်းဆိုတာထက် ဖေဖေက မုချ အရာဝတ္ထုလို့ဆိုတာ ပိုကြိုက်တယ်။ အလင်္ကာနိဿယကတော့ မုချအကြောင်းတဲ့။ ပါဠိအခေါ်နဲ့ အာလမ္ဗဏ ဝိဘာဝ။

နောက်တစ်ခု သမီး မှတ်ထားဖို့က လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အရာဝတ္ထုပဲဖြစ်ဖြစ် အဲဒီပစ္စည်းတစ်ခုဟာ...

အဖြစ်တစ်ခု ဖြစ်တော့မယ်ဆိုရင် အကြောင်းတစ်ခု ဖြစ်တော့မယ်။ (ဘာဝတစ်ခု ဖြစ်တော့မယ်)ဆိုရင် ဟောဒီအောက်မှာဖော်ပြတဲ့ အချက်ကိုးခုနဲ့ မလွတ်ကင်းဘဲ အမြဲ ဖြစ်ကြရတယ်။ ဒီအချက် ကိုးခုက ဘယ်တော့မှ ရှောင်ကွင်းလို့ မရဘူး။ အဲဒီအချက်ကိုးခုဟာ ဘာလဲဆိုတော့...

mgyoe.com

"မွေ့၊ ရွှင်၊ ကြောင့်စိုး၊
စိတ်ဆိုး၊ အားထုတ်၊
ကြောက်ဆုတ်၊ ရွံရှာ၊
အံ့လာ၊ တည်ငြိမ်..."

ဆိုတဲ့ ဒီအချက်အကြောင်း ကိုးခုပဲ။ အဲဒီတော့ သက်ရှိတဲ့ သတ္တဝါပဲဖြစ်ဖြစ်၊ သက်မဲ့တဲ့ သတ္တဝါပဲဖြစ်ဖြစ်၊ အဖြစ်တစ်ခု (ဘဝတစ်ခု)ကို ဖြစ်ရတော့မယ်ဆိုရင် အဲဒီအချက် ကိုးခုကလွဲပြီး မဖြစ်နိုင်ဘူး။

ဒီတော့ ဒီအချက် ကိုးခုထဲက တစ်ခုခု ဖြစ်ရတော့မှာပဲ။ အဲဒီလို ဖြစ်ရတဲ့ အခါမှာ အဲဒီလို ဖြစ်သွားအောင်...

ရှိရင်းစွဲ တည်နေမှုအဖြစ် (ဘဝ)က အဲ့ဒီအဖြစ် (ဘဝ) ကိုးခုထဲက တစ်ခုခု သောအဖြစ်ကို ရောက်ဖို့ ရွေ့လျောသွားလေအောင် (ဖြစ်သွားလေအောင်) အားပေးကူညီတဲ့ အရာဝတ္ထုတွေ၊ အကြောင်းအရာတွေဟာ ရွေ့လျောရမယ့်ပစ္စည်းရဲ့ (အာလမ္ဗဏ ဝိဘာဝရဲ့) ပတ်ဝန်းကျင်မှာ ရှိနေလေ၊ ဖြစ်ပေါ်နေလေရဲ့။ အဲဒီပစ္စည်း၊ အဲဒီအရာဝတ္ထုနဲ့ အကြောင်းအရာတွေကို ဥဒ္ဒီပန ဝိဘာဝလို့ ခေါ်လေရဲ့...

သမီး...နားရှင်းရဲ့လား၊ ဥပမာကွယ်...တောက ကောင်မကလေးတစ်ယောက် ရန်ကုန်ကို သိပ်ရောက်ဖူးချင်နေတယ် ဆိုပါတော့။ သွားဖို့ ကြိုးစားပြီး ငွေစုထားတာလည်း အတော်အတန် ရှိနေတယ်။ ဒီအထဲမှာ လူကြုံကောင်းကလည်း ရှိနေတယ်။ အဲဒီ အခြေအနေမှာ လိုက်သွားရ ကောင်းမလား၊ မသွားရ ကောင်းမလားနဲ့ ဝေခွဲမရ ဖြစ်နေတုန်း နောက် သုံးလေးရက်ကြာရင် ရန်ကုန်မှာ တောင်သူလယ်သမားနေ့ကြီး ပြုလုပ်တော့မယ်။ အခုကတည်းက ကွင်းကြီးထဲမှာ ဇာတ်စင်တွေ၊ ကြည့်စရာတွေနဲ့ ဈေးဆိုင်တွေ ဆောက်ထားလိုက်တာလည်း မနည်းပါဘူးဆိုတဲ့သတင်းကို ကြားရတယ်။ ဒီအခါမှာ ကောင်မကလေးက ဘာပဲဖြစ်ဖြစ် ငါ ရန်ကုန်ကို လိုက်သွားတော့မယ်။ တောင်သူလယ်သမားနေ့ကြီးနဲ့ ကြုံကြိုက်ရင် ဟိုမှာ သိပ်စည်ပြီး သိပ်ပျော်စရာကောင်းမှာပဲ၊ မမြင်ဖူးတာတွေ မြင်ရတော့မှာပဲဆိုပြီး ဆုံးဖြတ်လိုက်တယ်။

အဲဒီအကြောင်း (ဘဝ)ကလေးကို ခွဲစိတ်လိုက်မယ်ဆိုရင်...

ကောင်မကလေးဟာ အာလမ္ဗဏ ဝိဘာဝ...

ရန်ကုန်ကို သွားချင်တယ်ဆိုတာ ပျော်ရွှင်ချင်လို့၊ အံ့သြစရာတွေ တွေ့ဖူး၊ မြင်ဖူးချင်လို့ပဲ။ ဒီတော့ ဒီကောင်မကလေး ရှေးရှုနေတဲ့အဖြစ်ဟာ ဌာယီဘာဝထဲက ဟာသဌာယီ

mgyoe.com

ဘာဝနဲ့ ဝိမုယုဌာယီဘာဝ ဖြစ်ချင်ရင် ဖြစ်နိုင်တယ်။ မဖြစ်သေးဘူး၊ တကယ်ဖြစ်ရင် ဒီစာပိုဒ်ကလေးဟာ ရသ ပေါ်တော့မှာပေါ့။

ဒါပေမဲ့ ရသ တစ်ခုခုဖြစ်ဖို့တော့ တိုးပွားရာ၊ တိုးပွားကြောင်းတွေဟာ ဘေးက ဝိုင်းနေကြပြီ။ ဘာလဲဆိုတော့...

ကောင်မကလေး စုဆောင်းထားတဲ့ ငွေ၊ ကောင်မကလေး ရန်ကုန်သွားရင် အသင့် လိုက်နိုင်တဲ့ လူကြုံကောင်း၊ နောက်ပြီးတော့ အင်မတန် စည်ကားမယ့် တောင်သူ လယ်သမားနေ့ကြီးကို မီလိမ့်မယ်ဆိုတဲ့ သတင်း၊ အဲဒါတွေဟာ ကောင်မကလေး ရန်ကုန် သွားဖြစ်အောင် (ကောင်မကလေး ပျော်ဖြစ်အောင်၊ အံ့ဩစရာတွေ မြင်ရ၊ တွေ့ရ ဖြစ်အောင်) ဝိုင်းဝန်း အားပေးတဲ့အဖြစ်တွေ၊ အကြောင်းအရာတွေပဲ။ အာလမ္ဗဏ ဝိဘာဝဖြစ်တဲ့ ကောင်မလေးရဲ့ပတ်ဝန်းကျင်မှာ ရှိလာ၊ ဖြစ်လာကြရတဲ့ အကြောင်းအရာတွေ၊ သတင်း စကားတွေမို့ အဲဒါတွေဟာ ဥဒ္ဒီပန ဝိဘာဝပဲ။

ကဲ...ပြန်ဆက်ကြဦးစို့။ အဖြစ်တစ်ခုကို ဖြစ်တဲ့အခါမှာ (ဘာဝတစ်ခု ဖြစ်နေ ရတဲ့အခါမှာ) မရှောင်သာတဲ့ အကြောင်းကိုးခုအနက် (ဌာယီဘာဝ ကိုးခုအနက်) တစ်ခုခု ဖြစ်ရတော့မယ်။

ဒီကိုးခုထဲက တစ်ခုခု ဖြစ်မိတယ်ဆိုရင်ပဲ အရာဝတ္ထု၊ လူ၊ သတ္တဝါ... စသည်တို့ရဲ့ စရိုက်အလိုက် ငြီးငွေ့ခြင်း၊ ကြံစည်ခြင်း၊ ယုံမှားခြင်း၊ ကိုယ်စိတ် ပင်ပန်းခြင်း စတဲ့ အဖြစ်မျိုး သုံးဆယ့်သုံးခုထဲက တစ်ခုဖြစ်စေ၊ လေးငါးခြောက်ခု ဖြစ်စေ အဲဒီ အဖြစ်တွေနဲ့ ကြုံကြရတော့မှာပဲ။ အဲဒီလို ကြုံကြရတဲ့ သုံးဆယ့်သုံးမျိုးဟာ ဗျာဘိစာရီဘာဝလို့ ခေါ်တာ ပေါ့။

ကဲ...ခုန ကောင်မလေးဇာတ်လမ်း ပြန်ဆက်ကြရအောင်။ ကောင်မကလေးဟာ ရန်ကုန်လည်း သွားချင်တယ်၊ သွားဖို့လည်း ကြေးငွေစုဆောင်းထားတယ်၊ လူကြုံကောင်း လည်း ရှိတယ်၊ မိခင်နဲ့ ဖခင်ကလည်း သမီး ဒါလောက် ဆန္ဒရှိရင် သွား၊ ဒီနှစ်တော့ သူများနည်းတူ အမတော်ကြေး မပေးမဆပ်ဘဲ ထားခဲ့လို့ ငွေပိုကလေးတောင် သုံးဆယ် လောက် ရှိသေးတယ်။ မိုးတွင်းကျမှ သင့်သလို ကြည့်လုပ်မယ်။ အဲဒါလေးကိုပါ သမီး သုံးဖို့၊ စွဲဖို့ယူသွားလို့ ပေးလိုက်သေးတယ်။ ဒီတော့ တောသူ ကောင်မကလေးဟာ သိပ်ပျော် နေတယ်။ လူကြုံကို မိမိ လိုက်ဖြစ်တဲ့အကြောင်း သွားပြောထားတယ်။ ရန်ကုန်ရောက်ရင် ဝတ်ဖို့အတွက် တချို့ သူငယ်ချင်းတွေဆီက အဝတ်တွေ၊ ထီးတွေ၊ ဖိနပ်တွေ ငှားတယ်။ ရန်ကုန်သွားရင် ယူသွားဖို့၊ ရောက်လို့ ရှိရင် ဝတ်ဖို့၊ အဝတ်တွေ အားလုံး ပြင်ထားနှင့်တယ်။

mgyoe.com
ကိုယ်တိုင်စိုက်ထားတဲ့ ဖော်ဂျီတောင်ဝှေးပင်တွေကိုတောင် ရွှေတိဂုံဘုရားကြီးကိုလှူဖို့ အခုကတည်းက ချိုးထားတယ်။ ကျောင်းမှာ ကိုရင်ဝတ်နေတဲ့ မောင်ကလေးဖို့ ဘုရားဈေးမှာ ရှိတယ်ဆိုတဲ့ စာအုပ်အချို့ကို ဝယ်လှူဖို့အတွက် စာအုပ်စာရင်း ကူးတယ်။ သူငယ်ချင်းတွေကို လည်ပြီး နှုတ်ဆက်တယ်။ သူငယ်ချင်းမှာတဲ့ ပစ္စည်းတွေကို ဆက်ဆက်ဝယ်လာခဲ့ပါ့မယ် ဆိုပြီး ကတိပေးတယ်။ သူဟာ သန်ဘက်ခါ မနက်ကို မြို့တက်ပြီး မြို့ကနေ ရန်ကုန်ကို ရထားစီးသွားရမှာ ဖြစ်တယ်။ သူ့အဖေဟာ ဒီနေ့မနက်ပဲ မြို့တက်သွားတယ်။ မြို့မှာ သုံးလေးရက် နေဦးမယ်။ ဒီနှစ်အတွက် အမတော် ကြေးငွေထုတ်လို့ရရင် သမီးအတွက် ထီးကလေးတစ်လက် ဝယ်ထားလိုက်မယ်လို့ ပြော သွားတယ်။ ဝယ်ထားတဲ့ ထီးကိုပေးရင်း ရထားပေါ် ရောက်သည်အထိ အဖေကိုယ်တိုင် လိုက်ပို့မယ်ဆိုတဲ့အတွက် သိပ်ပြီး ဝမ်းသာနေတယ်။ ဒါ့ကြောင့် သူငယ်ချင်းတွေဆီက ငှားထားပြီးသား ထီးကိုတောင် ယူမသွားတော့ပါဘူးဆိုပြီး ပြန်ပေးလိုက်တယ်။ သူဟာ ရန်ကုန်သွားရဖို့ စိတ်စောနေတဲ့အတွက် ထမင်းလည်း ကောင်းကောင်းမစားနိုင်ဘူး။ အိပ်လို့လည်း ကောင်းကောင်းမပျော်ဘူး။ အချိန်ရှိသမျှ ရန်ကုန် သွားရမယ့်နေ့ကို ရောက်လာပါတော့လို့ပဲ တွေးမိနေတယ်။ တကယ်တော့ သူဟာ သူတို့ရွာနဲ့အနီးဆုံး မြို့ကိုတောင် တစ်ခေါက်မှ မရောက်ဖူးရသေးဘူး။ အခု ရောက်မယ့်ရောက်တော့ မြို့ကလေးကနေပြီး တစ်ဆင့် ရန်ကုန်ကြီးထိအောင် ရောက်ဖူးရတော့မယ်။ ပြီးတော့ အင်မတန် ကြုံတောင့်ကြုံခဲတဲ့ တောင်သူလယ်သမားနေ့ကြီးနဲ့တောင် ကြုံရတော့ဦးမှာပါကလားလို့ တွေးမိနေတယ်။

ကဲ...သမီး၊ အဲဒီ တောသူကောင်မကလေးရဲ့ အဖြစ်အကြောင်းတွေထဲမှာ ဇ္ဈာဘိစာရီဘာဝဆိုတာတွေ ပါလေရဲ့။ သူရဲ့ ပျော်ရွှင်မှု၊ သူရဲ့ ဝမ်းသာမှု၊ သူရဲ့ စိတ်ကျေနပ်မှု၊ သူ့ရဲ့ စိတ်စောနေမှု၊ သူရဲ့ အိပ်မပျော် စားမဝင်မှုတွေဟာ အားလုံး ဇ္ဈာဘိစာရီဘာဝတွေချည်းပေါ့။

ကဲ...ပြန်ကောက်ကြဦးစို့။ အဖြစ်တစ်ခုမှာ ရပ်တည်နေတဲ့ အရာဝတ္ထုတစ်ခုဟာ ပတ်ဝန်းကျင်အမျိုးမျိုးတို့ရဲ့ ဖန်တီးလှုံ့ဆော်မှုတွေကြောင့် နောက်အဖြစ်တစ်ခုကို ရှေးရှု ရွေ့လျားပြီး ဇ္ဈာဘိစာရီဘာဝ ပေါ်လာရင် တွေးငိုင်ခြင်း၊ ကြက်သီးထခြင်း၊ ကြက်သေသေခြင်း၊ အသံပျက်ခြင်း စတဲ့ သာတွိကာဘာဝတွေ ဖြစ်ပေါ်လာရမှာပဲလား။

အဲဒါကိုပဲ နောက်တစ်နည်းနဲ့ထပ်ပြောပြဦးမယ်။ ဌာယီဘာဝတစ်ခုမှာ ရပ်တည်နေတဲ့ အာလမ္ဗဏ ဝိဘာဝတစ်ခုဟာ ပတ်ဝန်းကျင်မှာကပ်ပြီး လှုံ့ဆော်နေတဲ့ ဥဒ္ဒီပနဝိဘာဝတွေကြောင့် နောက် ဌာယီဘာဝတစ်ခုကို ရှေးရှု ရွေ့လျားပြီး ပျော်ရွှင်မှု၊ ပျင်းရိမှု၊
mgyoe.com

mgyoe.com

ဆင်းရဲမှု၊ ချမ်းသာမှု အမျိုးစုံတို့ ပါဝင်တဲ့ ဗျာဘိစာရိဘာဝတွေ ပေါ်လာရင် တွေးငိုင်ခြင်း၊ ကြက်သီးထခြင်း၊ ကြက်သေသေခြင်း၊ မျက်ရည်ထွက်ခြင်း၊ အသံ ထွက်ခြင်း၊ ရုပ်ပျက်ခြင်း အစရှိတဲ့ သာတ္တိကာဘာဝတွေ ဖြစ်ပေါ်ရမှာပဲလား။

အခု ဖေဖေပြောခဲ့တဲ့ ကောင်မကလေး အကြောင်းမှာကော သာတ္တိကာ ဘာဝ ဆိုတာ ပေါ်ပြီလား၊ မပေါ်သေးဘူး။ ဗျာဘိစာရိဘာဝဖြစ်ရုံနဲ့ ရပ်နေသေးတယ်။

နားရှုပ်သေးတာပဲလား၊ ဒါတောင် နားရှုပ်သေးတယ်ဆိုရင်တော့ ဖေဖေ့ အစွမ်းကုန်ပြီ။ ဒါ့ထက်ရှင်းအောင် မဖော်ပြတတ်တော့ဘူး။ အဲဒီတော့ စောစောက တောသူ ကောင်မလေးရဲ့အဖြစ်ကို (ဘဝကို) ထပ်ပြီး ဆက်လိုက်ကြဦးစို့...

တောသူ ကောင်မကလေးဟာ ရန်ကုန်သွားရမယ့် နေ့ရောက်တော့ မနက် အစောကြီးထ၊ ဆွမ်းချက်၊ ဘုန်းကြီးကျောင်း ကိုယ်တိုင် ဆွမ်းသွားပို့ပြီး မောင်ဖြစ်တဲ့ ကိုရင်ကလေးကို သွားနှုတ်ဆက်၊ မိခင်ကြီးကိုလည်း ထမင်းဟင်း ချက်ပြီး၊ ပြုတ်ပြီး ကြောင်း ပြော၊ ကိုယ်တိုင် ရေချိုးဖြီးလိမ်း၊ အဝတ်သစ်တွေလဲ၊ အထုပ်အပိုးတွေ အသင့်ပြင် ပြီး အိမ်ရှေ့မှာ အသင့်ထား၊ အချိန်ကလေးရှိတာနဲ့ အင်မတန် ခင်တဲ့ အပျိုဖော်တွေကို သွားနှုတ်ဆက်နဲ့ လုပ်နေတာပေါ့ကွယ်။

ဒီလိုနဲ့ အတူသွားဖို့ ခေါ်သွားမယ့် လူကြီးတွေရဲ့ လှည်းလည်း အိမ်ရှေ့ ရောက်လာ ရော ကောင်မကလေးကလည်း သူ့ပစ္စည်းကလေးတွေ သယ်ပြီး လှည်းပေါ် တက်လိုက် ရော။ ဒီအချိန်မှာ တချို့ သူငယ်ချင်းတွေက "ညည်း သိပ်ကံကောင်းတာပဲ၊ ရန်ကုန်မြို့ကြီး ကိုတောင် ရောက်ဖူးရတော့မယ်။ တို့များတော့...ဘယ်တော့မှ ရောက်ဖူးရတော့မယ် မဟုတ်ပါဘူးအေ"လို့ ဝမ်းနည်းပမ်းနည်းနဲ့ ပြောကြ...

အဲဒီအချိန်မှာ သိပ်ဝမ်းသာနေတဲ့ ကောင်မကလေးကလည်း "ဒီလိုလည်း မတွေး ကြပါနဲ့အေ၊ ညည်းတို့လည်း ငါ့လိုပဲ မစားရက်၊ မသောက်ရက်နဲ့ ခရီးစရိတ်ကလေး ဘာကလေးရအောင် ဖွဲကောင်းကောင်းနဲ့ စုလိုက်ကြမယ်ဆိုရင် ငါ့လိုပဲ သွားဖြစ်ကြရမှာ ပေါ့"လို့ ပြန်အားပေး...

ကောင်မကလေးကို ချစ်တဲ့ သူငယ်ချင်းတွေဟာ ဒီလိုပဲ နှုတ်ဆက်ရင်းနဲ့ လှည်း နောက်က လိုက်လာကြရင်း ရွာအပြင်ကို ရောက်လာကြ...

ဒီအချိန်မှာ မြို့ကပြန်လာတဲ့ ကောင်မလေးရဲ့ အဖေနဲ့ လှည်းချင်းဆုံမိ...

အဖေ မြို့မှာ ရှိဦး၊ နေဦးမယ်ဆိုပြီး ဘာပြုလို့ ဒီနေ့မှ ရွာကို အစောကြီး ရောက်အောင် ပြန်လာရပါလိမ့်။ အခုအချိန် ရွာကို ရောက်လာတယ်ဆိုတော့ ည

mgyoe.com

mgyoe.com

ကတည်းက ဖေဖေ ပြန်လာခဲ့တာ ဖြစ်မှာ။ ဘာများ အရေးကြီးလို့ ဘာလိမ့်မလဲ ဆိုတဲ့ အတွေးနဲ့ ကောင်မကလေးကလည်း သူ့အဖေကို အံ့အားသင့်ပြီးကြည့်...

အဖေလုပ်သူကလည်း သမီးဖြစ်သူ ပြင်ဆင်ဖြီးလိမ်းပြီး ခရီးသွားဖို့ ထွက်လာပြီဖြစ်တော့ မိမိ ပြောရမယ့်စကားကို ပြောမထွက်နိုင်ဘဲ ငေးနေ...

ဒီအချိန်မှာ လှည်းနှစ်စင်းဆိုင်မိလို့ လှည်းတစ်စီးစီးက ရှောင်ပေးဖို့အတွက် ရပ်လိုက်တော့မှ ကောင်မကလေးက မရဲတရဲနဲ့ သူ့အဖေကို ဘာလို့ အရေးတကြီး ပြန်လာရတာလဲဆိုပြီး မေး...

အဲဒီလို မေးလိုက်တဲ့အခါမှာ အဖေဖြစ်သူဟာ ရုတ်တရက် ပြောလို့ မထွက်တာနဲ့ ခေါင်းက တဘက်ကိုဖြုတ်ပြီး နဖူးမှာ စို့လာတဲ့ ချွေးစီးတွေကို သုတ်ပစ်...

ပြီးတော့မှ...

လုံမ၊ ငါတို့ လွန်ခဲ့တဲ့နှစ်က ချေးခဲ့တဲ့ အမတော်ကြေးတွေကို မဆပ်ရင် ဒီနှစ် အမတော်ကြေး ထပ်ပြီး ချေးလို့ မရတော့ဘူး။ အမတော်ကြေး ချေးလို့မရရင် ငါတို့ ဘာအလုပ်မှ လုပ်နိုင်ကြတော့မှာ မဟုတ်ဘူး။ ငါတို့ လယ်ကိုလည်း လုပ်နိုင်တဲ့လူတွေ ပေးလိုက်ရလို့ အားလုံး လက်မဲ့ဖြစ်သွားရလိမ့်မယ်။ ဒါ့ကြောင့် လုံမဆီ အမြိပြန်လာတာ...

ဒါလောက် ပြောလိုက်ရုံမျှနဲ့ ကောင်မကလေးရော၊ ဘေးက ကြားရတဲ့ သူတွေပါ အားလုံးသိကြ၊ ကောင်မကလေးဟာ သတိလစ်နေတဲ့လူလို မိမိ အဝတ်အစား အထုပ်ကလေးတွေယူပြီး လှည်းပေါ်က ဆင်းလိုက်၊ ကောင်မကလေးရဲ့ နားထဲမှာ အတူသွားမယ့်အဖော် မိသားစုတို့က အားပေးစကား ပြောကြတာတောင် ကောင်းကောင်း မကြားဘဲ ဖြစ်နေ...

ကောင်မကလေးကို လိုက်ပို့ကြတဲ့ အဖော်တွေကလည်း မျက်ရည်ဝိုင်းနေတဲ့ ကောင်မကလေးကို ကြည့်လိုက်၊ တဖြည်းဖြည်း ဝေးသွားပြီဖြစ်တဲ့ ရန်ကုန်သွားသည့် သူတွေရဲ့ လှည်းကို ကြည့်လိုက်နဲ့ စိတ်မကောင်း ဖြစ်နေကြတယ်။

ရန်ကုန်သွားသည့် သူတွေရဲ့လှည်းဟာ ကောင်မကလေးကို ထားခဲ့ပြီး ဝေးသထက် ဝေးသွားရာက တောတန်းကလေးကို ကွယ်သွားတဲ့ အချိန်အထိ ကောင်မကလေးဟာ သူ့အဝတ်ထုပ်ကလေးကို လက်ကဆွဲရင်း လှည်းလမ်းဘေးမှာ ရပ်မြဲ ရပ်နေတုန်း ရှိသေးတယ်။ သူ့မျက်နှာဟာ သတိကင်းသလိုဖြစ်ပြီး သူ့မျက်လုံးမှာတော့ မျက်ရည်တွေ ဝိုင်းရက်ပဲ။

အဲဒီအချိန်မှာ ဘေးက ငြိမ်ပြီး ကြည့်နေကြတဲ့ အဖော်တွေထဲက အဖော်

mgyoe.com

mgyoe.com

တစ်ယောက်ဟာ ကောင်မလေးလက်ထဲက အဝတ်ထုပ်ကို ကူညီအားပေးတဲ့အနေနဲ့ အသာဆွဲယူလိုက်တယ်။

ကျန်တဲ့ အဖော်နှစ်ယောက်က ကောင်မကလေးရဲ့ လက်မောင်းကို တစ်ယောက်တစ်ဖက် ကိုင်လိုက်ကြတယ်။

"လာပါအေ...ရန်ကုန် မရောက်ဖူးလို့ တို့ သေမသွားနိုင်ပါဘူး၊ အမတော်ကြေးမဆပ်နိုင်လို့ အလုပ်မလုပ်နိုင်ရင် ညည်းတို့၊ ငါတို့ ဇာတ်ကုန်ကြမှာမဟုတ်လားကောင်မရာ..." လို့ ဘေးက အဖော်ကိုပါ ပြောပြောဆိုဆို အဖော်ညှိလိုက်ပြီး "ဟိုမှာညည်းအဖေ လှည်းပေါ်က စောင့်နေတယ်၊ တို့ အကုန်လုံး လှည်းစီးပြီး ညည်းတို့အိမ်သွားရအောင်..."ဆိုပြီး ချော့ခေါ်ကြတယ်။

ကောင်မကလေးဟာ အဲဒီအချိန်ကျမှ မျက်ရည်တွေ ပေါက်ပေါက် ပေါက်ပေါက်နဲ့ ကျလာတယ်။ နောက် ဘာမှမပြောဘဲ မျက်ရည်ကလေးသုတ်ပြီး အဖော်တွေနဲ့အတူဖခင်ရဲ့လှည်းပေါ် တက်လိုက်တယ်။ မျက်နှာကိုလည်း ဘာမှမဖြစ်သလို ကြိုးစားပြီးဟန်ဆောင်ထားတယ်။

မိန်းကလေးတွေ လှည်းပေါ်ကို အကုန်ရောက်လာကြပေမဲ့ လှည်းဟာ မထွက်သေးဘူး။ ကောင်မလေးရဲ့ အဖေဟာ မျက်နှာကြီးနီပြီး ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲငြိမ်နေတယ်။ သူ့ကျောပြင်ကြီးဟာ နိမ့်ချည်မြင့်ချည်နဲ့ ရင်ထဲက ခံစားရချက်တွေကိုအတင်း ဖိနှိပ်ချနေရသလို ဖြစ်နေတယ်။ သူရဲ့ အသက်ရှူသံဟာ အင်မတန် ပင်ပန်းနေသလို တရှိုက်ငင်ငင် ဖြစ်နေတယ်။ အဲဒီလို ဖြစ်နေရာက...

"တောက်...လုံမငွေကို မထိဘဲနဲ့ ဘယ်လိုမှ ကြံမရလို့သာကွာ..."

လုံမဖခင်ရဲ့အသံဟာ ပြောရင်း တိမ်ဝင်သွားတယ်။ လုံမရဲ့ အဖော်တွေဟာလုံမဖခင်ရဲ့ အသံကြားတော့ အားလုံး မျက်ရည်လည်လာကြတယ်။ ဒီအချိန်မှာ လုံမကမျက်ရည်သုတ်ပြီး ရယ်လိုက်တယ်။

"အို...ဖေဖေကလည်း လုံမလည်း ရန်ကုန်ကို မသွားချင်တော့ပါဘူး။ လယ်လုပ်ဖြစ်မှ လယ်ထဲမှာ ဟောဒီ ကျွန်မအဖော်တွေနဲ့ တပျော်တပါးချည်း ကောက်စိုက်ရမှာ၊ မဟုတ်ဘူးလားအေ"

လုံမကို ဘယ်သူကမှမထောက်ခံ၊ လုံမရဲ့ ရယ်သံနဲ့ စကားသံတွေဟာ ပေါ့ပျက်ပျက် ဖြစ်နေတယ်။ လုံမကို ဒီလို ရယ်ပြီး ပြောနေတဲ့အတွက် လုံမဖခင်နဲ့ အဖော်တွေကလုံမကိုကြည့်ပြီး မျက်ရည်ထပ်ဝိုင်းလာကြတယ်။

mgyoe.com

mgyoe.com

ဒီအခါမှာ လုံမဟာ ဖခင်နဲ့ အဖော်တွေကိုကြည့်ပြီး ရယ်မောနေရာက တဖြည်းဖြည်း မျက်နှာပျက်လာတယ်။ နောက်ဆုံး...

"အို...အဖေတို့ကလည်း...လို့ ပြောပြီး မျက်နှာကို လက်ဝါးနဲ့ အုပ်ငိုလိုက်တယ်။

ဒီတစ်ခါ လုံမငိုတော့ အားပေးချော့မော့မည့်သူ ဘယ်သူမှ မရှိကြ။

ကဲ...အဲဒါပဲ သမီး၊ ခပ်စောစောပိုင်းကတော့ ကောင်မကလေးဟာ ရန်ကုန်သွားရမယ့်နေ့ကိုမျှော်ပြီး အင်မတန် ပျော်လွန်းလို့ မအိပ်နိုင်၊ မစားနိုင်နဲ့ ဖြစ်နေ ရှာတဲ့ အဆင့်...

အဲဒီအဆင့်ဟာ ဗျာဘိစာရီဘာဝ ဖြစ်ရုံကလေးလောက်ပဲ ရှိလေရဲ့။

ဒီနေရာမှာ ကောင်မကလေး ဗျာဘိစာရီဘာဝ ဖြစ်ရတာဟာ ဘယ်လောက် အတိုင်းအတာအထိ ဖြစ်သလဲ။

"ကြက်သေတွေးငိုင်၊ ကြက်သီးဖြိုင်၍၊ ချွေးပြိုင်စီးတုတ်၊ မျက်ရည်သုတ်လျက်၊ တုန်လှုပ်ရုပ်ပျက်၊ အသံပျက်"သည်အထိ ဗျာဘိစာရီဘာဝထဲက ခံစားချက်တွေ ခံစားနေရရှာပြီလား။

"မခံစားရသေးဘူး"

အေး...မခံစားရသေးရင် ရသ မမြောက်သေးဘူး။ ဒါ့ကြောင့် ရသမြောက်အောင် တတ်စွမ်းသရွေ့ ဆက်ရေးပြခဲ့ပြီးပြီ။ ရသ မြောက်လား၊ မမြောက်လား သိရအောင် ခပ်တိုတိုပဲ ကြည့်ကြဦးစို့...

ကောင်မကလေး ဒါမှမဟုတ်ရင် သမီး သိပြီးသား နာမည်အတိုင်း "လုံမ" အဲဒီလုံမဟာ ဘာပဲဖြစ်ဖြစ် အကြောင်းတစ်ခုက အကြောင်းတစ်ခုကို ပြောင်းဖြစ်ရမည့် အကောင်အထည်၊ ဒါ့ကြောင့် ဒီလုံမဟာ အာလမ္ဗဏ ဝိဘာဝပဲ။

ဘယ်လို အကြောင်းတစ်ခုက အကြောင်းတစ်ခုကို ပြောင်းဖြစ်ရမည့် အကောင်အထည်လဲ။

လုံမ...ဆိုတဲ့ အာလမ္ဗဏ ဝိဘာဝအဖြစ် ရောက်နေတဲ့ ကောင်မကလေးဟာ ခရီးသွားဖြစ်တော့မယ်ဆိုလို့ ပျော်ရွှင်နေတဲ့ ရတိဌာယီဘာဝ၊ ဟာသဌာယီဘာဝတို့က နေပြီး စိတ်ဆင်းရဲနေရတဲ့ သောကဌာယီဘာဝကို ကူးပြောင်းဖို့ ရှေးရှုနေတယ်။

အဲဒီ ပျော်ရွှင်နေတဲ့ ဌာယီဘာဝက စိတ်ဆင်းရဲနေတဲ့ ဌာယီဘာဝကို ကူးပြောင်းနေရတဲ့ အခိုက်အတန့်ဟာ ကူးပြောင်းပုံ ကူးပြောင်းနည်းဟာ...

"အကြောင်း" ဒီလို မခေါ်ချင်ရင် "အဖြစ်အပျက်" ဒီလို မခေါ်ချင်ရင် "ဘာဝ"

mgyoe.com